

မင်းနေလ
အားပုလင်းမင်းနောင်
သူဇာယမင်းရုပ်နှင့်ကြောင်တစ်ရာဘဂျမ်း
ပန်းချီ သိန်းရွှေကြည်
2011

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၀၉၄၃၀၈၁၁
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၀၃၆၀၉၁၁
ထုတ်ဝေသူ - ဦးကြည်မင်း (၀၄၃၁၀)
ဖြိုးစာပေ
အမှတ် - (၁၈၂-၁၉၄) (စီ) မြေညီထပ်၊
နှင်းဆီကွန်ဒို၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်း/အဖုံး ပုံနှိပ်သူ - ဦးကြည်မင်း (၀၉၇၄၅)
ပီအေကျီ ပုံနှိပ်တိုက်
အမှတ် - (၁၈၂-၁၉၄) (စီ) မြေညီထပ်၊
နှင်းဆီကွန်ဒို၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အကြိမ် - ပထမအကြိမ်
ဖေဖော်ဝါရီလ၊ ၂၀၁၂ ခုနှစ်
အုပ်ရေ - (၁၀၀၀)
တန်ဖိုး - (၁၅၀၀) ကျပ်
ဖြန့်ချိရေး - ဦးကြည်မင်း
အမှတ် - (၁၈၂-၁၉၄) (စီ) မြေညီထပ်၊
နှင်းဆီကွန်ဒို၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မင်းနေလ ၈၉၅. ၈၃
သူဇာသယမင်းရုပ်နှင့်ကြောင်တစ်ရာဘဂျမ်း။ မင်းနေလ၊ ရန်ကုန်၊
ဖြိုးစာပေ၊ ၂၀၁၁
၃၀၀-စာ၊ ၁၂. ၇ × ၁၇. ၈ စင်တီ
(၁) သူဇာသယမင်းရုပ်နှင့်ကြောင်တစ်ရာဘဂျမ်း

# အခန်း (၁)

အကာလညအခါ မိုးကောင်းကင်အဇရှာပြင် တစ်ခုလုံးတွင် မည်းမှောင်စွာဖြင့် ဒေါသကြီးစွာ ရွာသွန်းဖြိုးနေသော မိုးသည် တဖြည်းဖြည်းနှင့် အရှိန်လျော့လာကာ မိုးဖွဲဖွဲလေးအသွင်သို့ ပြောင်းလွဲလာလေသည်။

ထိုအချိန်တွင် စတူရီဘေကာကားကလေးတစ်စီးသည် အကာလညအခါနှင့်ရွာသွန်းဖြိုးနေသော မိုးကိုအံတုကာ ကျိုက္ကစံလမ်းမကြီးအတိုင်း မောင်းနှင်လာရင်းမှ ဘောက်ထော်ဘက် လမ်းချိုးကလေးတစ်ခုအတွင်းသို့ ချိုးကွေ့၍ စက်ရှိန်ကို လျှော့ကာဖြည်းညင်းစွာဖြင့် မောင်းနှင်လာလေသည်။

ဒေါင်. . ဒေါင်. . ဒေါင်. . ဒေါင်. . ဒေါင်. . . . .

"ဗရားဗဂျားဟိုး"

ထိုအခိုက်တွင် မနီးမဝေးကင်းတဲတစ်ခုမှ ည (၁၂) နာရီ ထိုးပြီဖြစ်ကြောင်း သံချောင်းခေါက်သံနှင့်အတူ ကင်းသမား၏ ည (၁၂) နာရီ ထိုးပြီဖြစ်ကြောင်း သတိပေးသောအသံပါ ထွက်ပေါ်လာလေသည်။ စတုရိုဘေကာကားကလေးကို မောင်းနှင်လာသောသူသည် ကျေနပ်စွာဖြင့် နက်ရှိုင်းသော အပြုံးတစ်ပွင့်ကို ပြုံးလိုက်လေသည်။ မကြာမီပင် ၎င်းကားကလေးသည် အငြိမ်းစားရာဇဝတ်အုပ် မစ္စတာစတီဗင်၏ ကျယ်ဝန်းသော ခြံရှေ့၌ရပ်လိုက်လေသည်။

မစ္စတာစတီဗင်၏ ခြံစောင့်ရာဂျူးသည် ဂန်ဂျာ (ခေါ်) ဆေးခြောက်ဖြင့် မှိန်းနေရာမှ မထင်မှတ်စွာ ခြံရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာသည့်အတွက် သူ၏မျက်စိနှစ်ဖက်ကို ပွတ်သတ်ကာ လက်စွဲတော် ဇာဝီတုတ်ကို ကိုင်ပြီး ခြံတံခါးဝင်းအပြင်တွင် စက်မသတ်ဘဲ ရှေ့မီးထိုးကာ ရပ်ထားသော ကားကလေးကို စူးစမ်းသောစိတ်ဖြင့် ကြည့်နေမိလေသည်။ ထိုအခိုက်တွင် စတုရိုဘေကာ ကားကလေး၏အရှေ့တံခါးသည် ပွင့်၍ ကားပေါ်မှ နှင်းဆီရောင်ပိုးသား အကျီနှင့်ကြိုးကြိုးချိတ်ထမီကို လှပစွာ ဝတ်ဆင်ထား၍ ငွေရောင်ဇာပုဝါလေးကို ပုခုံးထက်မှ လွှမ်းခြုံကာ အင်မတန်မှ လှပသော နတ်သမီးလေးတစ်ပါး ကောင်းကင်ပေါ်မှ ကျလာသလို တည်ငြိမ်စွာသော အိနြေ့နှင့် ပိတ်ထားသော ခြံတံခါးအနားသို့ တစ်လှမ်းချင်း လျှောက်သွားလေသည်။





ခြံစောင့်ရာဂျူးသည် လွန်စွာမှလှပသော မိန်းကလေးကို ကြည့်၍ မိမိ အိပ်မက်များ မက်နေသည်လားဟု စိတ်မှာထင်၍ ကိုယ့်အသားကိုယ် ပြန်၍ ဆိတ်ကြည့်မိလေသည်။ မိမိအသားနာသွားမှ အိပ်မက်မဟုတ်မှန်း သိ၍ မိန်းကလေးကို မဝံ့မရဲဖြင့် စကား‚ စလေသည်။

"ဟရေး. . . ကောင်မလေး နင် လူတော့ဟုတ်ပါတယ်နော်"

ရာဂျူး၏ မေးမြန်းသံ ဆုံးသည်နှင့် ထိုအလှပိုင်ရှင်မလေး၏ ချိုသာသောစကားသံ ထွက်ပေါ်လာလေသည်။

"ကျွန်မနာမည် မဟူရာလို့ မှတ်ထားပါ။ ကျွန်မကို မစ္စတာစတီဗင်က ဒီအချိန် ချိန်းထားလို့ ကျွန်မလာတွေ့တာပါ"

အလှပိုင်ရှင်မလေး၏ စကားအဆုံး၌ ခြံစောင့်ရာဂျူးသည် ဦးနှောက်ကို အလျင်အမြန် အလုပ်ပေးရလေသည်။ မိမိ၏သခင် မစ္စတာစတီဗင်ကို အကြောင်းကြားရမလား၊ ခြံတံခါးကို ဖွင့်ပေးရမလားဟု စိတ်မှာ လွန်ဆွဲ၍နေလေသည်။ မစ္စတာစတီဗင်သည် မိန်းမမှုအလွန်ပွေ၍ မိန်းမ ဝါသနာပါကာ မကြာခဏ မိန်းကလေးများကို သူ၏အိမ်သို့ ချိန်းတတ် လေသည်။ ဤခြံထဲတွင် မစ္စတာစတီဗင်နှင့် ခြံစောင့်ရာဂျူး နှစ်ယောက်တည်း သာ ရှိလေသည်။ ရာဂျူးသည် ညဘက်တွင်ခြံတံခါးအနီး မိမိအတွက် ဆောက်ထားသော ခြံစောင့်ကင်းတဲကလေးတွင် ဂန်ဂျာကို မှိုဲ၍ နိုးတစ်ဝက် အိပ်တစ်ဝက်ဖြင့် ခြံစောင့်၍ နေ့ဘက်တွင် မိမိ၏သခင် မစ္စတာစတီဗင်နှင့် မိမိတို့နှစ်ဦးစားသောက်ရန် (ဘတ္တလာ) စားဖိုမှူးပြုလုပ်ရလေသည်။

မိမိ၏သခင် မစ္စတာစတီဗင် ရာဇဝတ်အုပ်ဘဝဖြင့် တာဝန်ထမ်းဆောင်နေစဉ်ကတည်းက မစ္စတာစတီဗင်ထံတွင် သစ္စာရှိစွာ အမှုထမ်းလာခဲ့သည့် အတွက်ကြောင့် မစ္စတာစတီဗင် အငြိမ်းစားယူပြီး နောက်ပိုင်းတွင် လွတ်လပ်စွာ နေလိုသော ဆန္ဒရှိသူတစ်ယောက် ဖြစ်သဖြင့် လွန်စွာမှ ဆိတ်ငြိမ်သောဘောက်ထော်ဘက်တွင် ခြံတစ်ခြံ ဝယ်ယူ၍ ခမ်းနားထည်ဝါသောအိမ်ကို ဆောက်ကာ အခြားလူပိုမခေါ်ဘဲ ရာဂျူး တစ်ယောက်သာ ခေါ်၍ ခြံစောင့် ဘတ္တလာတွဲ၍ တာဝန်ပေးကာ လွတ်လပ်စွာဖြင့် နေလေသည်။

မကြာခင် အချိန်အတွင်းတွင်ပင် မိန်းကလေးတစ်ယောက် မစ္စတာစတီဗင်နှင့် တွေ့ဆုံပြီး ပြန်သည့်အတွက်ကြောင့် ခြံတံခါးကိုပင် ရာဂျူး ဖွင့်ပေးလိုက်သေးသည်။ ပထမမိန်းကလေး ရထားလုံးနှင့်ပြန်သွားသည်မှာ ဘာမှမကြာသေး၊ အခုတစ်ခါ လွန်စွာမှလှပသော မိန်းကလေးက မစ္စတာစတီဗင်နှင့်ချိန်းထား၍ တွေ့ချင်သည့်အကြောင်း ပြော၍ ရာဂျူး အနေနှင့် သူ့ဆရာ၏မြာစွဲမှုအပေါ် ကြိတ်၍ပြုံးပြီး မိမိအနေဖြင့် လွန်စွာမှ လှပသော နတ်သမီးတစ်ပါးအလား မိန်းမချောလေးကို သူ့ဆရာဆီ အမြန်လွှတ်ပေးမှ သင့်တော်မည်၊ မနက်မိုးလင်းလျှင် သူ့ကို ဘောက်ဆူး ကောင်းကောင်းပေးလိမ့်မည်ဟု ပီတိဖြစ်စွာဖြင့် ဆုံးဖြတ်၍ ခြံတံခါးအား ဖွင့်ပေးလိုက်လေသည်။





မိန်းမချောလေးသည် စတူရိဘေကာ ကားလေးအတွင်းထဲသို့ ပြန်ဝင်ကာ ရာဂျူးဖွင့်ပေးသော ခြံတံခါးမှနေ၍ မစ္စတာစတီဗင်၏အိမ်ရှေ့ ဆင်ဝင်အောက်ထိ ကားကလေးကို တစ်လိမ့်ချင်းမောင်းဝင်ခဲ့လေသည်။

အိမ်ရှေ့ဆင်ဝင်အောက် ရောက်သောအခါ ကားကို စက်သပ်၍ ကားပေါ်မှဆင်းကာ အိမ်ရှေ့သံဘာဂျာတံခါးရှေ့တွင် ရပ်လိုက်လေသည်။ မစ္စတာစတီဗင်မှာ မကြာသေးခင်အချိန်မှ ညဥ့်ငှက်မယ်မိန်းကလေးတစ်ဦးနှင့်ပျော်ပါးပြီး အပျော်မလေး ပြန်သွားသောအခါ မိမိမှာ မအိပ်ချင်သေးသည်နှင့် အိမ်ရှေ့ခန်း ဆက်တီခုံတွင် နိုင်ငံခြားဖြစ် အကောင်းစားရှန်ပိန်အရက်ကို အဖော်ပြုကာ ထိုင်သောက်နေရင်း မိမိအိမ်ရှေ့ ဆင်ဝင်အောက်သို့ ကားကလေးတစ်စီး ထိုးဆိုက်၍ ဒီအချိန်အခါ မိမိမှာ ချိန်းထားသူမရှိဘဲ ရောက်လာသည့်အတွက် အံ့ဩကာ စေ့ထားသောဘာဂျာတံခါးကို ဖွင့်၍ အချိန်မတော်ရောက်လာသော ဧည့်သည်ကို မည်သူမည်ဝါမှန်း သိလို၍ ကြည့်နေမိလေသည်။

ကားပေါ်မှ လှပကြော့ရှင်းစွာသော မိန်းမချောလေး ဆင်းလာသည်ကို မစ္စတာစတီဗင် တွေ့သောအခါ မိမိသောက်စားထားသော ရှန်ပိန်အရက်၏ ယစ်မူးခြင်းသည် အဘယ်သို့ ရောက်သွားသည်မသိ တခဏ်မှင်တက်မိစွာဖြင့် မိန်းမချောလေး၏ ကျက်သရေရှိလှသောအဆင်းတွင် နစ်မျောသွားလေသည်။ လွန်စွာမှလှပ၍ မိမိအတွက် အန္တရာယ်မရှိနိုင်ဟု သုံးသပ်ပြီး အလိုက်သိစွာ ခြံတံခါးဖွင့်ပေးလိုက်သော တပည့်ကျော် ရာဂျူး

အား မနက်မိုးလင်းလျှင် ဂန်ဂျာဖိုး ဘောက်ဆူးပေးမည်ဟု အတွေးထဲမှာပင် ဆုံးဖြတ်လိုက်လေသည်။

ကားပေါ်မှ ဆင်းလာသော မိန်းမချောလေးသည် သာယာချိုအေးသောအသံဖြင့်-

"ကျွန်မ မစ္စတာစတီဗင်နဲ့ တွေ့ချင်လို့ပါ"

မိန်းမချောလေး၏ စကားအဆုံး၌ မစ္စတာစတီဗင်တစ်ယောက်မှာ လွင့်မျောနေသော အတွေးစိတ်ကို ပြန်လည်စုစည်း၍

"မစ္စတာစတီဗင် ဆိုတာ ကျုပ်ပါပဲ၊ မိန်းကလေးက ဘယ်သူပါလဲ"

"ဟုတ်ကဲ့ . . အခုလို မစ္စတာစတီဗင်ကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့တာ ကျွန်မ အရမ်းဝမ်းသာပါတယ်၊ မစ္စတာစတီဗင်ဆီက အရေးကြီးတဲ့ အကူအညီလိုချင်လို့ လူသူရှင်းတဲ့ ဒီအချိန်ကို ရွေးလာတာပါ"

မစ္စတာစတီဗင် တစ်ယောက်မှာ သူ့ကိုယ်သူ မိန်းမကျွမ်း ကျေညက်သည့်ပုံစံဖြင့်-

"အိမ်ထဲကို ဝင်ပါ မိန်းကလေး၊ အိမ်ထဲမှာ ကျုပ် တစ်ယောက်တည်း ရှိပါတယ်။ အိမ်ထဲရောက်မှ မိန်းကလေး လိုအပ်တဲ့ အကူအညီကို ပြောပါ။ အပြင်မှာက မိုးနည်းနည်းစိမ့်တဲ့ အတွက်ကြောင့် မိန်းကလေး အအေးမိမှာစိုးလို့ပါ"

မစ္စတာစတီဗင်မှာ မိန်းကလေးကို စိုးရိမ်စိတ် ကြီးမားသည့်ပုံစံဖြင့် ဧည့်ခန်းအတွင်းသို့ ခေါ်ဆောင်ခဲ့လေသည်။ ဧည့်ခန်းတွင်းသို့ ရောက်သောအခါ ဧည့်ခန်းဆက်တီခုံ၌ ထိုင်ခိုင်း၍-





"မိန်းကလေး လွတ်လပ်စွာနဲ့နေပါ၊ ဒီခြံကြီး တစ်ခြံလုံးမှာ ကျုပ်နဲ့ ကျုပ်တပည့်ရာဂျူ နှစ်ယောက်တည်းရှိတာ၊ ရာဂျူက ကိစ္စရှိလို့ ကျုပ်ခေါ်မှ အိမ်ထဲကိုလာတာ၊ ကျုပ်မခေါ်မချင်း အိမ်ထဲကိုမလာဘူး၊ မိန်းကလေး အရေးကြီးတဲ့ကိစ္စကို ပွင့်ပွင့်လင်းလင်း ပြောဆိုနိုင်ပါတယ်"

မစ္စတာစတီဗင် စကားအဆုံး၌

"အခုလို လူသူရှင်းတဲ့အကြောင်း သိရတဲ့အတွက် ကျွန်မ လုပ်ဆောင်ရမယ့်ကိစ္စအတွက် ဘေးအန္တရာယ်အယှက် မဝင်ရောက်နိုင်ဘူးဆိုတာ တွေးမိပြီး ကျွန်မကျေနပ်ပါတယ်၊ ပထမဦးဆုံး ကျွန်မ ရှင့်ကို လက်ဆောင်တစ်ခု ပေးချင်တယ်"

မိန်းမချောလေးသည် သူ၏စကားဆုံးသည်နှင့် မိမိခြုံလွှမ်းထားသော ငွေရောင်ဇာပုဝါလေးကို ဖယ်လိုက်လေသည်။ ထိုအခါကျမှ မိန်းမချောလေး၏ ဘယ်ဘက်လက်ဖြင့် ပိုက်ထားသော ကိုးလက်မသာသာရှိ ပန်းပုရုပ်ကလေး တစ်ရုပ်ပင်ဖြစ်လေသည်။ ၎င်းပန်းပုရုပ်ကလေးပုံစံမှာ လှပကြော့ရှင်းသော ယမင်းပျိုလေးတစ်ယောက်မှ ကြောင်ကလေးတစ်ကောင်ကို ပွေ့ပိုက်ထားသောပုံပင် ဖြစ်လေသည်။ ၎င်းယမင်းပျိုရုပ်ကလေးပိုက်ထားသော ကြောင်ရုပ်ကလေးကို လွန်စွာမှ နက်မှောင်သော ဆေးအနက်ဖြင့် ဆေးခြယ်ထား၍ ယမင်းရုပ်ကလေးကို ဆေးခြယ်ထားသည်မှာလည်း အရုပ်၏အောက်ပိုင်းတွင် ကြီးကြီးချိတ်စတော်ဘယ်ရီရောင်နှင့် ခါးအထက်အပေါ်ပိုင်းတွင်မူ နှင်းဆီရောင်ပြေးကလေး ဆေးခြယ်

ထားသည်မှာ မစ္စတာစတီဗင်အား လက်ဆောင်ပေးဖို့ ယူဆောင်လာသည်ဟု ပြောသော သက်ရှိမိန်းမချောလေး၏ ကိုယ်ပွားရုပ်ကလေးပုံစံ ဖြစ်၍ ရုပ်တုကလေးကို ယူဆောင်လာသော မိန်းမချောလေးသည် ၎င်းရုပ်တုကလေးနှင့်ယှဉ်တွဲ၍ လွန်စွာမှပဏာရကာ မိန်းကလေး၏အလှသည် ပို၍အသက်ဝင်လာသည်ဟု မစ္စတာစတီဗင် ခံစားမိလေသည်။

"မစ္စတာစတီဗင်ကို ကျွန်မအနေနဲ့ ဒီယမင်းရုပ်ကလေးကို လက်ဆောင်ပေးချင်ပါတယ်"

"သင့်(ခ်)ယူ" မင်းကို ကျွန်ုပ် ကျေးဇူးတင်ပါတယ် မိန်းကလေး၊ အင်မတန်မှ လှပတယ်လို့ ကျော်ကြားတဲ့ ရေနန်းသူဇာအက်ဖရိုဒိုက်တီ (ခေါ်) ဗီးနပ်အလှနတ်သမီးရဲ့ အလှဟာ မိန်းကလေးနဲ့တကွ မိန်းကလေးရဲ့ ကိုယ်ပွား ဒီပန်းပုရုပ်ကလေးလောက် မလှနိုင်ဘူးလို့ ကျုပ် ယုံကြည်တယ်။

"မစ္စတာစတီဗင်. . ရှင် စကားပြောကောင်းတာ လက်တွေ့ကျမှ သိရတယ်"

"ကျုပ် တကယ်ပြောတာပါ၊ ကျုပ်ဘဝတစ်လျှောက်လုံးမှာ မင်းလောက် လှပတဲ့ မိန်းကလေးမျိုးကို မကြုံဖူးသေးဘူး၊ ဒီညအတွက်တော့ ကျုပ်အဖို့ အိပ်မက်များ မက်နေသလားလို့ထင်ရတယ်"

မစ္စတာစတီဗင်သည် မိန်းမချောလေး လက်ဆောင်ပေးသော ယမင်းရုပ်ကလေးကို ယုယစွာ ကိုင်တွယ်ကြည့်နေရင်းမှ-





"ကျုပ်လည်း မိန်းကလေးရဲ့ အလှနဲ့ မိန်းကလေး လက်ဆောင်ပေးတဲ့ ယမင်းရုပ်ကိုကြည့်ပြီး မိန်းကလေးကို ဧည့်ခံဖို့တောင် မေ့နေတယ်။ မိန်းကလေး ဧည့်ခန်းမှာ ခဏစောင့်နေပါ၊ ကျုပ် ကော်ဖီ သွားဖျော်လိုက်အုံးမယ်၊ မိန်းကလေးရဲ့ လာရင်းကိစ္စကို ကော်ဖီသောက်ရင်း ဖြည်းဖြည်းပြောတာပေါ့။

မစ္စတာစတီဗင် စကားအဆုံး၌-

"နေပါစေ . . မစ္စတာစတီဗင် ရှင့်ရဲ့ ဧည့်ဝတ်ကျေပွန်မှုအတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ မြန်မာလူမျိုးတွေရဲ့ ကျေးဇူးသိတတ်မှုက အခြားလူတစ်ယောက်ဆီက ရေကြည်တစ်ပေါက် သောက်မိခဲ့ရင်တောင် ခင်ပွန်းကြီးဆယ်ပါးတန်းဝင်လို့ သတ်မှတ်ပြီး အဲဒီလူအပေါ်မှာ ကျေးဇူးကန်းတဲ့အလုပ်မျိုးကို အသက်နဲ့တကွ စောင့်ထိန်းပြီးကျေးဇူးကန်းတဲ့ အလုပ်မျိုးကို ဘယ်တော့မှ မပြုလုပ်ဘူး။ အဲဒီအတွက်ကြောင့် ရှင် ဧည့်ခံမယ့် ကော်ဖီကို ကျွန်မ မသောက်ဘူး"

မိန်းမချောလေး၏ စကားအဆုံး၌ မစ္စတာစတီဗင်က-

"မိန်းကလေး. . မင်းပြောတာကို ကျုပ် နားမလည်ဘူး"

"ရှင် နားလည်အောင် ကျွန်မရှင်းပြရရင် ရှင်တိုက်မယ့်ကော်ဖီကို ကျွန်မ သောက်မိရင် ရှင့်ကိုကျွန်မ ကျေးဇူးတင်ရမယ်။ အဲဒီအခါ ရှင့်ဆီက ကျွန်မလိုချင်တဲ့ အရာဟာ ကျွန်မအတွက် တောင်းယူဖို့ ခဲယဉ်းသွားလိမ့်မယ်"

"ကျုပ်ဆီက မင်း ဘာလိုချင်လို့လဲ မိန်းကလေး"

"မစ္စတာစတီဗင် ဆီက ကျွန်မလိုချင်တာက ရှင့်ရဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသ ဖွဲ့စည်းထားတဲ့ ရုပ်ခန္ဓာနဲ့တွဲလျက်ရှိပြီး အာယုဝိဥာဏ်ဇာလို့ခေါ်တဲ့ ရှင့်ရဲ့လက်ရှိ တည်မြဲနေတဲ့ အသက်ကိုပဲ"

မိန်းကလေး၏ စကားအဆုံး၌ မစ္စတာစတီဗင်မှာ အံ့သြ မှင်တက်မိစွာဖြင့်-

"ယူဗလယ်ဒီဖူး. . . မင်းဟာ အရူးပဲ မိန်းကလေး၊ စိတ်ကောင်းရဲ့လား၊ အသက်ကိုတောင်းယူတဲ့ မင်းလိုမိန်းကလေးမျိုးကို ကျုပ်မတွေ့ဖူးဘူး။ မင်းတောင်းတဲ့အတိုင်း ငါ့အသက်ကို မင်းကို ငါက ပေးပါ့မလား မိန်းကလေးရယ်၊ သေချာစဉ်းစားပြီးမှ ပြောပါ၊ မင်းကျီစယ်တယ်လို့ပဲ ငါ သဘောထားပါ့မယ်"

"ရှင့်ကို ကျွန်မ ကျီစယ်တာမဟုတ်ပါဘူး။ ကျွန်မ လိုချင်တာရှင့်အသက်ပဲ၊ ရှင် ဘယ်လိုပဲ ရှင့်အသက်ကို ကာကွယ်ပါစေ၊ ဒီညအဖို့တော့ ရှင့်အသက်ကို နှုတ်ယူပြီးမှ ကျွန်မ ပြန်မယ်"

"မိန်းကလေး မင်းရဲ့စကားတွေကို ငါ ခွင့်မလွှတ်နိုင်တော့ဘူး၊ ငါ့အသက်ကို နှုတ်ယူချင်တဲ့မင်းကို ငါကလည်း ကောင်းကောင်း ပညာပေးရမယ်၊ ငါ့အတွက်တော့ မင်းဟာ ဒီညအဖို့ ကျန်ရှိနေတဲ့ အချိန်မှာ မင်းနဲ့ချစ်တင်းနှီးနှောဖို့ပဲ သိတယ်"

မစ္စတာစတီဗင်၏ စကားဆုံးသည်နှင့် ရုတ်တရက်ထ,ကာ မိန်းမချောလေးအား ပွေ့ဖက်လိုက်လေသည်။ ထိုသို့ ရွှူးရွှူးမိုက်မိုက်





ပြုလုပ်လိုက်သည်မှာ မစ္စတာစတီဗင်၏အမှားပင် ဖြစ်လေသည်။ မိန်းကလေးသည် မစ္စတာစတီဗင်၏ ဖမ်းချုပ်ခြင်းကို အမိခံ၍ လွတ်ဟာနေသော မစ္စတာစတီဗင်၏ နံရိုးနှစ်ဖက်ကို လက်ဝါးဇောင်းနှစ်ဖက်ဖြင့် ရိုက်ချလိုက်ရာ မစ္စတာစတီဗင်မှာ အားခနဲ တစ်ချက်သာအော်၍ မိမိ မထင်ထားသော နုနယ်သွယ်ပြောင်းသော မိန်းကလေး၏ပြင်းထန်၍ အားပါလှသော လက်ဖဝါးရိုက်ချက်ကို မယုံကြည်စွာဖြင့် ခံစားရင်း နာကျင်စွာဒရိုးဒယိုင်ဖြင့် နောက်သို့ ဆုတ်သွားပြီး အရေးပေါ်အန္တရာယ်ရှိလျှင်သုံးနိုင်အောင် မိမိလိုင်စင်ဖြင့် ကိုင်သော သုံးဆယ့်ရှစ်ဗိုစ် ခြောက်လုံးပြူးသေနတ်ထားရာ ညှေ့ခန်းဝ ဆက်တီခုံအံဆွဲအား ဖွင့်၍ သေနတ်ကိုနှိုက်ယူ လိုက်လေသည်။ သို့သော် မစ္စတာစတီဗင်မှာ တဒင်္ဂမျှ နောက်ကျသွားလေသည်။

မိန်းမချောလေး၏ ညာဘက်လက်တစ်ဖက်သည် ရုတ်တရက်လှုပ်ရှားလိုက်လေရာ မစ္စတာစတီဗင် သေနတ်ဆွဲယူလိုက်သောလက်တွင်အလွန်သေးငယ်သော အပ်ကလေးတစ်ချောင်း စိုက်ဝင်သွားလေသည်။ မစ္စတာစတီဗင်၏ သေနတ်သည်လည်း ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားလေသည်။ မစ္စတာစတီဗင်သည် အပ်စိုက်၍နာကျင်သွားသော လက်ကိုကျန်သည့်လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း မယုံကြည်နိုင်စွာဖြင့် မိန်းမချောလေးကို ကြည့်နေမိလေသည်။

မိန်းမချောလေးသည် မစ္စတာစတီဗင် လွတ်ကျသွားသော သေနတ်ကို ခြေထောက်ဦးဖြင့် ဘေးသို့ ခတ်ထုတ်လိုက်ပြီးနောက်-

"ဘယ်လိုလဲ မစ္စတာစတီဗင် နေသာထိုင်သာရှိသွားပြီလား၊ ရှင့်ရဲ့လက်မှာ စိုက်ဝင်နေတဲ့ အပ်ကလေးဟာ ရိုးရိုးသာမန်အပ်တစ်ချောင်း မဟုတ်ဘူး၊ ဂန္ဓာလရာဇ်နည်းနဲ့ စီမံဖော်စပ်ထားတဲ့ ခန္ဓာကိုယ်မှာရှိတဲ့ အားယုတ်စေတဲ့ အစွမ်းသတ္တိရှိတဲ့ အဆိပ်ပါတယ်။ စက္ကန့်၊ မိနစ် အတွင်းမှာ ရှင့်ရဲ့ခန္ဓာကိုယ်မှာရှိတဲ့ အားအင်တွေဟာ လှုပ်လို့မရလောက် အောင် ကုန်ခန်းသွားလိမ့်မယ်၊ ရှင် မယုံရင် အားနည်းနည်းစိုက်ကြည့်ပါ"

မိန်းမချောလေး စကားကြောင့် မစ္စတာစတီဗင်မှာ မာန်တင်း၍ လှုပ်ရှားကြည့်ရာ အမှန်ပင် ခြေလက်များသည် မလှုပ်နိုင်အောင်ပင် လေးလံသွားသည်ကို တွေ့ရလေသည်။

"မင်းဟာ တော်တော်ကို ကြောက်ဖို့ကောင်းတဲ့ မိန်းကလေးပဲ၊ ဘာအတွက်ကြောင့် မင်းက ငါ့ကို သတ်ချင်တာလဲ"

"ရှင့်အသက် ဝိဉာဉ်မချုပ်ငြိမ်းမီ ရှင်လုပ်ခဲ့တဲ့ အကုသိုလ်အမှု တွေကို တစိမ့်စိမ့်ခံစားစေချင်လို့ ရှင့်ကို ချက်ချင်းမသတ်တာ၊ ရှင်ဟာ ရာဇဝတ်အုပ်ဘဝနဲ့ အငြိမ်းစားမယူခင် တာဝန်ထမ်းဆောင်စဉ် အချိန်တုန်း ကတည်းက ကောင်းတဲ့လူတွေကို မတရားအမှုဆင်ဖမ်း၊ လာဘ်လာဘ မတရားစားပြီး အဆိုးဆုံးက အမှုကို ဘန်းပြပြီး သူများသားမျိုး သမီးမျိုး တွေကို ဖျက်ဆီးတာပဲ။ ရှင့်ရဲ့ဉာဏ်ထက်မြက်မှုကြောင့် ရှင့်ရဲ့ထောင်ချောက် ထဲမှာ ကျရောက်ခဲ့တဲ့ ကျွန်မရဲ့မိဘအတွက် ရှင့်ကို ကလဲ့စားချေတဲ့ အနေနဲ့ ရှင့်ရဲ့အသက်ကို နုတ်ယူတာပဲ။ ကဲ. . ဒီလောက်ဆို ရှင် ဘာကြောင့် သေသင့်လဲ ဆိုတာ သိသင့်ပါပြီ"





မိန်းမချောလေး၏ စကားအဆုံး၌ မစ္စတာစတီဗင်မှာ ရှိသမျှ ခွန်အားကိုစုစည်း၍ မိန်းကလေးအား ခုန်အုပ်လိုက်လေသည်။ ထိုသို့ ပြုလုပ်မည်ကို ကြိုတင်တွေးထားသော မိန်းမချောလေးသည် ကြောင်လိမ် အတတ်ဖြင့် တစ်ဖက်သို့လှည့်ထွက်လိုက်ပြီး မစ္စတာစတီဗင်၏ဘေးတိုက် အနေအထားသို့ ရောက်သွားကာ မစ္စတာစတီဗင်၏ဦးခေါင်းအား လက် နှစ်ဖက်ဖြင့် လိမ်၍ ချိုးလိုက်လေသည်။

မစ္စတာစတီဗင်မှာ အားကနဲ တစ်ချက်သာအော်၍ လဲကျကာ ငြိမ်သက်သွားလေသည်။ ထိုအချိန်မှာပင် အပြင်မှရွာသွန်းဖြိုးနေသော မိုးဖွဲဖွဲလေးသည် အငြိုးကြီးစွာဖြင့် ဝေါကနဲ ရွာသွန်းဖြိုးနေလေသည်။ မိန်းမချောလေးသည် အသက်ဝိဉာဉ် ကင်းမဲ့သွားသော မစ္စတာစတီဗင်၏ ရုပ်အလောင်းအား တစ်ချက်မျှ ကြည့်ပြီး ကြမ်းပြင်ပေါ်၌ကျနေသော မိမိခြုံလွှမ်းလာသော ငွေရောင်ဇာပုဝါလေးအား ကောက်ယူ၍ မစ္စတာ စတီဗင်၏ အိမ်ရှေ့ဆင်ဝင်အောက်တွင် ရပ်ထားသော မိမိ၏စတူဒီ ဘေကာ ကားလေးပေါ်သို့ တက်ကာ ဖြည်းညင်းစွာဖြင့် မောင်းထွက် ခဲ့လေသည်။

ခြံရှေ့တံခါးသို့ ရောက်သောအခါ ဂန်ဗျာအစွမ်းနှင့် ယစ်မူး နေသော ခြံစောင့်ရာဂျူးသည် မိမိ၏ မျက်စိနှစ်ဖက်ကို မနည်းကြိုးစား ဖွင့်၍ မိန်းမချောလေးသည် သူ၏ဆရာ မစ္စတာစတီဗင်နှင့်တွေ့ဆုံသည် ကိစ္စပြီး၍ ပြန်သည်ဟု စိတ်မှာထင်၍ မိန်းမချောလေးကို ဆလံပေး၍ ခြံတံခါးကို ဖွင့်ပေးလိုက်လေသည်။

စတုရိဘောကာ ကားကလေးသည် ခြံတံခါးမှထွက်၍ လာလမ်းအတိုင်း တစ်ရိပ်ရိပ်ဖြင့် မောင်းထွက်သွားလေတော့သည်။

# အခန်း (၂)

ရုံးဖွင့်ရက်ဖြစ်သောနေ့ ဖြစ်သဖြင့် ကျွန်ုပ် ဦးထွန်းအောင်လည်း အိပ်ရာမှ စောစီးစွာထ၍ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းကို နာရီဝက်မျှ ပြုလုပ်ပြီး ရေမိုးချိုးကာ ကျွန်ုပ်၏ဇနီးခင်ခင်ကြီး စီစဉ်ပေးသော ပေါင်မုန့်မီးကင်ထောပတ်သုတ်ကို စား၍ လက်ပတန်းလက်ဖက်ခြောက်နှံ့ သင်းသင်းလေးနှင့် ဖျော်ထားသောလက်ဖက်ရည်ကို သောက်ကာ ကျွန်ုပ်၏ ဇနီးအား နှုတ်ဆက်၍ ကျွန်ုပ်အိမ်မှ ရုံးသို့ထွက်ခဲ့လေသည်။

ကျွန်ုပ် ရုံးသို့ရောက်သွားသောအခါ ရုံးအတွင်း ကာကာလက်ဖက်ရည်ဆိုင်တွင် ထိုင်နေသော ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းမင်းနောင်ကို တွေ့၍ ကျွန်ုပ်လည်း ကိုမင်းနောင်ထိုင်နေရာ ကာကာလက်ဖက်ရည်ဆိုင်အတွင်းသို့ ကိုမင်းနောင်ကို လက်ပြကာ ဝင်ရောက်ခဲ့လေသည်။

"မောနင်း. . . ကိုမင်းနောင်"

"မောနင်း. . . အိုင်ပီ"

"ကိုမင်းနောင်. . ရုံးကိုရောက်တာကြာပြီလား"

"မကြာသေးပါဘူး. . အိုင်ပီနဲ့ ရှေ့ဆင့်နောက်ဆင့်ပါ၊ အိုင်ပီ ဘာသောက်မလဲ ကျွန်တော် မှာလိုက်မယ်လေ"

"ကျွန်တော် အိမ်က လက်ဖက်ရည်နဲ့ ပေါင်မုန့်တော့ စားလာတယ်၊ မမှာနဲ့အုံး ကိုမင်းနောင်. . တစ်အောင့်နေ ဗိုက်ဆာမှပဲ သောက်တော့မယ်"

ကျွန်ုပ်နှင့်ကိုမင်းနောင် စကားပြောနေခိုက်တွင် ရုံးထဲသို့ ကိုမျိုးအောင် တစ်ယောက် လေးဖင့်စွာ ဝင်ရောက်လာလေသည်။ ကိုမျိုးအောင်သည် ရုံးထဲရောက်သည်နှင့် ကာကာလက်ဖက်ရည်ဆိုင်ဘက် ကြည့်၍ ကျွန်ုပ်နှင့်ကိုမင်းနောင်ကို တွေ့သောအခါ ပြုံးရွှင်စွာဖြင့် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ရောက်လာလေသည်။

"အိုင်ဆေး. . ခင်ဗျားတို့နှစ်ယောက်က ဘယ်အချိန်ကတည်းက တိုင်ပင်ပြီး စောစောစီးစီး နှစ်ယောက်သား လက်ဖက်ရည်ဆိုင်ထဲကို ရောက်နေတာလဲ"

ကိုမျိုးအောင် စကားအဆုံး၌ ကျွန်ုပ်ကပင်

"တိုင်ပင်ထားတာ မဟုတ်ပါဘူး ကိုမျိုးအောင်ရယ်၊ ကိုမင်းနောင်က ကျွန်တော့်ထက်အရင် လက်ဖက်ရည်ဆိုင်ထဲ ရောက်နေတာပါ။ ကျွန်တော်က အခုနမှ ရောက်လာတာပါ။ ခင်ဗျား ဘာမှာမလဲ"





"ရတယ်. . အိုင်ပီ ကျွန်တော် မှာပါ့မယ်"

"ဟေး. : ချွတ်ကရား အောင်း, အောင်း"

ကိုမျိုးအောင်သည် လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးကုလားလေးကို လှမ်းခေါ်လိုက်လေသည်။ ကိုမျိုးအောင် အနားသို့ စားပွဲထိုးကုလားလေး ရောက်သောအခါ ကိုမျိုးအောင်က-

"အိုင်ပီနဲ့ကိုမင်းနောင်. . ခင်ဗျားတို့ရော ဘာစားသောက်အုံးမလဲ"

ကိုမင်းနောင်က-

"ကျွန်တော့်အတွက်တော့ မမှာနဲ့တော့ ကိုမျိုးအောင်၊ မနက်ပိုင်းကို လက်ဖက်ရည်နဲ့တင် ကျွန်တော်က လုံလောက်တယ်"

ကိုမင်းနောင်၏ စကားအဆုံး၌ ကိုမျိုးအောင်ကပင်-

"အိုင်ပီ. . ခင်ဗျား မှာထားတာလည်း မတွေ့သေးဘူး၊ ကျွန်တော် တစ်ခါတည်း မှာလိုက်မယ်"

"မမှာနဲ့အုံး ကိုမျိုးအောင်၊ အိမ်ကနေ မိန်းမလက်ရာ လက်ဖက်ရည်နဲ့ပေါင်မုန့် စားခဲ့တယ်"

"အိုင်ပီရယ် ပေါင်မုန့်နဲ့လက်ဖက်ရည်က အိမ်ကနေ စထွက်ကတည်းက ဗိုက်ထဲမှာ ကုန်လောက်ပြီ၊ တစ်ခုခုထပ်စား လက်ဖက်ရည် မသောက်ချင်လည်း နံပြားနဲ့ဆိတ်စွပ်စား ကျွန်တော်လည်း နံပြားနဲ့ဆိတ်စွပ် စားမယ်"

ဟု ပြော၍ စာပွဲထိုးကုလားလေးအား-

"ဟေး. . ချွတ်ကရား. . ရေး ကျာရိ. . ဒိုး နံဂိုတီ. . လက်ဖက်ရည် တစ်ခွက်နှင့် ဆိတ်စွပ်နံပြား နှစ်ပွဲကို ကုလားလို မှာလိုက်လေသည်။

မကြာမီ မှာထားသော လက်ဖက်ရည်နှင့် ဆိတ်စွပ်နံပြား လာချပေးသည်ဖြစ်ရာ ကိုမျိုးအောင်မှာ ကျွန်ုပ်ဘက်သို့ စွပ်တစ်ပွဲကို ထိုးပေး၍ သူကိုယ်တိုင်လည်း နံပြားနဲ့ဆိတ်စွပ်ကို ခေါင်းမဖော်တမ်း စားလေတော့သည်။

ကျွန်ုပ်လည်း ကိုမျိုးအောင် အတင်းကျွေးသော ဆိတ်စွပ်နံပြား ကို စားလေသည်။ တစ်အောင့်မျှကြာလျှင် ကျွန်ုပ်တို့စားသောက်ခြင်း ကိစ္စ ပြီးစီးသွားလေသည်။ ထိုအခိုက်တွင် စီအိုင်ဒီရုံးအတွင်းသို့ ကျွန်ုပ်တို့ ၏ လုပ်ဖော်ကိုင်ဖက်များ ဖြစ်သော အိုင်ပီနေမျိုး၊ ကင်မရာမြင့်ဇော် (ခေါ်) အိုင်ပီမြင့်ဇော်၊ ပေကြိုးပီတာ (ခေါ်) အိုင်ပီပီတာ တို့ ဝင်ရောက် လာလေသည်။ ကိုမြင့်ဇော်က ကျွန်ုပ်တို့ကို တွေ့၍-

"အိုင်ပီတို့ ရုံးထဲ မဝင်သေးဘူးလား"

ဟု နှုတ်ဆက်လေသည်။

"တစ်အောင့်နေရင် ဝင်ခဲ့မယ် ကိုမြင့်ဇော်ရေ"

ဟု ကျွန်ုပ်က ပြန်လည်၍ နှုတ်ဆက်လိုက်လေသည်။ ကိုမင်းနောင် သည် စီးကရက်တစ်လိပ်ကို ထုတ်ကာ နတ်သမီးတံဆိပ် သစ်သားမီးခြစ်ဖြင့် ညှိ၍ မီးတို့ပြီး ရှိုက်ဖွာကာ ယနေ့ထုတ် သူရိယ သတင်းစာကို ဖတ်ရှု လေသည်။ ကိုမင်းနောင် စီးကရက်သောက်သည်ကို တွေ့မှ ကျွန်ုပ်လည်း





ခံတွင်းချဉ်လာသည်ကို သတိရကာ ကျွန်ုပ်၏လက်ဆွဲ ဒန်းဟီးလ်ဆေးတံကို ထုတ်၍ ဆေးတံထဲသို့ ရွှေနဂါးဆေးတံ သောက်ဆေးတစ်ဖုံ ထည့်၍ မီးညှိကာ ရှိုက်ဖွာလေသည်။

ဆေးတံတစ်ဖုံ ကုန်ကာနီးသောအခါမှ ကျွန်ုပ်တို့သုံးဦးသားလည်း လက်ဖက်ရည်ဖိုး ကျသင့်ငွေကို ရှင်းပြီး ရုံးထဲသို့ ဝင်ရောက်ကာ ရုံးတက် လက်မှတ်ထိုး၍ ရီတန်းရီပို့ဒ်များကို ပြန်လည်စစ်ဆေးပေတော့သည်။

"ကလင်. . ကလင်. . ကလင်"

စုံထောက်မင်းကြီး မစ္စတာနောရစ်၏ စားပွဲပေါ်တင်ထားသော ဆက်သွယ်ရေးတယ်လီဖုန်းမှ အချက်ပေးဘဲလ်သံ မြည်လာ၍ စုံထောက် မင်းကြီးသည် ရီဗာဆယ်ပေါ်မှ တယ်လီဖုန်းကို ကောက်ကိုင်၍ နားထောင် လိုက်လေသည်။

"အိုးဂေါ့ . . ဘုရားသခင် မားဒါးကေ့စ်ရှူးဝါး"

မင်းကြီးသည် ကျွန်ုပ်တို့ စုံထောက်အားလုံးကို သူ၏ရုံးခန်းအတွင်း သို့ ခေါ်၍-

"လူကလေးတို့ အခုလေးတင် သယ်န်းကျွန်းဂတ်ပိုင် ဘောက်ထော် ဘက်က ခြံတစ်ခြံထဲမှာ နေတဲ့ အငြိမ်းစားရာဇဝတ်အုပ် မစ္စတာစတီဗင် ဟာ ယမန်နေ့ညဥ့်ဦးပိုင်းလောက် သူနေတဲ့ သူ့အိမ်ထဲမှာ အသတ်ခံရလို့ သေဆုံးတယ် ဆိုတဲ့အကြောင်း သယ်န်းကျွန်းဂတ်က ဖုန်းဆက်တယ်။ လူကလေးတို့ အခုချက်ချင်း အခင်းဖြစ်တဲ့ဆီကို သွားပြီး အမှုမှန်ဖော် ထုတ်နိုင်အောင် ကြိုးစားကြပါ၊ ကျွန်ုပ်ပြောတာ ရှင်းရဲ့လား"

"ရက်ဆား . . မင်းကြီး ရှင်းပါတယ်"

ကျွန်ုပ်တို့ စုံထောက်များလည်း မင်းကြီးကို ဆလုရိုက် အလေးပြုကာ စီအိုင်ဒီရုံးမှ ဖို့ဒ်ကားကလေးနှစ်စီးပေါ်သို့ လူခွဲ၍ တက်ကာ အင်းစိန် စီအိုင်ဒီရုံးမှ လူသတ်မှုအခင်းဖြစ်ရာ ဘောက်ထော်ဘက်သို့ ထွက်ခဲ့လေသည်။

ကျွန်ုပ်တို့စီးလာသော ဖို့ဒ်ကားလေးနှစ်စီးသည် အင်းစိန် စီအိုင်ဒီမှ စော်ဘွားကြီးကုန်းလမ်းအတိုင်း မောင်း၍ ရှစ်မိုင်ဘက်မှ ချိုးကွေ့၍ အခင်းဖြစ်ပွားရာ ဘောက်ထော်ရှိ မစ္စတာစတီဗင်၏ခြံရှေ့သို့ ရောက်သွားလေသည်။

ကျွန်ုပ်တို့ ကားပေါ်မှ ဆင်းသည်နှင့် ခြံဝတွင် အစောင့်ကျသော သယ်န်းကျွန်းဂတ်မှ ပုလိပ်လေးသည် ကျွန်ုပ်တို့အား ဆလုရိုက် အလေးပြု၍ -

"ဆရာတို့ အိမ်ထဲကို ကြွပါ၊ အိမ်ထဲမှာ ကျွန်တော်တို့ဂတ်ပိုင် ဆရာ ဦးသန်းအောင်နဲ့ ဂတ်က ပုလိပ်သားနှစ်ယောက်လည်း ရှိပါတယ်"

ကျွန်ုပ်တို့လည်း ၎င်းပုလိပ်ကလေးကို ခေါင်းညိတ်၍ အသိအမှတ်ပြုပြီး အခင်းဖြစ်ရာ အိမ်ထဲသို့ ဝင်ခဲ့လေသည်။ ထိုအချိန်အခါက ဘောက်ထောက်ဘက်သည် တစ်ခြံနှင့်တစ်ခြံ အလွန်ဝေးကွာ၍ တစ်အိမ်နှင့်တစ်အိမ် ဆက်ဆံမှုနည်းကာ အလွန်ဆိတ်ငြိမ်နေရာ ဖြစ်သဖြင့် လူသူရှင်းလေသည်။ မစ္စတာစတီဗင်၏ ခြံသည် အတော်အသင့် ကျယ်ဝန်း၍





ခြံအလယ်လောက်တွင် အနောက်တိုင်း ဥရောပဆန်စွာ ဆောက်လုပ်ထားသော တစ်ထပ်တိုက်ပုလေးပင် ဖြစ်လေသည်။

ကျွန်ုပ်တို့ စီအိုင်ဒီမှ စုံထောက်ကျော်များလည်း အိမ်ထဲရောက်သည်နှင့် သူ့ထက်ငါ ဦးအောင် ကလူး (ခေါ်) သဲလွန်စကို ရှာဖွေကြလေသည်။ မစ္စတာစတီဗင် သေဆုံးနေပုံမှာ အိမ်ရှေ့ဧည့်ခန်းအတွင်းတွင် ဖြစ်၍ ပက်လက်အနေအထားနှင့် လည်ပင်းအဆစ်ပြုတ်ကာ သေဆုံးနေပုံ ဖြစ်လေသည်။ ပေကြိုးပီတာ (ခေါ်) ကိုပီတာက သူ၏ထုံးစံအတိုင်း သေဆုံးသူ မစ္စတာစတီဗင်၏နေရာနှင့် အခန်းပတ်လည်အား ပေကြိုးတိုင်းခြင်းဖြင့် အလုပ်ရှုပ်၍ ကင်မရာမြင့်ဇော် (ခေါ်) အိုင်ပီမြင့်ဇော်က သေဆုံးသူ မစ္စတာစတီဗင်အား ဓာတ်ပုံပြိုင်ပွဲတွင် ပြိုင်ပွဲဝင်မည့် ဓာတ်ပုံဆရာဂိုက်မျိုးဖမ်းကာ ဘက်ပေါင်းစုံမှ ဓာတ်ပုံရိုက်လေသည်။ အိုင်ပီနေမျိုးမှာ သေဆုံးသူ မစ္စတာစတီဗင်အား တစ်ချက်မျှ စိုက်ကြည့်၍ စုံထောက်ကြီးရှားလော့ခ်ဟုမ်း ကဲ့သို့ အမူအရာဖြင့် သေဆုံးသူ မစ္စတာစတီဗင် အနားတွင် ခေါက်တုံ့ခေါက်ပြန် မျက်စိနောက်အောင် လမ်းလျှောက်နေလေသည်။

အိုင်ပီမျိုးအောင်မှာ သေဆုံးသူအား ကြည့်သည်ဆိုကာမျှ ခေါင်းငုံ့၍ကြည့်ပြီး ခပ်ခွာခွာနေလေသည်။

ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုမင်းနောင်မှာ သေဆုံးသူအနားတွင် ဒူးထောက်၍ထိုင်ကာ သေဆုံးသူအနားတွင် ကျွမ်းကျင်သော ခွဲစိတ်ဆရာဝန်က ရောဂါရှာဖွေသည့် ပုံစံမျိုးနှင့် စေ့စပ်စွာ ကြည့်ရှုလေသည်။

ကိုမင်းနောင်သည် သေဆုံးနေသူ မစ္စတာစတီဗင်၏ ဦးခေါင်းအား မ, ၍ ကြည့်ပြီး သေဆုံးသူမစ္စတာစတီဗင် ဝတ်ထားသော အကျီမှ ကြယ်သီးများကို ဖြုတ်၍ကြည့်ရာ သေဆုံးသူ မစ္စတာစတီဗင်၏ နံနှစ်ဖက်နေရာတွင် ညိုမဲနေသော အရာကို တွေ့ရလေသည်။ ကိုမင်းနောင်သည် သေချာစွာ ကြည့်ရှုပြီး အကျီကြယ်သီးများကို ပြန်တပ်၍ သေဆုံးနေသူ၏ ညာဘက် လက်ကောက်ဝတ်နားကို ထပ်မံ၍ သေချာစွာ ကြည့်လေသည်။

"အိုင်ပီ . . မစ္စတာစတီဗင်ရဲ့ လက်ကောက်ဝတ်ကို သေသေချာချာ ကြည့်ပါဦး" ဟု ပြော၍

ကျွန်ုပ်လည်း ကိုမင်းနောင်ပြောသည့်အတိုင်း သေချာစွာ ကြည့်ရှုမိလေသည်။ ညာဘက်လက်ကောက်ဝတ် အစပ်နားတွင် သွေးအနည်းငယ် စို့နေသော အပေါက်သေးသေးလေးကို တွေ့ရလေသည်။

"အိုင်ဆေး . . ကိုမင်းနောင် ဒီဒဏ်ရာက သေးငယ်တဲ့ အချွန်တစ်ခုခုနဲ့ခြစ်မိလို့ ဖြစ်တာလား"

ကျွန်ုပ်၏စကားအဆုံး၌ ကိုမင်းနောင်က-

"တစ်ခုခုနဲ့ မတော်တဆ ခြစ်မိတာမဟုတ်ဘူး အိုင်ပီ၊ အပ်လို စူးဝင်နိုင်တဲ့အရာနဲ့ တိုက်ခိုက်ခြင်းခံရတဲ့ ပုံစံပဲ၊ ထိုးသွင်း တိုက်ခိုက်လိုက်တဲ့ အပ်ကလည်း သာမန်အပ်တစ်ချောင်းမျိုးတော့ မဖြစ်နိုင်ဘူးလို့ ကျွန်တော်ထင်တယ်"

"အိုင်ဆေး. . ကိုမင်းနောင် ခင်ဗျား ပြောတဲ့အတိုင်းဆို အဆိပ်တွေဘာတွေနဲ့ စီရင်ထားတဲ့ အဆိပ်အပ်လို့ ဆိုချင်တာလား၊ သေဆုံးတဲ့





မစ္စတာစတီဗင်က အဆိပ်မိတဲ့ လက္ခဏာမျိုး ပြနှမ်းနေတဲ့ ပုံလည်း မဖြစ်ပါလား"

ကျွန်ုပ်၏ မေးမြန်းမှုကြောင့်-

"မစ္စတာစတီဗင် သေဆုံးတဲ့ အဲဒီအချက်ကတော့ ဦးခေါင်းကို လိမ်ချိုးခံရပြီး လည်ပင်းအဆစ်ပြုတ်ပြီး သေဆုံးတာပါ အိုင်ပီ၊ သေဆုံးသူ လက်မှာ စိုက်ဝင်ခံရတဲ့ အဆိပ်အပ်က ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ အမျိုးအကြောတွေကို ပျော့သွားစေပြီး ခွန်အားတွေ ယုတ်လျော့သွားစေတဲ့ အဆိပ်မျိုးပဲ အိုင်ပီ၊ ဒီအဆိပ်မျိုးကို တိဘက်နဲ့ တရုတ်ပြည်ပဘက်မှာ အသုံးပြုတဲ့ ဂန္ဓာလရာဇ် ရှားပါးတဲ့ တရုတ်ရှေးဟောင်းသမားတော်တွေရဲ့ နည်းပညာပဲ အိုင်ပီ"

ကိုမင်းနောင်သည် ကျွန်ုပ်အား ရှင်းပြပြီးနောက် သေသူအနီးမှ ထ၍ ညှော်ခန်းတစ်ခန်းလုံး နှံ့စပ်အောင် လှော့လာလေသည်။ ညှော်ခန်းအတွင်းမှ အိမ်အတွင်းဘက်သို့ ဝင်ခါနီး အခန်းဒေါင့်တွင် ကပ်လျက်ရှိသော စာအုပ်တင် ဗီရိုအောက်မှ သုံးဆယ့်ရှစ်ဗို့ ခြောက်လုံးပြူး သေနတ်တစ်လက်ကို ကိုမင်းနောင်က တွေ့ရှိ၍ လက်ဗွေရာမပျက်အောင် လက်ကိုင်ပုဝါဖြင့် အုပ်၍ ရှာဖွေစာရင်းတွင် ရေးမှတ်၍ လှော့လာလေသည်။

"အိုင်ပီ. . သေနတ်ထဲမှာ ကျည်ဆံ တစ်တောင့်မှမရှိဘူး၊ သေနတ်ရဲ့ဒင်ပေါ်မှ 'အက်စ်' ဆိုတဲ့ အင်္ဂလိပ်စာလုံးအတိုကောက် ရေးထိုးထားတဲ့ အတွက် ဒီသေနတ်က မစ္စတာစတီဗင်ရဲ့ သေနတ် ဖြစ်လိမ့်မယ်၊ သေနတ်ထဲမှာ ဘာကြောင့် ကျည်ဆံမထည့်ထားတာလဲ"

ကိုမင်းနောင် ကျွန်ုပ်၏မေးမြန်းမှုကြောင့် ကိုမင်းနောင်ကပင် ဆက်လက်၍ ရှင်းပြလေသည်။

"မစ္စတာစတီဗင် သေနတ်ထဲမှာ ကျည်ဆံကို အသင့် ထည့်မထားတဲ့ပုံကို ကြည့်ရင် သူ့မှာ အသက်အန္တရာယ်နဲ့ နီးစပ်လောက်တဲ့ ရန်မျိုး မရှိဘူးလို့ထင်ပြီး ခပ်ပေ့ါပေ့ါနေတဲ့ပုံပဲ အိုင်ပီ၊ ကျွန်တော့်အထင် ပြောရရင် မစ္စတာစတီဗင်က သူ့ကိုသတ်မယ့် လူသတ်သမားနဲ့ စတွေ့တဲ့ အချိန်မှာတောင် သူ့ကို သတ်မယ့်သူလို့တောင် မထင်ဘူး၊ အေးဆေးတဲ့ ပုံစံမျိုးနဲ့ လူသတ်သမားနဲ့ စကားပြောလိမ့်မယ်၊ ညဥ့်နက်သန်းခေါင်ယံမှာ ရောက်လာတဲ့ အခြား လူစိမ်းတစ်ယောက်ကို မစ္စတာစတီဗင်က အရေးမကြီးတဲ့ ပုံစံမျိုးနဲ့ ဂရုမစိုက်ပုံကိုကြည့်ရင် မစ္စတာစတီဗင်ဆီကို တွေ့ဆုံပြီး သတ်တဲ့ သူဟာ သန်မာထွားကြိုင်းတဲ့ယောကျ်ားတစ်ယောက် မဟုတ်ဘဲ နုနယ်လှပတဲ့ မိန်းမပျိုတစ်ယောက်ပဲ ဖြစ်လိမ့်မယ် အိုင်ပီ"

ကိုမင်းနောင် ရှင်းပြမှုကို နားထောင်နေသော အိုင်ပီမျိုးအောင်က အံ့သြစွာဖြင့် ဆက်၍မေးလေသည်။

"အိုင်ဆေး. . ကိုမင်းနောင် သေဆုံးသူမစ္စတာစတီဗင်က အနောက်တိုင်း ဥရောပတိုက်သား ဖြစ်သလို သန်မာထွားကြိုင်းပြီး သူ့အရပ်က ခြောက်ပေနီးပါးလောက် ရှိတာကို နုနယ်တဲ့မိန်းမသားတစ်ယောက်က တိုက်ခိုက် သတ်ဖြတ်သွားတာကို မယုံကြည်နိုင်စရာပါလားဗျာ"

"ကိုမျိုးအောင် ပြောတာ မှန်ပါတယ်၊ မစ္စတာစတီဗင် အနေနဲ့လည်း အရေးမစိုက်တဲ့ ပုံစံမျိုးနဲ့ လျော့တွက်မိတဲ့အတွက်ကြောင့် ကိုယ့်ကိုကိုယ်





ကာကွယ်ချိန်မရလောက်အောင် ဖြစ်ပြီး အသတ်ခံရတယ်၊ လူသတ်သမားက အိမ်ထဲ ရောက်တဲ့အခါ မစ္စတာစတီဗင်ကို ပထမဦးစွာ ကောင်းမွန်တဲ့ စကားကိုပြောပြီး အိမ်ထဲမှာ အခြားလူပိုရှိ/မရှိ လေ့လာလိမ့်မယ်၊ စကားပြောဆိုပြီး အတန်ငယ်ကြာတဲ့အချိန်လောက်မှ မစ္စတာစတီဗင်ရဲ့ အိမ်ထဲမှာ အခြားလူပိုမရှိတဲ့အဖြစ်ကို လေ့လာမိပြီး လူသတ်သမားရဲ့ ရည်ရွယ်ချက်အတိုင်း မစ္စတာစတီဗင်ရဲ့အသက်ကို နှုတ်ယူမယ့်အကြောင်း ပြောလိမ့်မယ်၊ အဲဒီအခါကျမှ မစ္စတာစတီဗင်က ခပ်ပေ့ါပေ့ါသဘောထားပြီး လူသတ်သမားကို ဖမ်းချုပ်ဖို့ ကြိုးစားလိမ့်မယ်၊

လူသတ်သမားက မစ္စတာစတီဗင် ဖမ်းချုပ်တာကို အမိခံပြီး မစ္စတာစတီဗင်ရဲ့ လက်နှစ်ဖက်အောက် လွတ်ဟာနေတဲ့ နံကြားနှစ်ဖက်ကို ပြင်းထန်တဲ့ လက်ဖနောင့်နှစ်ဖက်နဲ့ ရိုက်ချလိုက်တယ်၊ ပြင်းထန်စွာ အရိုက်ခံလိုက်ရတဲ့ မစ္စတာစတီဗင်ဟာ နာကျင်တဲ့ဝေဒနာကို မထင်မှတ်စွာ ခံစားလိုက်ရတဲ့အတွက်ကြောင့် ကမူးရှူးထိုးဖြစ်ပြီး ဆက်တီခုံအံဆွဲထဲက သေနတ်ကို ကျည်ဆံထည့်မထားတာကို သတိမရဘဲ ကြောက်လန့်စိတ်နဲ့ သေနတ်ကို နှိုက်ယူလိုက်တယ်၊ ဒါပေမယ့် လူသတ်သမားက မစ္စတာစတီဗင်ထက် မြန်တယ်၊ မစ္စတာစတီဗင်လက်ထဲ သေနတ်ပါလာတာနဲ့ ထူးခြားစွာ ဆေးစီရင်ထားတဲ့ အဆိပ်အပ်နဲ့ ပစ်လိုက်တဲ့အတွက်ကြောင့် မစ္စတာစတီဗင်ရဲ့ လက်ဟာ လွန်စွာနာကျင်မှုကို ခံစားရပြီး လက်ထဲမှာ ကိုင်ထားတဲ့ သေနတ်လည်း အောက်ကြမ်းပြင်ပေါ်ကို လွတ်ကျသွားမယ်၊ အဲဒီအခါ

လူသတ်သမားက သေနတ်ကို ခြေထောက်နဲ့ဘေးကို ခတ်ထုတ်လိုက်တဲ့အတွက်ကြောင့် သေနတ်က လွင့်စင်ပြီး အခန်းထောင့်နားက စာအုပ်တွေတင်ထားတဲ့ ဗီရိုအောက်ကို ရောက်သွားတာပဲ။ မစ္စတာစတီဗင်လည်း မထူးတော့ဘူးလို့ ဆုံးဖြတ်ပြီး နောက်ဆုံး ကျန်တဲ့ခွန်အားကိုစုစည်းပြီး လူသတ်သမားကို တိုက်ခိုက်လိမ့်မယ်။ အဲဒီအခါ လူသတ်သမားက မစ္စတာစတီဗင် တိုက်ခိုက်မှုကို ရှောင်တိမ်းပြီး ဦးခေါင်းကို ဖမ်းချုပ်ပြီး ဇက်ကို လိမ်ချိုးသွားတာပဲ ကိုမျိုးအောင်"

ကိုမင်းနောင်သည် သူ၏ထင်မြင်ချက်ကို ဆက်စပ်၍ ရှင်းပြလေသည်။ ကိုမင်းနောင် စကားအဆုံး၌ ကျွန်ုပ်ကပင်-

"အိုင်ဆေး . . ကိုမင်းနောင် ခင်ဗျား ရှင်းပြတော့လည်း ဟုတ်နေတာပဲ။ ကျွန်တော်တို့တော့ အဲဒီလောက် မတွေးဆတတ်ဘူး"

"သေသေချာချာ တွေးတောဆက်စပ်ကြည့်ရင် အဖြေပေါ်ပါတယ် အိုင်ပီ"

ထိုအခါ ကိုမျိုးအောင်က

"ကိုမင်းနောင် အတွက်တော့ တွေးတောဆက်စပ်ကြည့်တာ မှန်ပေမယ့် ကျွန်တော်တို့အတွက်တော့ ကိုမင်းနောင် ရှင်းပြတာကို နားထောင်ရတာ ပိုပြီး မှန်တယ်လို့ ထင်တယ် အိုင်ပီရေ"

ကိုမျိုးအောင် စကားကြောင့် ကျွန်ုပ်နှင့် ကိုမင်းနောင်လည်း ရယ်မောရလေသည်။ ကိုမင်းနောင်ကပင် ဆက်၍-





"အလောင်းကို မော်ကျူရီပို့လို့ရပြီ အိုင်ပီ"

ကိုမင်းနောင် စကားအဆုံး၌ ကျွန်ုပ်ကပင်

"ကိုမျိုးအောင်ရေ ကိုမင်းနောင်ကတော့ အမှုနဲ့ပတ်သက်ပြီး လေ့လာလို့ပြီးပြီ၊ ခင်ဗျားကော လိုအပ်တဲ့ ကလူးလေး ဘာလေး မရှာတော့ဘူးလား"

ဟု ကိုမျိုးအောင်ကို မေးလိုက်လေသည်။ ကျွန်ုပ်၏မေးမြန်းမှုကြောင့် ကိုမျိုးအောင်က ရယ်မော၍-

"နိုး. . နိုး. . အိုင်ပီ ကျွန်တော်က အမှုနဲ့ပတ်သက်ပြီး ကလူးစ်သဲလွန်စရှာတာမျိုးကို ပါရမီနည်းတယ်ပဲပြောပြော (အင်ထရက်) စိတ်ဝင်စားမှု နည်းတယ်။ ကျွန်တော် စိတ်ဝင်စားတာက ကိုမင်းနောင် တွေးတောရှင်းပြတဲ့အပေါ်ပဲ စိတ်ဝင်စားတယ်။ ကိုမင်းနောင် ရှင်းပြမှုအပေါ်မှာ အာရုံစိုက်နားထောင်ပြီး ရုံးကို ပြန်ရောက်တဲ့အခါ မင်းကြီးကိုတင်ဖို့ အစီရင်ခံစာ ရေးရမယ်" ဟု ပြောသဖြင့် ကျွန်ုပ်နှင့် ကိုမင်းနောင်လည်း ရယ်မောရလေသည်။

ကျွန်ုပ်လည်း သယ်န်းကျွန်းဂတ်မှ ဂတ်ပိုင်ဦးသန်းအောင်နှင့် ပုလိပ်ကလေးများကို အလောင်းအား မော်ကျူရီပို့လို့ရပြီ ဖြစ်ကြောင်း ပြောလိုက်လေသည်။

"အိုင်ပီ. . ဒီယမင်းရှပ်ကလေးက ကျွန်တော် စိတ်ထဲ နည်းနည်းထူးဆန်းနေသလားလို့"

ကိုမင်းနောင်သည် သေဆုံးသူအနီး ဆက်တီစားပွဲပေါ်တွင် တင်ထားသော ကြောင်ကလေးတစ်ကောင်ကို ပွေ့ပိုက်ထားဟန်ဖြင့် ထုဆစ်ထားသော ယမင်းပျိုရုပ်ကလေးအား သေချာစွာကြည့်၍ ကျွန်ုပ်အား ပြောလေသည်။

"ကိုမင်းနောင် ဘာကိုဆိုလိုတာလဲ"

"အိုင်ပီ . . မစ္စတာစတီဗင်က ပန်းပု၊ ပန်းချီကို ဝါသနာပါတဲ့ ပုံမျိုး မတွေ့ရဘူးဗျ။ သူ့အိမ်ရှေ့ ဧည့်ခန်းတစ်ခုလုံးမှာ ပန်းချီ၊ ပန်းပုနဲ့ ပတ်သက်ပြီးထားတဲ့အရာ တစ်ခုမှမတွေ့ရဘူး။ ထူးခြားမှုက ဒီယမင်း ပန်းပုရုပ်ကလေးက မြန်မာဆန်ပြီး ဂမ္ဘီရဆန်တဲ့ လေးနက်မှုကို ဖော်ညွှန်းနေတယ်။ ကျွန်တော့်တွေးဆချက် မှန်ရင် လူသတ်သမားဟာ ထူးခြားတဲ့ ဂမ္ဘီရပညာနဲ့ တိုက်ခိုက်မှုကျွမ်းကျင်တဲ့သူပဲ ဖြစ်လိမ့်မယ် အိုင်ပီ"

ကိုမင်းနောင်သည် ကျွန်ုပ်ကို ရှင်းပြပြီးနောက် အိမ်အတွင်းခန်းထဲသို့ ဝင်ရောက်လေ့လာလေသည်။ မစ္စတာစတီဗင်၏ အိပ်ခန်း၊ မီးဖိုခန်း၊ ရေချိုးခန်းမကျန် လိုအပ်မှုများကို လေ့လာပြီးနောက် မီးဖိုခန်းအတွင်းတွင် တွေ့ရသော ဈေးဝယ်စာရင်းစာရွက်ကို ကြည့်၍ လက်ထဲသို့ ၎င်းစာရွက်ကို ပေးလေသည်။ ကိုမင်းနောင် ပေးသော ဈေးဝယ်စာရင်းစာရွက်ကို ဖတ်ကြည့်ရာ မစ္စတာစတီဗင်က သူ၏ ဘတ္တလာထမင်းချက် ရာဂျူးအား အိမ်တွင်လိုအပ်နေသော အသားဘူးနှင့်ငါးသေတ္တာဘူး၊ ထောပတ်၊ ခေါက်ဆွဲခြောက်၊ ကြက်ဥ စသောပစ္စည်းများ ဝယ်ခြမ်းခိုင်းသော စာရွက်





ဖြစ်လေသည်။ ကိုမင်းနောင် ဘာအတွက်ကြောင့် ကျွန်ုပ်လက်ထဲ ဈေးစာရင်းစာရွက်ပေးသည်ကို ကျွန်ုပ်သဘောပေါက်လေသည်။

ကျွန်ုပ်လည်း သယ်န်းကျွန်းဂတ်မှ ရာဇဝတ်အုပ်ဦးသန်းအောင်အား မစ္စတာစတီဗင်၏ ထမင်းချက်ဘတ္တလာနှင့် တွေ့လိုကြောင်းပြောရာ ရာဇဝတ်အုပ်ဦးသန်းအောင်က

"ဆရာဦးထွန်းအောင် . . မစ္စတာစတီဗင်ရဲ့ ထမင်းချက်နဲ့ခြံစောင့် တွဲလုပ်ရတဲ့ ရာဂျူးကို ဆရာကိုနေမျိုးတို့ ခြံထဲက ရာဂျူးနေတဲ့ အစောင့်တန်းလျားမှာ လိုအပ်တဲ့စစ်ချက်ပြုလုပ်နေပါတယ်"

ကျွန်ုပ်တို့လည်း အိမ်ရှေ့ဧည့်ခန်းအတွင်းသို့ ပြန်ခဲ့လေသည်။ ကျွန်ုပ်တို့ ဧည့်ခန်းထဲသို့ ရောက်သောအခါ ကိုနေမျိုးနှင့်ကိုပီတာတို့က ခြံစောင့်ရာဂျူးကို စစ်မေးနေသည်ကို တွေ့ရလေသည်။ ပေကြိုးပီတာ (ခေါ်) ကိုပီတာက-

"အိုင်ပီရေ ကျွန်တော်တော့ ခြံစောင့်ရာဂျူးကို မသင်္ကာဘူး။ ဒီကောင်က ဂန်ဂျာမူးပြီး မစ္စတာစတီဗင် ဆီက အတွင်းပစ္စည်းတွေကို လိုချင်လို့ မစ္စတာစတီဗင်နဲ့ရန်းရင်းဆန်ခတ် ဖြစ်ပြီး ခြေလွန်လက်လွန် သတ်ပစ်တာထင်တယ်။ ရာဂျူးကို မစ္စတာစတီဗင် သတ်မှုနဲ့ဖမ်းရလိမ့်မယ်"

ကိုပီတာ၏စကားကြောင့် ရာဂျူးမှာ ပြာပြာသလဲဖြင့်

"ဟရေး . . ရာဂျူးနော် သခင်ကို မသတ်ဘူး။ သခင်ရဲ့အသက်ကို ရာဂျူးအသက်နဲ့လဲပြီး စောင့်ရှောက်တယ်။ သခင်အသက်ခံရတာကို

မသိလိုက်လို့နေ၁်။ သခင်ကိုသတ်တဲ့လူကို တွေ့ရင် ရာဂျူးရဲ့ ဂေါ်ရခါး ဓားကောက်နဲ့ အပိုင်းပိုင်းလုပ်ပစ်မယ်"

ရာဂျူးစကားအဆုံး၌ ကိုပီတာက

"ယူအာရှပ်တတ်. . ငါကတော့ မင်းကို မသင်္ကာမှုနဲ့ ဖမ်းရမှာပဲ"

ကျွန်ုပ်ကပင် ကြားမှဝင်၍

"နေပါဦး. . . ကိုပီတာ ကျွန်တော်တို့ မေးစရာလေးရှိလို့ပါ"

"ဒီကောင့်ကို ကျွန်တော် သေသေချာချာ စစ်ပြီးပြီ။ ဘာမှ မထူးခြားဘူး၊ အိုင်ပီတို့ စစ်ဆေးကြည့်မယ်ဆိုလဲ စစ်ဆေးကြည့်ပါ"

ကိုပီတာ စကားပြတ်သွားသည်နှင့် ကျွန်ုပ်လည်း ခြံစောင့်ရာဂျူးကို စတင် စစ်ဆေးလေသည်။

"ရာဂျူး"

ကျွန်ုပ်၏ခေါ်သံကြောင့် ရာဂျူးက ကျွန်ုပ်ကိုခေါင်းမော့ကြည့်ပြီး

"ရှိပါတယ်. . ဆပ်"

"အခု မေးမယ့်ကိစ္စတွေကို မင်းသိတဲ့အတိုင်း ပြောစေချင်တယ်"

"သိပါတယ်. . ကျွန်တော် မလိမ်ပါဘူး၊ သိတဲ့အတိုင်း ပြောပါ့မယ်"

"မစ္စတာစတီဗင် ဆီမှာ မင်းအလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ"

"သခင်ကြီးဆီမှာ ကျွန်တော် အလုပ်ဝင်တာ ငါးနှစ်လောက် ရှိပါပြီ ဆပ်၊ သခင်ကြီး အငြိမ်းစားမယူခင် (၂) နှစ်လောက်ကတည်းက သခင်ကြီး ဆီမှာ အလုပ်ဝင်တာပါ။ သခင်ကြီး အငြိမ်းစားယူတာ (၃)နှစ်လောက် ရှိပါပြီ"



"ရာဂျူး. . မင်းမိသားစုတွေက ဘယ်မှာလဲ"

"ကျွန်တော့်မိသားစုတွေက နီပေါမှာပါ၊ သခင်ကြီးဆီက ရတဲ့ လခကိုစုပြီး မိသားစုတွေရှိတဲ့ နီပေါကို ပိုက်ဆံပို့ပေးပါတယ်"

"မင်း မစ္စတာစတီဗင်ဆီ ရောက်ကတည်းက မင်းဇာတိ နီပေါကို မပြန်ဘူးလား"

"ကျွန်တော် တစ်ခေါက်ပြန်သေးတယ် ဆပ်၊ သခင်ကြီး အငြိမ်းစား ယူပြီးပြီးချင်း ဒီခြံကို ဝယ်ပြီး အိမ်ဆောက်နေတဲ့အချိန်တွင်း မိသားစု တွေဆီ ခဏပြန်ခွင့်ပြုလို့ တစ်ခေါက်ပြန်ပါတယ်။ နောက်ထပ် မပြန် ပါဘူး"

"မစ္စတာစတီဗင်မှာ အိမ်ထောင်ရှိလား"

"သခင်ကြီးမှာ အိမ်ထောင်မရှိဘူးလို့ပဲ သိရပါတယ်"

"ဒီခြံထဲမှာ အခြားဗာဟီရလုပ်တဲ့လူပို မရှိဘူးလား"

"ဟုတ်ပါတယ်. . ဆပ်၊ အခြားလူပိုမရှိပါဘူး၊ ဒီခြံထဲမှာ သခင်ကြီး နဲ့ ကျွန်တော် နှစ်ဦးတည်းရှိပါတယ်။ မနက်ပိုင်းမှာ အချက်အပြုတ် ကျွန်တော်ပဲ တာဝန်ယူရပါတယ်။ တစ်ပတ်တစ်ခါ လိုအပ်တဲ့အရာရှိရင် လိုအပ်တဲ့စာရင်း ရေးပြီး ကျွန်တော့်ကိုပဲ ဈေးဝယ်ခိုင်းပါတယ်။ သခင်ကြီး ရဲ့ အဝတ်တွေကို တစ်ပတ်တစ်ခါ ဒိုဘီက လာယူပါတယ်။ မနက်ပိုင်းမှာ သခင်ကြီးနဲ့ ကျွန်တော် စားသောက်ဖို့ ချက်ပြုတ်ပြီး ညဘက်ရောက်တဲ့ အခါ ခြံတံခါးနားက အစောင့်တဲလေးမှာ ခြံလုံခြုံရေး စောင့်ပြီး ညအိပ်ရ ပါတယ်"

"မစ္စတာစတီဗင်ရဲ့ အလေ့အကျင့်က ဘာတွေရှိလဲ၊ မင်းသိတာကို စဉ်းစားပြီးမှ ဖြေပါ"

ထိုမေးခွန်း မေးမြန်းလိုက်သည့်အခါ ရာဂျူးသည် သူ့သခင်၏ ဂုဏ်သိက္ခာကို ထိခိုက်မည်စိုး၍ မသိကြောင်း ပြောလေသည်။ သို့သော် ဝါးရှည်နပ်ရှည်ရှိသော ကိုမင်းနောင်က

"ရာဂျူး မင်းသခင်က တစ်ပတ်တစ်ခါ မြင်းလောင်းတာတို့၊ အိုဒီးယင့်ကလပ်သွားတတ်တာတို့၊ မိန်းကလေးတွေနဲ့ ခေါ်ယူတွေ့ဆုံတာတို့ မင်းသိသလောက် ပြောပါ"

ကိုမင်းနောင်၏စကားကြောင့် ရာဂျူးမှာ လန့်ဖြန့်သွားပြီး

"ဟုတ်ပါတယ်. . ဆပ်၊ သခင်ကြီးက ဆပ်ပြောသလို တစ်ခါတလေ လုပ်တတ်ပါတယ်"

ကိုမင်းနောင်ကပင် ဆက်၍

"ရာဂျူး မနေ့ညက မစ္စတာစတီဗင်နဲ့မင်း ဘယ်အချိန်လောက်ထိ စကားပြောရသေးလဲ ဆိုတာ ဖြည်းဖြည်းချင်း စဉ်းစားပြီးမှပြော"

"သခင်ကြီးနဲ့ ကျွန်တော် ည (၇) နာရီလောက်ကတည်းက စကားမပြောရတော့ပါဘူး၊ သခင်ကြီးဆီကို ညဦးပိုင်းလောက်က မိန်းကလေးနှစ်ဦး၊ အဲ. . တစ်ဦးစီ လာပါတယ်။ ပထမမိန်းကလေးက သခင်ကြီးဆီကို တစ်ပတ်တစ်ခါလောက် လာတတ်ပါတယ်။ ဒုတိယမိန်းကလေးက ကျွန်တော်မမြင်ဖူးဘူး"





"ရာဂျူး. . မင်းဆိုလိုချင်တာက ဒီခြံကို တစ်ခါမှမရောက်ဖူးတဲ့ မိန်းကလေးလို့ ဆိုချင်တာလား"

"ဟုတ်ပါတယ်. . ဆပ် ကျွန်တော် သခင်ဆီမှာအလုပ်လုပ်တာ ကြာပါပြီ ဆပ်၊ တစ်ခါမှ မမြင်ဖူးဘူး"

"နောက်ထပ်တစ်ခေါက် တွေ့ရင် မိန်းကလေးကို မှတ်မိပါ့မလား ရာဂျူး"

"မှတ်မိပါတယ်. . ဆပ်၊ မိန်းကလေးနော် အရမ်းချောတယ်. . ဆပ်၊ မိုးပေါ်က ကျလာတဲ့ နတ်သမီးလား မသိဘူး၊ ကားနဲ့လာတယ်. . ဆပ် သူကိုယ်တိုင် မောင်းလာတယ်"

"ခဏနေဦး ရာဂျူး၊ ပထမမိန်းကလေးက ဘယ်အချိန်ပြန်သွားလဲ"

"(၁၁) နာရီသာသာလောက် ပြန်သွားတယ်. . ဆပ်၊ သူပြန်သွားပြီး လမ်းထိပ်က (၁၁) နာရီထိုးသံကို ကြားရတယ်"

"ဒီမိန်းကလေးကရော ဘာနဲ့ ပြန်သလဲ"

"မြင်းလှည်းနဲ့ ဆပ်၊ အဲဒီမိန်းကလေးက လာရင် မြင်းလှည်းနဲ့ လာတတ်တယ်။ မြင်းလှည်းက မိန်းကလေးကို ဒီခြံရှေ့မှာ ရပ်ပေးပြီးတာနဲ့ ပြန်ထွက်သွားတယ်။ ညဆယ်နာရီသာသာလောက်ဆို မိန်းကလေးကို ပြန်လာကြိုတတ်တယ်။ ဒီမိန်းကလေးက ဘိုဆန်တယ် ဆပ်၊ ဆံပင်တိုတယ်၊ ဂါဝန်ဝတ်တယ် ဆပ်၊ သူ သခင်ကြီးဆီလာတာ လေး,ငါး

ခါလောက်တော့ ရှိပြီ။ သူ ပြန်သွားပြီး တစ်နာရီလောက် အကြာမှ နတ်သမီးလေးလို လှတဲ့ မိန်းကလေးက သခင်ကြီးနဲ့ တွေ့ဆုံဖို့ ချိန်းထားတယ်ပြောလို့ ခြံတံခါးကို ဖွင့်ပေးလိုက်တယ် ဆပ်။

"ဒုတိယ မိန်းကလေးက ဘယ်အချိန်လောက် ပြန်လဲ ရာဂျူး"

"နတ်သမီးလေးလို လှတဲ့ မိန်းကလေးက ညဥ့် (၂) နာရီလောက်မှာ ပြန်သွားပါတယ်။ ကျွန်တော် ခြံတံခါးဖွင့်ပေးတုန်းမှာ လမ်းထိပ်တင်းသမားရဲ့ ဒိုးဘဂျားဟိုးဆို ည (၂) နာရီထိုး ခေါ်သံနဲ့ သံချောင်းခေါက်သံကို ကြားရပါတယ်. . ဆပ်"

ကိုမင်းနောင်ကပင် ဆက်၍ ယမင်းပုံပန်းပုရုပ်ကလေးကို ရာဂျူးအား ပြ၍

"ရာဂျူး. . ဒီပန်းပုရုပ်က မစ္စတာစတီဗင် အလှထားတဲ့ အရုပ်လား"

ရာဂျူးမှာ အရုပ်ကို သေသေချာချာကြည့်၍

"မနေ့ညက ဒုတိယလာတဲ့ မိန်းကလေးရဲ့ ပုံနဲ့တူသလိုလိုပဲ၊ ဒီအရုပ်က သခင်ကြီးဆီမှာ မရှိပါဘူး"

"မစ္စတာစတီဗင် သေဆုံးနေတာ ဘယ်အချိန်ကျမှ မင်းသိတာလဲ"

မနက် (၇) နာရီဆို သခင်ကြီးအတွက် လက်ဖက်ရည်နဲ့ ပေါင်မုန့်ကြက်ဥကြော် စီစဉ်ပေးရပါတယ်။ မနက် (၆) နာရီလောက်တုန်းက ထုံးစံအတိုင်း သခင်ကြီးအတွက် မနက်စာ စီစဉ်ပေးဖို့ အိမ်ထဲဝင်တာ အိမ်ထဲရောက်တော့ သခင်ကြီးကို သေဆုံးနေတာ မယုံနိုင်ဖွယ်ရာ တွေ့ရ





ပါတယ်။ ကျွန်တော်လည်း သယ်န်းကျွန်းဂတ်ကို ချက်ချင်း လူကိုယ်တိုင်သွားအကြောင်းကြားပါတယ်"

ရာဂျူး စကားအဆုံး၌ ကိုမင်းနောင်က

"ပြည့်စုံပါပြီ ရာဂျူး၊ မင်း ရှေ့အဖို့ ဘယ်လိုနေထိုင်မလဲဆိုတာ စဉ်းစားထားလဲ"

ကိုမင်းနောင် စကားအဆုံး၌ ရာဂျူးက

"သခင်ကြီး မရှိတော့တဲ့အတွက် ကျွန်တော့်မှာ အားကိုးစရာ မရှိတော့ပါဘူး။ ကျွန်တော့်မိသားစုရှိရာ နီပေါကိုပဲ ပြန်တော့မယ်လို့ ဆုံးဖြတ်ထားပါတယ်"

"ကဲ . . ရာဂျူး ငါတို့သိချင်တာကို ရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မင်းသခင် မစ္စတာစတီဗင် အတွက်လည်း အမှုမြန်မြန်ပေါ်အောင် ငါတို့ ကြိုးစားပါ့မယ်၊ အခုလောလောဆယ် မင်း ဘယ်မှာ ခဏနေမယ်လို့ မင်း စိတ်ကူးထားလဲ၊ မင်းသခင် မစ္စတာစတီဗင်ကိုသတ်တဲ့ တရားခံကို ဖမ်းမမိခင်မှာ မင်း နီပေါကို ပြန်လို့မရသေးဘူး"

ကိုမင်းနောင် စကားအဆုံး၌ ရာဂျူးက

"ဟုတ်ကဲ့ပါ ဆပ်၊ ကျွန်တော် အခု သယ်န်းကျွန်းက ဖူးကွေ့ဘက်က ကျွန်တော်တို့နယ်သား ကျွန်တော့်သူငယ်ချင်း မူတူးဆီမှာ ခဏသွားနေပါ့မယ်"

"ကဲ. . ရာဂျူး မင်းသွားနိုင်ပါပြီ"

"အိုင်ပီရေ ယမင်းရုပ်ကလေးကိုပါ ရှာဖွေစာရင်းမှာ ရေးမှတ်ထားလိုက်ပါ"

ကိုမင်းနောင်၏ စကားကြောင့် ကျွန်ုပ်လည်း ရှာဖွေစာရင်းလိုအပ်ချက်များ ရေးမှတ်ရာတွင် ယမင်းရုပ်ကလေးကိုပါ ရေးမှတ်လိုက်လေသည်။ ထို့နောက်

"အိုင်ဆေး. . . ကိုမင်းနောင် နောက်ထပ် လိုအပ်ချက် ရှိသေးလား"

"အမှုဖြစ်ပွားရာ မစ္စတာစတီဗင်ရဲ့ အိမ်နဲ့ခြံမှာတော့ ကျွန်တော်လိုချင်တဲ့ (ကလူးစ်) သဲလွန်စကတော့ ပြည့်စုံလောက်ပါပြီ။ အခု ရထားတဲ့ သဲလွန်စအပေါ်မှာ တရားခံက ဘယ်သူ၊ ဘာရည်ရွယ်ချက်နဲ့ သတ်တယ်ဆိုတဲ့ ကိစ္စတွေကို တဖြည်းဖြည်းချင်း ဖော်ထုတ်ရမယ် အိုင်ပီ"

ထိုအခိုက်တွင် ကျွန်ုပ်တို့ရုံးမှ ပေကြိုးပီတာ (ခေါ်) အိုင်ပီပီတာသည် မစ္စတာစတီဗင်၏ ခြံထဲမှာ လူအထင်ကြီးစေရန် ခြံကို တစ်ပတ်၊ နှစ်ပတ်မျှ ပတ်၍ ကြည့်ရှုပြီးနောက် ကျွန်ုပ်တို့အနီး ပြန်လည်ရောက်ရှိ၍

"အိုင်ဆေး . . ဦးထွန်းအောင် ရာဇျူက ကျွန်တော်ပြောသလို လူသတ်တရားခံ ဖြစ်နိုင်တယ်မဟုတ်လား"

ကိုပီတာသည် သူ့စကားကို သူပြန်ဖြေသည့်ပုံစံဖြင့်

"ကျွန်တော်ကတော့ ရာဇျူကို မသင်္ကာဘူး၊ အမှုကျူးလွန်တာသူပဲဖြစ်မှာ။ သူ့ကို ကျွန်တော် ဖမ်းရမယ်"

ကိုပီတာ စကားအဆုံး၌ ကိုမင်းနောင်က



"ကိုပီတာ မစ္စတာစတီဗင်ကို သတ်တဲ့ လူသတ်တရားခံက ရာဇျူ မဟုတ်ဘူး၊ ခင်ဗျား အမှုလမ်းကြောင်း ပြောင်းမှာစိုးလို့ ကျွန်တော် သတိပေးတာပါ"

ကိုပီတာသည် ကိုမင်းနောင် စကားကြောင့် ရှုံ့ရှုံ့ရှားရှား ဖြစ်၍

"အမှုကို စုံစမ်းစစ်ဆေးတဲ့ အရာမှာ ကိုယ့်နည်းနဲ့ကိုယ်သာကောင်းပါတယ်။ တွေးတောယူဆချက် တစ်ယောက်နဲ့တစ်ယောက် တူမှာမှမဟုတ်တာ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ရာဇျူကို ဖမ်းပြီး စစ်ရမှာပဲ"

ကိုပီတာသည် သူ့စကားဆုံးသည်နှင့် ကျွန်ုပ်တို့အနီးမှ ထွက်သွားလေသည်။ ကျွန်ုပ်တို့လည်း လိုအပ်သည့် ရှာဖွေစာရင်းများကို ရေးမှတ်ပြီးနောက် သယ်န်းကျွန်းဂဝ်ပိုင် ရာဇဝတ်အုပ် ဦးသန်းအောင်အား နှုတ်ဆက်၍ အခင်းဖြစ်ရာနေရာမှ စီအိုင်ဒီရုံးသို့ ပြန်ခဲ့လေသည်။

ရုံးသို့ရောက်သောအခါ ကျွန်ုပ်တို့သည် စုံထောက်မင်းကြီးကို ဝင်တွေ့၍ အမှုနှင့်ပတ်သက်ပြီး အစီရင်ခံရလေသည်။ စုံထောက်မင်းကြီး မစ္စတာနောရစ်သည် သူတို့လူမျိုး ဗြိတိသျှတစ်ဦး အသတ်ခံရသည်ကြောင့်လား မသိ မျက်နှာမကောင်းစွာနှင့်

"လူကလေးတို့ အမှုနဲ့ပတ်သက်တဲ့ တရားခံကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးပါ။ အသတ်ခံရတဲ့သူဟာ ကျွန်ုပ်တို့ဘုရင်မကြီးရဲ့ ရိက္ခာတော်စား (အငြိမ်းစား) တစ်ဦးဖြစ်ပြီး ဗြိတိသျှလူမျိုးတစ်ဦးဖြစ်တဲ့ အတွက် ဒီအမှုနဲ့

ပတ်သက်ပြီး ဟုမ်းစက္ကရိတေရီ (ပြည်ထဲရေး) အတွင်းဝန်ရုံးက တရားခံ အမြန်ဖမ်းဆီးပေးဖို့ အတွက် ကျွန်ုပ်ကို လှမ်းအကြောင်းကြားတယ်။ လူကလေးတို့ တရားခံဖမ်းမိရေးအတွက် အမြန်ကြိုးစားပေးပါ။ စုံထောက် မင်းကြီး စကားအဆုံး၌ ကိုမင်းနောင်သည် စုံထောက်မင်းကြီးအား

"ဒီမယ် (ဒီအိုင်ဂျီ) အမှုနဲ့ပတ်သက်ပြီး တရားခံအမြန်ဖမ်းမိရေး ဆိုတာ အမှုသွားအမှုလာပေါ် မူတည်တယ်။ အခုဖြစ်တဲ့အမှုက ခပ်လွယ်လွယ် ဓားပြတိုက်ပြီး လူသတ်သွားတာမျိုး မဟုတ်ဘူး။ လူသတ်မှု ကျူးလွန်သွား တဲ့သူဟာ လောကီပညာရပ်ဘက်မှာ တစ်ဖက်ကမ်းခတ်ပြီး တိုက်ခိုက်မှုဘက် မှာလည်း အင်မတန်အစွမ်းထက်သလောက် တော်တော်ကို သတိ၊ ဝီရိယ ထားရမယ့် တရားခံတစ်ဦးပဲ။ အင်္ဂလိပ်ဗြိတိသျှတွေအနေနဲ့ ကိုယ့်လူမျိုး တစ်ဦး အသတ်ခံရတဲ့အတွက် လူသတ်မှုကျူးလွန်သူကို အမြန်ဖမ်းဆီး ခိုင်းတဲ့ အဖြစ်ဟာ အင်မတန် ကျဉ်းမြောင်းတဲ့လူမျိုးရေးဝါဒ နိုင်ငံရေးအမြင်ပါ။ လူသတ်မှု ကျူးလွန်တဲ့ တရားခံတစ်ယောက်အနေနဲ့ မြေလျှိုးမိုးပျံပါစေ၊ အချိန်တန်ရင် ဆားပုလင်းမင်းနောင်လိုက်တဲ့ အမှုက တရားခံမမိဘဲ အမှု ပိတ်လိုက်တာ မရှိပါဘူး (ဒီအိုင်ဂျီ)"

"ရက်စ်. . ရက်စ်. . ကျွန်တော် ဆားပုလင်းမင်းနောင်ကို ယုံကြည် ပါတယ်။ သင့်အရည်အချင်းကြောင့်လည်း အမှုမှန်တွေ ပေါ်ခဲ့ပါတယ်။ အခု အမှုအတွက်လည်း ကြိုးစားပေးပါဦးလို့ ကျွန်ုပ်ပြောချင်ပါတယ်"





စုံထောက်မင်းကြီးသည် ကိုမင်းနောင်၏ အရည်အချင်းကို အသိအမှတ်ပြု၍ ကျွန်ုပ်တို့အားလည်း ကိုမင်းနောင်ကဲ့သို့ ကြိုးစား၍ အမှုမှန်ပေါ်အောင် ပြုလုပ်ရန် ပြောကြားလေသည်။ ထို့နောက် ကျွန်ုပ် တို့လည်း စုံထောက်မင်းကြီး ရုံးခန်းထဲမှ ထွက်ခဲ့လေသည်။ ကျွန်ုပ်တို့ အခန်းထဲ ပြန်ရောက်သောအခါ ကိုမျိုးအောင်က

"အိုင်ပီနဲ့ကိုမင်းနောင်ရေ. . . ပြေးရလွှားရနဲ့ ဗိုက်ထဲမှာလည်း အစာအိမ်က ဆန္ဒပြလာပြီ၊ ကျွန်တော်တို့ တစ်ခုခု သွားစားရအောင်ဗျာ"

ကိုမျိုးအောင်၏ စကားအဆုံး၌ ကျွန်ုပ်နှင့်ကိုမင်းနောင်လည်း ကိုမျိုးအောင်နှင့်အတူ ကျွန်ုပ်တို့စီအိုင်ဒီရုံးရှေ့မှ မြင်းလှည်းတစ်စီးကို ငှားကာ စီအိုင်ဒီရုံးနှင့် မနီးမဝေး အင်းစိန်ပေါက်တောကုန်းအနီး၌ ဖွင့်ထားသော အရိုးမြထမင်းဆိုင်သို့ ထွက်ခဲ့လေသည်။

အရိုးမြထမင်းဆိုင်သို့ ရောက်သောအခါ အရိုးမြ၏နာမည်ကြီး လှသော ဝက်သားနီချက်နှင့် စုံလင်လှသော အတို့အမြှုပ်နှင့်ထိုနေ့နံနက် စာကို စားကြလေသည်။ ထမင်းစားသောက်ပြီးသောအခါ ကျသင့်ငွေကို ရှင်း၍ အလာတုန်းကလိုပင် မြင်းလှည်းကိုငှားကာ ရုံးသို့ပြန်ခဲ့လေသည်။

ရုံးသို့ရောက်သောအခါ ရုံးထဲတွင် ဖွင့်ထားသော ကာကာ လက်ဖက်ရည်ဆိုင်သို့ ဝင်၍ လက်ဖက်ရည်သောက်ရင်း မစ္စတာစတီဗင် အသတ်ခံရမှုနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့မရှင်းလင်းသည့် ကိစ္စကို ကိုမင်းနောင်အား မေးမည်ဟု ကြံရွယ်လိုက်သည်နှင့် ကိုမင်းနောင်က

"အိုင်ပီနဲ့ကိုမျိုးအောင် မစ္စတာစတီဗင် အသတ်ခံရတာနဲ့ ပတ်သက်ပြီး မရှင်းလင်းသေးတဲ့ ကိစ္စကို ကျွန်တော့်ကို မေးမလို့မဟုတ်လား"

ကိုမင်းနောင် စကားကြောင့် ကျွန်ုပ်နှင့်ကိုမျိုးအောင်လည်း အံ့သြမိလေသည်။ ကျွန်ုပ်တို့က အမှုနှင့်ပတ်သက်ပြီး မရှင်းလင်းသည့် ကိစ္စကို မေးမည်ဟု ကြံစည်စိတ်ကူးမိရုံ ရှိသေးသည်။ ကိုမင်းနောင်က ကျွန်ုပ်တို့ စိတ်ကူးယဲ ဘယ်အကြောင်းရှိနေသည်ကို ကြိုတင် သိနေမှုကို အံ့သြမိလေသည်။

"အိုင်ဆေး . . ကိုမင်းနောင် ကျွန်ုပ်တို့စိတ်ထဲက သိချင်နေတဲ့ အကြောင်းကို ကျွန်တော်တို့နှုတ်က ဖွင့်မဟခင် ခင်ဗျားရဲ့ ကြိုတင်သိမြင်မှုကို လေးစားတယ်ဗျာ"

"အိုင်ပီရယ် ဒါက ကာလံဒေသံ လို့ခေါ်တဲ့ အထိုက်အလျောက် ဆက်စပ်တွေးတောမှုပါ။ မစ္စတာစတီဗင်ရဲ့ အိမ်ကနေ ရုံးကို ရောက်တဲ့ အထိ ကျွန်တော်လည်း အမှုနဲ့ပတ်သက်ပြီး မိမိတစ်ကိုယ်တည်း တွေးတောနေမိတယ်။ ကျွန်တော့်ရဲ့တွေးတောမှုအာရုံ ပျက်မှာစိုးတဲ့အတွက် အိုင်ပီနဲ့ ကိုမျိုးအောင်လည်း သိချင်စိတ်ကို မျိုသိပ်ပြီးနေခဲ့တယ်။ ရုံးရောက်တော့လည်း မင်းကြီးကို အစီရင်ခံစာတင်ရ (F.I.R) လို့ခေါ်တဲ့ ပထမ သတင်းပေးတိုင်ချက်စာအုပ်မှာလည်း အမှုနဲ့ပတ်သက်ပြီး လိုအပ်ချက် ရေးမှတ်ရနဲ့ ကျွန်တော်နဲ့အိုင်ပီတို့ စကားပြောချိန်မရခဲ့ဘူး။ အဲဒါ ပြီး တော့လည်း ထမင်းစားချိန်ကျော်လာတာနဲ့ ထမင်းဆိုင်ကိုသွားပြီး ဆာနေတဲ့





ဗိုက်ကို ဖြည့်တင်းရသေးတယ်။ ထမင်းစားလို့ပြီးမှ အမှုနဲ့ ပတ်သက်ပြီး မရှင်းလင်းတဲ့အကြောင်းကို မေးမယ်လို့ အိုင်ပီတို့တွေးထားတာ မြင်းလှည်းနဲ့ ပြန်တော့လည်း မြင်းလှည်းမောင်းတဲ့သူစိမ်း သိမှာစိုးလို့ မမေးခဲ့ဘူး။ အခု လက်ဖက်ရည်ဆိုင်ထိုင်မှ ဗိုက်လဲပြည့်ပြီ အချိန်လည်း ရတဲ့အတွက် အမှုနဲ့ပတ်သက်ပြီး အိုင်ပီနဲ့ကိုမျိုးအောင် မေးမယ်ဆိုတာကို ကျွန်တော်ကြိုပြီး တွေးတောဆက်စပ်ကြည့်တာ အိုင်ပီ"

ဟု ရှင်းပြလေသည်။ ကိုမင်းနောင် စကားကြောင့် ကိုမျိုးအောင်က

"အိုင်ပီရေ ကိုမင်းနောင် ရှင်းပြတော့လည်း ဟုတ်နေတာပဲ၊ ကျွန်တော့်အနေနဲ့ တစ်ခါတလေ ကိုမင်းနောင် ပြောသလို အကြောင်းအရာ တစ်ခုဖြစ်လာရင် ဖြစ်လာတဲ့ အကြောင်းအရာရဲ့ မူလဘူတကစပြီး တဖြည်းဖြည်းချင်း တွေးတောဆက်စပ်ကြည့်ရမယ် ဆိုတဲ့အတိုင်း တစ်ခါ တစ်ရံမှာ တွေးတော ဆက်စပ်ကြည့်တယ်။ စဉ်းစားတွေးတောရင်း ဗိုက်ဆာလာတာနဲ့ အိပ်ချင်တာပဲ ဖြစ်နေတာနဲ့ တွေးတောမှုကို ရပ်စဲလိုက်တယ်။

ကိုမျိုးအောင်၏စကားကြောင့် ကျွန်ုပ်နှင့်ကိုမင်းနောင်အား ရယ်မောမိလေသည်။

ထို့နောက် ကျွန်ုပ်ကပင် သိချင်သည့်ကိစ္စကို ကိုမင်းနောင်အား မေးမြန်းကြည့်လေသည်။

"အိုင်ဆေး . . ကိုမင်းနောင် မစ္စတာစတီဗင် အသတ်ခံရမှုနဲ့ ပတ်သက်ပြီး ခင်ဗျားရှင်းပြလို့ သိသင့်သလောက် သိပါတယ်။ ဒါပေမယ့်

ကျွန်တော် မရှင်းတာက မစ္စတာစတီဗင်လို ကျန်းမာရေးကောင်းပြီး သန်မာတဲ့သူကို သတ်သွားတဲ့တရားခံက အားနွဲ့တဲ့မိန်းကလေးတစ်ဦး ဖြစ်တယ်ဆိုတာ မယုံကြည်နိုင်လာက်အောင် ဖြစ်နေတယ်။ ကိုမင်းနောင် အနေနဲ့ တရားခံက မိန်းကလေးဆိုတာ ဘယ်လိုဆက်စပ်ကြည့်လဲ ဆိုတာ သိချင်တာ"

ကျွန်ုပ် စကားဆုံးသည့်အခါ ကိုမင်းနောင်သည် သူ့အလွန် နှစ်သက်သော စီးကရက်ဗူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်၍ နှုတ်သမီး တံဆိပ် သစ်သားမီးခြစ်ဖြင့် မီးညှိပြီး ရှိုက်ဖွာလေသည်၊ ထို့နောက်

"အိုင်ပီ . . ဒီမေးခွန်းကို မေးသင့်ပါတယ်။ မစ္စတာစတီဗင် အနေနဲ့ ညဥ့်အချိန်မတော် မိမိအိမ်ကိုလာတဲ့ မိမိနဲ့မသိတဲ့ ယောကျ်ား တစ်ယောက်ဆိုရင် အိမ်ရှေ့ဘာဂျာတံခါးကို မဖွင့်ခင် အကြောင်းကြောင်း ကြောင့် မိမိအနေနဲ့ အန္တရာယ်ကို ကြိုတင်ကာကွယ်တဲ့ အနေနဲ့ မိမိရဲ့ သေနတ်ကို ကျည်ဆံထည့် စစ်ဆေးပြီး ကိုယ်နဲ့မကွာ ဆောင်ထားပြီးမှ တံခါး ဖွင့်ပေးလိမ့်မယ်။ ဒီအပြင် မိမိဆီကို လာတဲ့သူဟာ ကားနဲ့လာပြီး အပြင် ခြံတံခါးကို တပည့်ဖြစ်သူရာဂျူးက စစ်ဆေးပြီး အန္တရာယ် မရှိနိုင်ဘူး ဆုံးဖြတ်ပြီး မစ္စတာစတီဗင်ကို အကြောင်းမကြားဘဲ ခြံတံခါးကို ဖွင့်ပေးလိုက်တယ် ဆိုကတည်းက အန္တရာယ်ပြုနိုင်တဲ့ ယောကျ်ားတစ်ယောက် မဟုတ်ဘူးဆိုတာ မစ္စတာစတီဗင်က တွက်ဆမိပြီး ခပ်ပေါ့ပေါ့ အနေ အထားနဲ့ အလွယ်တကူ အိမ်တံခါးကို ဖွင့်ပေးလိုက်တယ်။ လူသတ်သမား





က မစ္စတာစတီဗင်အနေနဲ့ နဂိုကတည်းက ခပ်ပေါ့ပေါ့ သဘောထားတဲ့ အတိုင်း လူသတ်သမား တရားခံအမျိုးသမီးကို လျှော့တွက်ပြီး သူ့ခွန်အား နဲ့ ဝင်ဖမ်းတယ်။ တရားခံ မိန်းကလေးက မစ္စတာစတီဗင်ရဲ့ အဖမ်းကို ခံပြီး လွတ်ဟာနေတဲ့ နံနှစ်ဖက်ကို လက်ဝါးစောင်းနဲ့ ရိုက်ချလိုက်တယ်။ အနှစ်နှစ်အလလ လေ့ကျင့်ထားတဲ့ တိုက်ခိုက်ရေး ပညာရှင် ဖြစ်တဲ့ အတွက် မစ္စတာစတီဗင်ရဲ့ နံနှစ်ဖက်ကြားမှာ ညိုမဲစွဲနေတာကို အိုင်ပီ နဲ့ ကိုမျိုးအောင် မြင်ပါတယ်"

ဒီနေရာမှာ တစ်ခု သတိထားကြည့်မယ်ဆိုရင် တရားခံဟာ ယောကျ်ား တစ်ယောက်ဆိုရင် မစ္စတာစတီဗင်အနေနဲ့ ခပ်လွယ်လွယ် ဖမ်းချုပ်မှာ မဟုတ်ဘူး။ ထိုးကြိတ်ကန်ကျောက်ရင်း တိုက်ခိုက်လိမ့်မယ်။ မစ္စတာစတီဗင် အနေနဲ့လည်း အင်္ဂလိပ်ဘောက်ဆာကို ကျွမ်းကျွမ်း ကျင်ကျင် တတ်မြောက်ပြီး အငြိမ်းစားမယူမီကအထိ ဟဲဗီးဝိတ်တန်း ချန်ပီယံအဆင့်ထိ ထိုးသတ်နိုင်တယ်။ မစ္စတာစတီဗင်အနေနဲ့ ခပ်လွယ်လွယ် သဘောထားပြီး ဝင်ပြီး ဖမ်းချုပ်တဲ့အတွက် သူ့ရဲ့ ကြီးမားတဲ့ အမှား တစ်ခုပဲ။ အဲဒီအမှားကြောင့်ပဲ ကိုယ့်ကိုယ်ကို ဘယ်လိုမှ ကာကွယ်လို့ မရဘဲ အသက်ပါဆုံးရှုံးခဲ့တယ် အိုင်ပီ"

"ဒါနဲ့ ကိုမင်းနောင် တရားခံက မိန်းကလေးဆိုရင် အမှုဖြစ်ပွားတဲ့ ညက မစ္စတာစတီဗင် ဆီကိုလာတဲ့ မိန်းကလေးက တစ်ညတည်း နှစ်ယောက် ဖြစ်တယ်ဆိုတဲ့ အကြောင်းကို ခြံစောင့်ရာဂျူးကပြောထားတယ်။

အဲဒီအတွက် (၁၁) နာရီလောက်မှာ မြင်းလှည်းနဲ့ပြန်သွားတဲ့ မိန်းကလေးကိုလည်း ထည့်ပြီး စဉ်းစားဖို့လိုမယ်ထင်တယ်"

"အိုင်ပီ . . အမှုတစ်ခုဖြစ်လာရင် ဒီအမှုနဲ့ပတ်သက်ဆက်နွယ်တဲ့ အရာဝတ္ထုအားလုံးကို လွှတ်မထားဘဲ ခြုံငုံသုံးသပ်ကြည့်ရမယ် အိုင်ပီ၊ တစ်ခါတလေ သေးငယ်တယ်ဆိုပြီး ဂရုမပြုမိတဲ့ အစလေး တစ်စဟာ ကြီးမားတဲ့ ပြဿနာတစ်ခုရဲ့ အရေးကြီးဆုံး အချက်တစ်ချက်လဲ ဖြစ်နိုင်တယ် အိုင်ပီ"

"အိုင်ဆေး . . ကိုမင်းနောင် လူသတ်မှုကျူးလွန်တဲ့ တရားခံအမျိုးသမီးက စတူရီဘေကာကားအနက်ကို ကိုယ်တိုင်မောင်းလာတယ်လို့ ခြံစောင့်ရာဂျူးက ဖြောင့်ချက်ပေးထားတယ်။ တရားခံမောင်းလာတဲ့ ကားနံပါတ်ကို ရာဂျူးကသာ မှတ်ထားလိုက်ရင် အခုလောက်ဆို တရားခံကို မိမှာသေချာတယ်"

"မထင်နဲ့ အိုင်ပီ အခုအမှုကိုကျူးလွန်တဲ့ တရားခံဟာ စနစ်တကျနဲ့ အစီအစဉ်ရေးဆွဲပြီးမှ အမှုကို ကျူးလွန်တာ ကားနံပါတ်ကို ရာဂျူးအနေနဲ့ မှတ်မိလည်း အဲဒီကားနံပါတ်က တရားခံဖန်တီးထားတဲ့ ကားနံပါတ်အတုပဲ ဖြစ်လိမ့်မယ် အိုင်ပီ။ ဒါမှမဟုတ်လည်း တစ်နေရာမှာ ရပ်ထားတဲ့ ကားတစ်စီးကို ပိုင်ရှင်မသိခင် ခိုးယူပြီး မောင်းလာတဲ့ အမှုကျူးလွန်သူတရားခံဟာ သေသေချာချာ အကွက်ချပြီးလို့ မစ္စတာစတီဗင် ဆီကို ခိုးကြောင်ခိုးဝှက်မလာဘဲ ထင်ထင်ပေါ်ပေါ် သတ်သွားနိုင်တာပေါ့ အိုင်ပီ"

ကိုမင်းနောင်၏ စကားအဆုံး၌ ကိုမျိုးအောင်က





"အိုင်ဆေး . . ကိုမင်းနောင် ဒီအမှုကလည်း သပွတ်အူလို ရှုတ်ထွေးစတော့ ဖြစ်လာပြီ မလွယ်ဘူးဗျို့"

"ကျွန်တော့်အနေနဲ့တော့ ဒီလိုဉာဏ်ရည်ကောင်းပြီး သတ္တိရှိတဲ့ တရားခံနဲ့ ဉာဏ်ချင်းယှဉ်ပြိုင်ရမှာကို သဘောကျတယ် ကိုမျိုးအောင်"

ကိုမျိုးအောင်ကပင် ဆက်၍

"ဒါနဲ့ ကိုမင်းနောင် ရှာဖွေစာရင်းထဲမှာ ခင်ဗျားထည့်မှတ်လာတဲ့ ပန်းပုယမင်းရုပ်ကလေးက အမှုနဲ့ဘယ်လို ပတ်သက်နိုင်လို့လဲ"

"လောလောဆယ်တော့ ဘယ်လို ပတ်သက် ဆက်နွယ်မှု ရှိနိုင်သလဲ ဆိုတာ မသိနိုင်သေးဘူး ကိုမျိုးအောင်၊ ကျွန်တော့် စိတ်ထဲမှာတော့ ဒီပန်းပုရုပ်ကလေးဟာ လေးနက်တဲ့ အဓိပ္ပာယ်တစ်ခုခုကို ဖော်ညွှန်းနေတယ်လို့ပဲ ထင်တယ်။ ဘာအဓိပ္ပာယ်ကို ဖော်ညွှန်းသလဲ ဆိုတာ တဖြည်းဖြည်းချင်း တွေးတောယူရမယ် ကိုမျိုးအောင်"

ကျွန်ုပ်တို့လည်း လက်ဖက်ရည်ဆိုင်မှာ ထိုင်၍ အမှုအကြောင်း ပြောသည်မှာ အချိန်အနည်းငယ်ကြာပြီ ဖြစ်၍ လက်ဖက်ရည်ဖိုး ကျသင့်ငွေကို ရှင်းကာ ရုံးထဲသို့ ပြန်ဝင်၍ ပြုလုပ်စရာကျန်ရှိသေးသည့် ကိစ္စရပ်များ ပြုလုပ်၍ ရုံးဆင်းချိန်ကျရောက်ရန် အချိန်ကို စောင့်မျှော်နေမိလေသည်။ စောင့်မျှော်နေရင်း မကြာခင်မှာ ရုံးဆင်းချိန်ကျရောက်လာသဖြင့် ကျွန်ုပ်တို့ လူစုခွဲကာ ရုံးမှအိမ်သို့ ပြန်ခဲ့လေတော့သည်။

# အခန်း (၃)

ရုံးမှ အိမ်သို့ပြန်ရောက်သောအခါ ရေမိုးချိုး၍ ကျွန်ုပ်၏ဇနီး -ခင်ခင်ကြီး၏လက်ရာဖြစ်သော ငါးခူဆီပြန် ပဲဟင်းချိုနှင့်မန်ကျည်းရွက်နုနုကို ဆီချက်၊ ပုစွန်ခြောက်နိုင်းချင်းနဲ့ သုတ်၍ ညစာအဖြစ် စီမံထားသည်မှာ မြိန်ယှက်ဖွယ်ဖြစ်သော်လည်း တစ်နေ့တာအတွက် အမှုနှင့်ပတ်သက်ပြီး သွားရလာရ အမှုနှင့်ပတ်သက်သော ကွင်းဆက်များကို ဦးခေါင်းအတွင်းသို့ စဉ်ဆက်မပြတ် ရိုက်သွင်း၍ စဉ်းစားရသည်ဖြစ်၍ စိတ်ပင်ပန်း၊ လူပင်ပန်းသဘောမျိုးဖြစ်ကာ ထမင်းစားချင်စိတ် ကုန်ခန်း၍ ညစာကို ထမင်းအနည်းငယ်သာ စား၍ အဆုံးသတ်လိုက်လေသည်။ ကျွန်ုပ်နှင့် အတူ ညစာထမင်းစားနေသော ကျွန်ုပ်၏ဇနီးမှာ ကျွန်ုပ်အား-

"အစ်ကို ထမင်းစားနည်းလှချည်လား၊ ခင် ချက်ထားတဲ့လက်ရာ မကောင်းလို့လား"





"မဟုတ်ပါဘူး ခင်ရယ်၊ ခင့်ရဲ့လက်ရာ ကောင်းပါတယ်၊ အစ်ကို ဒီနေ့ညနေ ရင်ပြည့်သလို ဖြစ်နေလို့ပါ"

"အစ်ကို နေရောကောင်းရဲ့လား"

ကျွန်ုပ်၏ဇနီးသည် ကျွန်ုပ်အား စိုးရိမ်မှုရှိစွာနှင့် ညစာစားခြင်းကို ရပ်စဲ၍ ကပျာကသီ သိမ်းဆည်းကာ ဦးချစ်မောင် အစာကြေဆေးဗူးကို ဖွင့်၍ ကျွန်ုပ်အားပေးပြီး သူ၏လက်ဖဝါးကလေးဖြင့် ကျွန်ုပ်၏နဖူးအားစမ်းကာ ကိုယ်ပူခြင်းရှိ/မရှိ စမ်းသပ်ကြည့်လေသည်။

ကျွန်ုပ်လည်း ကျွန်ုပ်၏ဇနီး ပြာလောင်ခတ်နေမှုကို ကြည့်၍ ရယ်မောကာ

"ကိုယ်ဘာမှ မဖြစ်ပါဘူး ခင်ရယ်၊ ကလေးမှမဟုတ်တာ ဒီလောက်လည်း စိုးရိမ်မနေပါနဲ့"

"စိုးရိမ်ရတယ် ကိုရေ၊ အခု ရာသီဥတုက မိုးစပ်စပ် လေစပ်စပ် ရာသီအကူးအပြောင်းမို့ ဖျားမှာနာမှာ စိုးရိမ်ရတယ်။ ကလေးဆိုရင် အပြင်ကို မထွက်ခိုင်းဘဲ ဆေးတိုက်ပြီး မျက်စိရှေ့မှာကြည့်ထားလို့ရတယ်။ လူကြီးဖြစ်တဲ့အတွက် ကိုယ့်ကွယ်ရာမှာ မတည့်တာစားလည်း ကိုယ်မြင်တာမဟုတ်ဘူး။ အစ်ကိုတို့ယောကျ်ားတွေက ပြီးစလွယ်ပြုလုပ်တတ်တဲ့အတွက်ကြောင့် မနာမဖျားခင် ကြိုတင်ကာကွယ်တာပဲ ကောင်းတယ်"

ကျွန်ုပ် ဇနီးသည်၏စကားကြောင့် ကျွန်ုပ်လည်း မိန်းမဂရုစိုက်ခြင်း အပေါ် ကြည်နူးမိသော ယောကျ်ားအများစုထဲမှ တစ်ယောက်ဖြစ်ပေရာ

မိန်းမရ အလွန်ကံကောင်းသော ငါပါလားဟု စိတ်မှာဖြစ်ပွားလျက် ကျွန်ုပ်၏ ဇနီး အလိုက်သိစွာဖြင့် ပြုစုပေးမှုအပေါ်တွင် များစွာကျေနပ်မှု ဖြစ်နေမိပေသည်။ ကျွန်ုပ်လည်း ဇနီးဖြစ်သူ ခင်ခင်ကြီးအား ဒီမနက် ဘောက်ထော်တက်မှာ လူသတ်မှုတစ်မှု ဖြစ်၍ သွားစုံစမ်း စစ်ဆေးရကြောင်း၊ ဖြစ်ပွားသော လူသတ်မှုမှာ ရှုတ်ထွေး၍ ၎င်းအမှု ကျူးလွန်သူတရားခံကို အမြန်ဖမ်းမိနိုင်ရန် (ဒီအိုင်ဂျီ) စုံထောက်မင်းကြီး က စေခိုင်းထားသည့်အတွက် အမှုနှင့် ပတ်သက်၍ လိုအပ်သော ကွင်းဆက်များကို တွေးတောနေရမှုကြောင့်တစ်ကြောင်း ယနေ့အဖို့ သွားရလာရမှုကြောင့်တစ်ကြောင်း ထိုအကြောင်းအမျိုးမျိုးကြောင့် စိတ်ပင်ပန်းမှုဖြစ်ကာ စားသောက်ချင်စိတ် နည်း၍ မစားနိုင်ခြင်း ဖြစ်သည့်အကြောင်းကို ကျွန်ုပ်၏ဇနီးအား သေချာစွာ ရှင်းပြ၍ အခြားအကြောင်းအရာ မိသားစု ကိစ္စများကို အနည်းငယ် ပြောဆိုပြီး ညဦးနက်လာပြီဖြစ်သဖြင့် အိပ်ချင်စိတ် ဖြစ်ပေါ်ကာ ကျွန်ုပ်၏ ဇနီး ပုခုံးကလေးကို ယုယစွာဖြင့် တွဲဖက်၍ အိပ်ခန်းတွင်းသို့ ဝင်ခဲ့လေတော့သည်။ အိပ်ခန်းအတွင်းသို့ ရောက်သောအခါ ကျွန်ုပ်မှာ ခေါင်းနှင့် ခေါင်းအုံး ထိတွေ့သည်နှင့် မကြာခင်မှာပင် ပင်ပန်းနွမ်းနယ်မှုကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်ခြင်းသို့ ရောက်လေသည်။ နှစ်ခြိုက်စွာ အိပ်ပျော်၍ ညဉ့်လယ်လောက် ရောက်သောအခါ ကျွန်ုပ်တို့ အိမ်ခေါင်မိုး ပေါ်တွင် ကြောင်များမှာ တစ်ကောင်နှင့်တစ်ကောင် ကိုက်ခဲမာန်ဖီ၍ တစ်ဝုန်းဝုန်း တစ်ဒိုင်းဒိုင်းဖြင့် ဆူညံစွာဖြင့် သောင်းကျန်းနေသည့်အတွက် အိပ်ပျော်





နေရာမှ လန့်၍နိုးကာ အိမ်ခေါင်မိုးပေါ်သို့ ရေဖြင့်ပက်၍ ခြောက်လှန့်ရလေသည်။ ကျွန်ုပ်၏ ခြောက်လှန့်မောင်းထုတ်မှုကြောင့် ကြောင်များမှာ ခြေဦးတည့်ရာ အသီးသီး ပြေးထွက်သွားကြလေသည်။

အိမ်ခေါင်မိုးပေါ်တွင် ကြောင်များ တစ်ဝုန်းဝုန်း တစ်ဒိုင်းဒိုင်းဖြင့် ဆူညံမှု ကင်းသွားသော်လည်း ကျွန်ုပ်မှာ မျက်စိကျယ်၍ ပြန်လည်အိပ်၍ မရသည် ဖြစ်၍ ဆေးတံထဲသို့ ဆေးတံသောက်ဆေးတစ်ဆုံ ထည့်ကာ မီးညှိ၍ ရှိုက်ဖွာရင်း စိတ်ကူးတည့်ရာ အတွေးနယ်ချဲ့မိပေသည်။ ထိုသို့ အတွေးများရင်း ဆေးတံသောက်ရာ ဆေးတစ်ဆုံ ကုန်ခါနီးမှ ကျွန်ုပ်၏ဇနီးမှာ အိပ်ရာမှထ၍ ကျွန်ုပ်အနီးသို့ လာကာ မနက်လင်းဖို့အတွက် စောသေး၍ ရသည့်အချိန်မှာ အားရှိအောင် တစ်ရေးလောက် ပြန်အိပ်သင့်ကြောင်း အိပ်ရေးမဝပါက ရုံးသို့ရောက်သောအခါ မကြည်မလင်ဖြစ်၍ စိတ်ညစ်ညူးမှု ဖြစ်နိုင်ကြောင်း ပြော၍ ပြန်လည်အိပ်ရန် ပြောလေသည်။ ကျွန်ုပ်လည်း ဇနီးသည်အား ဘာတစ်ခွန်းမျှ စောဒကမတက်ဘဲ အိပ်ခန်းအတွင်းသို့ ပြန်ဝင်ကာ အိပ်ပျော်နိုင်ရန် ကြိုးစားလေသည်။ မျက်စိကြောင်နေသည့်အတွက် ပြန်လည်အိပ်ပျော်ရန် ကြိုးစားသော်လည်း အချိန်အနည်းငယ်ကြာမှ အိပ်ပျော်ခြင်းသို့ ရောက်လေသည်။

နောက်တစ်နေ့ နံနက် ရောက်သောအခါ ယမန်နေ့ညက အကြောင်းအမျိုးမျိုးကြောင့် အိပ်ရေးမဝသည့်အတွက် နေမြင့်မှ အိပ်ယာမှ ကျွန်ုပ်မှာ နိုးလေသည်။ ထို့အတွက် ရုံးသို့သွားရန် အချိန်နီးကပ်နေပြီ ဖြစ်သဖြင့်

ကျွန်ုပ်၏ဇနီး ခင်ခင်ကြီး ဖျော်ပေးသော လက်ဖက်ရည်ကို ဂေါ်ရင်ဂျီ သောက်ဖြင့် တစ်ကျိုက်တည်း ကုန်အောင်သောက်၍ အဝတ်အစား ယူနီဖောင်းလဲကာ ရုံးသို့ ထွက်ခဲ့လေသည်။

ရုံးသို့ ရောက်သောအခါ ရုံးအတွင်းရှိ လက်ဖက်ရည်ဆိုင်တွင် ကိုမင်းနောင်နှင့်အတူ ရုံးတက်အမြဲနောက်ကျတတ်သော အိုင်ပီမျိုးအောင် ဝင် ကျွန်ုပ်ထက်အရင် ရောက်ရှိနေလေသည်။ ကျွန်ုပ်လည်း မိတ်ဆွေများ ဖြစ်သော ဆားပုလင်းမင်းနောင်နှင့် အိုင်ပီမျိုးအောင်တို့အား ခဏဟူသည့် သဘောဖြင့် လက်ဝါးကို ထောင်ပြ၍ ရုံးထဲသို့ အရင်ဝင်ကာ ရုံးတက်လက်မှတ် ရေးထိုးလေသည်။ ထို့နောက် စားပွဲပေါ်သို့ စာရွက်စာတန်း လိုအပ်ချက် များကို အစီအရီ ခင်းကျင်းပြီးမှ ကိုမင်းနောင်တို့ ရှိရာ ရုံးဝင်းအတွင်းထဲရှိ လက်ဖက်ရည်ဆိုင်ကထဲသို့ ထွက်ခဲ့လေသည်။ လက်ဖက်ရည်ဆိုင်သို့ ရောက် သောအခါ ကျွန်ုပ်မှာ ယမန်နေ့ညက ထမင်းစားနည်းခြင်း၊ မနက်ပိုင်း ရောက်တော့လည်း ရုံးတက်မမှီမှာစိုး၍ ဗိုက်ထဲသို့ အစာခံ မစားခဲ့သည့် အတွက်ကြောင့် ကျွန်ုပ်မှာ လွန်စွာမှ ဗိုက်ဆာနေသည်ဖြစ်၍ ကိုမင်းနောင် နှင့် ကိုမျိုးအောင်အား ဘာတစ်ခုမှ မပြောကြားနိုင်ဘဲ လက်ဖက်ရည် ဆိုင်မှ စားပွဲထိုးကုလားလေးကို ခေါ်၍ နံပြားနှင့်ဆိတ်စွပ် တစ်ပွဲကို မှာ၍စားပြီး ဗိုက်ဆာမှု အတန်ငယ်ပြေပျောက်သွားမှ လာချပေးသော လက်ဖက်ရည် ခပ်ကျဲကျဲကို တစ်ကျိုက်မျှသောက်ပြီး ကျွန်ုပ်၏လက်စွဲတော် ဒန်းဟီးလ်ဆေးတံထဲသို့ ဆေးတံသောက်ဆေးကို ဖြည့်၍ သောက်လေသည်။ ယနေ့အဖို့ ကျွန်ုပ်၏ထူးခြားမှုတို့ကို ကိုမျိုးအောင်က ကြည့်၍-





"အိုင်ဆေး . . ဦးထွန်းအောင်၊ ဒီနေ့အဖို့ ခင်ဗျားကိုကြည့်ရတာ တစ်မျိုးပဲ၊ ဘာလဲ အိမ်ကမိန်းမနဲ့ အဆင်မပြေလာလို့လား"

"မဟုတ်ပါဘူး ကိုမျိုးအောင်ရယ်၊ မနေ့ညက အိပ်ပျော်နေတုန်း ကျွန်တော့် အိမ်ခေါင်မိုးပေါ်မှာ ကြောင်တွေ လေးငါးကောင်, မက လာပြီး သောင်းကျန်းတဲ့အတွက် ညက အိပ်ရေးပျက်ပြီး ဒီမနက်အိပ်ရာထ နောက်ကျတဲ့အတွက် အိမ်ကနေ ဘာမှမစားဘဲ ကတိုက်ကရိုက် ထွက်လာတဲ့ အတွက် ဗိုက်ထဲကပိုးတွေက ဆန္ဒပြနေတာနဲ့ ခင်ဗျားတို့နဲ့ စကားမပြောနိုင်ဘဲ ဗိုက်ပြည့်အောင် တစ်ခုခုစားတာဗျို့"

ကျွန်ုပ်၏စကားကြောင့် ကိုမျိုးအောင်မှာ ရယ်မောရ၍

"ဒီတစ်ခါတော့ ဦးထွန်းအောင်က ရုံးတက်နောက်ကျတဲ့ ကျွန်တော့်ရဲ့ မှုပိုင်ရာထူးကို ခင်ဗျားက လုယူလိုက်တာပဲ"

ကိုမျိုးအောင်၏ စကားကြောင့် ကျွန်ုပ်နှင့်အတူ ယနေ့ထုတ် သူရိယသတင်းစာကို ဖတ်နေသော ကိုမင်းနောင်ပါ သူရိယသတင်းစာ ကို လက်ဖက်ရည်စားပွဲပေါ်သို့ တင်ကာ ရယ်မောလေသည်။

ထို့နောက် ကိုမျိုးအောင်ကပင်

"အိုင်ဆေး . . ကိုမင်းနောင်၊ ဦးထွန်းအောင် ညက ကြောင်တွေ နှောင့်ယှက်လို့ အိပ်ရေးပျက်တယ်ပြောမှ မနေ့က ကျွန်တော်တို့ ရှာဖွေ စာရင်းထဲမှာပါတဲ့ ယမင်းရုပ်ကလေးက ထူးထူးခြားခြား အနက်ရောင် ကြောင်ကလေးတစ်ကောင်ကို ပွေ့ပိုက်ထားတာ အတော်ထူးခြားတယ်။

အဲဒီ ယမင်းရုပ်နဲ့ပတ်သက်ပြီး ခင်ဗျား စဉ်းစားလို့ဘယ်လိုအဖြေမျိုး ရတယ်ဆိုတာ ကျွန်တော်တို့ကို နည်းနည်းပါးပါး ရှင်းပြပါအုံး"

ကိုမျိုးအောင် စကားအဆုံး၌ ကိုမင်းနောင်သည် စီးကရက်တစ်လိပ်ကိုထုတ်၍ နတ်သမီးတံဆိပ် သစ်သားမီးခြစ်ဖြင့် မီးညှိ၍ ရှိုက်ဖွာပြီးနောက် လေးနက်သောအတွေးအာရုံဖြင့်

"ယမင်းရုပ်နဲ့ ပတ်သက်ပြီး ကျွန်တော် စဉ်းစားတာ လိုအပ်တဲ့အဖြေတော့ မရသေးဘူး ကိုမျိုးအောင်၊ ယမင်းရုပ်ကလေး ပိုက်ထားတဲ့ကြောင်အနက်ကလေးက သတ္တဝါကာဂုကသိဟကျမ်းမှာ ဖော်ပြထားတဲ့ ကြောင်မျိုးဆယ့်တစ်ပါးမှာ ပါဝင်တဲ့ မဟာရာကီသနလို့ ခေါ်တဲ့ ကြောင်နက်ရှင်အရုပ်လေးပဲ ဖြစ်တယ် ကိုမျိုးအောင်"

ကိုမင်းနောင် စကားရပ်သွားသောအခါ ကျွန်ုပ်မှာ ကိုမင်းနောင်ပြောလိုက်သော ကြောင်မျိုးဆယ့်တစ်ပါးကို စိတ်ဝင်စားမှုဖြစ်ကာ ကိုမျိုးအောင်၏အမေးကို မစောင့်ဘဲ ကိုမင်းနောင်အား ကြောင်မျိုးဆယ့်တစ်ပါးအကြောင်းတို့ ဆက်၍ မေးမြန်းလေသည်။

"အိုင်ဆေး . . ကိုမင်းနောင်၊ ခင်ဗျား အခုန ပြောလိုက်တဲ့ မဟာရာကီသန လို့ခေါ်တဲ့ ကြောင်နက်ရှင်က ဘယ်လို အစွမ်းသတ္တိရှိတယ်ဆိုတာနဲ့ နောက်ပြီး ခင်ဗျားပြောတဲ့ ကြောင်မျိုးဆယ့်တစ်ပါးက ဘယ်လိုအမျိုးအစားတွေ ဖြစ်လဲဆိုတာပါ ဆက်ပြီး ရှင်းပြပေးပါ"





ဟု ကိုမင်းနောင်ကို ကျွန်ုပ် တောင်းဆိုမိလေသည်။ ကျွန်ုပ်၏ တောင်းဆိုမှုကြောင့် ကိုမင်းနောင်သည် သူ လေ့လာဖတ်ရှုထားသော နိရောသဇကျမ်းမှ ကြောင်မျိုးဆယ့်တစ်ပါး အကြောင်းကို ကျွန်ုပ်နှင့် ကိုမျိုးအောင်အား ရှင်းပြလေသည်။

"အိုင်ပီ ကျွန်ုပ် လေ့လာမှတ်သားဖူးတဲ့ သတ္တဝါကာဂုကသိဟကျမ်းလာ ကြောင်မျိုးဆယ့်တစ်ပါးက

၁။ မဟူရာကီသန ကြောင်မျိုး
၂။ နေသူရိန် ကြောင်မျိုး
၃။ သဏ္ဍရသီလာ ကြောင်မျိုး
၄။ မိုလ်ပြင်းမ ကြောင်မျိုး
၅။ လိပ်ခုံးမ ကြောင်မျိုး
၆။ ကြောင်ကတုံးမျိုး
၇။ လမ်းတစ်ရာ ကြောင်မျိုး
၈။ သီလဝင့ ကြောင်မင်းမျိုး
၉။ ဒိဏ္ဍရ ကြောင်မြီးတိုမျိုး
၁၀။ ပဋိရက္ခ ကြောင်မျိုး
၁၁။ ကတိုးနက် ကြောင်မျိုး

ဆိုပြီး ဖော်ပြထားတယ် အိုင်ပီ၊ ဒီကြောင်မျိုး ဆယ့်တစ်ပါးရဲ့ အသွင်အပြင်၊ အသွားအလာ၊ စရိုက်လက္ခဏာက

**၁။ မဟာရာကီသနကြောင်** — ကြောင်နက်ရှင်လို့ ခေါ်တယ်။ နေ့ဘက်အခါ သစ်ပင် အုပ်အုပ်ဆိုင်းဆိုင်း၊ ကြီးကြီးမားမား အပေါ်မှာတက်ပြီး အိပ်စက်နေတတ်တယ်။ ညဘက်ရောက်တဲ့ အခါကျမှ ထွက်တတ်တယ်။ တစ်ကိုယ်လုံး ပိန်းပိတ်အောင် နက်မှောင်နေတယ်။ ခြေသည်းလက်သည်းက အစ နက်မှောင်တယ်။ မျက်လုံးက အဝါနုရောင်နဲ့အဖြူဆွတ်ရောင် ရှိပြီး သူငယ်အိမ်က ကြစုသီးပုံသဏ္ဍာန် ရှိတယ်။ ဒီမဟာရာကီသန ကြောင်က သုံးတတ်တဲ့ ပညာရှင်ပေါ် မူတည်ပြီး အစွမ်းထက်မြက်တဲ့ အစွမ်းရှိတယ်။ ကေလာသ တောင်တန်း တစ်လျှောက်နဲ့ ပေါင်းလောင်းတောင်တန်းလို့ ခေါ်တဲ့ ကျိုက်ထီးရိုးတောင်တန်း တစ်ဝိုက်မှာ ရှိတတ်တယ်။ လောကီပညာရပ်တွေကို လိုက်စားတဲ့ ပညာရှင်တွေနဲ့ အထူးသဖြင့် ကာယသိဒ္ဓိစီရင်မှုကို အလိုရှိတဲ့ သူတွေက ဒီကြောင်နက်ရှင်မျိုးကို ရှာဖွေပြီး အသုံးပြုတတ်တယ် အိုင်ပီ။

**၂။ နေသူရိန်ကြောင်မျိုး** — ဒီကြောင်က တခြားကြောင်တွေနဲ့မတူတဲ့ အကျင့်ရှိတယ်။ နံနက်တိုင်း အမြင့်ကိုတက်ပြီး နေကို မော့ကြည့်ပြီး နေကသိုဏ်း ရှုလေ့ရှိတယ်။ နေသူရိန်ကြောင်ရဲ့ အစွမ်းသတ္တိက အမြင့်မှာ





ပျံနေတဲ့ငှက် စတဲ့ သတ္တဝါလေးတွေရဲ့ အရိပ်ကို ခုတ်တာနဲ့ ကောင်းကင်မှာ ပျံနေတဲ့ငှက်ကလေးဟာ ဒီကြောင်ရဲ့ရှေ့ကို ပြုတ်ကျလာရတယ်။ သူ့ရှေ့ကို ပြုတ်ကျလာတဲ့ သတ္တဝါကိုမှ သူ့အစာအဖြစ် သတ်မှတ်ပြီး စားတတ်တယ်။ ဒီကြောင်မျိုးကတော့ တောနက်ထဲက လျှိုတွေ၊ လိုဏ်ဂူတွေထဲမှာ များသောအားဖြင့် နေတတ်တယ် အိုင်ပီ။

**၃။ သဏ္ဍုရသီလာ ကြောင်မျိုး** — ဒီကြောင်မျိုးက အလုံးအထည် သေးတယ်။ အလုံးအထည် သေးသလောက် နှုတ်ခမ်းမွေး အလွန်ရှည်တယ်။ တစ်ကိုယ်လုံးမှာ အဝါရောင်အစက်ပြောက် ကလေးတွေပါတယ်။ သူ့ရဲ့ အစာရှာဖွေမှုက သစ်ခေါင်းထဲက ငှက်သတ္တဝါ မပျံသန်းနိုင်တဲ့အရွယ် ကလေးတွေနဲ့ ငှက်ဥကလေးတွေကို ရှာဖွေစားသောက်တတ်တယ်။ ဒီကြောင်မျိုးရဲ့ သည်းခြေဟာ အလွန်ဆေးဖက်ဝင်တယ်။ အိမ်တွေမှာ ဒီကြောင်မျိုးကို မွေးထားရင် အိမ်ရဲ့စီးပွားရေးဟာ တစ်ရိပ်ရိပ် တိုးတက်လာပြီး အိမ်ရဲ့အေးချမ်းမှုကို ဖြစ်စေတယ် အိုင်ပီ။

**၄။ မိုလ်ပြင်းမကြောင်မျိုး** — ဒီကြောင်မျိုးက အလုံးအထည်ကြီးတယ်။ ရန်လိုတတ်တဲ့ စရိုက်ရှိပြီး ကြမ်းတမ်းတယ်။ နှာတံကြီးပြီး နှာစုကွက်ကြီးတယ်။ သူ့ရဲ့အမြီးက ဒီပြင်ကြောင်တွေလို မလုံးဘဲ ချွန်တယ်။ သူ့အမွေးက ပွပြီးရင်ကျပ်ပန်းနာ စတဲ့ ရောဂါကို ဖြစ်စေတတ်တယ်။ အထူးသဖြင့်

ဒီကြောင်မျိုးရဲ့အမွေးကို ပါးစပ်ထဲ မဝင်ရောက်နိုင်အောင် သတိထားသင့်တယ်။ သူ့ရဲ့ နေ့ထိုင်ကျက်စားပုံက လယ်ကန်သင်းရိုးပြတ်တလျှောက်နဲ့ ကွင်းပြင်ကျယ်တွေမှာ ကျက်စားတတ်တယ်။ သူ့ရဲ့အသားက နူးညံ့ပြီး သူ့ရဲ့ အူမကြီးကတော့ ယောကျ်ားစွမ်းအားကို အထူးကောင်းမွန်စေတယ်။ ယောကျ်ားအားနည်းပြီး ဖြစ်တဲ့ဝေဒနာရှင်တွေအတွက် ဒီကြောင်ရဲ့ အူမကြီးနဲ့ ကင်းပုံသီးကိုရောပြီး ချက်စားရင် ယောကျ်ားကောင်း မောင်းမတစ်ထောင် လို့တောင် အဆိုရှိတယ် အိုင်ပီ။

၅။ လိပ်ခုံးမ — ကြောင်းမီးတို လို့ခေါ်တဲ့ လိပ်ခုံးမကြောင်မျိုးက ခါးဆစ်က တုန်းကုန်းကွကွနဲ့ အကြည့်ရဆိုးတယ်။ ဒီကြောင်မျိုးက ဘယ်လောက်နူမျိုတဲ့ကြောင် ဖြစ်ပါစေ ကြောင်အိုကြီးအတိုင်း အမွေးက ကျိုးတိုးကျဲတဲနဲ့ နှုတ်ခမ်းမွေးကလည်း ဒီတိုင်းပဲ။ ဒီကြောင်မျိုးက ရွာအစပ်နဲ့ တောအစပ်နားမှာ နေတတ်တယ်။ များသောအားဖြင့် သချိုင်းတွေမှာ နေတတ်တယ်။ သူ့ရဲ့ခြေသည်းလက်သည်းမှာ ပြင်းထန်တဲ့ အဆိပ်ရှိတယ်။ သူ့ရဲ့ခြေသည်းလက်သည်းနဲ့ ကုတ်ခြစ်မိရင် လူနဲ့တကွ ကျွဲတွေ၊ နွားတွေတောင် အဆိပ်သင့်ခံရတယ်။ အဆိပ်ဖြေဆေး အချိန်မှီ မသောက်မိရင် အသက်ပါဆုံးရှုံးနိုင်တယ်။ ဒီကြောင်မျိုး ရွာထဲဝင်ရင် ရွာနာတယ်။ ရွာခိုက်တယ် အိုင်ပီ။

၆။ ကြောင်ကတုံး — ကြောင်ကတုံးရဲ့ မျက်လုံးက အဖြူရောင်သတ်သက်ပဲ။ အတွင်းသူငယ်အိမ်မှာ မျက်နက်ငယ်မရှိဘူး။ သေသေချာချာကြည့်မှ ဝါကျင့်ကျင့်သူငယ်အိမ်ကို တွေ့ရတတ်တယ်။ နှုတ်ခမ်းမွေး တိုတိုနန့်နန့် လေးပဲရှိတယ်။ လူတွေကတော့ ကြောင်ဆိုပြီး ပစ်ခတ်ဖမ်းဆီးခံရမှုအများဆုံး ခံရတဲ့ကြောင်မျိုးပဲ။ ဒီကြောင်မျိုးက တောထဲမှာ အနေများတယ်။ သစ်ပင်ပေါ်မှာပဲ နေတတ်တယ်။ မတ်တပ်ရပ်ပြီး နေတတ်တဲ့အဲပြင် ကျွမ်းထိုးတဲ့နေရာမှာလည်း တော်တော်ကို ကျွမ်းကျင်လိမ္မာတယ်။ မြွေသေးသေးလေးတွေနဲ့ ပဒတ်တို့၊ ပူးတို့ သတ္တဝါတွေကို စားသောက်တတ်တယ်။ ဒီကြောင်ရဲ့ အသားက ကုဋ္ဌနူနာ လို့ခေါ်တဲ့ နူနာအတွက် ဆေးဘက်ဝင်တယ် အိုင်ပီ။

၇။ လမ်းတာစ်ရာကြောင်စုန်း — ဒီကြောင်မျိုးက ခေါင်းအနည်းငယ်ကြီးပြီး ခြေကားပြီး ပုတယ်။ သူ့ရဲ့အမွေးက လှပပြီး အဖြူရောင်များတယ်။ လမ်းသွားရင် တည့်တည့်မသွားဘူး။ လေးကွက်နင်းသလို ယိုင်ဖယ်ဖယ်နဲ့ သွားတတ်တယ်။ အလွန် အနံ့ခံကောင်းတယ်။ များသောအားဖြင့် လူသူတွေနဲ့ဝေးတဲ့ တောထဲ၊ တောင်ထဲက ရွှေကြောငွေကြောရှိတဲ့ ရွှေတွင်း၊ ငွေတွင်းတွေနဲ့ နီးတဲ့ပတ်ဝန်းကျင်အနားမှာ နေတတ်တယ်။ ကြောင်အချင်းချင်းတွေ့ရင်တောင် ဗိုလ်မထားဘဲ ကောက်ကျစ်ပြီး အသေတိုက်ခိုက်တတ်တယ်။ ဒီကြောင်မျိုးကို ကြွက်တွေ အလွန်ကြောက်တယ်။ ဒီကြောင်မျိုး အိမ်မှာမွေးထားတဲ့ အိမ်ရဲ့ပတ်ဝန်းကျင်တစ်ဝိုက်ကို ဘယ်ကြွက်မှမလာဘူး။ ဒီကြောင်မျိုးက ရှားပါးပြီး မွေးထားရင် စီးပွားဖြစ်တယ်လို့ အယူရှိတယ် အိုင်ပီ။

၈။ **သီဟဝင့်ကြောင်မင်း** — ဒီကြောင်မျိုးက အကောင်ကြီးပြီး ထွားတယ်၊ လမ်းသွားရင် အိနြွေ လွန်စွာရှိပြီး တည်ငြိမ်တယ်၊ နှုတ်ခမ်းမွေးရှည်ပြီး ရှင်အုပ်မောက်တယ်၊ နားရွက်ကားတယ်၊ သူ့ရဲ့အမွေးက ဆွတ်ဆွတ်ဖြူပြီး အမွေးရဲ့ထိပ်မှာ ရွှေရောင်တောက်နေတတ်တယ်။ ဒီကြောင် အိမ်မှာရှိရင် တခြားကြောင်တွေ မသောင်းကျန်းရဲဘူး၊ ငြိမ်ကုတ်နေတယ်။ ဒီကြောင်မျိုးကို ကြောင်မတွေက အလွန်ကပ်တယ်၊ သူ့ရဲ့ မနီးမဝေးမှာဆို ကြောင်မလေးငါးကောင်, မက အမြဲရှိနေတတ်တယ်။ တချို့ လောကီပညာရှင်တွေက ဒီကြောင်မျိုးရဲ့ သည်းခြေနဲ့ မျက်နှာပွင့် ပီယဆေး ဖော်စပ်အသုံးပြုတတ်တယ် အိုင်ပီ၊

၉။ **ဒိဗ္ဗရကြောင်မီးတို** — ဒီကြောင်က အမြီးတိုပြီး တုတ်တဲ့အတွက် ကြောင်မီးတို လို့ခေါ်တယ်။ အမွေးက စုတ်ဖွားဖွားနဲ့ အနက်ပြောက်ကလေးတွေ ရှိတယ်။ အုန်းပင်၊ ကွမ်းသီးပင်လို ပြောင်ချောချော အပင်ထိပ်ဖျားတွေမှာရှိတဲ့ ငှက်သိုက်တွေကို ရှာဖွေစားသောက်တယ်။ အစဉ်သဖြင့် လူနဲ့ မနီးမဝေးမှာပဲ နေတတ်တယ်။ ဒီကြောင်မျိုးကို မွေးရတာ မလွယ်ဘူး။ အိမ်မှာ မကပ်ဘဲ ရှောင်ထွက်နေတတ်တယ် အိုင်ပီ။

၁၀။ **ပဋိရက္ခကြောင်** — ဒီကြောင်ကို တောလိုက်ဝါသနာပါတဲ့ မုဆိုးတွေက မွေးတတ်တယ်။ တောထဲမှာ လမ်းပြအလွန်ကောင်းတယ်။ အခုန်အပျံ၊





အရှောင်အတိမ်း တော်တော်ကို ကောင်းမွန်တယ်။ သူ့အမွေးက အညိုရောင်များတယ်။ ခြေထောက်ဘက်မှာ အဖြူအဆင်းကြောင်း ရှိတယ်။ ဒီကြောင်ရဲ့ အကြောနဲ့သွေးဟာ အလွန်တစ်ရာ အသုံးဝင်တယ်။ ရှေးပွဲကျောင်း ဆရာတော်တွေဟာ ဒီကြောင်ရဲ့ သည်းခြေနဲ့ သွေးကို ဆေးရိုးကြီးတို့ ပေါက်နှစ်တို့နဲ့ ရောစပ်ကြိတ်ပြီး၊ သိုင်းပညာအစွမ်းထက်တဲ့ သိုင်းဆေးတော်ကြီး အဖြစ် ဖော်စပ်အသုံးပြုတယ် အိုင်ပီ။

၁၁။ **ဣတိုးနက်** — ဒီကြောင်မျိုးက အလုံးအထည် ကြီးတယ်။ နှာခေါင်းကြီးပြီး အစွယ်နဲ့လက်သည်းရှည်တယ်။ အရည်စွဲမာတယ်။ အာရုံကြောအစွမ်းထက်မြက်ပြီး သူ့ရဲ့အသံဟာ အနည်းငယ်ကျယ်ပြီး စူးနက်တယ်။ ပုံတောင်ပုံညာဒေသနဲ့ ချင်းပြည်နယ်ဘက်မှာ အနေများတယ်။ တိုက်ခိုက်မှုမှာ အတော်လည်း လျင်မြန်တယ်။ အင်မတန် အဆိပ်ပြင်းတဲ့ မြွေမျိုးကိုတောင် တစ်ချက်တည်းနဲ့ သေအောင် လျင်မြန်စွာနဲ့ သတ်ဖြတ်နိုင်တယ် အိုင်ပီ။

ကြောင်မျိုးဆယ့်တစ်ပါးကို တစ်မျိုးစီအလိုက်, လိုက်ပြီး အသေးစိတ်ပြောရရင် အများကြီးပဲ အိုင်ပီ။ အဲဒီအများကြီးထဲကမှ ပိန်းဇလလို့ခေါ်တဲ့ ကြောင်ဖြူမဆိုတာ တစ်ခါမွေးရင် ကြောင်မျိုးသုံးကျိပ်လောက် မွေးတတ်တယ်။ သူမွေးဖွားရင်လည်း ဘုရားတို့၊ တန်ဆောင်းတို့ စတဲ့ နေရာမျိုးတွေမှာ မွေးဖွားပြီး သူမွေးတဲ့ ကလေးတွေကိုစွန့်ပြီး ထွက်သွားတတ်တယ်။ သားသမီး

ကို ခင်တွယ်မှု မရှိဘူး။ ဒါပေမယ့် အဲဒီကြောင်မရဲ့ နို့ရည်ဟာ တန်ဖိုးမဖြတ်နိုင်လောက်အောင် ဆေးဖက်ဝင်တယ်။ ဘင်နာ၊ ဒိုင်းနာ၊ အနာကြီးရောဂါ၊ အနာအမျိုးမျိုးနဲ့ ယောကျ်ားအားနည်းတဲ့ ရောဂါနဲ့ မိန်းမတွေအားနည်းတဲ့ ရောဂါကို ပျောက်ကင်းစေတယ်။ မြွေဆိပ်ကိုလည်း နိုင်တယ်လို့ အဆိုရှိတယ် အိုင်ပီ။

ကိုမင်းနောင်သည် ကျွန်ုပ်နှင့် ကိုမျိုးအောင်အား ကြောင်မျိုးဆယ့်တစ်ပါးနှင့် ပတ်သက်သောအကြောင်းအရာများကို ရှည်လျားစွာဖြင့် ရှင်းပြလေသည်။ ကိုမင်းနောင် ရှင်းပြမှုအပြီး၌ ကိုမျိုးအောင်က

"အိုင်ပီရေ . . ကိုမင်းနောင်ရဲ့ ဗဟုသုတနှံ့စပ်မှုကို ကျွန်တော် ဂုဏ်ယူအားကျတယ်ဗျာ"

"အိုင်ဆေး . . ကိုမျိုးအောင်၊ ခင်ဗျားအနေနဲ့ ကိုမင်းနောင်အပေါ် မှာ ဂုဏ်ယူမှုကို ကျွန်တော် လက်ခံတယ်ဗျာ။ ခင်ဗျားပြောတဲ့ စကားရဲ့ နောက်ဆက်တွဲ ဖြစ်တဲ့ အားကျတယ်ဆိုတဲ့ အပိုဒ်ကတော့ ကိုမင်းနောင်လို ခင်ဗျား ဗဟုသုတနှံ့စပ်အောင် လေ့လာမှတ်သားရလိမ့်မယ်"

အိုင်ပီရယ် ကျွန်တော့်စကားကို ပြန်ရုတ်သိမ်းဆို ရုတ်သိမ်းပါ့မယ်။ ကိုမင်းနောင်လို ကျက်ရ၊ ဖတ်ရ လေ့လာရမယ်ဆိုရင် ကျွန်တော့်အတွက် အစားအသောက်ပျက်ပြီး အခုလို ဝနေတဲ့ ကျွန်တော့်ရဲ့ခန္ဓာကိုယ် ကျသွားလိမ့်မယ် အိုင်ပီ။ ခန္ဓာကိုယ် မကျအောင် ထိန်းတဲ့အနေနဲ့ ကျွန်တော့်ရဲ့ အားကျတယ်ဆိုတဲ့ စကားကို ပြန်ပြီးရုပ်သိမ်းပါ့မယ်"





ကိုမျိုးအောင်၏ စကားကြောင့် ကျွန်ုပ်နှင့် ကိုမင်းနောင်လည်း ရယ်မောရလေသည်။

"အိုင်ပီ . . ကျွန်တော်တို့ ရုံးထဲသွားကြမယ်"

ကိုမင်းနောင်၏ လှုံ့ဆော်မှုကြောင့် လက်ဖက်ရည်ဆိုင်တွင် ကျွန်ုပ်တို့ ထိုင်၍ စကားပြောဆိုမှုမှာ အချိန်အနည်းငယ် ကြာပြီဖြစ်ကြောင်း သတိရ၍ လက်ဖက်ရည်ဖိုး ကျသင့်ငွေကို ရှင်းကာ ရုံးထဲသို့ ဝင်ခဲ့ကြလေသည်။

ရုံးထဲသို့ ပြန်ရောက်သောအခါ စုံထောက်မင်းကြီးအား တစ်ဦးချင်း အစီရင်ခံသတင်းပို့ (Case,Prade) တင်နိုင်ရန်အတွက် အစီရင်ခံစာ ရေးနေမိလေသည်။ ထိုအခိုက်တွင် ကျွန်ုပ်တို့ရုံးမှ စုံထောက်ကျော်များ ဖြစ်ကြသော ကမ္ဘာ့ဌာန်းနေမျိုး (ခေါ်) အိုင်ပီနေမျိုးနှင့် ကင်မရာမြင့်ဇော် (ခေါ်) အိုင်ပီ မြင့်ဇော် တို့သည် ယောကျ်ားတစ်ဦးနှင့် အနောက်တိုင်းဆန်ဆန် မိန်းမ တစ်ဦးကို ခေါ်ဆောင်၍ ရုံးထဲသို့ ဝင်ခဲ့ကြလေသည်။ ရုံးထဲသို့ ရောက်သောအခါ ကိုမြင့်ဇော်နှင့် ကိုနေမျိုးသည် ၎င်းတို့ ခေါ်ဆောင်လာသူ နှစ်ဦးအား အမှုစစ်အခန်းထဲတွင် ခွဲ၍ထားပြီး ကျွန်ုပ်တို့အား ဂုဏ်ယူသောအပြုံးဖြင့်

"အိုင်ပီရေ ကျွန်တော်နဲ့ကိုမြင့်ဇော်ကတော့ မစ္စတာစတီဗင် အသတ်ခံရတဲ့အမှုမှာ တရားခံကို ဖော်ထုတ်ဖို့ ကြိုးစားတာ ကျွန်တော်တို့ နှစ်ဦးစလုံး တွေးဆချက်တူညီတဲ့အတွက် မစ္စတာစတီဗင်ကို သတ်သွားတဲ့ တရားခံလို့ ယူဆရတဲ့ အမှုကျူးလွန်နိုင်သူနှစ်ဦးကို စစ်ချက်ယူဖို့ ဖမ်းလာခဲ့ပြီ"

ကိုနေမျိုး၏ စကားအဆုံး၌ ကိုမင်းနောင်က

"အိုင်ဆေး . . ခင်ဗျားတို့နှစ်ဦး ဖမ်းလာတဲ့ နှစ်ဦးက တာမွေဂိတ်မှာ မြင်းလှည်းမောင်းတဲ့ မောင်ညိုနဲ့တာမွေ ကင်းဘဲလ်လမ်းထဲမှာ နေတဲ့ ရှယ်လီ မဟုတ်လား"

ကိုမင်းနောင်၏စကားကြောင့် ကိုနေမျိုးမှာ မျက်လှည့်ပြခါနီး တိုယ်ပြမယ့်လျှို့ဝှက်ချက်ကို ပရိသတ်က ကြိုတင်သိမြင်သွား၍ ဆက်၍ မျက်လှည့်ပြရန် အခက်ကြုံနေသော မျက်လှည့်ဆရာကဲ့သို့ ရှက်ကိုးရှက်ကန်း ဖြင့် တစ်ရှုံးရှုံးဖြစ်ကာ

"အိုင်ဆေး . . ကိုမင်းနောင် ကျွန်တော်တို့ ဖမ်းလာတဲ့တရားခံ နှစ်ဦးကို ခင်ဗျားက သိနေတာပဲ။ ဘာပဲဖြစ်ဖြစ်လေ သိတာတခြား၊ လုပ်တာ တခြားပဲလေ၊ ဒီတရားခံနှစ်ဦးဆီ ဖြောင့်ချက်ရအောင် ကြိုးစားပြီး အမှုကို ရုံးတင်နိုင်အောင် ကြိုးစားရမှာပဲ"

ကိုနေမျိုးသည် ပြောပြောဆိုဆိုဖြင့် ကျွန်ုပ်တို့အခန်းမှ လှည့်ထွက် သွားလေသည်။ ကိုနေမျိုး ထွက်သွားပြီးနောက် ကိုမျိုးအောင်က

"အိုင်ပီဦးထွန်းအောင်ရေ ကိုနေမျိုးကတော့ တရားခံ ဟုတ်၊ မဟုတ် မသေချာသေးတဲ့နှစ်ဦးကို ဖမ်းခေါ်လာပြီး လက်မထောင်ဖို့ ကြိုးစားတုန်း သူဖမ်းခေါ်လာတဲ့ နှစ်ဦးကို ကိုမင်းနောင်က ကြိုတင်ပြီး သိနေတဲ့အတွက် မျက်နှာပျက်သွားတာ၊ ကျွန်တော်ပေးနေကျ ဥပမာအတိုင်း မျောက်မျက်နှာ ငပိသုတ်ခံရသလို သုန်သုန်မှုန်မှုန် နဲ့ တရှုံးရှုံး ဖြစ်သွားပြီ"





ကိုမျိုးအောင်၏ ဥပမာစကားကြောင့် ကျွန်ုပ်နှင့်ကိုမင်းနောင် လည်း ရယ်မောရလေသည်။

"အိုင်ဆေး. . ကိုမင်းနောင် ကိုနေမျိုးတို့ ဖမ်းလာတဲ့နှစ်ဦးက ကိုမင်းနောင်ရဲ့ သိဟောင်းကျွမ်းဟောင်းထဲကလား"

"သိဟောင်းကျွမ်းဟောင်းထဲက မဟုတ်ပါဘူး အိုင်ပီရယ်။ အခု ဖြစ်ပွားတဲ့အမှုနဲ့ ပတ်သက်ပြီး ခြံစောင့်ရာဂျူးရဲ့ထွက်ဆိုချက်မှာ စတူရီ ဘေကာကားနဲ့ အမျိုးသမီးတစ်ယောက် မလာခင်မှာ မစ္စတာစတီဗင်ဆီ မကြာခဏ မြင်းလှည်းနဲ့လာနေကျ မိန်းကလေးက အရင်ရောက်၊ ဆယ့် တစ်နာရီလောက်မှာ မြင်းလှည်းနဲ့ ပြန်သွားတယ်ဆိုတဲ့ အတွက်ရယ်၊ ဒီမိန်းကလေးက မစ္စတာစတီဗင်ဆီကို လာပြီး အပြန်ကျရင် မိမိအတွက် စိတ်ချရမယ့် မြင်းလှည်းဖြစ်ဖို့ရယ်၊ မစ္စတာစတီဗင်ရဲ့ခြံရှေ့ကို မြင်းလှည်း သမား အများစု မသိစေချင်တဲ့ အတွက်ရယ် ကြိုတင်တွေးပြီး မိမိနဲ့ ရင်းနှီးမယ့် မြင်းလှည်းသမားတစ်ဦးတည်းကိုသာ ဖောက်သည်လုပ်ပြီး မစ္စတာစတီဗင်ဆီ လာတဲ့အခါမှ အသုံးပြုမယ်လို့ စဉ်းစားမိပြီး လိုရမယ်ရ မြင်းလှည်းသမားကို သိထားဖို့ လိုမယ်ထင်ပြီး မြင်းလှည်းသမား လောက မှာ မြင်းလှည်းမောင်းသက် နှစ်ကြာပြီး မြင်းလှည်းမောင်းတဲ့လူ မှန်ရင် မသိသူမရှိသလောက် ဖြစ်တဲ့ တာမွေအမှတ်သုံးဂိတ်က ဂိတ်မှူးမောင်စိန် ဆီကို မနေ့က ရုံးအပြန်လှည့်ဝင်ပြီး စုံစမ်းကြည့်တာ ကံအားလျော်စွာပဲ "ကိုမောင်စိန်က ဆရာသိချင်တဲ့လူက အဝေးကြီးက မဟုတ်ဘူး၊ ကျွန်တော်တို့

ဂိတ်ကပဲ သူနာမည်က မောင်ညိုလို့ခေါ်တယ်၊ တာမွေ ကျုံးကျော်ထဲမှာ နေတယ်၊ အခုတလော တစ်ပတ်တစ်ခါလောက်မှာ ညပိုင်း ဘောက်ထော်တက်ကို ရှယ်လီလို့ခေါ်တဲ့ ဘိုကပြားမ တစ်ယောက်ကို သူအမြဲ ကြိုပို့လုပ်နေရတယ် ဆရာ။ အဲဒီအတွက်လည်း ရှယ်လီက သူ့ကို မြင်းလှည်းခ ပိုပိုသာသာ ပေးတယ်လို့ သူပြောလို့ ကျွန်တော် သိရပါတယ်"

ဒါနဲ့ ကိုမောင်စိန် ရှယ်လီကို ခင်ဗျားတို့က သိလို့လား

"မသိဘဲနေပ့ါမလား ဆရာရယ်၊ ရှယ်လီနေတာက ကျွန်တော်တို့ဂိတ်နဲ့ မနီးမဝေး ကင်းဘဲလ်လမ်းထဲမှာ နေတာ ဒီအမျိုးသမီးက ဆိုရှယ်အရမ်းကျပြီး ကလပ်တို့ ပါတီတို့ ဆိုတာတွေကို အလွတ်မပေးဘဲ အမြဲတမ်း သွားတတ်တယ်၊ သူနေတဲ့အိမ်က ကျွန်တော်တို့ မြင်းလှည်းဂိတ်နဲ့ နီးတဲ့အတွက် အပြင်ထွက်ရင် ကျွန်တော်တို့ဂိတ်က မြင်းလှည်းကို အသုံးများတယ် ဆရာ"

"အိုင်ပီရေ ကျွန်တော်လည်း မြင်းလှည်းဂိတ်မှူး ကိုမောင်စိန်ဆီက သိသင့်သလောက်သိပြီးပြီ ဖြစ်ပေမယ့် မြင်းလှည်းမောင်းတဲ့ မောင်ညိုနဲ့ မစ္စတာစတီဗင် ဆီကို အမြဲလာတက်တဲ့ ရှယ်လီကို ခေါ်ယူစစ်ဆေးမှု မလုပ်သေးဘဲ ကျွန်တော့်ရဲ့သတင်းပေး (အင်ဖော်မာ) တွေကို ထူးခြားမှုရှိ/မရှိ စောင့်ကြည့်ခိုင်းထားတယ် အိုင်ပီ၊ အခု ကိုနေမျိုးတို့အနေနဲ့ ခေါ်ယူစစ်ဆေးတာလဲ ကောင်းပါတယ်။ ကိုနေမျိုးနဲ့ ကိုမြင့်ဇော်လည်း ဒီလောက်အချိန် အတောအတွင်းမှာ မြင်းလှည်းမောင်းတဲ့ မောင်ညိုနဲ့ရှယ်လီကို ခြေရာခံမိတာ တော်ပါတယ် အိုင်ပီ"





ကိုမင်းနောင် စကားဆုံးသောအခါ ကျွန်ုပ်ကပင်

"အိုင်ဆေး . . ကိုမင်းနောင် ခင်ဗျားပြောတဲ့ အမှတ်သုံးဂိတ်က ဂိတ်မှူးမောင်စိန်ဆိုတာ သူတော်မာယာအမှုထဲက ကျွန်တော်တို့ရဲ့ မိတ်ဆွေ ကိုသုတကို မြင်းလှည်းမောင်းနိုင်အောင် စီစဉ်ပေးတဲ့ ကိုမောင်စိန် မဟုတ်လား"

"ဟုတ်တယ် . . အိုင်ပီ ကျွန်တော်တို့ မိတ်ဆွေ ကိုသုတကို အစစအရာရာ ကူညီခဲ့တဲ့ ကိုမောင်စိန်ပါပဲ အိုင်ပီ"

မှတ်ချက်။ ။ ကိုသုတ၏ စွန့်စားမှုနှင့် အမှတ်သုံးဂိတ်မှ ဂိတ်မှူး ကိုမောင်စိန်တို့ အကြောင်းကို သိလိုလျှင် ကျွန်ုပ်ရေးသား ထုတ်ဝေပြီးသော ဆားပုလင်းမင်းနောင်နှင့် သူတော်မာယာဝတ္ထုကြီးကို ရှာဖွေ ဖတ်ရှုနိုင်ပါသည်။

(စာရေးသူ)

"အိုင်ပီနဲ့ကိုမျိုးအောင်ရေ ကျွန်တော်လည်း အမှုနဲ့ပတ်သက်ပြီး လိုအပ်တဲ့ ကွင်းဆက်ကလေးတွေ အတွက် စုံစမ်းဖို့ အပြင်ကို သွားစရာရှိတယ်။ ကျွန်တော့်ကို ခွင့်ပြုအုံး"

"ကိုမင်းနောင် ကျွန်တော်တို့လိုက်ဖို့ လိုအုံးမလား"

"မလိုသေးဘူး အိုင်ပီ၊ လိုအပ်ရင် ကျွန်တော်ပြောမယ်"

ကိုမင်းနောင်သည် ကျွန်ုပ်နှင့်ကိုမျိုးအောင်အား နှုတ်ဆက်ပြီး ရုံးထဲမှ ထွက်သွားလေသည်။

ကိုမင်းနောင် ထွက်သွားပြီးနောက် ကိုမျိုးအောင်က

"အိုင်ပီရေ ကိုနေမျိုးတို့ကို ပီတာတို့ ဘယ်လိုယိမ်းတိုက်နေလဲ ဆိုတာ သွားကြည့်မယ်"

ကိုမျိုးအောင် စကားကြောင့် ကျွန်ုပ်မှာ ရယ်မောရ၍ ကိုမျိုးအောင်နှင့်အတူ ကိုနေမျိုးတို့ အမှုစစ်နေရာ အခန်းဘက်သို့ ထွက်ခဲ့လေသည်။ အမှုစစ်အခန်းထဲသို့ ရောက်သောအခါ ကိုနေမျိုးနှင့် ကိုမြင့်ဇော်မှာ မြင်းလှည်းမောင်းသည့် မောင်ညိုကို စတင်စစ်ဆေးနေသည်ကို တွေ့ရလေသည်။

"မောင်ညို မင်းအနေနဲ့ ဘောက်ထော်ဘက်မှာရှိတဲ့ မစ္စတာစတီဗင်ရဲ့ ခြံကို မြင်းလှည်းနဲ့ရှယ်လီကို လိုက်ပို့တာ ဘယ်နှခေါက်လောက် ရှိပြီလဲ"

"စုစုပေါင်း (၅) ခေါက်ရှိပါပြီ ဆရာ"

ရှယ်လီအနေနဲ့ မစ္စတာစတီဗင်ရဲ့ ခြံကိုသွားတိုင်း မင်းရဲ့ မြင်းလှည်းကိုပဲ ငှားစီးတာလား၊ ဒီပြင်မြင်းလှည်းကော စီးတတ်သေးလား"

"ကျွန်တော် သိသလောက်ကတော့ ရှယ်လီအနေနဲ့ ဘောက်ထော်ဘက်ကို သွားတိုင်း တခြားမြင်းလှည်းမစီးဘဲ ကျွန်တော့်မြင်းလှည်းကိုသာ ငှားစီးပါတယ် ဆရာ"





"မင်းနဲ့ ရှယ်လီနဲ့ ရင်းနှီးတာကြာပြီလား"

"ရင်းနှီးတယ်လို့တော့ မဟုတ်ပါဘူး ဆရာ၊ ကျွန်တော်တို့မြင်းလှည်းဂိတ်နဲ့ သူ့ရဲ့အိမ်နဲ့က အလှမ်းမဝေးတဲ့အတွက်ကြောင့် ရှယ်လီအနေနဲ့ မြင်းလှည်းနဲ့ သွားရမယ့်ခရီးဆိုရင် ဂိတ်က မြင်းလှည်းတစ်စီးစီးကို အမြဲတမ်း ငှားစီးတတ်ပါတယ် ဆရာ၊ ကျွန်တော်တို့ ဂိတ်က မြင်းလှည်းမောင်းတဲ့သူတိုင်း ရှယ်လီကို သိပါတယ် ဆရာ"

"ဒါဖြင့် ဘောက်ထော်ဘက်ကို သွားတိုင်း ဘာဖြစ်လို့ မင်းမြင်းလှည်းကို ငှားစီးတာလဲ"

"ဒါက ဒီလိုပါ ဆရာ၊ ပထမဦးဆုံး ဘောက်ထော်ကို ရှယ်လီ သွားတဲ့အခေါက်မှာ ကျွန်တော့်မြင်းလှည်းနဲ့ကြုံတယ် ဆရာ၊ ရှယ်လီ သွားတဲ့ ဘောက်ထော်က ခြံကိုရောက်တော့ ည (၁၀) နာရီလောက်မှာ ပြန်ကြိုပါလို့ ဆိုတဲ့အတွက် အဲဒီည (၁၀) နာရီလောက်မှာ ကျွန်တော့် မြင်းလှည်းနဲ့ ပြန်ပြီး ကြိုတယ် ဆရာ။ သူ့အိမ်ရောက်တော့ မြင်းလှည်းစီးခ ကို ပိုပေးပြီး ဘောက်ထော်ဘက်ကို သွားရင် တခြားမြင်းလှည်းကို မငှားဘူး၊ ကျွန်တော့် မြင်းလှည်းကိုပဲ ငှားမယ်ဆိုပြီးနောက် ဘောက်ထော်ဘက်ကို သွားတိုင်း ပို့နေကျဖောက်သည်လိုဖြစ်ပြီး ကျွန်တော့်မြင်းလှည်းနဲ့ပဲ လိုက်ပို့ရပါတယ် ဆရာ"

"ရှယ်လီအနေနဲ့ ဘာကိစ္စရှိလို့ လာတယ်ဆိုတဲ့အကြောင်းကို မင်းသိလား"

"အဲဒါတော့ ကျွန်တော်မသိဘူး ဆရာ၊ သူကလဲ ဘာအကြောင်းနဲ့ လာသလဲဆိုတာကို မပြောဘူး"

"ရှယ်လီ လာတဲ့ ဘောက်ထော်ခြံထဲက ခြံပိုင်ရှင် မစ္စတာစတီဗင်ကို မင်းသိလား"

"မသိပါဘူး ဆရာ တစ်ခါမှလည်း မမြင်ဖူးပါဘူး၊ ဘောက်ထော်ဘက်ကို ရှယ်လီကိုလိုက်ပို့ရင် ညနေမှောင်စပျိုးတဲ့ အချိန်လောက်ပဲ ပို့ရတယ်။ ခြံရှေ့ရောက်တာနဲ့ ရှယ်လီက မြင်းလှည်းကို ပြန်လွှတ်လိုက်တယ်၊ ည (၁၀) နာရီလောက်မှ ခြံရှေ့မှာ လာကြိုရတယ်။ ခြံထဲမှာ ဘယ်သူနေမှန်း မသိပါဘူး"

"မင်းအနေနဲ့ ရှယ်လီကို မေးမကြည့်ဘူးလား"

"ကျွန်တော့်ကို ယုံကြည်လို့ တခြားမြင်းလှည်းကိုမငှားဘဲ ကျွန်တော့်မြင်းလှည်းကိုသာ ငှားစီးတဲ့အတွက် ကျွန်တော့်ဘက်က စောင့်စည်းရမယ့် စည်းကမ်းသိက္ခာကို စောင့်ထိန်းပြီး သူ့ရဲ့အတွင်းရေးကို စပ်စပ်စုစု မလုပ်ပါဘူး ဆရာ"

"တခြား မင်းသိတာ ဘာရှိသေးလဲ"

"တခြား ကျွန်တော်သိတဲ့ အကြောင်း ဘာမှမရှိပါဘူး ဆရာ"

"အေး. . . ကောင်းပြီလေ၊ ငါတို့အနေနဲ့ စုံစမ်းလို့ မင်းလျှို့ဝှက်ထားတဲ့ တခြားအကြောင်းရှိရင် မင်းမသက်သာဘူး။ အခုလောလောဆယ်



တော့ မင်းနဲ့ပတ်သက်ပြီး အပြင်မှာ စုံစမ်းစရာရှိတဲ့ အတွက် ဒီမှာပဲ မင်းတို့ ခဏခေါ်ထားရမယ်။ အမှုမှာ ဘယ်လိုမှ မပတ်သက်ရင် မင်းကိုပြန်လွှတ်မယ်"

"ဟုတ်ကဲ့ပါ. . ဆရာ၊ ကျွန်တော့်ကို အမြန်ပြန်လွှတ်နိုင်အောင် ကူညီပါ။ ကျွန်တော့်မိသားစုမှာ ကျွန်တော်တစ်ယောက်ရဲ့ ဝင်ငွေ တစ်ခုတည်းသာ ရှိတာဖြစ်လို့ မိသားစုအခက်အခဲ ရှိမှာစိုးလို့ပါ ဆရာ"

"အေးလေ. . ဒါကတော့ ငါတို့စုံစမ်းကြည့်အုံးမယ်"

ကိုနေမျိုးသည် မြင်းလှည်းမောင်းသည့် မောင်ညိုအား စစ်ဆေးပြီးနောက် တအောင့်နားကာ စိတ်ရှုတ်ထွေးဟန်ဖြင့် ခေါင်းကို ခါရင်း အမှုစစ်ခန်းထဲသို့ ရှယ်လီဟူသော အနောက်တိုင်းဆန်ဆန် အမျိုးသမီးကို ခေါ်ယူ၍ စစ်ဆေးလေသည်။

"မိန်းကလေး မင်းနာမည်က ရှယ်လီ ဟုတ်တယ်နော်"

"ဟုတ်ပါတယ် ကျွန်မနာမည် ရှယ်လီပါ"

"မင်းက မြန်မာလူမျိုး အစစ်တော့မဟုတ်ဘူး ထင်တယ်"

"ကျွန်မက အင်္ဂလိပ်-မြန်မာ ကပြားပါ။ ကျွန်မအဖေက အင်္ဂလိပ်လူမျိုး မစ္စတာဟင်နရီ ဖြစ်ပြီး အစိုးရသစ်တောကြိုးဝိုင်း တစ်ခုက တောခေါင်းတစ်ယောက် ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ (၅) နှစ်လောက်ကမှ ကျွန်မအဖေဟာ ရိုးမတောထဲက သစ်ထုတ်လုပ်ရေး စခန်းမှ ဆင်တစ်ကောင် တောစိတ်ဝင်ပြီး တိုက်ခိုက်တာခံရလို့ အဲဒီနေရာမှာတင် အသက်ပါ

သေဆုံးခဲ့ရပါတယ်။ အမေက မြန်မာလူမျိုး ဖြစ်တဲ့အတွက် ကျွန်မက အင်္ဂလိုဘားမား (ခေါ်) မြန်မာကပြား တစ်ယောက် ဖြစ်ပါတယ်"

"ရှယ်လီ မင်းအနေနဲ့ စီးပွားရေးဘာအလုပ်လုပ်လဲ၊ မင်းနဲ့အတူ မွေးချင်းဘယ်နှစ်ယောက် ရှိလဲ"

"ကျွန်မမှာ မွေးချင်းမောင်နှမ မရှိပါဘူး။ ကျွန်မတစ်ယောက်တည်းပါ။ ကျွန်မက ပါတီပွဲတွေ၊ မင်္ဂလာပွဲတွေမှာ အလှပြုပြင်ပေးတဲ့ အလုပ် လုပ်ပါတယ်"

"မစ္စတာစတီဗင်နဲ့ မင်း ဘယ်လိုပတ်သက်သလဲ မင်းတို့ချင်း သိတာ ကြာပြီလား"

"မစ္စတာစတီဗင်နဲ့ လွန်ခဲ့တဲ့သုံးလလောက်ကမှ ကပွဲတစ်ခုမှာ တွေ့ဆုံပြီး ရင်းနှီးခဲ့တာပါ။ မစ္စတာစတီဗင် အနေနဲ့ တစ်ယောက်တည်း နေသူဖြစ်တဲ့အတွက် သူ့မှာ အဖော်ကောင်းမရှိဘဲ ပျင်းရိဖွယ်ဖြစ်ကြောင်း ဘောက်ထော်ဘက်က သူ့ရဲ့အိမ်ကို မကြာမကြာ လာစေချင်ကြောင်း အေးဆေးစွာနဲ့ သူနဲ့ စကားပြောစေချင်ကြောင်း တစ်ဖွဖွနဲ့ တောင်းဆိုမှု ပြုတဲ့အတွက်ကော မိသားစုမရှိဘဲ အထီးကျန်ဖြစ်နေတဲ့ သူ့အပေါ်ကို ကရုဏာ သက်မိတာနဲ့ တစ်ပတ်ကို တစ်ခါလောက် ဘောက်ထော်ဘက် မှာ ရှိတဲ့ သူ့ရဲ့အိမ်ကို ကျွန်မသွားပါတယ်"

"မစ္စတာစတီဗင် အနေနဲ့ အခုလိုအသတ်ခံရမှုကို ရှယ်လီအနေ နဲ့ ဘယ်လိုထင်မြင်လဲ"





"ကျွန်မ ဘယ်လိုမှ မထင်မြင်တတ်ပါဘူးရှင်၊ ကျွန်မနဲ့ သူနဲ့ တွေ့ဆုံရင်းနှီးခဲ့တာလည်း ဘာမှမကြာသေးပါဘူး"

"သူ့မှာ ရန်အန္တရာယ်နဲ့ ပတ်သက်ပြီး ကြီးမားစွာ ရှိတယ် ဆိုတဲ့ အကြောင်းကို ရှယ်လီကို ပြောဖူးသလား"

"မပြောဖူးပါဘူး၊ မစ္စတာစတီဗင် အနေနဲ့ အခုအချိန်မှာ သူ သေဆုံးရမယ်လို့တောင် ထင်ထားမယ့်ပုံ မဟုတ်ပါဘူးရှင်"

"ကဲ . . ရှယ်လီ မင်းကို နောက်ဆုံးမေးခွန်းတစ်ခု မေးမယ်၊ သေသေချာချာ စဉ်းစားပြီးမှ ဖြေပါ"

"မင်း ငှားစီးတဲ့မြင်းလှည်းသမား မောင်ညိုအနေနဲ့ မစ္စတာစတီဗင် ကို လုပ်ကြံနိုင်သလား"

"အဲဒါတော့ မပြောနိုင်ပါဘူးရှင်၊ ကျွန်မအနေနဲ့ မစ္စတာစတီဗင် ရဲ့ အိမ်ကိုလာတိုင်း မောင်ညိုရဲ့မြင်းလှည်းကိုပဲ ငှားပါတယ်။ အဲဒီလို ငှားရတဲ့အကြောင်းရင်းကလည်း ဒီမြင်းလှည်းဆရာဟာ တည်တဲ့ပြီး သူ့ တာဝန် သူကျေပွန်အောင်ပဲ ပြုလုပ်တဲ့သဘော ရှိပါတယ်။ ကျွန်မအနေ နဲ့ မစ္စတာစတီဗင်ဆီကို လာတဲ့အကြောင်းကို တစ်ခါမှ စပ်စုတဲ့ သဘော မျိုးနဲ့တောင် မမေးပါဘူး။ ကျွန်မကို မြင်းလှည်းနဲ့ မစ္စတာစတီဗင်ရဲ့ ခြံရှေ့ကို လိုက်ပို့တယ်။ ခြံရှေ့ရောက်တာနဲ့ မြင်းလှည်းကို ကျွန်မ ပြန်လွှတ် တယ်။ ည (၁၀) နာရီလောက်ကျမှ ကျွန်မကို ပြန်ကြိုခိုင်းပါတယ်။ ကျွန်မ ခိုင်းတဲ့အတိုင်း တစ်သွေမတိမ်း သူ လိုက်နာပါတယ်၊ ကျွန်မ အနေနဲ့တော့ ဘယ်လိုမှ ထင်မြင်ချက် မပေးတတ်ပါဘူးရှင်"

"ကဲ . . ရှယ်လီ မင်းအနေနဲ့ သိတာကို ဖြေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီရုံးမှာပဲ မင်းခဏ အနားယူပါ။ မစ္စတာစတီဗင်နဲ့ ပတ်သက်ပြီး ထူးခြားတဲ့ အခြားအကြောင်းအရာ ရှိရင်လည်း စဉ်းစားပြီးမှ အဖြေပေး ဟုတ်လား"

ကိုနေမျိုး၊ ကိုမြင့်ဇော်တို့ နှစ်ယောက်သည် မြင်းလှည်းသမား မောင်ညိုနှင့် ရှယ်လီ ကို စစ်ဆေးသော်လည်း ကိုယ်လိုချင်သည့် အဖြေကို မရသည့်အတွက် တောက်, တစ်ခေါက်ခေါက် မကျေမနပ် ဖြစ်နေပေသည်။ ကိုမြင့်ဇော်က

"အိုင်ဆေး . . ကိုနေမျိုး ကျွန်တော်ကတော့ ဒီမြင်းလှည်းသမားကို သေသေချာချာ စစ်မယ်။ ကျွန်တော့်စိတ်ထဲမှာ ဒီမြင်းလှည်းသမားကို မသင်္ကာဘူး။ သူ့အနေနဲ့ ဘယ်လောက်ခေါင်းမာနိုင်မလဲ ဆိုတာကို စောင့်ကြည့်ရမယ်"

ကိုမြင့်ဇော် စကားအဆုံး၌ ကိုနေမျိုးက

"ကိုမြင့်ဇော်ရယ် ဒီမြင်းလှည်း မောင်းတဲ့ မောင်ညိုနဲ့ရှယ်လီတို့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပုံဗျာ၊ ရှယ်လီ ဆိုတဲ့ မိန်းကလေးက ဒီမြင်းလှည်းမောင်းတဲ့ ကောင်ဘက်က ကာကွယ်ပြီး ပြောသွားတာကို ကြည့်ဗျာ"

"အေးဗျာ. . ခင်ဗျား ပြောသလို နှစ်ယောက်စလုံးကို စိတ်အေးအေးနဲ့ထားပြီး စစ်ရမယ်"





ထိုအခိုက်တွင် ကျွန်ုပ်တို့ရုံးမှ ပေကြီးပီတာ (ခေါ်) ကိုပီတာသည် မစ္စတာစတီဗင်အိမ်မှ ခြံစောင့်ဖြစ်သော ရာဂျူးအား ရုံးခန်းအတွင်းသို့ ခေါ်ဆောင်လာလေသည်။

ကိုပီတာ ဝင်လာသည်ကို မြင်သော အိုင်ပီမျိုးအောင်သည်

"အိုင်ပီရေ ကိုပီတာတစ်ယောက်တော့ ကုလားယိမ်းတိုက်မလို့ထင်တယ်"

ကိုမျိုးအောင် စကားကြောင့် ကျွန်ုပ်လည်း ရယ်မောမိလေသည်။

ထို့နောက် ကျွန်ုပ်မှာ ကိုပီတာက ရာဂျူးအား မသင်္ကာ၍ အမှုစစ်နေသည်ကို မကြည့်ချင်တော့၍ ကိုမျိုးအောင်ကို အသာလက်တို့၍ အမှုစစ်နေသော အခန်းထဲမှ ထွက်ခဲ့လေသည်။

ကျွန်ုပ်တို့ စားပွဲသို့ပြန်ရောက်သောအခါ ကျွန်ုပ်က ကိုမျိုးအောင်အား

"အိုင်ဆေး . . ကိုမျိုးအောင်၊ ကိုနေမျိုးနဲ့ ကိုမြင့်ဇော်တို့က မြင်းလှည်းသမား မောင်ညိုနဲ့ရှယ်လီကို မသင်္ကာစရင်းတပ်ပြီး စစ်ဆေးနေပြီ၊ ကိုပီတာလည်း ခြံစောင့်ရာဂျူးကို လူသတ်တရားခံဆိုပြီး ဖမ်းလာပြီ။ ခင်ဗျားကရော ဘယ်သူ့ကို ဖမ်းဖို့ ရည်ရွယ်ချက်ရှိလဲ"

"နိုး. . နိုး. . အိုင်ပီ၊ ကျွန်တော် အခုတလော တတ်နိုင်သမျှ စိတ်ကို စင်ကြယ်အောင်ထားပြီး အမှားကို မပြုလုပ်မိအောင် သတိထားပြီး နေတယ်။ ရမ်းသန်းမှန်းဆပြီး ဖမ်းတဲ့အလုပ်ကို မလုပ်ဘူး။ အမှန်တရားကို နတ်စောင့်တယ်ဆိုတဲ့ စကားကို စောင့်ကြည့်တဲ့အနေနဲ့ လောကပါလနတ်မင်းလို အမှုဖြစ်လာရင် အမှုသွားအမှုလာပေါ်ကို သေချာစွာ ပိုင်းခြား

ဝေဖန်ပြီးမှ တရားခံကို ဖမ်းတတ်တဲ့ ကျွန်တော့်တို့ရဲ့ စီအိုင်ဒီဟီးရိုး ဆားပုလင်းမင်းနောင် ဘယ်အချိန်မှာ တရားခံကို ဖမ်းလာမလဲဆိုတာကိုပဲ စောင့်ကြည့်တော့မယ်"

ကိုမျိုးအောင်၏ စကားကြောင့် ကျွန်ုပ်မှာ ရယ်မောမိလေသည်။ ကျွန်ုပ်တို့လည်း ရုံးမှာ အချိန်ကုန်အောင်နေ၍ ညနေ ရုံးဆင်းချိန်ရောက်မှ ရုံးမှအိမ်သို့ ပြန်ခဲ့လေတော့သည်။



# အခန်း (၄)

"လူကလေးတို့ အခု ဘာလုပ်နေကြသလဲ၊ အငြိမ်းစား ရာဇဝတ်အုပ်ကို သတ်သွားတဲ့တရားခံကို မိဖို့ နီးပြီလား"

ဒီအိုင်ဂျီစုံထောက်မင်းကြီး မစ္စတာနောရစ်၏ တင်းမာပြတ်သားသော မေးမြန်းမှုအဆုံး၌ ကိုနေမျိုးနှင့်ကျွန်ုပ်မြင့်ဇော်တို့မှာ ပြိုင်တူထရပ်၍

"အငြိမ်းစား ရာဇဝတ်အုပ် ဖြစ်တဲ့ မစ္စတာစတီဗင်ကို သတ်တဲ့ တရားခံကို ကျွန်တော်မျိုးတို့ ဖမ်းထားပါတယ်။ တစ်ရက် နှစ်ရက်အတွင်းမှာ စစ်ချက်ရအောင် ကျွန်တော်မျိုးတို့ ကြိုးစားပါ့မယ်"

"လူသတ်တရားခံက ဘယ်သူလဲ လူကလေးနေမျိုး"

"ကျွန်တော်မျိုးတို့ ဖမ်းထားတဲ့ တာမွေအမှတ်သုံးဂိတ်က မြင်းလှည်းမောင်းတဲ့ မောင်ညိုပါ၊ နောက်ပြီး သူနဲ့အတူ ပါတနာဖြစ်တဲ့ ရှယ်လီဆိုတဲ့ မိန်းကလေးကိုလည်း ဖမ်းထားပါတယ် မင်းကြီး"

"လူကလေး နေမျိုး"

"ရှိပါတယ် မင်းကြီး"

"မြင်းလှည်းမောင်းတဲ့ မောင်ညိုနဲ့ရှယ်လီဟာ လူသတ်မှု ကျူးလွန်တဲ့ တရားခံဖြစ်တယ် ဆိုတာ ဘယ်လိုအထောက်အထား ရှိတယ်ဆိုတာ လူကလေး ကျွန်ုပ်ကို ရှင်းပြပါ"

မင်းကြီးစကား အဆုံး၌ ကိုနေမျိုးမှာ ဂုဏ်ယူပုံကြွားသော ဟန်ဖြင့်

"မင်းကြီး ခင်ဗျာ၊ အခုဖြစ်ပွားတဲ့ အမှုကို ကြည့်ရင် အမှုသွား အမှုလာ ရှင်းပါတယ်။ အသတ်ခံရတဲ့ မစ္စတာစတီဗင်ရဲ့ ခြံစောင့်ရာဂျူးရဲ့ ထွက်ဆိုမှုကို ကြည့်ရင် အခင်းဖြစ်ပွားတဲ့ညက မစ္စတာစတီဗင်ရဲ့ခြံကို လာတာက ရှယ်လီဖြစ်တယ်ဆိုတဲ့ အကြောင်း ရှယ်လီက မကြာခဏ မစ္စတာစတီဗင်ဆီကို လာတတ်တဲ့အကြောင်းနဲ့ ရှယ်လီလာရင် အမြဲတမ်း ကြို/ပို့ လုပ်နေတာက မြင်းလှည်းမောင်းတဲ့ မောင်ညိုပါ။ မောင်ညို အနေနဲ့ ရှယ်လီကို မိုးချုပ်စဖြစ်တဲ့ အချိန်လောက်မှာ ပို့ပြီး ပြန်ပါတယ်။ ည (၁၀) နာရီလောက်ကျမှ ကြိုတယ်ဆိုတာ သိရပါတယ်။ ရှယ်လီနဲ့ မောင်ညိုလာရင် ပုံမှန်အတိုင်း မိုးချုပ်မှလာပြီး ည (၁၀) နာရီလောက် ကျမှ ပြန်နေကျပါ။ အခင်းဖြစ်ပွားတဲ့ ညက ရှယ်လီနဲ့ မြင်းလှည်းသမား မောင်ညိုတို့ ပြန်သွားပြီး မကြာခင်မှာ စတူရိဘေကာ ကားနဲ့ အမျိုးသမီး တစ်ယောက် ရောက်လာပြီး မစ္စတာစတီဗင်က ချိန်းဆိုထားတဲ့အတွက် လာတယ်ဆိုတဲ့အကြောင်းကို ခြံစောင့်ရာဂျူးကို ပြောပြီး မစ္စတာစတီဗင်ရဲ့ ခြံထဲကို ဝင်ခဲ့ပါတယ်။ အဲဒီကားနဲ့ လာတဲ့ အမျိုးသမီးက ရှယ်လီပါပဲ"





"(အိုး. . ဂေါ့) , ရှူးဝါး . . သေချာရဲ့လား လူကလေးနေမျိုး"

"ရှူးဝါး . . သေချာပါတယ် မင်းကြီး၊ ရှယ်လီက မိတ်ကပ်ပညာ ထူးချွန်အောင် တတ်တဲ့ မိတ်ကပ်ပညာရှင်ပါ။ သူ့ရဲ့စီးပွားရေးလုပ်ငန်းက လည်း ပါတီပွဲတက်တဲ့သူတွေ ဖန်ဖဲယားကျောင်းကပွဲ ပြုလုပ်တဲ့ ပွဲတွေမှာ မိတ်ကပ်အလှပြင်တဲ့ လုပ်ငန်းနဲ့ပဲ စီးပွားရှာတယ်ဆိုတာ ကျွန်တော်မျိုး သိထားပါတယ်"

ရှယ်လီဟာ မစ္စတာစတီဗင် အိမ်ကနေ ပထမတစ်ခေါက် မြင်းလှည်းနဲ့ ပြန်သွားပြီး သူ့ရဲ့မျက်နှာကို သူ တတ်မြောက်ထားတဲ့ မိတ်ကပ်ပညာနဲ့ ပြုပြင်ပြောင်းလဲပြီး မစ္စတာစတီဗင်ရဲ့ အိမ်ကို စတူရိ ဘေကာ ကားနဲ့ ဒုတိယတစ်ခေါက် ပြန်လာခဲ့တာပါ။ ရှယ်လီမောင်း လာတဲ့ စတူရိဘေကာ ကားရဲ့ နောက်ခန်းမှာ မြင်းလှည်းမောင်းတဲ့ မောင်ညိုက တိတ်တဆိတ် လိုက်ပါလာပါတယ်"

"မောင်ညိုက ဘာကြောင့် ကားနောက်ခန်းထဲမှာ ပုန်းလျှိုးကွယ်လျှိုး လိုက်ပါလာရသလဲ လူကလေး နေမျိုး"

"ဒါက ဒီလိုရှိပါတယ် မင်းကြီး"

ရှယ်လီနဲ့ မစ္စတာစတီဗင် တို့ဟာ အရောင်းအဝယ် ကိစ္စတစ်ခု ဖြစ်ဖြစ်၊ ငွေရေးကြေးရေး အခြားအကြောင်းအရာတစ်ခု ဖြစ်ဖြစ် လူမသိ စေချင်တဲ့အကြောင်း တစ်ခုခုတော့ သူတို့မှာ ရှိလိမ့်မယ်။ မင်းကြီး ရှယ်လီ အနေနဲ့ မိန်းမသားဖြစ်တဲ့အတွက် သူ အသက်အန္တရာယ်ကို ကာကွယ်တဲ့

အနေနဲ့ မောင်ညိုကို ဘယ်သူမှမမြင်အောင် ကားနောက်ခန်းထဲမှာ တိတ်တဆိတ် ခေါ်လာခဲ့တာပါ။ ဒါကို မသိတဲ့ မစ္စတာစတီဗင်အနေနဲ့ ရှယ်လီ တစ်ယောက်တည်း ထင်ပြီး သူနဲ့ရှယ်လီတို့နှစ်ယောက်ထဲသာ သိနိုင်မယ့် ငွေရေးကြေးရေး အရှုပ်အရှင်းကို ခပ်ပေါ့ပေါ့ သဘောထားပြီး ရှယ်လီကို ဆက်ဆံလိမ့်မယ်။ ဒါမှမဟုတ် နိုင်ထက်စီးနင်းမှု တစ်ခုခု ပြုလုပ်လိမ့်မယ်။ အဲဒီအချိန်ကျမှ မောင်ညိုအနေနဲ့ ပုန်းနေရာက ထွက်လာပြီး မစ္စတာစတီဗင်ကို တိုက်ခိုက်တာ ဖြစ်လိမ့်မယ်လို့ ကျွန်တော် တွေးဆထားပါတယ်။ မစ္စတာစတီဗင်ကို အလွယ်သတ်နိုင်တဲ့ သူဟာ မောင်ညိုလို သန်မာတဲ့ လူတစ်ယောက်ပဲ ဖြစ်တယ်ဆိုတာ မစ္စတာစတီဗင် သေဆုံးပုံကို ကြည့်ရင် သိနိုင်ပါတယ် မင်းကြီး"

အိုင်ပီနေမျိုး၏ စကားအဆုံး၌ စုံထောက်မင်းကြီးမှာ

"လူကလေးနေမျိုး တွေးတောယူဆချက် အရမ်းကောင်းတယ်။ ကျွန်ုပ် အရမ်းဂုဏ်ယူတယ်။ ဒီအမှုကို မြန်မြန်ဖော်ထုတ်နိုင်အောင် ကြိုးစားပါ။ လူကလေးရဲ့ ကြိုးစားမှုကြောင့် အမှုမှန်ကို ဖော်ထုတ်နိုင်ရင် လူကလေး ရာထူးတိုးအောင် ကျွန်ုပ်အထက်ကို စာတင်ပေးမယ်"

"ရက်ဆား. . . မင်းကြီး ကျွန်တော်မျိုး ကြိုးစားပါ့မယ်"

"လူကလေးတို့ အားလုံး အမှုနဲ့ပတ်သက်ပြီး ကျွန်ုပ်ကို ဘာများ တင်ပြစရာရှိသေးလဲ"

အိုင်ပီ ပီတာမှာ ထိုင်နေရာမှ ထရပ်ပြီး မင်းကြီး မစ္စတာနောရစ် အား ဆလုရိုက် အလေးပြုရင်း





"ကျွန်တော်မျိုး တင်ပြစရာရှိပါတယ် မင်းကြီး"

"လူကလေး ပီတာ"

"ရက်ဆား . . ရှိပါတယ် မင်းကြီး"

"လူကလေးက ဘာများတင်ပြစရာရှိလဲ ကျွန်ုပ်ကိုပြောပါ"

"သေဆုံးသူ မစ္စတာစတီဗင် အမှုနဲ့ပတ်သက်ပြီး အထူး မသင်္ကာ စရာဖြစ်တဲ့ မစ္စတာစတီဗင်ရဲ့ ခြံစောင့် ရာဂျူးကို ကျွန်တော်မျိုး ဖမ်းထား ပါတယ်"

"အိုးမိုင်ဂေါ့. . လူကလေးကလည်း တစ်ယောက်ဖမ်းထားတယ်"

"ဟုတ်ပါတယ် မင်းကြီး၊ အိုင်ပီနေမျိုးတို့ရဲ့ တွေးတောယူဆချက် ဖြစ်နိုင်သလို ခြံစောင့်ရာဂျူးရဲ့လုပ်ကြံမှုဆိုလဲ ဖြစ်နိုင်ပါတယ်။ ခြံစောင့် ရာဂျူးအနေနဲ့ ဂန်ဂျာအသုံးအစွဲများပြီး စိတ်ဖောက်ပြန်ပြီး သူ့သခင် ဖြစ်တဲ့ မစ္စတာစတီဗင်ကို ပြန်ပြီး လုပ်ကြံတာလဲ ဖြစ်နိုင်ပါတယ်။ မင်းကြီး ကျွန်တော်မျိုးလည်း ရာဂျူးရဲ့ ဝန်ခံချက်ကို အမြန်ဆုံးရဖို့ ကြိုးစားနေ ပါတယ် မင်းကြီး"

ကိုပီတာ၏ စကားအဆုံး၌ စုံထောက်မင်းကြီးမှာ

"လူကလေးတို့ အရင်ထက်စာရင် အလုပ်ကို ပိုလုပ်လာတယ်လို့ ကျွန်ုပ်ထင်တယ်၊ ကျွန်ုပ် ဝမ်းသာတယ်။ လူကလေးတို့ရဲ့ မြန်မာစကားပုံ လို ကြောင်ရှပ်ကြောင့်ပဲ သေသေ၊ ကြောင်အရှင်ကြောင့်ပဲသေသေ အဓိက လိုရင်းက ကြွက်သေဖို့ပဲ မဟုတ်လား၊ လူကလေးတို့ ဘယ်သူ့ရဲ့

ကြိုးစားမှုကြောင့်ပဲဖြစ်ဖြစ် အမှုကျူးလွန်တဲ့ တရားခံကို အမြန်ဆုံးမိဖို့ ကျွန်ုပ်အလိုရှိတယ်"

"ရက်ဆား. . မင်းကြီး"

"လူကလေး. . ထွန်းအောင်"

"ရှိပါတယ်. . မင်းကြီး"

"အမှုနဲ့ပတ်သက်ပြီး ဘာတင်ပြစရာရှိသေးလဲ"

"မရှိသေးပါဘူး. . မင်းကြီး၊ ကျွန်တော်မျိုးတို့ စုံစမ်းဆဲပါ"

"လူကလေးထွန်းအောင်နဲ့ လူကလေးမျိုးအောင်တို့ အမှုနဲ့ ပတ်သက်ပြီး စုံစမ်းသိရှိသမျှကို ကျွန်ုပ်ကို အစီရင်ခံစာတင်ပါ"

"ရက်ဆား. . မင်းကြီး"

"လူကလေးတို့ သွားနိုင်ပါပြီ"

မင်းကြီး၏ စကားအဆုံး၌ ကျွန်ုပ်တို့ စုံထောက်များလည်း မင်းကြီးအား ဆလုရိုက်အလေးပြုကာ မင်းကြီးရုံးခန်းထဲမှ ထွက်ခဲ့လေသည်။

"အိုင်ဆေး. . . ကိုမျိုးအောင်"

ကိုနေမျိုး၏ နှုတ်ဆက်မှုကြောင့် ကိုမျိုးအောင်က

"ဘာကိစ္စရှိလို့လဲ ကိုနေမျိုး"

"ကျွန်တော်နဲ့ ကိုမြင့်ဇော်နဲ့ ဖမ်းထားတဲ့ တရားခံတွေက အမှုကို တကယ်ကျူးလွန်တဲ့ သူတွေပဲ၊ အိုင်ပီနဲ့ကိုမျိုးအောင် ဒီတစ်ခါ ကျွန်တော်တို့နဲ့ ပူးပေါင်းပြီး အမှုကို ဖော်ထုတ်ပါလား၊ ကျွန်တော်က





စေတနာနဲ့ ပြောတာပါ။ ခင်ဗျားတို့ပါ ဝိုင်းဝန်းပြီး အမှုစစ်လိုက်ရင် တရားခံက မြန်မြန်ဖြောင့်ချက်ပေးမှာ ကြိမ်းသေတယ်ဗျာ၊ နာမည်ကောင်း ရတော့လည်း အတူတူပေါ့ဗျာ"

ကိုနေမျိုးမှာ မင်းကြီးက ချီးမွမ်းလိုက်သည့်အတွက် သူကိုယ်သူ ဂုဏ်ယူဝံ့ကြွားဟန်ဖြင့် ကျွန်ုပ်နှင့် ကိုမျိုးအောင်အား သေဖော်ညှိနေလေသည်။ ကိုနေမျိုး စကားကြောင့် ကိုမျိုးအောင်က မထီတထီ ပြုံး၍

"ကျေးဇူးတင်ပါတယ် ကိုနေမျိုးရယ်၊ ခင်ဗျားတို့ ဖမ်းလာတဲ့ တရားခံကို ခင်ဗျားတို့ပဲ စစ်ပါ။ ပညာရှိ ဆိုတာ တွေးတွေးဆဆနဲ့ ဘယ် အရာကိုပဲဖြစ်ဖြစ် ပြုလုပ်တတ်ပါတယ်။ အလောတကြီးနဲ့ ပြီးစလွယ် မလုပ်တတ်ပါဘူး"

"အိုင်ဆေး . . ကိုမျိုးအောင်၊ ခင်ဗျားရဲ့ ဆိုလိုရင်းက ဘာလဲဗျ၊ ကျွန်တော် သဘောမပေါက်ဘူး"

"ကိုနေမျိုးရယ်. . ကျွန်တော်ဆိုလိုတဲ့ သဘောက ခင်ဗျားတို့ အလောတကြီး ဖမ်းလာတဲ့ တရားခံတွေကို ကျွန်တော်တို့ပါ ဝိုင်းဝန်းပြီး မစစ်ချင်ဘူး။ တော်တော်ကြာ အမှုကျူးလွန်တဲ့ တရားခံမဟုတ်ခဲ့ရင် တောင်းပန်ပြီး ပြန်လွှတ်ရမှာစိုးတဲ့အတွက်ကြောင့်ဗျို့"

"ယူ ဘလယ်ဒီဖူး. . ယူအာရှုပ်တပ်. . ခင်ဗျားကို ကျွန်တော် စေတနာနဲ့ အမြင့်ကို ဆွဲတင်တာ၊ ခင်ဗျား ပြောပုံက ကျုပ်ကပဲ တရားခံကို ပြန်လွှတ်ရမယ့်ပုံ ပေါက်နေပြီ၊ တော်ပြီဗျာ. . ခင်ဗျားတို့နဲ့ စကားဆက်ပြောရင် ကျုပ်အတွက် ဘာမှဖြစ်လာမှာမဟုတ်ဘူး"

ကိုနေမျိုးသည် စကားဆုံးသည်နှင့် တခြားဘက်သို့ ဒေါသကြီးစွာဖြင့် လှည့်ထွက်လိုက်လေသည်။

ထိုအခါ

"ဒုံး . . ဂလွမ်း . . ချွမ်း"

မင်းကြီး ရုံးခန်းသို့ လက်ဖက်ရည်နှင့်မုန့်ပန်းကန်ကို လင်ဗန်းထဲတွင် ထည့်ယူလာသော ပြာတာကလေး မောင်ဖိုးစိနှင့် ဝင်တိုက်မိလေသည်။ ထိုသို့ တိုက်မိသည့်အတွက် ကိုနေမျိုး၏ ယူနီဖောင်း ပေါ်သို့ လက်ဖက်ရည်များ ဖိတ်စင်၍ ပန်းကန်များ ကွဲသွားလေသည်။ ကိုနေမျိုးမှာ ဒေါကန်စွာဖြင့်-

"ဘလယ်ဒီဖူး . . မင်းက အရူးပဲ၊ ရှေ့မကြည့် နောက်မကြည့်ဘဲ လွတ်လွတ်လပ်လပ် သယ်ပါလား"

ဟု ပြာတာကလေးဖိုးစိ အား ကြိမ်းမောင်းကာ ဖိုးစိ၏ ဂုတ်ပိုးကို တစ်ချက်နှစ်ချက်မျှ ခပ်ဆတ်ဆတ်ရိုက်လေသည်။ ပြာတာကလေးဖိုးစိက

"ဆရာရိုက်တာ အရေးမကြီးပါဘူး ဆရာရယ်၊ ကျကွဲသွားတဲ့ လက်ဖက်ရည်ပန်းကန်ဖိုးနဲ့ လက်ဖက်ရည်ဖိုးတော့ ဆရာ ရှင်းပေးပါ။ ကျွန်တော့်မှာ ရှင်းနိုင်တဲ့ငွေ မရှိလို့ပါ"

"ဘာကြောင့် ငါကရှင်းရမှာလဲ မင်း လွတ်လွတ်ကင်းကင်း သယ်ရင် တိုက်မိပါ့မလား၊ မင်းကြောင့် ငါ့မှာ အပူလောင်ခံရတယ်"





"ဆရာ ရုတ်တရက် လှည့်လိုက်လို့ဖြစ်တာပါ၊ ဒါပေမယ့် ကျွန်တော့်ကြောင့်ပဲ ထားပါ။ အခု မင်းကြီးမှာလို့ လက်ဖက်ရည်ပို့ရမှာ ကျကွဲတဲ့ ပစ္စည်းတန်ဖိုးနဲ့ လက်ဖက်ရည်ဖိုး မရှင်းနိုင်ရင် နောက်ထပ် လက်ဖက်ရည် ကျွန်တော် မမှာရဲဘူး။ လက်ဖက်ရည် မပို့လို့ မင်းကြီးက ခေါ်ဆူရင် ကျွန်တော်က အကြောင်းမဟုတ်ပါဘူး၊ ဆရာပါ အဆူခံရမှာ စိုးလို့ပါ"

ပြာတာကလေးဖိုးစိသည် စကားပြော ပါးနပ်စွာဖြင့် မင်းကြီးနှင့် ခြိမ်းခြောက်မှ ကိုနေမျိုးမှာ မင်းကြီး၏မျက်နှာသာပေးမှု လျော့မှာစိုးသဖြင့် သူ၏ ပိုက်ဆံအိတ်ထဲမှ ငွေငါးကျပ်ကို ထုတ်ကာ ပြာတာကလေးဖိုးစိအား ပေးလေသည်။

"ဟော့ကောင် . . ရော့ ကျသင့်ငွေရှင်းပြီး ပိုတာ ငါ့ပြန်ပေး။ နောက်တစ်ခါ အလုပ်လုပ်ရင် သတိထားလုပ်"

ကိုနေမျိုး စကားဆုံးသည်နှင့် လက်ဖက်ရည် အပူလောင်သွားသော လက်ကိုခါရင်း ထွက်သွားလေသည်။ ကျွန်ုပ်တို့လည်း ကိုနေမျိုး၏ အဖြစ်ကို ကြည့်၍ ရယ်မိကြလေသည်။ ထိုအခါ ကိုမျိုးအောင်က

"အိုင်ပီရေ . . ပညာရှင်တွေကို ဖြစ်မှားလို့ လက်ငင်းအကျိုးပေးတာမျိုး၊ အပူလဲ အလောင်ခံရသေးတယ်၊ ပိုက်ဆံလည်း ရှင်းရတယ်။ သူ့အဖြစ်က မျောက်မျက်နှာ ငပိအသုတ်ခံတဲ့ အဖြစ်ထက် ပိုဆိုးတယ်ဗျ"

ကိုမျိုးအောင်၏ စကားကြောင့် ကျွန်ုပ်တို့မှာ ရယ်မောမိလေသည်။

"အိုင်ပီရေ . . ကျွန်တော်လည်း ဗိုက်ဆာနေပြီ၊ လက်ဖက်ရည်ဆိုင်သွားပြီး တစ်ခုခုစားရအောင်"

"ကောင်းသားပဲ ကိုမျိုးအောင်"

ကျွန်ုပ်တို့လည်း စကားဆုံးသည်နှင့် ကျွန်ုပ်တို့စိတ်ဒိုင်ဒီရုံးထဲရှိ တာတာလက်ဖက်ရည် ဆိုင်သို့ ကိုမျိုးအောင်နှင့်အတူ ထွက်ခဲ့လေသည်။ လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ စားပွဲထိုးကုလားလေး ကိုမျိုးအောင် က ခေါ်၍

"ဟေး . . ချွတ်ကရား (ဒိုး ကျာရီ) လက်ဖက်ရည်နှစ်ခွက်ဟု မှာလိုက်လေသည်။

တစ်အောင့်မျှ ကြာသော် မှာထားသော လက်ဖက်ရည်နှင့်မုန့်များ လာချသည်ဖြစ်၍ ကျွန်ုပ်နှင့်ကိုမျိုးအောင်လည်း ဗိုက်ဆာနေသည့်အတွက်ကြောင့် မုန့်နှင့်လက်ဖက်ရည်ကို စားသောက်ကြလေသည်။

အတန်ငယ် စားသောက်ပြီးသောအခါ လက်ဖက်ရည်ဖိုး ကျသင့်ငွေကို ရှင်း၍ ရုံးထဲသို့ ပြန်ဝင်ကာ လိုအပ်သော စာရွက်စာတမ်းများကို ပြန်စစ်ဆေးရင်း ကိုနေမျိုး၊ ကိုမြင့်ဇော်တို့၏ စိတ်မချမ်းမြေ့ဖွယ်ရာ အမှုစစ်နေမှုကို အချိန်ကုန်ခံ၍ ကြည့်နေမိလေသည်။ ညနေ ရုံးဆင်းချိန် ရောက်မှ ရုံးမှအိမ်သို့ ပြန်ခဲ့လေတော့သည်။

တစ်နေ့သော ညနေစောင်း နေညိုချိန်လောက်တွင် ရထားလုံးတစ်စီးသည် မြင်းခွာသံ စည်းချက်ညီစွာဖြင့် ကန်တော်ကြီး ကနေဒီကျွန်းပတ်လမ်းအတိုင်း မောင်းနှင်လာလေသည်။ ထိုသို့ မောင်းနှင်လာရင်းမှ ရထားလုံးကလေးသည် ကန်တော်ကြီးစောင်းအနီးရှိ လမ်းသွယ်တစ်ခုထဲသို့ ချိုးဝင်လိုက်လေသည်။





ရထားလုံးကလေးသည် မြင်းခွာသံ စည်းချက်ညီညာစွာဖြင့် တခွပ် . . ခွပ် . . အသံမြည်ရင်း မကြာမီမှာပင် ကြီးမားကျယ်ဝန်းသော ခြံကြီးတစ်ခြံရှေ့သို့ ရောက်သောအခါ မောင်းလာသော ရထားလုံးကို ရပ်လိုက်လေသည်။ ရထားလုံးကို ကိုယ်တိုင်မောင်းနှင်လာသော ရှမ်းဘောင်းဘီ ပင်နီအင်္ကျီနှင့် လှပကြော့ရှင်းသော မိန်းမချောလေးသည် ရထားလုံးပေါ်မှ ဆင်းသက်၍ ကြီးမားကျယ်ဝန်းသော ခြံကြီးနှင့်လိုက်ဖက်ညီညာစွာ ကာရံထားသော သံမဏိတံခါးရှေ့တွင် ရပ်၍ ခြံတံခါးဝကြေးဝါဆိုင်းဘုတ်ဖြင့် ရေးထားသော ရတနာကုန်သည်ကြီး ဆာမိဆင်းဟူသော အမည်ကို ဖတ်၍ လျှို့ဝှက်သော အပြုံးတစ်ပွင့်ကို ဖန်တီး၍ ၎င်းကြေးဝါဆိုင်းဘုတ်အောက်ရှိ လူခေါ်ဘဲလ်ကို နှိပ်လိုက်လေသည်။

ခြံတံခါးအတွင်းမှ လူခေါ်ဘဲလ်သံကြောင့် လူတစ်ကိုယ်စာ တံခါးပေါက်ကလေး ပွင့်သွား၍ ၎င်းတံခါးပေါက်အတွင်းမှ ကြမ်းတမ်းခက်ထန်သော မျက်နှာပေါက်နှင့် ကွပ်ကရီး (ခေါ်) ဂေါ်ရခါးဓားကောက်ကို ခါးတွင် ချိတ်ဆွဲထားသော ခြံစောင့်ဂေါ်ရခါးလူမျိုး တစ်ယောက်ပေါ်လာ၍ လူခေါ်ဘဲလ်တီးလိုက်သော မိန်းမချောလေးကို ကြည့်၍ အံ့သြစွာဖြင့်

"ဘာကိစ္စရှိလို့လဲ မိန်းကလေး"

ခြံစောင့်ဂေါ်ရခါး ထံမှ စကားသံ ထွက်ပေါ်လာလေသည်။

"ကျွန်မ နာမည်က မဟူရာပါ၊ ရှမ်းပြည်ဘက်က စော်ဘွား အနွယ်တော်တစ်ဦးပါ၊ ရတနာအရောင်းအဝယ် ကိစ္စနဲ့ပတ်သက်ပြီး ရတနာကုန်သည်ကြီး ဆာမိဆင်းနဲ့ တွေ့ချင်လို့ လာခဲ့တာပါ"

မိန်းမချောလေး၏ စကားဆုံးသည်နှင့် ခြံစောင့်ဂေါ်ရခါးမှ မိန်းကလေးကို သေချာစွာလေ့လာကြည့်ရှုပြီး မိန်းကလေး၏ အနောက် ဘက် ရထားလုံးကို သက်ာမကင်းစွာ ကြည့်ရှုလေသည်။ ခြံစောင့်ဂေါ်ရခါး ၏ စေ့စပ်သေချာမှုနှင့် တာဝန်ကျေမှုကို မိန်းကလေးသည် အသိအမှတ် ပြု၍-

"ကျွန်မ ဒီကိုလာတာ တစ်ယောက်တည်းပါ၊ အရောင်းအဝယ် ကိစ္စနဲ့ပတ်သက်ပြီး ဘယ်သူမှ အသိမခံချင်လို့ပါ"

မိန်းမချောလေးသည် စကားဆုံးသည်နှင့် ရထားလုံးတံခါးကို ဖွင့်၍ ပြလေသည်။

ခြံစောင့် ဂေါ်ရခါးလည်း မိန်းမချောလေးကို အနည်းငယ် ယုံကြည်မှု ရှိလာသဖြင့်-

"မိန်းကလေး ဒီတံခါးအပေါက်ဝက ခဏစောင့်ပါ၊ ကျွန်တော် သူဌေးကို အပြည့်အစုံ အကြောင်းကြားပေးပါမယ်"

စကားဆုံးသည်နှင့် ခြံတံခါးကို အတွင်းမှ ပြန်ပိတ်လိုက်လေ သည်။ မကြာမီ ခြံတံခါး ပြန်လည်ဖွင့်၍-

"ကြွပါ မိန်းကလေး သူဌေးက တွေ့ခွင့်ပြုပါတယ်"





မိန်းမချောလေးလည်း ဖွင့်ထားသော ခြံတံခါးမှ အိမ်အတွင်း ဘက်သို့ ရဲဝံ့ငြိမ်သက်သော ဟန်ဖြင့် လှမ်းဝင်ခဲ့လေသည်။

အိမ်ရှေ့ တိုက်ခံဆင်ဝင်အောက် သံဘာဂျာတံခါးပေါက်နားသို့ ရောက်သောအခါ ခက်ထန်တည်ငြိမ်သော မျက်နှာထားနှင့် ရတနာ ကုန်သည်ဆာမိဆင်း၏ အိမ်လုံခြုံရေးအတွက် တာဝန်ယူထားပုံရသော ပန်ချာပီလူမျိုးတစ်ယောက်သည် ခွပ်ကရီဂေါ်ရခါးဓားကောက်ကို ခါးမှာ ချိတ်ထား၍ အိမ်အဝင် သံဘာဂျာတံခါးကို ဖွင့်ပေးလေသည်။

"မိန်းကလေး ကျွန်ုပ်နောက်ကို လိုက်ခဲ့ပါ"

မိန်းမချောလေးသည် ရတနာကုန်သည် ဆာမိဆင်း၏ လုံခြုံမှု အတွက် သက်တော်စောင့်များ စနစ်တကျ စီစဉ်ထားပုံကို လေ့လာမိ လေသည်။

မိန်းမချောလေးသည် ရှေ့မှ ဦးဆောင်ခေါ်သော နောက်မှ လိုက်လာ ရင်း အိမ်တစ်အိမ်လုံး၏ အနေအထားကို လေ့လာမိလေသည်။ ရှေ့မှ ဦးဆောင်ခေါ်သွားသူ အိမ်အလယ်ကြောင်လိမ်လှေကားမှ အပေါ်သို့ တက်သွားလေသည်။ မိန်းမချောလေးလည်း နောက်မှ ထပ်ချပ်မကွာ လိုက်၍ သွားလေသည်။ အိမ်အပေါ်ထပ်သို့ ရောက်သောအခါ ဧည့်ခန်း ဟု ယူဆရသော အခန်းတစ်ခန်းရှေ့သို့ ရောက်သောအခါ ရတနာကုန်သည် ဆာမိဆင်းမှာ သက်တော်စောင့်တစ်ယောက်နှင့်အတူ မိန်းမချောလေး ကို ခရီးဦးကြိုလေသည်။

"ကမ္ဘောဇ အနွယ်ဝင် ထိပ်ထားလေးကို ခရီးဦးကြိုပြုပါတယ်၊ ဧည့်ခန်းအတွင်းဘက်ကို ကြွပါ"

"အခုလို သူဌေးကြီးမစ္စတာဆာမိဆင်းနဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

မိန်းမချောလေးသည် အလိုက်သင့် ပြန်လည်နှုတ်ဆက်၍ ဧည့်ခန်းအတွင်းဘက်သို့ တည်ငြိမ်သောဟန်ဖြင့် ဝင်၍ မိမိအတွက် နေရာသတ်မှတ်ပေးသော ဆက်တီခုံပေါ်သို့ အိန္ဒြေရစွာ ဝင်၍ ထိုင်လိုက်လေသည်။ ရတနာသူဌေး ဆာမိဆင်းမှ စတင်၍

"ထိပ်ထားလေး. . အပူသုံးဆောင်လိုပါသလား၊ အအေး သုံးဆောင်လိုပါသလား၊ တစ်ခုခုနဲ့ ဧည့်ခံပါရစေ၊ လာရင်းကိစ္စကို အမောဖြေပြီးမှ ပြောပါ"

"အခုလို အိမ်ရှင်ပီသစွာ တာဝန်ကျေပွန်မှုကို လေးစားပါတယ်။ မစ္စတာဆာမိဆင်း ကျွန်မအနေနဲ့ ဘာတစ်ခုမှ မသုံးဆောင်ချင်ပါဘူး။ ကျွန်မအနေနဲ့ မစ္စတာဆာမိဆင်းနဲ့ အရောင်းအဝယ်ကိစ္စကို နှစ်ကိုယ်ကြား ဆွေးနွေးချင်ပါတယ်"

"ဒီအတွက်တော့ မပူပါနဲ့ ထိပ်ထားလေး၊ ကျွန်တော့်အနားမှာရှိတဲ့ ကျွန်တော့်ရဲ့ သက်တော်စောင့် တပည့်နှစ်ဦးက ကျွန်တော့်လုပ်ငန်းအပေါ်မှာ သစ္စာရှိပါတယ်။ သူတို့ရှေ့မှာလည်း လုပ်ငန်းကိစ္စကို ဖွင့်ပြောလို့ရပါတယ်။ ဒါပေမယ့် ထိပ်ထားလေးအနေနဲ့ လွတ်လပ်မှုမရှိဘူး ဆိုရင် ကျွန်တော် အလိုက်သိတတ်စွာနဲ့ ရှောင်ခိုင်းပါ့မယ်"





မစ္စတာဆာမိဆင်း စကားအဆုံး၌ သက်တော်စောင့်နှစ်ဦးစလုံးသည် ဧည့်ခန်းအတွင်းမှ အပြင်ဘက်သို့ထွက်သွားလေသည်။ သက်တော်စောင့်နှစ်ဦးစလုံး ထွက်သွားပြီး အတန်ကြာမှ မစ္စတာဆာမိဆင်းမှ စတင်၍

"ထိပ်ထားလေး လာရင်းကိစ္စနဲ့ပတ်သက်ပြီး ပွင့်လင်းစွာနဲ့ ပြောလို့ ရပါပြီ"

"အခုလို နားလည်မှုပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ ပထမဦးဆုံး မစ္စတာဆာမိဆင်းကို လက်ဆောင်တစ်ခု ပေးပါရစေ"

မိန်းမချောလေးသည် စကားဆုံးသည်နှင့် မိမိ စလွယ်သိုင်းလွယ်လာသော လွယ်အိတ်ထဲမှ ဆီစိမ်စက္ကူဖြင့် ပတ်ထားသော အရာဝတ္ထုတစ်ခုကို ဆွဲထုတ်၍ အပေါ်ယံ ပတ်ထားသော စက္ကူများကို ဖယ်ထုတ်လိုက်သောအခါ ကိုးလက်မခန့်ရှိ လွန်စွာမှ လက်ရာကောင်းစွာဖြင့် ထုဆစ်ထားသော လှပကြော့ရှင်းသော မိန်းမပျိုလေးသည် နက်မှောင်သော ကြောင်ကလေးတစ်ကောင်ကို ပွေ့ပိုက်ထားသော ပန်းပုရုပ်ကလေးပင် ဖြစ်လေသည်။

မိန်းမချောလေးသည် ၎င်းပန်းပုရုပ်ကလေးကို မစ္စတာဆာမိဆင်းကို ပေးလိုက်လေသည်။ ရတနာကုန်သည်ကြီး ဆာမိဆင်းမှာ မိန်းကလေး လက်ဆောင်ပေးသော ပန်းပုရုပ်ကလေးကို ကြည့်၍ မျက်နှာပျက်သွားလေသည်။ ရတနာကုန်သည်ကြီး ဆာမိဆင်းမှာ ပျက်သွားသောမျက်နှာကို ပြန်လည်ထိန်း၍ မိန်းကလေးကို သေချာစွာကြည့်ပြီး-

"ဒီမယ် မိန်းကလေး ကျုပ်က ရတနာလုပ်ငန်းကို ကြီးကြီး ကျယ်ကျယ် ရောင်းဝယ်တဲ့လူပါ။ ပန်းချီ၊ ပန်းပုနဲ့ပတ်သက်ပြီး နားမလည် ပါဘူး။ မိန်းကလေးအနေနဲ့ ကျောက်မျက်ရတနာနဲ့ ပတ်သက်ပြီး အရောင်း အဝယ် လုပ်မယ်ဆိုရင် လာရင်းကိစ္စကိုပြောပါ"

ရတနာကုန်သည်ကြီး ဆာမိဆင်း၏ စကားအဆုံး၌ မိန်းမချော လေးမှာ မစ္စတာဆာမိဆင်းကို သေချာစွာ ကြည့်၍ လှပသော အပြုံးကို ပြုံးကာ-

"ကျွန်မအနေနဲ့ ရတနာကုန်သည်ကြီး ဆာမိဆင်းဆီကို လာရတဲ့ ရည်ရွယ်ချက်ကလည်း အရောင်းအဝယ်တစ်ခုပါ"

"မိန်းကလေး မင်းအနေနဲ့ ဘာရောင်းချင်လဲ ဘာဝယ်ချင်လဲ"

"ကျွန်မ အရောင်းအဝယ်လုပ်မှာက ရှင့်အသက်နဲ့ ကျွန်မ အသက်ပဲ၊ ရှင့်အသက်နဲ့ ကျွန်မအသက်ကို လဲလှယ်ဖို့အတွက် ကျွန်မ လာခဲ့တာပဲ"

မိန်းမချောလေး၏ ထိမထင်သော စကားကြောင့် မစ္စတာဆာမိဆင်း မှာ မယုံကြည်နိုင်စွာဖြင့်

"မိန်းကလေး မင်း စိတ်ကောကောင်းရဲ့လား၊ ဘာကိစ္စနဲ့အသက် ကို အရောင်းအဝယ် လုပ်မှာလဲ၊ အသက်ကို အရောင်းအဝယ် လုပ်တာမျိုး ကျွန်ုပ်မကြားဖူးဘူး"

"မစ္စတာဆာမိဆင်း ရှင်မကြားဖူးသေးတဲ့ စကားကို အခု ကြားဖူးပြီ လို့ သဘောထားပါ၊ ကျွန်မ လာရတဲ့အကြောင်းရင်းက ရှင့် အသက်ကို





နှုတ်ယူဖို့ပဲ၊ အဲဒီအတွက် ကျွန်မအသက်ကို အရင်းအနှီးလုပ်ပြီး ရှင့်ဆီကို လာရတာပဲ။ ရှင့်မှာ သက်တော်စောင့် တစ်ရာထားပါစေ၊ ကျွန်မက ရှင့်ရဲ့အသက်ကို နှုတ်ယူမှာပဲ။ အခု ရှင့်ရဲ့ သက်တော်စောင့်တွေကို ဖယ်ခိုင်း ရတာလည်း ဟိုးတစ်ချိန်က ရှင်တို့ အနိုင်ကျင့်နှိပ်စက်ခဲ့လို့ ကျွန်မမိဘ တွေနဲ့ သေကွဲကွဲခဲ့ရတဲ့ အတွက် အချိန်ကို အရင်းအနှီးပြုပြီး ရှင်တို့ကို သက်စားချေဖို့ စောင့်နေခဲ့တာ ကြာခဲ့ပြီ။ ရှင် မသေခင်မှာ ဘာကြောင့် အသတ်ခံရတယ် ဆိုတဲ့ အကြောင်းကို ရှင့်ကို သိစေချင်လို့ ရှင့်လူတွေကို ခေတ္တရှောင်ခိုင်းတာပဲ"

"ရှင့်ရဲ့ သက်တော်စောင့်တွေက ရှင့်ရဲ့အသက်ကို လုံခြုံအောင် စောင့်နိုင်ဘူး ဆိုတာ ရှင် ယုံကြည်ထားပါ"

မိန်းမချောလေး၏ စကားအဆုံး၌ မစ္စတာဆာမိဆင်းမှာ နံရံတွင် ချိတ်ဆွဲထားသော ဂေါ်ရခါးဓားကောက်ကို ဆွဲယူ၍ မိန်းကလေးကို တိုက်ခိုက်လေသည်။

မိန်းကလေးသည် မစ္စတာဆာမိဆင်း တိုက်ခိုက်သော ဓားချက် များကို လှပသေသပ်စွာ ရှောင်တိမ်းရင်း ညာစလွယ်ပိုင်းဝင်လာသော မစ္စတာဆာမိဆင်း၏ ဓားကိုင်လက်ကို ညာခြေထောက်ဖြင့် ခတ်ထုတ်ပြီး တစ်ဆက်တည်းပင် ကျွံဝင်လာသော မစ္စတာဆာမိဆင်း၏ အရှိက်ကို မြန်ဆန်စွာဖြင့် တစ်ပတ်လှည့်၍ ကန်ထည့်လိုက်လေသည်။

မစ္စတာဆာမိဆင်းမှာ လက်ထဲမှ ဓားလွတ်ကျသွားပြီး မိမိ၏ အရှိက်ကို ပြင်းထန်လှသော ခြေကန်ချက်ထိသွားသဖြင့် မိန်းမချောလေး၏ လျင်မြန်ပြီး အားပါလှသော တိုက်ခိုက်မှုကို မယုံကြည်စွာဖြင့် ကြည့်ရင်း ဒူးညွတ်၍ ခွေကျလေသည်။

မိန်းမချောလေးသည် ရသည့်အခွင့်အရေးကို လျင်မြန်စွာ အသုံးချပြီး ခွေညွတ်သွားသော မစ္စတာဆာမိဆင်းထံသို့ ခုန်ဝင်သွားပြီး မစ္စတာဆာမိဆင်း၏ ဇက်ကို လှည့်၍ချိုးကာ မစ္စတာဆာမိဆင်း၏ အသက်ကို နှုတ်ယူလိုက်လေသည်။ ညှော်ခန်းအတွင်းမှ ဆူညံသော တိုက်ခိုက်သံနှင့် မစ္စတာဆာမိဆင်း၏ အော်သံကို ကြား၍ ညှော်ခန်းအပြင်ဘက်သို့ ရှောင်ထွက်သွားသော မစ္စတာဆာမိဆင်း၏ သက်တော်စောင့်နှစ်ယောက်သည် ညှော်ခန်းအတွင်းဘက်သို့ ပြေးဝင်လာလေသည်။ ညှော်ခန်းအတွင်းသို့ ရောက်သောအခါ လဲကျနေသော မစ္စတာဆာမိဆင်းကို ကြည့်၍ အခြေအနေကို သဘောပေါက်ပြီး မိန်းမချောလေးကို နှစ်ဦးသား ဝိုင်း၍ တိုက်ခိုက်ကြလေသည်။

မိန်းမချောလေးသည် နှစ်ဦးသားဝင်၍ တိုက်ခိုက်သော ဓားချက်များကို လှုပ၊ ကျွမ်းကျင်စွာ ရှောင်တိမ်းရင်း သက်တော်စောင့် နှစ်ဦးစလုံး၏ နားရွက်နောက် လက်နှစ်လုံးအကွာရှိ မေ့ကြောနေရာသို့ လက်ဝါးဓောင်းဖြင့် ခပ်ဆတ်ဆတ် ရိုက်ထည့်လိုက်လေသည်။ မိန်းကလေးကို ဝိုင်း၍ တိုက်ခိုက်သော မစ္စတာဆာမိဆင်း၏ သက်တော်စောင့် နှစ်ဦးစလုံးမှာ ရှေ့ဆင့်နောက်ဆင့် လဲကျ မေ့မြောသွားလေသည်။





မိန်းမချောလေးသည် တွန့်ကြေသွားသော အဝတ်အစားများကို သပ်ရပ်စွာ ပြုပြင်၍ အလာတုန်းကလိုပင် တည်ငြိမ်သော အိန္ဒြေအသွင်ကို ဆောင်၍ မစ္စတာဆာမိဆင်း၏ အိမ်ပေါ် ညှော်ခန်းဆီမှ ဆင်း၍ ခြံတံခါးဝသို့ ပြန်လျှောက်ခဲ့လေသည်။

ခြံတံခါးဝသို့ ရောက်သောအခါ ဂေါ်ရခါးခြံစောင့်ကို နှုတ်ဆက်၍ ခြံရှေ့တွင်ရပ်ထားသော မိမိ၏ရထားလုံးပေါ် တက်၍ အလာလမ်းအတိုင်း မြင်းခွာသံစည်းချက်ညီစွာဖြင့် ထွက်ခွာသွားလေသည်။

# အခန်း (၅)

"ကလင်. . ကလင်. . ကလင်"

စီအိုင်ဒီရုံးတွင်းရှိ စုံထောက်မင်းကြီး စားပွဲပေါ်၌ရှိသော တယ်လီဖုန်းမှ လူခေါ်အချက်ပေးသံ ထွက်ပေါ်လာလေသည်။

စုံထောက်မင်းကြီးလည်း ရီဗာဆယ်ပေါ်မှ တယ်လီဖုန်းကို ကောက်ယူနားထောင်ပြီး ရုတ်တရက် မျက်ခုံးနှစ်ဖက် မြင့်တက်သွားပြီး

"အိုး. . ဂေါ့ဒ်. . ဘုရားသခင်"

"အခုပဲ စီအိုင်ဒီက စုံထောက်တွေကို လွှတ်လိုက်ပါ့မယ်"

စုံထောက်မင်းကြီးလည်း တယ်လီဖုန်းကို ရီဗာဆယ်ပေါ်သို့ ပြန်တင်ပြီးနောက် ကျွန်ုပ်တို့စုံထောက်ကျော်များကို ခေါ်ယူ၍

"လူကလေးတို့ မနေ့ညဂိုင်းလောက်က ကနေဒီကျွန်းနားက





လမ်းသွယ် တစ်ခုထဲမှာနေတဲ့ ရတနာကုန်သည်ကြီး မစ္စတာဆာမိဆင်း ဆိုတဲ့သူ အသတ်ခံရတယ်ဆိုတဲ့ အကြောင်းကို အခုပဲ ဗဟန်းဝတ်တာ ရာဇဝတ်အုပ် အကြောင်းကြားတယ်။ လူကလေးတို့ အခုပဲ လူသတ်မှု ဖြစ်တဲ့နေရာကိုသွားပါ"

"ရက်ဆား. . မင်းကြီး"

"လူကလေးတို့. . ဆားပုလင်းမင်းနောင် ဘယ်ရောက်နေလဲ"

မင်းကြီး စကားအဆုံး၌ ပေကြိုးပီတာ (ခေါ်) အိုင်ပီပီတာက

"မင်းကြီး ဆားပုလင်းမင်းနောင် ရုံးမတက်တာ နှစ်ရက်ရှိပါပြီ။ ဆားပုလင်းမင်းနောင် မရှိလည်း အမှုမှန် မြန်မြန်ပေါ်အောင် ကျွန်တော်တို့ အိုင်ပီတွေ ကြိုးစားပါ့မယ်"

"နိုး. . နိုး. . လူကလေးပီတာ လူကလေးတို့ရဲ့ အစွမ်းအစကို ကျွန်ုပ်ယုံပါတယ်။ ဆားပုလင်းမင်းနောင် ရုံးမတက်တာ အလုပ်ကို မလေးစားတာ မဟုတ်ဘူး။ သူ့မှာ အခြားအကြောင်းရှိမယ်လို့ ကျွန်ုပ် ယုံကြည်တယ်။ လူကလေးတို့ ဆားပုလင်းမင်းနောင်ကို ဝင်ခေါ်သွားပါ"

"ရက်ဆား . . မင်းကြီး"

မင်းကြီး စကားအဆုံး၌ ကျွန်ုပ်တို့လည်း မင်းကြီးကို ဆလုရိုက် အလေးပြုကာ မင်းကြီးရုံးခန်းအတွင်းမှ ထွက်၍ ကျွန်ုပ်တို့ စီအိုင်ဒီမှ ဖွတ်ကား (ခေါ်) ဖို့ဒ်ကား နှစ်စီးပေါ်သို့ လူခွဲ၍တက်ကာ စီအိုင်ဒီရုံးမှ ထွက်ခဲ့လေသည်။

ကိုနေမျိုး၊ ကိုပီတာ၊ ကိုမြင့်ဇော် တို့မှာ ကားတစ်စီးစီး၍ ကျွန်ုပ်နှင့် ကိုမျိုးအောင်မှာ တစ်စီး ဖြစ်လေသည်။

ကိုနေမျိုး၊ ကိုပီတာတို့မှာ ကျွန်ုပ်တို့အား အခင်းဖြစ်သည့် နေရာမှ စောင့်နေမည်ဟု ပြော၍ ကျွန်ုပ်တို့ထက်ဦးအောင် အခင်းဖြစ်ပွားရာသို့ အရင်သွားနှင့်လေသည်။

ကျွန်ုပ်နှင့်ကိုမျိုးအောင်လည်း ကိုမင်းနောင်ကို ဝင်ခေါ်ရန်အတွက် ကိုမင်းနောင် နေထိုင်ရာ စမ်းချောင်းဘက်သို့ ထွက်ခဲ့လေသည်။

မကြာမီပင် ကျွန်ုပ်တို့ မောင်းလာသော ဖို့ဒ်ကားလေးသည် ဗားဂရာလမ်းအရှေ့စူးစူး ကိုးထပ်ကြီးဘုရားကို ကျော်၍ ရှမ်းလမ်းအတွင်းဘက်သို့ ချိုးဝင်၍ ကုလားလေးခြံအနောက်ဘက် (ယခု) သီရိခေမာ ရပ်ကွက်ရှိ ကိုမင်းနောင်အိမ်သို့ ရောက်ခဲ့လေသည်။

ကျွန်ုပ်တို့လည်း ကားစက်ကိုသတ်၍ ကိုမင်းနောင်အိမ်ပေါ်သို့ တက်ခဲ့လေသည်။ ကိုမင်းနောင်လည်း ကျွန်ုပ်တို့ကို မြင်သည်နှင့် ဖတ်လက်စ စာအုပ်တစ်အုပ်ကို စာအုပ်စင်ပေါ်သို့ ပြန်တင်ပြီး

"အိုင်ပီနဲ့ကိုမျိုးအောင် အမောပြေ ခဏထိုင်အုံးဗျာ၊ ကျွန်တော်ရေချိုးလိုက်အုံးမယ်၊ ရေချိုးပြီးမှ အမှုဖြစ်တဲ့ဆီကို သွားကြတာပေါ့"

ကိုမင်းနောင်၏စကားကြောင့် ကျွန်ုပ်မှာ အံ့အားသင့်စွာဖြင့်

"အိုင်ဆေး. . . ကိုမင်းနောင်၊ ကျွန်တော်တို့က စကား,မစရသေးဘူး၊ ခင်ဗျားက အမှုဖြစ်တာ သိသွားပြီလား"





ကျွန်ုပ်၏စကားအဆုံး၌ ကိုမျိုးအောင်က

"အိုင်ပီ. . ဦးထွန်းအောင်ရေ၊ ကျွန်ုပ်တို့လူက ရုံးကို နှစ်ရက်မလာဘဲ အိမ်ထဲမှာနေပြီး ရုံးကို ဘာအမှုတွေ ရောက်လာပြီလဲဆိုတာကို တတိယမျက်လုံးလို့ခေါ်တဲ့ စိတ်စွမ်းအားကို အသုံးပြုပြီး လေ့လာနေလားမသိဘူး"

"စိတ်စွမ်းအား မဟုတ်ပါဘူး ကိုမျိုးအောင်နဲ့အိုင်ပီရယ်၊ ကိုမျိုးအောင်နဲ့အိုင်ပီ တို့ မျက်နှာမှာစိတ်ရှုတ်ထွေးနေတဲ့ မျက်နှာ ပေါ်လွင်နေတာရယ်၊ ရုံးတက်မှန်တဲ့ အိုင်ပီက ရုံးချိန်အတွင်းမှာ ရုံးကကားနဲ့ ကျွန်တော့်ဆီကို လာတာရယ်က အိုင်ပီတို့အနေနဲ့ ကျွန်တော့်ဆီကို အချိန်ယူပြီး လာလည်တာ မဖြစ်နိုင်ဘူးဆိုတာ တွက်ပြီး ပြောတာပါ"

ကိုမင်းနောင် စကားအဆုံး၌ ကိုမျိုးအောင်က. .

"အိုင်ပီရေ . . ကိုမင်းနောင် ရှင်းပြတော့လည်း ဟုတ်နေတာပဲ၊ ကိုမင်းနောင်ရဲ့ ကြိုတင်တွေးမြင်တတ်တဲ့ အတွေးအခေါ် အမြော်အမြင်ကို လေးစားတယ်ဗျာ"

"ကိုမျိုးအောင် ကျွန်တော့်ကို အခုလို ချီးမွမ်းတဲ့အတွက် ဒီမနက်စာကို ကျွန်တော်က ဒကာခံပါ့မယ်ဗျာ"

"ဟဲ. . ဟဲ. . ဟဲ"

"ဒီအစီအစဉ်ကိုတော့ ကျွန်တော် သဘောတူတယ်ဗျို့၊ ကိုမင်းနောင်က ကျွန်တော့်ရင်ထဲမှာ ဘယ်လိုတွေးနေလဲဆိုတာကိုပါ သိနေတယ် အိုင်ပီရေ"

ကိုမျိုးအောင်၏စကားကြောင့် ကျွန်ုပ်နှင့်ကိုမင်းနောင်လည်း ရယ်မောမိလေသည်။

ထို့နောက် ကိုမင်းနောင်သည် ရေချိုးခန်းအတွင်းသို့ ဝင်၍ ရေချိုးလေသည်၊ မကြာမီ ရေချိုးပြီး၍ အဝတ်အစားလဲကာ သူ၏တပည့် စတန်နီလူမျိုး ကုလားလေးမန်းနီးကို ခေါ်၍ လိုအပ်သည်များကို မှာကြား၍ အိမ်တံခါးကို ပိတ်ကာ ကားမောင်းသည့်နေရာမှာထိုင်၍

"အိုင်ပီ. . ရုံးကနေပြီး ကျွန်တော့်ဆီကို ကားမောင်းခဲ့တာ တော်တော် ပင်ပန်းသွားပြီ အခင်းဖြစ်တဲ့ဆီကို ကျွန်တော်ပဲ မောင်းမယ်၊ ဘယ်ကိုသွား ရမှာလဲ"

"အခင်းဖြစ်ပွားတဲ့နေရာက ကန်တော်ကြီး ကနေဒီကျွန်းအနီးက လမ်းသွယ်တစ်ခုထဲမှာ ဖြစ်ပွားတဲ့ ကော့စ်ကမားဒါးကော့စ်လို့ ဗဟန်းဂတ်က ဌာနအုပ်က အကြောင်းကြားတယ်"

ကျွန်ုပ် စကားဆုံးသည်နှင့် ကိုမင်းနောင်လည်း ကားကလေးကို ညင်သာစွာဖြင့် မောင်းထွက်ခဲ့လေသည်။ ကျွန်ုပ်တို့ စီးလာသော ကား ကလေးသည် ဗားဂရာလမ်းဘက်မှ မြို့ပတ်လမ်း (ခ) ဘောင်ဒရီလမ်းဘက်သို့ ချိုးကွေ့ပြီး ကန်တော်ကြီး ကနေဒီကျွန်းဘက်သို့ ရောက်ရှိခဲ့ပြီး ထိုမှ အမှုဖြစ်ပွားရာ လမ်းချိုးကလေးဘက်သို့ ချိုး၍ဝင်ကာ လူသတ်မှု ဖြစ်ပွား သည့် ရတနာကုန်သည်ကြီး မစ္စတာဆာမိဆင်း၏ ကြီးမားကျယ်ဝန်းသော ခြံရှေ့သို့ ရောက်ခဲ့လေသည်။





ခြံရှေ့တွင် ဗဟန်းဂတ်မှ စန္ဒရီပုလိပ်သားလေး တစ်ဦးမှစောင့်၍ နေလေသည်။ ကျွန်ုပ်တို့ထက် အရင်ရောက်နှင့်နေသော ကိုနေမျိုးတို့ ရပ်ထားသော ကားလေးအနောက်၌ ကားစက်သပ်၍ရပ်ထားပြီး အိမ်အတွင်း ဘက်သို့ ဝင်ခဲ့လေသည်၊ ကျွန်ုပ်တို့ အိမ်ထဲရောက်သောအခါ ပေကြီးပီတာ (ခေါ်) ကိုပီတာက

"ဦးထွန်းအောင်တို့ရေ ကျွန်တော်တို့တော့ လိုအပ်ချက်မရှိအောင် လေ့လာပြီးပြီ၊ ခင်ဗျားတို့ကိုစောင့်နေတာ"

"ကျေးဇူးပဲ ကိုပီတာရေ၊ ကျွန်တော်တို့တော့ (ကလူးစ်) သဲလွန်စ လေး ရှာလိုက်ဦးမယ်"

ထို့နောက် ကိုပီတာကို စကားဖြတ်၍ လူသတ်မှုဖြစ်ပွားရာ အိမ်ပေါ်ထပ်ဧည့်ခန်းအတွင်းသို့ ဝင်ရောက်ခဲ့လေသည်။

သေဆုံးသူ ရတနာကုန်သည်ကြီး ဆာမိဆင်းမှာ အသက် လေးဆယ်ကျော်၊ ငါးဆယ်အတွင်းရှိ၍ ခန္ဓာကိုယ်မှာ သန်စွမ်း ကြံ့ခိုင်မှု ရှိသော ကိုယ်ကာယကို ပိုင်ဆိုင်သူဖြစ်လေသည်။ မစ္စတာဆာမိဆင်းမှာ ပက်လက်အနေအထားနှင့် ပါးစပ်မှ သွေးအနည်းငယ် ယိုစီးကျနေ၍ သွေးစသွေးနများမှာ ခြောက်သွေ့၍ပင် နေလေပြီ၊ ကိုမင်းနောင်သည် သေဆုံးသူ မစ္စတာဆာမိဆင်းကို သေချာစွာ လေ့လာကြည့်ရှု၍ သေဆုံးသူ ၏ ဦးခေါင်းအား လက်နှစ်ဖက်ဖြင့် မ,၍ကြည့်ပြီး ကျွန်ုပ်ဘက်သို့ လှည့်၍

"အိုင်ပီရေ လည်ပင်းအဆစ်ပြုတ်ပြီး သေဆုံးတာပဲ"

ကျွန်ုပ်လည်း ကိုမင်းနောင်၏ ပြောကြားချက်ကို ကျွန်ုပ်၏မှတ်စုစာအုပ်တွင် ရေးမှတ်လေသည်။ ကိုမင်းနောင်သည် သေဆုံးသူဆာမိဆင်း၏ အကျီကြယ်သီးများကို တစ်လုံးစီ ဖြုတ်၍ ကိုယ်ခန္ဓာပေါ်၌ရှိသော ဒဏ်ရာကို ရှာဖွေလေသည်။

သေဆုံးသူ ဆာမိဆင်း၏ ဝမ်းဗိုက်အောက် ဆီးစပ်နားလောက်တွင် ညိုမည်းနေသော ဒဏ်ရာတစ်ခုကို တွေ့၍ ကျွန်ုပ်က

"အိုင်ဆေး .. ကိုမင်းနောင် ဆီးစပ်မှာ ညိုမည်းနေတာ မာကျောတဲ့တုတ်နဲ့ အရိုက်ခံရတာ ထင်တယ်"

"တုတ်နဲ့အရိုက်ခံရတာ မဟုတ်ဘူး အိုင်ပီ၊ တုတ်နဲ့အရိုက်ခံရရင် ညိုမည်းနေတဲ့ဒဏ်ရာဟာ တစ်နေရာတည်းကွက်ပြီး ညိုမနေဘူး၊ အလျားလိုက် အနည်းငယ် ရှည်လျားပြီး နေရမယ်၊ ဒီဒဏ်ရာကို ကြည့်ခြင်းအားဖြင့် တိုက်ခိုက်တဲ့သူဟာ အချိန်ယူပြီး တိုက်ခိုက်မှုကို ပြင်းထန်စွာနဲ့ လေ့ကျင့်ထားမယ့် သဘောရှိတယ်"

"ပြင်းထန်တဲ့ ခြေကန်ချက်ကြောင့် ရတဲ့ဒဏ်ရာဖြစ်တယ် အိုင်ပီ"

ကိုမင်းနောင်၏ ရှင်းပြချက်ကို အံ့ဩစွာဖြင့် ကျွန်ုပ်မှာ မှင်သက်မိလေသည်။

"ကျွန်တော် လေ့လာလို့ပြီးပြီ အိုင်ပီ၊ မော်ကျူရီကို ပို့လို့ရပြီ"

ကိုမင်းနောင်သည် သေဆုံးသူအနားမှ လေ့လာမှုကိုရပ်၍ ညည့်ခန်းအတွင်းလှည့်၍ သဲလွန်စကို ရှာဖွေလေသည်။





ထိုသို့ ရှာဖွေရင်း ဧည့်ခန်းအတွင်း ထားရှိသော ရှေးဟောင်းနဂါးခံကျွန်းဗီရိုကြီးအပေါ်၌ တင်ထားသော ပန်းပုရုပ်ကလေးကို တွေ့လိုက်ရ၍

"အိုင်ပီနဲ့ကိုမျိုးအောင်ရေ ဗီရိုပေါ်က မိန်းမပန်းပုရုပ်ကို ကြည့်ပါအုံး"

ကိုမင်းနောင် စကားကြောင့် ကျွန်ုပ်နှင့်ကိုမျိုးအောင်လည်း ဗီရိုပေါ်၌ တင်ထားသော ပန်းပုရုပ်ကို ယူ၍ ကိုင်တွယ်ကြည့်ရှုလေသည်။ ပန်းပုရုပ်ကလေးမှာ ကိုးလက်မခန့် ရှိပြီး လှပသိမ်မွေ့သော မိန်းမချောလေးမှာ နက်မှောင်သော ကြောင်ကလေးတစ်ကောင်ကို ပွေ့ပိုက်ထားသောပုံ ဖြစ်လေသည်။

ထိုပန်းပုရုပ်ကို မြင်မှ ကျွန်ုပ်နှင့်ကိုမျိုးအောင်လည်း မစ္စတာစတီဗင်သေဆုံးမှုနှင့် ဆက်နွယ်နေသော ထိုပန်းပုရုပ်ကလေးသည် အဘယ်ကြောင့် ယခု သေဆုံးသူ ဆာမိဆင်း၏ အိမ်တွင် ရောက်နေသနည်းဟု စိတ်မှ အတွေးလွန်စွာဖြင့် ကျွန်ုပ်၏ စိတ်ထဲမှ မရှင်းလင်းသည့်အကြောင်းရင်းကို ကိုမင်းနောင်အား အလျင်စလို မေးမြန်းမိလေသည်။

"အိုင်ဆေး. . ကိုမင်းနောင် ဘောက်ထော်ဘက်က မစ္စတာစတီဗင် အသတ်ခံရမှုနဲ့ ပတ်သက်ပြီး အရေးကြီးတဲ့ သဲလွန်စလို့ ခင်ဗျားပြောတဲ့ သူဇာယမင်းရုပ်ကလေးက အခု သေဆုံးသူဆာမိဆင်းနဲ့ပါ လာပြီး ပတ်သတ်နေပါလား၊ ဒီပုံစံဆို ကျွန်တော်တို့တော့ အမှုမှန်ပေါ်ဖို့ တော်တော်တို

ကြိုးစားရတော့မယ့်သဘောပဲဗျာ၊ အမှုက တော်တော်ကိုရှုတ်ထွေးမယ့် သဘောရှိတယ်၊ အခုတွေ့ရတဲ့ သူဇာယမင်းရုပ်ကလေးက မစ္စတာဆာမိဆင်းရဲ့ ကိုယ်ပိုင်ပစ္စည်း ဟုတ်/မဟုတ် ဆိုတာကို သေဆုံးသူဆာမိဆင်းနဲ့ ပတ်သက်တဲ့အိမ်သားတွေကို လိုအပ်တဲ့စစ်ချက် ယူပြီး မေးမြန်းရမယ် အိုင်ပီ"

"သေဆုံးသူရဲ့ အလောင်းကို စတင်တွေ့ရှိသူ ဘယ်သူလဲဆိုတာ ကျွန်တော်တို့ အောက်ထပ်ကိုဆင်းပြီး လိုအပ်တဲ့စစ်ချက်ယူမယ်"

ကျွန်ုပ်တို့လည်း အခင်းဖြစ်ပွားရာ အပေါ်ထပ်ဧည့်ခန်းအတွင်းမှအောက်ထပ်သို့ ဆင်းလာခဲ့ကြလေသည်။

အောက်ထပ်သို့ ရောက်သောအခါ ကိုနေမျိုး၊ ကိုပီတာတို့သည် သေဆုံးသူ ဆာမိဆင်း၏ ပတ်သက်သော အိမ်သားများကို မေးမြန်း၍ စစ်ချက်ယူနေသည်ကို တွေ့ရလေသည်။

ဗဟန်းဂတ်မှ ဂတ်ပိုင်ဦးမြမောင် သေဆုံးသူအလောင်းအား မော်ကျူရီသို့ ပို့လိုက်ပြီ ဖြစ်ကြောင်း ပြောကြားပြီး တစ်ဆက်တည်း ဌာနပိုင် ဦးမြမောင်အား သေဆုံးသူကို ဘယ်သူက စတင်တွေ့ရှိ၍ တိုင်ချက်ဖွင့်ကြောင်း မေးမြန်းလေသည်။

"ဆရာတို့ရေ ဒီမနက် ဝေလီဝေလင်းလောက်မှ သူဌေးဆာမိဆင်းရဲ့လူယုံ ပထန်လူမျိုးဖြစ်တဲ့ ဆွန်နားက ရတနာကုန်သည်ကြီးဆာမိဆင်း အသတ်ခံရလို့ သေဆုံးနေသည်ဖြစ်၍ အခင်းဖြစ်ပွားရာသို့ လိုက်၍





ကြည့်ပါ ဆိုပြီး ရထားလုံးနှင့်ဂတ်ကို လာပြီး အမှုဖွင့်တာပဲ ဆရာဦးထွန်းအောင်"

"ကျွန်တော်လည်း အမှုဖြစ်ပွားတဲ့ဆီကို မလိုက်ခင် ဆရာတို့ စီအိုင်ဒီကို အကြောင်းကြားလိုက်တာပဲ"

"ကျေးဇူးတင်တယ် ဦးမြမောင်ရေ၊ သဲလွန်စမပြောင်းလဲခင် အမှုတစ်ခုကို စတင်လေ့လာမှ လိုအပ်တဲ့ အချက်အလက် လွတ်ထွက်မသွားမှာ မဟုတ်လား"

ဦးမြမောင်မှာ ကျွန်ုပ်နှင့် စကားပြောမှုကိုရပ်၍ သူ၏ဂတ်မှ စန္ဒရီပုလိပ်သားလေးများနှင့် အလောင်းကို မော်ကျူရီကို ပို့ဆောင်နိုင်ရန် လိုအပ်ချက်များကို ညွှန်ကြားနေလေသည်။

အိုင်ပီမျိုးအောင်မှာ

"အိုင်ပီရေ ကျွန်တော် ခြံထဲမှာ ဘာထူးခြားမှုရှိမလဲဆိုတာ ဆင်းပြီး ရှာဖွေလိုက်အုံးမယ်။ သေဆုံးသူ အလောင်းကို ရင်ခွဲရုံကို ပို့ဖို့ လုပ်နေတာ၊ နှလုံးမကောင်းတဲ့အတွက် ဆင်းပြီး ရှောင်လိုက်အုံးမယ်"

ကိုမျိုးအောင် စကားကြောင့် ကျွန်ုပ်လည်း ရယ်မောမိလေသည်။

တစ်အောင့်မျှကြာလျှင် ကိုနေမျိုး၊ ကိုပီတာတို့၏ မေးမြန်းမှု ခေတ္တ ရပ်သွားသဖြင့် ကျွန်ုပ်တို့လည်း အမှုတစ်မှုဖြစ်ပွားပါက ပထမ သတင်းပေးသူ စတင်၍ မေးမြန်းရမည့်ထုံးစံအတိုင်း သေဆုံးသူဆာမိဆင်း၏အကြောင်းကို ဗဟန်းဂတ်သို့ လာရောက် တိုင်ကြားသော ဆာမိဆင်း၏ လူယုံ ပထန်လူမျိုး ဆွန်နားအား စတင် မေးမြန်းလေသည်။

"ဆွန်နား"

ကျွန်ုပ်၏ ခေါ်သံကြောင့် ဆွန်နားမှာ ကျွန်ုပ်ကိုမော့ကြည့်၍

"အချားဆပ် ကုလား ဘာပြောရမလဲ ဆပ်"

"ဗဟန်းဂတ်မှာ အမှုလာဖွင့်တာ မင်းဆို"

"ဟုတ်ပါတယ် ဆပ်"

"သေဆုံးသူကို စတင်တွေ့ရှိတာ ဘယ်သူလဲ"

"သူဌေး သေဆုံးတာ ကျွန်တော်တို့ မျက်စိရှေ့မှာပါ ဆပ်"

"ဘာ. . ဘယ်လို"

"ဆွန်နား စကားကြောင့် ကျွန်ုပ်မှာ အံ့အားသင့်သွားလေသည်။ ထိုအခိုက်တွင် ကိုမင်းနောင်က

"ဆွန်နား မင်းတို့မျက်စိရှေ့တင် မစ္စတာဆာမိဆင်း အသတ်ခံရတာကို တွေ့တာနဲ့ မင်းနဲ့ဟိုမှာ ထိုင်နေတဲ့ တစ်ယောက်နဲ့ပေါင်းပြီး ဝိုင်းတိုက်ကြတယ်မဟုတ်လား"

"ငါ့အထင်တော့ မင်းတို့ တိုက်ခိုက်တာ ဂေါ်ရခါးဓားကောက်တွေနဲ့ထင်တယ်"

ကိုမင်းနောင် စကားကြောင့် ဆွန်နားမှာ ကိုမင်းနောင်ကို ကြည့်၍ မယုံကြည်နိုင်စွာဖြင့်

"ဟုတ်ပါတယ် ဆပ်၊ ချွန်နော်တို့နော် သူဌေးအသက်ကို စောင့်ရှောက်ဖို့ တာဝန်ယူထားတယ် ဆပ်၊ ချွန်နော့်သူငယ်ချင်း အဗ္ဗဒူနဲ့ ချွန်နော်





တို့သူဌေးအသက်ကို လုံခြုံအောင် မစောင့်ရှောက်နိုင်တဲ့အတွက် ချွန်နော်တို့ အားကြီး စိတ်မကောင်းဖြစ်တယ် ဆပ်"

"တာဝန်မကျေဘဲ ချွန်နော်တို့ ဓားတွေကိုလည်း ထုတ်မကိုင်ရဲတော့လောက်အောင် ဖြစ်တာနဲ့ ချွန်နော်တို့ အခန်းထဲမှာ သိမ်းထားတယ် ဆပ်"

"ဆွန်နား မင်းသိတာကိုပဲ ဆက်ပြီးပြောပါ"

အမှုလမ်းကြောင်း ပြောင်းသွားမည်စိုးသည့်အတွက် စကားလမ်းကြောင်း ပြန်တည့်ရလေသည်။

"ဖြစ်တဲ့အကြောင်းရင်းကို ချွန်တော် ရှင်းပြပါမယ် ဆပ်"

"ညနေ မှောင်စပျိုးလောက်တဲ့အချိန်မှာ မြင်းနှစ်ကောင်တပ် ဒေါက်ကပ်တစ်စီးနဲ့ ယောကျ်ားလေးလို ဝတ်ထားတဲ့ ရှမ်းပင်နီအကျႌ ဘောင်းဘီနဲ့ မိန်းကလေးတစ်ဦးက သူက ရှမ်းစော်ဘွားမျိုးနွယ်ဖြစ်တယ် ဆိုတဲ့အကြောင်းနဲ့ သူဌေးဆီမှာ လိုအပ်တဲ့ရတနာပစ္စည်း တော်တော်များများ ဝယ်မယ်လို့ ပြောတဲ့အတွက် ခြံစောင့်ဂျစ်မဟာဒူးက သေသေချာချာ စစ်ဆေးပြီး သူဌေးဆီက ခွင့်ပြုလို့ အဲဒီ မိန်းကလေးကို ခြံတံခါးဖွင့်ပေးပြီး ဝင်ခွင့်ပြုလိုက်တယ် ဆပ်"

"ချွန်နော်က အိမ်အောက်ထပ်ကနေ သွားကြိုဆိုပြီး အပေါ်ဧည့်ခန်းအတွင်း သူဌေးနဲ့တွေ့ပေးပါတယ် ဆပ်။ ချွန်နော်နဲ့ အဗ္ဗဒူနဲ့ သူဌေးအနားမှာ နေနေတာကို ကောင်မလေးက ဖယ်ခိုင်းတဲ့အတွက်

သူဌေးရဲ့ခွင့်ပြုချက်နဲ့ ကျွန်တော်တို့ အောက်ထပ်ကိုဆင်းပြီး သူဌေးရဲ့ အခေါ်ကို စောင့်နေတယ် ဆပ်။ မကြာခင်မှာပဲ အပေါ်ထပ်စည့်ခန်း အတွင်းမှာ တိုက်ခိုက်သံတွေ ကြားတာနဲ့ ဘာဖြစ်လဲဆိုတာ သိချင်တာနဲ့ သူဌေးရဲ့အခေါ်ကို မစောင့်ဘဲ ချွန်နော်နဲ့ အဗ္ဗဒူတို့နှစ်ယောက်လည်း အပေါ်ထပ်ကို ပြန်တက်ခဲ့တယ် ဆပ်"

"ချွန်နော်တို့ စည့်ခန်းထဲ အရောက်လောက်မှာ သူဌေးရဲ့ စူးဝါးစွာ အော်သံကြားပြီး အခု သေဆုံးနေတဲ့အတိုင်း လဲကျသွားတာကို တွေ့ရ တယ် ဆပ်"

"ချွန်နော်နဲ့အဗ္ဗဒူလည်း လူသတ်သမားကောင်မလေးကို ဝိုင်းပြီး တိုက်ခိုက်ကြတယ်။ အချိန်နည်းနည်း ကြာသွားတာတောင် ချွန်နော်တို့ တိုက်ခိုက်မှုက ဘာမှအရာမရောက်ဘူး ဖြစ်နေတယ်။ အဲဒီလို တိုက်ခိုက် တဲ့ အကြားက မိန်းကလေးရဲ့လက်ချက်နဲ့ ချွန်နော်တို့နှစ်ဦးစလုံး လဲကျ မေ့မြောသွားတယ် ဆပ်"

"ချွန်နော်တို့ သတိရတော့ ည (၂) နာရီတောင်ထိုးပြီးပြီ ဆပ်၊ ချွန်နော်တို့လည်း သတိရတာနဲ့ ခြံရှေ့မှာ အစောင့်စောင့်နေတဲ့ ဂျစ်မဟာဒူး ကို ဆင်းကြည့်တော့ ခြံစောင့်မဟာဒူးက ဖြစ်ပွားပုံကို ဘာတစ်ခုမှ မသိဘဲ သူ့ တာဝန်အတိုင်း သူ့ရဲ့အစောင့် ကင်းတဲမှာ ကျောက်ရုပ်ကြီးတစ်ရုပ်လို စောင့်နေတာ တွေ့ရပါတယ်။ အဲဒါနဲ့ ချွန်နော်လည်း ညဦးကတည်းက အိမ်ပေါ်ထပ်မှာ သူဌေး အသတ်ခံရတယ် ဆိုတဲ့အကြောင်းနဲ့ သူဌေး





အသက်ကို နှုတ်ယူသည်မှာ မဟာဒူးခြံတံခါးကို ဖွင့်ပေးလိုက်သော မိန်းကလေးဖြစ်ကြောင်းကို သူ့ကို ရှင်းပြပြီး သူဌေးရဲ့ရထားနဲ့ ဗဟန်းဂတ် ကို အကြောင်းကြားပါတယ် ဆပ်"

ဆွန်နား၏ စကားအဆုံး၌ ကိုမင်းနောင်က

"ဆွန်နား မင်းပြောတာတွေ မှန်ပါတယ်။ ဒါပေမယ့် မပြည့်စုံ သေးဘူး။ လိုတဲ့အချက်အလက်တွေ ရှိသေးတယ်ကွာ။ မင်းနဲ့ အဗ္ဗဒူနဲ့ နှစ်ယောက်သတိရတဲ့အခါ စည့်ခန်းအတွင်းက ဆက်တီစားပွဲတွေကို ဖယ်ပြီး အောက်ထပ်မှာ အပိုရှိတဲ့ စားပွဲတွေ ပြန်တင်၊ မင်းတို့ တော်တော် ပင်ပန်းသွားတယ် မဟုတ်လား"

ကိုမင်းနောင်၏စကားကြောင့် ဆွန်နားနှင့် အဗ္ဗဒူတို့နှစ်ယောက် မှာ ကြောက်လန့်စွာဖြင့် မယုံနိုင်ဖွယ်ရာ ကိုမင်းနောင်ကို ကြည့်ပြီး

"ဟုတ်ပါတယ် ဆပ်၊ ကောင်မလေးကို ချွန်နော်တို့ ဝေါရခါး ဓားနဲ့ ဝိုင်းပြီး တိုက်ခိုက်တာ လူကို နည်းနည်းလေးမှမထိဘဲ သစ်သား ဆက်တီစားပွဲကို အချက်ပေါင်းများစွာ ထိပြီး ဆက်တီစားပွဲ တော်တော် ကို ရုပ်ပျက်သွားတယ် ဆပ်"

"ချွန်နော်တို့ ဓားချက်တွေကြောင့် ဆက်တီစားပွဲပျက်စီးသွား တာကိုကြည့်ပြီး သူဌေးကို ချွန်နော်တို့ လုပ်ကြံတယ်ထင်မှာစိုးလို့ ဓားဒဏ်ရာတွေနဲ့ ဆက်တီစားပွဲကိုဖယ်ပြီး အောက်ထပ်မှာ အပိုရှိတဲ့ ဆက်တီစားပွဲဟောင်းတစ်ခုနဲ့ လဲထားလိုက်တာပါ"

ဆွန်နား စကားအဆုံး၌ ကိုမင်းနောင်က ညှော်ခန်းအတွင်း ကွန်းဗီဒိုပေါ်၌ တင်ထားသော သူဇာယမင်းရုပ်ကလေးကို ပြပြီး

"ဆွန်နား မင်းနဲ့အဗ္ဗဒူတို့နှစ်ယောက် ဆက်တီစားပွဲကို လဲလှယ်ရင်း စားပွဲပေါ်မှာရှိတဲ့ ဟောဒီ သူဇာယမင်းရုပ်ကလေးကို စားပွဲပေါ်ကနေ ယူပြီး ကွန်းဗီရိုပေါ်ကို တင်ထားတာမဟုတ်လား"

ကိုမင်းနောင်၏ တိကျသေချာသော အမေးကြောင့် ဆွန်နားတို့မှာ သူခိုးကို လူမိသည့် ထုံးစံအတိုင်း ကြောက်ရွံ့စွာဖြင့်

"ဟုတ်ပါတယ် ဆပ်၊ ဆက်တီခုံကို ဖယ်ရင်း စားပွဲပေါ်မှာရှိတဲ့ အဲဒီပန်းပုအရုပ်ကို ယူပြီး ဗီရိုပေါ်ကို တင်ထားမိပါတယ်"

"အေး . . မင်းတို့ပြောမယ့် စကားကို ငါတို့ ယုံကြည်အောင် မင်းတို့အနေနဲ့ မှန်မှန်ကန်ကန် ဖြေဖို့လိုတယ်"

"ဟုတ်ကဲ့ပါ . . ဆရာ၊ ချွန်နော် စကားမချန်စေရပါဘူး။ ချွန်နော်တို့တော့ အမှုနဲ့မပတ်သက်အောင် ကူညီပါ ဆရာ"

"အမှန်တရားကို နတ်စောင့်တယ် ဆိုတဲ့ စကားပုံဟာ ငါတို့ မြန်မာလူမျိုးတွေမှာ ရှိတယ်။ ဆွန်နား မင်းတို့အနေနဲ့ အမှားတစ်ရံတော့ မဖြစ်စေနဲ့"

"ဟုတ်ကဲ့ပါ ဆပ်"

"အခု ငါမေးတဲ့အချက်တွေကို မင်းတို့ခေါင်းထဲမှာ သေသေချာချာ စဉ်းစားပြီးမှ တစ်ခုစီ ဖြေပါ။ ဒီသူဇာယမင်းရုပ်ကလေးက မင်းတို့သူဌေး ဆာမိဆင်းဆီမှာ နဂိုကတည်းက ရှိတာလား"





ကိုမင်းနောင်၏ မေးမြန်းမှုအဆုံး၌ ဆွန်နားနှင့် အဗ္ဗဒူတို့နှစ်ယောက်စလုံးမှာ မျက်မှောင်ကြုတ်၍ စဉ်းစားပြီး "အမှတ်တမဲ့တော့ ဖြစ်နေတယ် ဆရာ၊ ညှော်ခန်းအတွင်းကို ကျွန်တော်တို့အနေနဲ့ သူဌေးက ခေါ်မှ တက်ခွင့်ရပါတယ်။ သူဌေးကမခေါ်ရင် အောက်ထပ်မှာပဲ ကျွန်တော်တို့ နေရပါတယ် ဆပ်၊ အရေးကြီးတဲ့ ရတနာပစ္စည်း အရောင်းအဝယ် လုပ်တဲ့အခါမျိုးကျမှ သူဌေးရဲ့ သက်တော်စောင့်အနေနဲ့ သူဌေးခေါ်မှ ညှော်ခန်းအတွင်း သူဌေးရဲ့နားမှာနေရတယ် ဆပ်"

"အရေးမကြီးတဲ့ အကြောင်းနဲ့ စိတ်ချရတဲ့ အနေအထားရှိရင် ကျွန်တော်တို့ အလွန်ဆုံး ညှော်ခန်းအပေါက်ဝလောက်မှာပဲ စောင့်ရတယ်။ အရင်တုန်းက ညှော်ခန်းအတွင်း ဆက်တီခုံပေါ်မှာ ဒီအရုပ်ကို မတွေ့ဖူးဘူး ဆပ်။ သူဌေး ဘယ်အချိန်လောက်က ဒီအရုပ်ကို စားပွဲပေါ်တင်ထားလဲဆိုတာ သတိမထားမိဘူး ဆပ်"

ဆွန်နားတို့၏ စကားအဆုံး၌ ကိုမင်းနောင်က လိုအပ်ချက်တို ဆက်၍ မေးလေသည်။

"မင်းတို့အနေနဲ့ မနေ့ညပိုင်းလောက်က မစ္စတာဆာမိဆင်းရဲ့ ခွင့်ပြုချက်နဲ့ အပေါ်ထပ်ညှော်ခန်းအတွင်းကို မတက်ခင် အဲဒီထက်အရင် နောက်ဆုံးတစ်ခေါက် တက်ခဲ့တာ ဘယ်လောက်ရှိသွားပြီလဲ"

ဆွန်နား စဉ်းစားရင်း

"ဆယ်ရက်လောက်တော့ ရှိပြီ ဆပ် မိုးကုတ်ဘက်က ကုန်သည်

တစ်ယောက်နဲ့ ကျောက်မျက်တစ်လုံး အရောင်းအဝယ်လုပ်တဲ့နေ့က ချွန်နော်တို့ အပေါ်ထပ်ကို နောက်ဆုံး တစ်ခေါက် ရောက်ပါတယ် ဆပ်"

"အဲဒီနောက် မနေ့ညနေကမှ နောက်တစ်ခေါက် အပေါ်ထပ်ကို တက်ခွင့်ရပါတယ် ဆပ်"

"အဲဒီလောက် သိရရင် ကျေနပ်ပါပြီ မစ္စတာဆာမိဆင်းနဲ့ မင်းတို့ရဲ့ကိုယ်ရေးကိုယ်တာ အနည်းအကျဉ်းတော့ သိချင်သေးတယ်ကွာ"

"ဟုတ်ကဲ့ပါ ဆရာ၊ ချွန်နော်တို့ သိတာမှန်သမျှ ဖြေပါ့မယ်"

"မစ္စတာဆာမိဆင်း ဆီမှာ မင်းတို့အလုပ်ဝင်တာ ဘယ်လောက်ကြာပြီလဲ"

"ချွန်နော်နဲ့ အဗ္ဗဒူက အိန္ဒိယမှာ မွေးဖွားတဲ့ငယ်သူငယ်ချင်း နှစ်ယောက်ပါ။ ချွန်နော်တို့နှစ်ယောက်စလုံး ဂေါ်ရခါးသေနတ်ကိုင်တပ်ရင်း (Gurkha, Riflesele) မှာ အမှုထမ်းခဲ့တဲ့ အမှုထမ်းဟောင်းတွေပါ။ ဂေါ်ရခါးတပ်ကထွက်ပြီး သူဌေးဆီမှာ အလုပ်ဝင်တာ တစ်နှစ်လောက်ပဲ ရှိပါသေးတယ်။

"ဒီခြံထဲမှာ အားလုံး ဘယ်နှစ်ယောက်ရှိလဲ၊ မင်းတို့ သူဌေးမှာ အိမ်ထောင်မရှိဘူးလား"

"ဒီခြံထဲမှာ သူဌေးရယ်၊ ချွန်နော်နဲ့ အဗ္ဗဒူရယ်၊ ခြံစောင့်မဟာဒူးရယ်၊ ထမင်းချက်တဲ့ အလီနာတို့ မုဆိုးမသားအမိရယ်၊ စုစုပေါင်း ခြောက်ယောက်ရှိပါတယ် ဆပ်"





"သူဌေးမှာ သူ့ရဲ့ညီ ရာဂျာဆင်းဆိုတဲ့တစ်ယောက် ရှိပါသေးတယ်။ သူဌေးရဲ့ညီ ရာဂျာဆင်းက လွန်ခဲ့တဲ့ သုံးလလောက်က ဒီကို တစ်ခေါက် ရောက်ပါသေးတယ်။ အရင်ကလည်း နှစ်လတစ်ခါ၊ သုံးလတစ်ခါလောက် ရောက်တတ်ပါတယ်"

"သူဌေးဆီက ကျောက်မျက်အချို့ကို အိန္ဒိယဈေးကွက်ကို ပို့တဲ့အခါ သူတို့ညီအစ်ကိုချင်း ဆက်သွယ်ပါတယ်။ အိန္ဒိယမှာရှိတဲ့ သူဌေးရဲ့ ညီ ရာဂျာဆင်းဆီကို ဒီနေ့ပဲ သံကြိုးရိုက် အကြောင်းကြားပါ့မယ်။"

ဆွန်နား စကားအဆုံး၌ ကိုမင်းနောင်က-

"ဆွန်နား မစ္စတာဆာမိဆင်းရဲ့ညီ အိန္ဒိယမှာနေတဲ့ ရာဂျာဆင်းရဲ့ လိပ်စာကို ငါ့ကိုပေး၊ အိန္ဒိယကို မင်းတို့အကြောင်းမကြားနဲ့ အဲဒီကိစ္စ ငါတို့ ဆောင်ရွက်ပေးမယ်။ ရာဂျာဆင်း အိန္ဒိယက မရောက်ခင် ဒီအိမ်နဲ့ ခြံကို မင်းတို့ ခေတ္တခဏစောင့်ရှောက်ထားပါ"

"ဟုတ်ကဲ့ပါ. . ဆပ်"

ကျွန်ုပ်တို့လည်း အိန္ဒိယမှာနေသော သေဆုံးသူ ရတနာကုန်သည်ကြီး ဆာမိဆင်း၏ညီ ရာဂျာဆင်း၏လိပ်စာကို ရေးမှတ်ယူပြီး လိုအပ်သည့် အချက်အလက် အနည်းငယ်ကို ခေတ္တခဏ မေးမြန်းပြီးနောက် အမှုဖြစ်ပွားသော ဆာမိဆင်း၏ ခြံထဲမှ ပြန်ထွက်ခဲ့လေသည်။

ကျွန်ုပ်တို့ ဖို့ဒ်ကားလေးသည် အခင်းဖြစ်ပွားရာ ကနေဒီကျွန်းဘက်မှ မအူကုန်းလမ်းကျယ်ရှိ အပွနားချစ်တီးထမင်းဆိုင်ရှေ့သို့ ရောက်

သောအခါ ကိုမင်းနောင်၏ ဒကာခံမှုဖြင့် မနက်စာကို လက်ရာကောင်းလှသော အပွနား၏ ချစ်တီးထမင်းဖြင့် ဆာနေသော ဗိုက်ကို ဖြည့်ကြလေသည်။ စားသောက်ပြီးသောအခါ ကျသင့်ငွေကို ရှင်းပေးပြီး ကျွန်ုပ်တို့ ဖို့ဒ်ကားလေးဖြင့် စီအိုင်ဒီရုံးသို့ ပြန်ခဲ့လေသည်။

အပြန်ခရီးတွင်လည်း ကိုမင်းနောင်မှာ ကျွန်ုပ်ကို သက်သာစေခြင်းငှာ ကားကို ကိုယ်တိုင်မောင်း၍ ကျွန်ုပ်နှင့်အိုင်ပီဝဝကြီး ကိုမျိုးအောင်တို့မှာ စားထားသော ချစ်တီးထမင်းကို ထမင်းလုံးစီပြီး သက်သာစွာဖြင့် လိုက်လာလေသည်။ လမ်းတွင် ကျွန်ုပ်က အမှုနှင့်ပတ်သက်ပြီး မရှင်းလင်းသည့်အကြောင်းကို မအောင့်နိုင်ဘဲ ကိုမင်းနောင်ကို မေးကြည့်မိလေသည်။

"အိုင်ဆေး . . ကိုမင်းနောင် ဆွန်နားနဲ့ အဗ္ဗတို့က ညေ့ခန်းအတွင်းက ဆက်တီခုံကို ပြောင်းရွှေ့ထားတဲ့ အချက်ကို ခင်ဗျား ဘယ်လိုအချက်ကြောင့် သိတာလဲ"

ကျွန်ုပ်၏ မေးမြန်းမှုအဆုံး၌ ကိုမင်းနောင်သည် ကားစတီယာရင်ကို လက်တစ်ဖက်ဖြင့် ကျွမ်းကျင်စွာ ထိန်းသိမ်းပြီး သူ အလွန်နှစ်သက်သော စီးကရက်ဗူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိပြီး တစ်ဖွာ၊ နှစ်ဖွာမျှ ရှိုက်ဖွာလေသည်။ စီးကရက် မီးခိုးငွေ့များကို ဖြည်းညင်းစွာ ထုတ်ရင်း ကျွန်ုပ်အား

"အိုင်ပီရယ် ဒါက လွယ်ပါတယ်၊ အခု ဖြစ်ပွားတဲ့အမှုမှာ သေဆုံးသူ ဆာမိဆင်းနဲ့ သူ့ရဲ့သက်တော်စောင့်နှစ်ယောက် ဖြစ်တဲ့ ဆွန်နားနဲ့ အဗ္ဗဒူ





တို့က တိုက်ခိုက်ရေးပညာရှင်တွေ ဖြစ်တယ်။ အိုင်ပီ. . ဆွန်နားနဲ့ အဗ္ဗဒူတို့နှစ်ယောက်ကလည်း တော်ရုံအရည်အချင်း မဟုတ်ဘူး။ ဂေါ်ရခါးသေနတ်ကိုင် တပ်ရင်းမှာ အမှုထမ်းခဲ့တာကိုကြည့်ရင် သူတို့ရဲ့ သတ္တိနဲ့ သူတို့နဲ့တိုက်ခိုက်မှု အရည်အချင်းကို သိနိုင်ပါတယ်"

"လူသတ်သမားနဲ့ ဆာမိဆင်း ထိပ်တိုက် ရင်ဆိုင်တဲ့အခါမှာလည်း ဆာမိဆင်းက နီးစပ်ရာ ဧည့်ခန်းအတွင်းမှာ ရှိတဲ့ ဂေါ်ရခါး ဓားကောက်နဲ့ လူသတ်သမားကို တိုက်ခိုက်လိမ့်မယ် အိုင်ပီ။ အခန်းအတွင်းမှာ တိုက်ခိုက်သံတွေကြားလို့ ဆွန်နားတို့ နှစ်ယောက် တက်ကြည့်တဲ့အခါမှာ သူတို့သူဌေးရဲ့ အသက်ကိုမမှီလိုက်တော့ဘူး။ သူဌေးရဲ့ ဆိုးဝါးတဲ့အဖြစ်ကို မြင်ပြီး ဆွန်နားတို့နှစ်ယောက်ကလည်း သူတို့မှာ လုံခြုံရေးအရ ကိုယ်နဲ့မကွာဆောင်ထားတဲ့ ဂေါ်ရခါးဓားကောက်တွေနဲ့ လူသတ်သမားကို ဝင်ပြီး တိုက်ခိုက်ကြလိမ့်မယ်"

"ဆွန်နားတို့ရဲ့ တိုက်ခိုက်မှုတွေက ပြင်းထန်အားပါတဲ့အတွက် ဆက်တီစားပွဲနဲ့ ထိုင်ခုံအချို့ကို ဓားချက်တွေထိပြီး ပျက်စီးနိုင်တယ်။ ပြင်းထန်တဲ့တိုက်ခိုက်မှု ဖြစ်ပွားတာတောင် ဧည့်ခန်းအတွင်းက ဆက်တီနဲ့ ထိုင်ခုံတွေက ဘာတစ်ခုမှ ပွန်းပဲ့ရာ မတွေ့တာကို ထောက်ပြီး ဆွန်နားတို့ လဲထားတာဆိုတာကို တွက်ဆနိုင်ပါတယ်"

"နောက်ပြီး ဧည့်ခန်းအတွင်းက ဗီရိုပေါ်မှာ တင်ထားတဲ့ သူဇာယမင်းရုပ်ကလေးက လူသတ်သမား ထားခဲ့တဲ့ ပစ္စည်းအစစ်အမှန် ဖြစ်မယ်

အိုင်ပီ၊ ဆွန်နားတို့ ဆက်တီခုံတွေလဲတဲ့အခါ အမှတ်မဲ့ စားပွဲခုံပေါ်မှာရှိတဲ့ သူဇာယမင်းရုပ်ကလေးကို ဗီရိုပေါ်ကို အလွယ်တင်ထားလိုက်တာပဲ၊ အဲဒီအချက်ပါထောက်ပြီး ဗီရိုပေါ်ရောက်နေတဲ့ သူဇာယမင်းရုပ်နဲ့ ဘာတစ်ခုမှ ပွန်းပဲ့ရာမရှိတဲ့ ဆက်တီခုံနဲ့ ဆက်စပ်ပြီး ဆွန်နားတို့ ဆက်တီခုံတွေ ပြောင်းရွှေ့ထားတာကို သိနိုင်ပါတယ် အိုင်ပီ"

ကိုမင်းနောင် စကားအဆုံး၌ ကိုမျိုးအောင်က

"အိုင်ပီရေ ကျွန်တော်တို့တော့ ကိုမင်းနောင်နဲ့တွဲပြီး အမှုကို လိုက်ရတဲ့အတွက်ကြောင့် ကိုယ်နဲ့ဥာဏ်မမှီတဲ့ ကိစ္စအဝဝတွေကို ကိုမင်းနောင်ကြောင့် သိရတယ်၊ ကျွန်တော်အနေနဲ့လည်း စီအိုင်ဒီရုံးကနေ မထွက်သေးတာ ကိုမင်းနောင်ရဲ့ရှင်းပြမှုတွေကို လက်တွေ့ကျကျ မြင်ချင်သေးလို့ ဦးထွန်းအောင်ရေ"

"ကိုမင်းနောင်ရေ ခင်ဗျားကို ကိုမျိုးအောင်က မြှောက်နေပြန်ပြီ၊ မနက်စာပြီးလို့ ညနေစာကို ဆက်ပြီး မျှော်လင့်နေပုံပဲဗျို့"

ကျွန်ုပ်စကားကြောင့် ကိုမင်းနောင်နှင့်ကိုမျိုးအောင်တို့မှာ ရယ်မောကြလေသည်။

ကျွန်ုပ်တို့ကားလေးသည် အင်းစိန် စော်ဘွားကြီးလမ်းအတိုင်း တစ်ရိပ်ရိပ်ဖြင့် မောင်းနှင်လာပြီး မကြာခင်ပင် စီအိုင်ဒီရုံးအတွင်းသို့ ပြန်ရောက်ခဲ့လေတော့သည်။





ရုံးသို့ ရောက်သည်နှင့် စုံထောက်မင်းကြီးအား အစီရင်ခံစာ တင်နိုင်ရန်အတွက် တစ်ဦးချင်း အစီရင်ခံသတင်းပို့ (Case Prade) ရေးသား၍ မင်းကြီးအား တင်သွင်းရလေသည်။

"လူကလေး. . ထွန်းအောင်"

မင်းကြီး၏ ခေါ်ဆိုမှုကြောင့်

"ရှိပါတယ် မင်းကြီး"

"လူကလေးတို့ အစီရင်ခံစာ တင်သွင်းတာကောင်းပါတယ်၊ ဒါပေမယ့် အမှုနဲ့ပတ်သက်ပြီး လူသတ်တရားခံကို အမြန်မိအောင် ဖော်ထုတ်ပါ၊ အခု အသတ်ခံရတဲ့ ရတနာကုန်သည်ကြီး ဆာမိဆင်းက ကျွန်ုပ်တို့ အင်္ဂလိပ်အစိုးရအတွက် လိုအပ်တဲ့ငွေကြေး အကူအညီတွေ အများကြီးပေးတယ်"

"ဟုမ်းစက္ကရီတေရီ (ခေါ်) ပြည်ထဲရေးအထိ ပေါက်ရောက်သူလည်း ဖြစ်တယ်၊ အမှုမှန် မြန်မြန်မပေါ်ရင် ကျွန်ုပ်ကို အထက်က ဖုန်းနဲ့ ခဏခဏ ဒုက္ခပေးလိမ့်မယ်၊ အဲဒီအတွက် အမှုမှန်မြန်မြန်ပေါ်ဖို့ လူကလေးတို့ ကြိုးစားပါ"

"စိတ်ချပါ. . မင်းကြီး၊ ကျွန်တော်မျိုး ကြိုးစားပါ့မယ်"

"ဆားပုလင်းမင်းနောင် ဘယ်ရောက်နေလဲ လူကလေးထွန်းအောင်"

"ရှိပါတယ်. . မင်းကြီး၊ ရုံးထဲက စားပွဲမှာ လိုအပ်တဲ့ စာရွက်စာတမ်းတွေ လေ့လာနေပါတယ်"

"အားကြီးကောင်းတယ် လူကလေးထွန်းအောင်၊ ဆားပုလင်းမင်းနောင် လွတ်လွတ်လပ်လပ် လေ့လာပါစေ၊ အမှုနဲ့ပတ်သတ်ပြီး ထူးခြားမှုရှိရင် ကျွန်ုပ်ဆီကို အမြန်ဆုံး အကြောင်းကြားတင်ပါ၊ လူကလေး သွားနိုင်ပြီ"

"ရက်ဆား. . မင်းကြီး"

ကျွန်ုပ်လည်း စုံထောက်မင်းကြီးမစ္စတာနောရစ်အား ဆလုရိုက် အလေးပြုပြီး ရုံးထဲရှိ ကျွန်ုပ်၏စားပွဲရှိရာသို့ ပြန်ရောက်ခဲ့လေသည်။

ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုမင်းနောင်မှာ သက်သေခံအဖြစ် သိမ်းဆည်းလာသော သူဇာယမင်းရုပ်ကလေးအား သေချာစွာဖြင့် ရတနာ တုန်သည်တစ်ဦးက ကျောက်မျက်တစ်လုံးကို ခွဲခြားလေ့လာနေသလို အသေးစိတ် ကြည့်ရှုနေလေသည်။ ထို့နောက် မစ္စတာစတီဗင် အသတ်ခံရမှုနှင့် ပတ်သက်ဆက်နွယ်သော ပထမသက်သေခံ သံသယပစ္စည်းဟု ယူဆရသော ယမင်းရုပ်ကလေးနှင့် ယခု ရတနာကုန်သည် ဆာမိဆင်း၏ အိမ်မှ ယူဆောင်ခဲ့သော ယမင်းရုပ်ကလေးနှစ်ခုကို သေချာစွာ တိုက်ဆိုင်၍ စစ်ဆေးရာ ၎င်းအရုပ်နှစ်ရုပ်မှာ ထပ်တူထပ်မျှ တူညီ၍ ဆေးခြယ်ထားမှု မှာလည်း တစ်သဝေမတိမ်း တူညီနေသည်ကို တွေ့ရလေသည်။

"အိုင်ဆေး . . ကိုမင်းနောင် ဒီအရုပ်နှစ်ရုပ်က ထပ်တူထပ်မျှ တူလှချေလားဗျ"

"ဟုတ်တယ်. . အိုင်ပီ၊ သူဇာယမင်းရုပ် နှစ်ရုပ်စလုံးက တူညီတာတင် မကဘူး အသတ်ခံရလို့ သေဆုံးသွားကြတဲ့ အငြိမ်းစား ရာဇဝတ်အုပ်





မစ္စတာစတီဗင်နဲ့ ရတနာကုန်သည်ဆာမိဆင်းတို့ရဲ့ သေဆုံးပုံကလည်း အတူတူပဲ။ နှစ်ယောက်စလုံး ဇက်အချိုးခံရတဲ့အတွက် နှစ်ဦးစလုံး လည်ပင်း အဆစ်ပြုတ်ပြီး အသတ်ခံရတာလည်း အတူတူပဲ အိုင်ပီ။ အနည်းငယ် ကွဲပြားတာ မစ္စတာစတီဗင် တိုက်ခိုက်စဉ်က အရိုးကို ပျော့သွားစေတဲ့ ရှန်ကာရိုလို့ခေါ်တဲ့ အဆိပ်အပ်ကို အသုံးပြုခဲ့ပြီး ဆာမိဆင်း ကို သတ်ခဲ့တာကျတော့ အဆိပ်အပ် မပါဘူး"

"ကျွန်တော့်အထင်တော့ မစ္စတာစတီဗင်က လူသတ်သမားကို သေနတ်နဲ့ထုတ်ပြီး ချိန်တဲ့အတွက် လူသတ်သမားက အရေးပေါ်မှ အသုံးပြုမယ့် အရိုးပျော့ပြီး အားယုတ်သွားစေတဲ့ အဆိပ်အပ်ကို လျှပ်တစ်ပြက် ထုတ်သုံးလိုက်တာ ဖြစ်မယ် အိုင်ပီ"

"ဟုတ်တယ် ကိုမင်းနောင် ခင်ဗျားရဲ့ ယူဆချက် ဖြစ်နိုင်တယ်"

"အိုင်ပီရေ မစ္စတာစတီဗင်နဲ့ ရတနာကုန်သည် ဆာမိဆင်းတို့ ဘယ်လို ဆက်နွယ်မှုရှိလဲဆိုတာကို ကျွန်တော်တို့ အရင် လေ့လာရမယ်။ သေဆုံးသူနှစ်ဦးရဲ့ ပတ်သက်ဆက်နွယ်မှုကို သိရင် လူသတ်သမားရဲ့ ခြေရာကို ကောက်နိုင်တယ် အိုင်ပီ"

ကိုမင်းနောင် စကားအဆုံး၌ တစ်ချိန်လုံး ငိုက်မျဉ်းစွာ နားထောင် နေသော ကိုမျိုးအောင်မှာ

"ကျွန်တော့်ခေါင်းထဲမှာ နည်းနည်းရှင်းလာပြီ၊ ကိုမင်းနောင် တွက်ဆသလို မှန်ရင် လူသတ်သမားတရားခံကို ကျွန်တော်တို့ ဖမ်းဆီး နိုင်ပြီ"

"ကိုမျိုးအောင်ရေ တရားခံကို တွေ့လို့ ဖမ်းခဲ့ရင်တောင် အသက်ကို ရင်းပြီး စွန့်စားပြီး ဖမ်းရမယ်။ ကံမကောင်းခဲ့ရင် ကိုယ့်အသက်တောင် လူသတ်သမားကို ပေးရနိုင်တယ်"

"နိုး. . နိုး. . အိုင်ဆေး ကျွန်တော်က လူသတ်တရားခံကို မိဖို့ နီးပြီလို့ပြောတာပါ။ ကျွန်တော်ဖမ်းမယ်လို့ မပြောပါဘူး၊ ကျွန်တော်တို့ အသက်တွေက နည်းနည်းကြီးပြီဗျာ၊ ထိုးခုတ်သတ်ပုတ်တာတွေ မလုပ်ပါရစေနဲ့၊ အိုင်ပီတို့ ဖမ်းလာမှလဲ အမှုမှန် မြန်မြန်ပေါ်အောင် ရိုက်ပြီး မေးပေးပါ့မယ်"

"ဟား. . ဟား. . ဟား. . ဟား"

ကိုမျိုးအောင် စကားကြောင့် ကျွန်ုပ်နှင့်ကိုမင်းနောင်တို့လည်း ပြိုင်တူပင် ရယ်မောကြလေသည်။

"အိုင်ပီရေ ကျွန်တော့်ကို တစ်ခုလောက် ကူညီပါအုံးဗျာ"

"ဘာအကူအညီ ပေးရမလဲ ကိုမင်းနောင်"

(လက်တင်ဘာသာနဲ့ မော်ကျူးအိုင်ဗွီးဗောစ်ဒိုဆင့် (Mortui, Vivosdocent) လို့ခေါ်တဲ့ သေသူသည်ရှင်သူကို သင်ကြားသည်ဆိုတဲ့ စကားအတိုင်း သေဆုံးသွားတဲ့ ရာဇဝတ်အုပ် မစ္စတာစတီဗင် လိုက်ခဲ့တဲ့ အမှုနဲ့ ပတ်သက်တဲ့ အမှုဟောင်းဖိုင်တွဲ (ပုလိပ်ဂေဇက်) မှာ မစ္စတာစတီဗင် ဘယ်လိုအမှုတွေကို ဖော်ထုတ်ခဲ့လဲဆိုတာ အိုင်ပီ ကြည့်ပေးပါ"





"အိုင်ပီက စီအိုင်ဒီမှာ အမှုထမ်းတာ ကျွန်တော်တို့ထက် အနှစ်နှစ်ဆယ်လောက် ရှေးကျတဲ့အတွက် ကျွန်တော်တို့မမှီလိုက်တဲ့ အမှုတွဲဟောင်းတွေကို ပြန်ကြည့်ခိုင်းတာပါ"

"ရပါတယ် ကိုမင်းနောင်၊ အမှုတွဲဟောင်းတွေကို ကျွန်တော် ပြန်ကြည့်ပေးပါ့မယ်"

"တစ်ဆက်တည်းပဲ အိုင်ပီရေ၊ အိပ်အက်စ် (မ-၂) (ခေါ်) ရာဇဝင်လူဆိုးများအကြောင်း မှတ်တမ်းတွေထဲကလည်း ကြောင်နဲ့ပတ်သက်ပြီး ထူးခြားတဲ့ အမှုတွဲဟောင်းတွေ တွေ့ရင်လည်း ကျွန်တော့်ကို ကူညီပါ"

"ကျွန်တော့်အတွက်က ဒါလောက်နဲ့ အရေးမကြီးပါဘူး ကိုမင်းနောင်ရယ်၊ အမှုမှန် မြန်မြန်ပေါ်ဖို့ပဲ မဟုတ်လား။ ကျွန်တော် ရှာပေးပါ့မယ်"

"ဒီနေ့ကတော့ ရုံးဆင်းချိန်နီးပြီ အိုင်ပီရေ၊ မနက်ဖြန်မှပဲ ရှာပါ။ ကျွန်တော်လည်း အခြားကိစ္စရှိသေးတဲ့အတွက် အခုပဲ ရုံးဆင်းတော့မယ် ဆီးယူတူမောရိုး. . ကိုမျိုးအောင်နဲ့အိုင်ပီ"

"ဆီးယူတူမောရိုး. . ကိုမင်းနောင်"

ကိုမင်းနောင်လည်း ကျွန်ုပ်နှင့် ကိုမျိုးအောင်အား နှုတ်ဆက်၍ ရုံးထဲမှ ထွက်ခွာသွားလေသည်။

ကိုမင်းနောင် ထွက်ခွာသွားပြီး မကြာမီပင် ကျွန်ုပ်နှင့်ကိုမျိုးအောင်လည်း စာရွက်စာတမ်း ဖိုင်တွဲများကို ပြန်လည်သိမ်းဆည်း၍ အိမ်သို့ ပြန်ခဲ့လေသည်။

အိမ်သို့ ပြန်ရောက်သော်လည်း ကျွန်ုပ်စိတ်ထဲမှာ သိပ်၍ကြည်လင်မှု မရှိဘဲ တရားခံမပေါ်သေးသည့် အမှုအတွက် စိတ်ထဲမှာ ဘဝင်မကျမှုဖြစ်ကာ လိုအပ်သော ကွင်းဆက်များကို ဆက်စပ်ကြည့်နေမိလေသည်။

ကျွန်ုပ်၏ဇနီး ခင်ခင်ကြီးမှာ ကျွန်ုပ် အတွေးလွန်နေမှုကို ကြည့်ပြီး

"အစ်ကို ဒီနေ့ ဘယ်လိုဖြစ်နေလဲ၊ ရုံးက ပြန်ရောက်ကတည်းက တစ်ငိုင်ငိုင်နဲ့ ဘယ်သူ့အကြောင်းများ တွေးနေတာလဲ၊ ရုံးကနေ ပြန်ရောက်ကတည်းက ရေလဲမချိုးရသေးဘူး။ ထမင်းလဲမစားသေးဘူး။ စကား မပြောနိုင်လောက်အောင် ဖြစ်နေတာ ဘာများအရေးကြီးလို့လဲ"

"မင်းကလဲကွာ စုံထောက်ရဲမိန်းမတစ်ယောက် လုပ်နေပြီး အရိုးအကဲမသိဘူး။ အလုပ်ကိစ္စလေး စိတ်ထဲမှာ တွေးတောနေလို့မိသားစုကိစ္စ စကားလေးနည်းနည်းပါးပါး မပြောမိတာနဲ့ တောင်တွေးမြောက်တွေးနဲ့ လူကို အပြစ်မြင်ချင်သေးတယ်"

"တော်ပြီ . . အစ်ကို၊ ခင် ပြောတာ မကြိုက်ရင် မပြောတော့ဘူး။ ခင်က အစ်ကို့ကို အပြစ်ပြောနေတာ မဟုတ်ဘူး၊ အခု ဘယ်အချိန်ရှိပြီလဲ၊ ရုံးက ပြန်ရောက်ကတည်းက ရေမချိုးရသေးဘူး၊ သိပ် ညဥ့်နက်သွားရင် အအေးပတ်မှာစိုးလို့ သတိပေးတာ. . ဟွန်း"

ကျွန်ုပ်၏ဇနီး ခင်ခင်ကြီးမှာ ကျွန်ုပ်ကို စကားပရိယာယ်ဖြင့် လှပစွာ ပြောပြီး ကျွန်ုပ်အနီးမှထ၍ သွားလေသည်။ ကျွန်ုပ်လည်း ကျွန်ုပ်၏ဇနီး ခင်ခင်ကြီး စိတ်ဆိုးမှုကို မလိုလားသည့်အတွက်ကြောင့် ဇနီးသည်အား





ချော့မော့၍ ရေမိုးချိုးကာ ဇနီးသည်၏ လက်ရာဖြစ်သော ပဲကြီးနှပ်၊ ဝက်သားနီချက်နှင့် ထိုနေ့ညစာကို ဇနီးသည်နှင့်အတူ စားလေသည်။

ညစာ ထမင်းစားပြီးနောက် တစ်အောင့်မျှ ထမင်းလုံးစီရင်း ကျွန်ုပ်၏ လက်စွဲတော် ဒန်းဟီးဆေးတံထဲသို့ ဆေးတစ်ဆုံ ထည့်၍ မီးညှိဖွာရှိုက်၍ ယနေ့ရုံး၌ ကြုံတွေ့ခဲ့ရသော အမှုကိစ္စတချို့တစ်ဝက်ကို ကျွန်ုပ်၏ဇနီးအား ပြောကြား၍ ကျွန်ုပ်၏ဆေးတံ တစ်ဆုံ ကုန်သောအခါ စကားပြောကြားခြင်းကို ရပ်၍ အိပ်ရာသို့ ဝင်ခဲ့လေသည်။

နံနက်မိုးလင်းသောအခါ အိပ်ရာမှနိုးသည်နှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို အချိန်အနည်းငယ်မျှ ပြုလုပ်ပြီး ရေမိုးချိုးကာ ရုံးတက်ရန်အတွက် ကျွန်ုပ်၏ဇနီး ခင်ခင်ကြီး အဆင်သင့် ထုတ်ပေးထားသော ယူနီဖောင်းကို လဲဝတ်၍ ဇနီးသည် ဖျော်ပေးထားသော လစ်ပတန်လက်ဖက်ခြောက်နဲ့ သင်းနေသော လက်ဖက်ရည်ကို ဂေါ်ရင်ဂျီသောက်သော ပုံစံဖြင့် တစ်ကျိုက်တည်း ကျန်အောင်သောက်ပြီး ရုံးသို့ ထွက်ခဲ့လေသည်။

ရုံးသို့ရောက်သောအခါ ယမန်နေ့က ကိုမင်းနောင်ရှာဖွေထားခိုင်းသော လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ရာဇဝင်လူဆိုးများအကြောင်း မှတ်တမ်းတင်ထားသော အမှုဟောင်းဖိုင်တွဲ (ပုလိပ်ဂေဇက်) များကို ရှာဖွေ၍ ထူးခြားမှုရှိသည့် အမှုဟောင်းများကို ပြန်လည်၍ ဖတ်ရှုနေမိလေသည်။

ထိုသို့ ကျွန်ုပ် အမှုဟောင်းများနှင့် နပန်းလုံးနေသည်ကို ရုံးတွင် ရောက်နေကြသော စီအိုင်ဒီမှ စုံထောက်များဖြစ်သော ပေကြိုးပိတာ ကင်မရာမြင့်ဇော်နှင့် အိုင်ပီနေမျိုး တို့မှာ ကျွန်ုပ်အား

"အိုင်ပီဦးထွန်းအောင် စာရွက်စာတမ်းတွေနဲ့ ဘာတွေများ အလုပ်ရှုပ်နေတာလဲဗျ"

ကိုနေမျိုးတို့၏ စကားအဆုံး၌

"လွန်ခဲ့သော အနှစ် (၂၀) လောက်က အမှုတွဲဟောင်းတွေလေ၊ အခု ဖြစ်ပွားတဲ့အမှုတွေနဲ့ ဆက်စပ်မှု ရှိ/မရှိ ပြန်လေ့လာနေတာပဲဗျို့"

"အိုင်ပီရယ် ကိုယ့်ကိုယ်ကို အပင်ပန်းခံနေပြန်ပြီ အိုင်ပီ၊ သဲလွန်စ ရှာဖွေပုံက ကောက်ရိုးပုံထဲက အပ်ပျောက်ရှာနေသလို ဖြစ်နေပြီ၊ အခု ဖြစ်ပွားတဲ့အမှုတွေက အိုင်ပီ ထင်သလောက် မရှုပ်ထွေးပါဘူး"

ကိုနေမျိုး စကားကြောင့် ကျွန်ုပ်မှာ အံ့အားသင့်စွာဖြင့်

"ဘယ်လို မရှုပ်ထွေးတာလဲ ကိုနေမျိုး၊ အငြိမ်းစား ရာဇဝတ် မစ္စတာစတီဗင်ကို သတ်တဲ့တရားခံဖြစ်တဲ့ မြင်းလှည်းသမား မောင်ညိုနဲ့ ရှယ်လီတို့ကို ကျွန်တော်တို့က ဖမ်းထားပြီးပြီ၊ ကျွန်တော်တို့ စိတ်ရှည်ရှည်နဲ့ ထားပြီး စစ်ဆေးရင် မကြာခင် သူတို့ ဖြောင့်ချက်ပေးမယ် ဆိုတာ ကျွန်တော် ယုံကြည်တယ်၊ နောက်ထပ် မသင်္ကာစရာဖြစ်တဲ့ မစ္စတာစတီဗင် ရဲ့ ခြံစောင့်ရာဂျူးကိုလည်း ကိုပီတာက ဖမ်းထားပြီးပြီ ဒီအမှုက ကျွန်တော်တို့ လက်က လွတ်ထွက်လို့မရပါဘူး အိုင်ပီရယ်"





"ကိုနေမျိုးတို့ တွက်သလို ဖြစ်ခဲ့ရင်တော့ ဝမ်းသာစရာပဲ"

"ရှုံးဝါး. . ကျွန်တော်တို့ဘက်က သေချာပါတယ် အိုင်ပီရယ်၊ မကြာခင် ရုံးတင်ပြီး တရားစွဲနိုင်အောင် ကျွန်တော်တို့ ကြိုးစားပါ့မယ်"

"ဒါနဲ့ ကိုနေမျိုး၊ မစ္စတာစတီဗင် အသတ်ခံရမှုနဲ့ ပတ်သက်ပြီး ကိုနေမျိုးတို့ရဲ့ ကောက်ချက်ချမှုကို ကျွန်တော်သိပြီ၊ မနေ့ကအသတ်ခံရမှု ဖြစ်တဲ့ ရတနာကုန်သည်ဆာမိဆင်းကို သတ်တဲ့တရားခံကို ကိုနေမျိုးတို့ ဘယ်လိုယူဆလဲ"

"ဦးထွန်းအောင် မေးတဲ့ မေးခွန်းမှန်တယ်၊ ရတနာကုန်သည် ဆာမိဆင်းကို လုပ်ကြံသတ်ဖြတ်တဲ့ တရားခံက အဝေးကြီးကမဟုတ်ပါဘူး အိုင်ပီဦးထွန်းအောင်"

"ဘယ်လိုအဝေးကြီးက မဟုတ်တာလဲ ကိုနေမျိုး၊ ဆာမိဆင်းကို သတ်တဲ့တရားခံကို ခင်ဗျား သိပြီးပြီလား"

ကျွန်ုပ်၏စကားကြောင့် ကိုနေမျိုးမှာ စုံထောက်ကြီး ရှားလော့ဟုမ်းလို ဟန်ပန်ဖြင့်

"ဆာမိဆင်းကိုသတ်တဲ့တရားခံကို သိပြီးပါပြီ ဦးထွန်းအောင်၊ တစ်ရက် နှစ်ရက်လောက် အသွားအလာစောင့်ကြည့်ချင်လို့ လွှတ်ထားတာ"

"ဒါဖြင့် တရားခံက ဘယ်သူလဲဗျာ"

ကျွန်ုပ်လဲ သိချင်စိတ်ကို မအောင့်နိုင်ဘဲ မေးမိလေသည်။

"တရားခံက ဘယ်သူဖြစ်ရမလဲ၊ ရတနာကုန်သည်ဆာမိဆင်းရဲ့ သက်တော်စောင့်နှစ်ယောက်ပေါ့ဗျာ၊ အိုင်ပီဦးထွန်းအောင် တွေးတော

ဆက်စပ်ကြည့်ပါ။ ကျွန်တော်တို့ ထင်မြင်ချက်က မှန်ကန်တယ်ဆိုတာ သိလာမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ သက်တော်စောင့်နှစ်ယောက်စလုံး ရှိနေတာ တော်ရုံ လူသတ်သမားအနေနဲ့ လုပ်ကြံသတ်ဖြတ်မှု ဆိုတာ မဖြစ်နိုင်ဘူး၊ သူတို့ရဲ့ ထွက်ဆိုချက်က ရတနာရောင်းဝယ်ဖို့ လာတယ်"

"ရှမ်းစော်ဘွားအနွယ်ဝင် မိန်းကလေးတစ်ယောက်လို့ ဆိုထားတာကို သေသေချာချာ တွေးဆကြည့်ရင် ယုတ္တိကင်းမဲ့တာကို တွေ့ရမယ်။ ဒါကလည်း သူတို့အတွက် ထွက်ပေါက်ရအောင် အလိဘိုင်ပြုလုပ်တဲ့ သဘောပဲ။ ဒီမိန်းကလေးတစ်ယောက်တည်းနဲ့ တိုက်ရည်ခိုက်ရည် ပြည့်ဝပြီး သန်စွမ်းကျန်းမာတဲ့ ရတနာကုန်သည်ဆာမိဆင်းနဲ့ သူ့ရဲ့ သက်တော်စောင့်နှစ်ယောက်ကို ဘယ်လိုမှ ရင်ဆိုင်လို့မရဘူး ဆိုတာ လယ်ပြင်မှာ ဆင်သွားသလို အထင်အရှားပါဗျာ။ နောက်တစ်ခုက သူတို့ရဲ့ ထွက်ဆိုချက် မှန်တယ်ပဲထား၊ ရတနာကုန်သည်ဆာမိဆင်း တစ်ယောက်တည်း သေဆုံးပြီး သက်တော်စောင့်နှစ်ယောက်က လူသတ်သမားနဲ့ တိုက်ခိုက်တာ ဒဏ်ရာတစ်ခုမှမရတာ ပိုပြီး မယုံနိုင်စရာပဲ။ အဲဒီအချက်နဲ့တင် ဆာမိဆင်းကို သူ့ရဲ့သက်တော်စောင့် နှစ်ယောက်စလုံးက တန်ဖိုးကြီးမားတဲ့ ရတနာတစ်ခုခုကို လိုချင်လို့ လုပ်ကြံသတ်ဖြတ်တယ်ဆိုတာ သိနိုင်ပါတယ် အိုင်ပီဦးထွန်းအောင်"

ကျွန်ုပ်လည်း ကိုနေမျိုး၏ရှင်းပြမှုအပေါ်၌ ဘယ်လိုမှ ထင်မြင်ချက် မပေးနိုင်ဘဲ စိတ်ထဲ ဇဝေဇဝါ ဖြစ်မိလေသည်။





ကိုနေမျိုးမှာဆက်၍

"ဘယ်လိုလဲ ဆရာဦးထွန်းအောင်၊ ကျွန်တော်တို့ရဲ့ ထင်မြင်ချက် မှန်တယ်ဆိုတာ လက်ခံရဲ့လား"

ကိုနေမျိုး စကားအဆုံး၌

"ဖြစ်နိုင်ချေ ရှိပါတယ် ကိုနေမျိုးဟု မယုတ်မလွန် ပြောလိုက်လေသည်။

"ဖြစ်နိုင်ချေ ရှိတာမဟုတ်ဘူး၊ ဖြစ်ကိုဖြစ်ရမယ် ဆရာဦးထွန်းအောင်၊ ကျွန်တော့်အနေနဲ့ ဆရာဦးထွန်းအောင် မလိုလားဘဲ ပင်ပန်းနေတာကို မကြည့်ရက်လို့ အခုလိုဖွင့်ပြောတာ"

"ကျေးဇူးတင်ပါတယ် ကိုနေမျိုး .. ကျွန်တော်တို့ စီအိုင်ဒီရဲ့ တီးရိုးဆားပုလင်းမင်းနောင်လည်း အခုအမှုတွေကျမှ ဘယ်လိုဖြစ်လဲ မသိဘူး"

"ကိုမင်းနောင် ဘာဖြစ်လို့လဲ ကိုနေမျိုး"

"အခု ဖြစ်ပွားတဲ့အမှုတွေမှာ တရားခံတစ်ယောက်မှ ဖမ်းတာ မတွေ့သေးဘူး၊ ကျွန်တော် ဒီလိုပြောတာ ကိုမင်းနောင်ကို မလိုလို့ မဟုတ်ဘူးနော် ကိုမင်းနောင်၊ စမစကြာဂိုဏ်း အမှုတုန်းက ကျွန်တော့် အသက်ကို ကယ်တဲ့ကျေးဇူးရှိပါတယ်။ အခါအခွင့်သင့်ရင် ကိုမင်းနောင်ကို ပြန်ကူညီရအောင် ကရုဏာနဲ့ ကျွန်တော်ပြောတာပါ"

"ကိုနေမျိုးရဲ့ စိတ်ဓာတ်ကို ကျွန်တော် လေးစားပါတယ်ဗျာ ကိုမင်းနောင်၊ တရားခံ မဖမ်းဆီးတာက အမှုနဲ့ပတ်သက်ပြီး လိုအပ်တဲ့

ကွင်းဆက်မရသေးလို့လား (ဒါမှမဟုတ်) ကိုနေမျိုးတို့ ဖမ်းထားတဲ့ တရားခံတွေက အမှုကို အမှန်တကယ် ကျူးလွန်တဲ့သူတွေ ဖြစ်တယ်ဆိုတာ ကိုမင်းနောင် သိလို့ ဒီပြင်တရားခံကို မဖမ်းတာလား မသိသေးဘူး"

မှတ်ချက် ။ ။ စမစကြာဂိုဏ်းအမှုတွင် ကိုမင်းနောင်က ကိုနေမျိုး၏ အသက်ကို အဘယ်သို့ ကယ်တင်ခဲ့သည်ကို သိလိုပါလျှင် ကျွန်ုပ် ရေးသားထုတ်ဝေပြီးသော (ဆားပုလင်းမင်းနောင်နှင့် စမစကြာဂိုဏ်းသစ္စာ) ဝတ္ထုဇာတ်လမ်းကို ရှာဖွေ၍ ဖတ်ရှုနိုင်ပါသည်။

(စာရေးသူ)

ကိုနေမျိုးနှင့်ကျွန်ုပ် စကားပြောနေခိုက်တွင် ရုံးတက်လက်မှတ်ထိုးပြီး ရုံးအတွင်းရှိ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သွားမသောက်သော အိုင်ပီမျိုးအောင် ရုံးအတွင်းသို့ ပြန်ဝင်ခဲ့လေသည်။

ကိုမျိုးအောင်က

"ဆားပုလင်းမင်းနောင်က မသေချာဘဲ တရားခံကို မဖမ်းဘူး၊ သူ ဖမ်းတဲ့တရားခံလည်း ဘယ်တော့မှ မှားတယ်ဆိုတာလဲ မရှိဘူး၊ အမှန်တကယ် အမှုကျူးလွန်တဲ့ တရားခံဟာ မြေလျှိုးပြီးနေနေ မိုးပျံပြီးနေနေ အချိန်တန်ရင် ဆားပုလင်းမင်းနောင် လက်ထိပ်ခတ်မှာပါပဲ။ အဲဒီအတွက် ကိုနေမျိုးတို့ စိတ်မပူပါနဲ့"





ကိုမျိုးအောင် စကားကြောင့် ကိုနေမျိုးမှာ ရွာသွန်းဖြိုးတော့မည့်မိုးလို အုံ့မှိုင်းသည့်မျက်နှာနှင့် ရှေ့ဆက်စကားတစ်ခွန်းမှ မပြောတော့ဘဲ အခြားတစ်ဖက်သို့ လှည့်ထွက်သွားလေသည်။

"ကိုမျိုးအောင်ရေ ကိုနေမျိုးကို အားနာစရာဗျာ"

"အိုင်ပီရယ် အားနာစရာလူ မဟုတ်ပါဘူး၊ ကျွန်တော်က လောကဓမ္မနဲ့ ပတ်သက်ပြီး ငယ်စဉ်က ရွာဦးကျောင်းမှာ လောကနီတိ သင်ဖူးပါတယ်။ လူမှုရေးအရ လိုက်နာရမယ့်စည်းကမ်းတွေကို တစ်စိတ်တစ်ဒေသ နားလည်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ သင်ယူခဲ့တဲ့ လူမှုရေးက ဒီလူတွေနဲ့ မတန်ဘူး အိုင်ပီ။ ဦးထွန်းအောင်ရေ ဒီလူတွေ သူတို့လုပ်တာမှ မှန်တယ်ထင်ပြီး အခြားတစ်ဖက်သားကို အကောင်းမြင်ဝါဒနဲ့ မကြည့်ဘဲ အမြဲတမ်း မကောင်းဘူး ထင်နေတဲ့ သူတို့အတွက်က ဟန်မူရာဘီရဲ့ ကိုဓဥပဒေကို လက်ကိုင်ကျင့်သုံးရမယ် အိုင်ပီ"

"ကိုယ့်ကိုကိုယ် အထင်ကြီးတဲ့လူ၊ ကျွန်တော် နည်းနည်းလေး ကလိပေးလိုက်တာနဲ့ လကိုငပုပ်ဖမ်းသလို ရွာသွန်းမယ့်မိုး အုံ့နေသလိုနဲ့ မျက်နှာကြီးမဲပြီး ထွက်သွားတာမြင်တော့လည်း စိတ်တော့မကောင်းဘူး ဖြစ်သွားတယ်။ အဲဒါကြောင့် နောက်တစ်ခေါက် စကားစ, ကြုံရင် ဒီထက် နည်းနည်းပိုပြီး ကလိပေးမယ်"

"ဟား. . ဟား. . ဟား. . ဟား"

ကိုမျိုးအောင်သည် သူ့စကားကိုသူသဘောကျစွာ ရယ်မောလေသည်။

ကိုမျိုးအောင် ရယ်မောမှုကို ကြည့်ပြီး ကျွန်ုပ်ပါလိုက်၍ ရယ်မောလေသည်။

ထိုအချိန်တွင် ကျွန်ုပ်တို့ အခန်း ဆင်နားရွက်တံခါးဖွင့်သံနှင့်အတူ

"အိုင်ပီနဲ့ကိုမျိုးအောင် ဘာတွေများ သဘောကျလို့ ရယ်မောနေကြတာလဲ"

ကျွန်ုပ်နှင့် မစိမ်းသော အသံတစ်သံ ထွက်ပေါ်လာ၍ အသံလာရာဆီသို့ ကျွန်ုပ်နှင့် ကိုမျိုးအောင်မှာ ပြိုင်တူကြည့်မိကြလေသည်။

အခန်းထဲသို့ ဝင်လာသူမှာ ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းမင်းနောင်ပင် ဖြစ်လေသည်။

"ကိုမင်းနောင်. . လာဗျာ၊ အခု စကားပြောနေတာ ခင်ဗျားအကြောင်းလည်း ပါတယ်။ ခင်ဗျားတော့ ဘေးမသီရန်မခဘဲ အသက်ရှည်အုံးမယ်"

ကိုမျိုးအောင် စကားအဆုံး၌ ကိုမင်းနောင်က

"ကျွန်တော့်အကြောင်းလည်း ပါတယ် အိုင်ပီနဲ့ကိုမျိုးအောင်ကလည်း ရယ်မောနေတယ်ဆိုတော့ ကျွန်တော် မရောက်ခင် ဒီအခန်းကို ကိုနေမျိုးဖြစ်ဖြစ်၊ ကိုပီတာဖြစ်ဖြစ် တစ်ယောက်ယောက် လာလိမ့်မယ်"

"အဲဒီအချိန်မှာ အိုင်ပီက ကျွန်တော် အကူအညီတောင်းထားတဲ့ (ပုလိပ်ဂေဇက်) ဟောင်းတွေနဲ့ နပန်းလုံးနေလိမ့်မယ်။ အဲဒါကို ကြည့်ပြီး မလိုအပ်ဘဲ အပင်ပန်းခံနေတယ် ပြောပြီး သူတို့ရှာနေတဲ့ သဲလွန်စတွေနဲ့ သူတို့ဖမ်းထားတဲ့လူတွေနဲ့ အိုင်ပီကို ချိန်ထိုးပြမယ်။ ပြီးတော့မှ အမှုနှစ်မှု





ဖြစ်ပွားတာ တရားခံတစ်ယောက်မှ ကျွန်တော် မဖမ်းသေးပါလား ဆိုပြီး အိုင်ပီကိုမေးလိမ့်မယ်။ အဲဒီအချိန်ကျမှ ရုံးထဲမှာလက်ဖက်ရည် ဆင်းသောက်တဲ့ ကိုမျိုးအောင်က အခန်းထဲ ပြန်ရောက်တာနဲ့ကြုံတာ၊ စကားပရိယာယ်နဲ့ ကိုနေမျိုးတို့ကို ပြန်ကလိတယ်။ အဲဒါ တစ်ဖက်က စိတ်ဆိုးပြီး အခန်းထဲက ထွက်သွားတာကိုကြည့်ပြီး ကိုမျိုးအောင်က သဘောကျစွာ ရယ်မောမိမယ်၊ ကိုမျိုးအောင် ရယ်မောတာကို ကြည့်ပြီး သဘောကျစွာနဲ့ အိုင်ပီပါ လိုက်ရယ်မောနေကြတာ ဖြစ်မယ်"

"လျှပ်တစ်ပြက်အတွင်း တွေ့ကြုံရမှုအပေါ်၌ ကျိုးကြောင်းဆက်နွယ်၍ ရှင်းပြနိုင်သော ကိုမင်းနောင်၏ အစွမ်းအစအား ကျွန်ုပ်နှင့် ကိုမျိုးအောင်မှာ မချီးမွမ်းဘဲ မနေနိုင်တော့ပေ"

"အိုင်ဆေး . . . ကိုမင်းနောင် (ကွန်ဂရက်ကျူလေးရှင်း) ဗျာ၊ အရမ်းကို လေးစားတယ် ကိုမင်းနောင်ပြောတာ ကွက်တိပဲ"

"ကိုမျိုးအောင် သဘာဝတရားက တစ်ခုနဲ့တစ်ခု ဒွန်တွဲဆက်စပ်နေတဲ့သဘော ရှိပါတယ်ဗျာ။ ဒီအပေါ် ရှုမြင်တဲ့သူအနေနဲ့ သဘာဝကျကျတွေးခေါ်တတ်ဖို့ ဉာဏ်အမြော်အမြင်တော့ ရှိဖို့တော့ လိုတယ်"

"အိုင်ဆေး. . ခင်ဗျားကို ကျွန်တော် မရှင်းတာလေးတစ်ခု၊ နှစ်ခုလောက် မေးချင်တယ်"

"မေးပါ. . ကိုမျိုးအောင်"

"အိုင်ပီဦးထွန်းအောင်နဲ့ ကိုနေမျိုးတို့ စကားပြောတဲ့အချိန်မှာ ဒီအခန်းထဲမှာ ကျွန်တော်မရှိဘူးဆိုတာနဲ့ ကျွန်တော် ရုံးထဲက လက်ဖက်ရည်

ဆိုင်သွားတာကို ကိုမင်းနောင် ဘယ်အချက်နဲ့ သုံးသပ်တယ်ဆိုတဲ့ အဖြေကလေးကို ရှင်းပြပေးပါ"

"ကျွန်တော် ရှင်းပြပါ့မယ်၊ (၁) အချက် ကိုနေမျိုးနဲ့ ခင်ဗျားနဲ့က အခြားအကြောင်းအရာနဲ့ တည့်ပေမယ့် အမှုအကြောင်းနဲ့ ပတ်သက်လာရင် မတည့်တာက များတယ်၊ ကိုနေမျိုးက အမှုအကြောင်းနဲ့ပတ်သက်ပြီး သူ သိမြင်တာ မှန်တယ်ဆိုပြီး ရှင်းပြတယ်။ ခင်ဗျားကလည်း စကားပရိယာယ်နဲ့ ကိုနေမျိုးကို ပြန်ကလိတယ်။ အဲဒီအချက်ကြောင့် အမှုအကြောင်းနဲ့ ပတ်သက်လာရင် ခင်ဗျားရှိတဲ့အချိန်မှာ သူ မဟာရဲတော့ဘူး"

"(၂) အချက် ဒီအချက်ကလည်း မနက်ပိုင်း လက်ဖက်ရည်သောက်ချိန်၊ ခင်ဗျားက ဗိုက်ဆာရင် အကြွေးမထားတတ်တာကို ကျွန်တော်က သိပြီးသား ဖြစ်နေတယ်။ ခင်ဗျား လက်ဖက်ရည်ဆိုင် သွားတဲ့အချိန်မှာ အိုင်ပီတစ်ယောက်တည်း အမှုတွဲဟောင်းဖိုင်တွေနဲ့ အလုပ်ရှုပ်နေတာမြင်တာနဲ့ ကိုနေမျိုးက ဝင်လာတယ်ဆိုတာ တွက်ဆလို့ရပါတယ် ကိုမျိုးအောင်"

"မှန်ပါတယ် ကိုမင်းနောင်၊ ခင်ဗျား ရှင်းပြတာ ယထာဘူတ သဘာဝကျပါတယ်။ အဲဒီအတွက် ဒီမနက်စာကို ကျွန်တော် ဒကာခံပါ့မယ်"

"ကိုမင်းနောင်ရေ ဗုဇကာပုဏ္ဏားက ပြန်လှုတော့လည်း ဒါနမြောက်သွားအောင် ဒီမနက်စာကို လိုက်စားရမယ်ဗျို့"

"ဟား . . ဟား . . ဟား . . ဟား"

ကျွန်ုပ်၏စကားကြောင့် ကိုမင်းနောင်နှင့်ကိုမျိုးအောင်လည်း ရယ်မောကြလေသည်။





ကျွန်ုပ်တို့လည်း စကားပြောဆိုခြင်းကို ခဏရပ်စဲ၍ အမှုတွဲဟောင်းများကို ပြန်လည်ရှာဖွေ၍ ဖတ်ရှုကြလေသည်။

စိတ်ဝင်စားစွာဖြင့် လိုအပ်သော သဲလွန်စကို ရလိုရငြား ရှာဖွေကြရင်း အချိန်မှာ နေ့လည်တစ်နာရီပင် ထိုးပြီးလေပြီ။

"အိုင်ဆေး . . ခင်ဗျားတို့နှစ်ယောက် ဗိုက်မဆာသေးဘူးလား"

ကိုမျိုးအောင် တိုက်တွန်းမှ ထမင်းစားချိန် အတော်လင့်နေပြီကို သတိရ၍ ဖတ်လက်စ စာရွက်စာတမ်းများကို ခေတ္တခဏ ပြန်လည်သိမ်းဆည်းပြီး ကျွန်ုပ်တို့သုံးဦးသား စီအိုင်ဒီရုံးရှေ့တွင် အဆင်သင့်တွေ့သော ရထားလုံးတစ်စီးကို ငှား၍ ဟင်းချက်လက်ရာ ကောင်းမွန်လှသော အင်းစိန်ဘူတာဘက် အခြမ်း၌ ဖွင့်လှစ်ထားသော အရှိုးမြထမင်းဆိုင်သို့ ထွက်ခဲ့လေသည်။

ထမင်းဆိုင်သို့ ရောက်သောအခါ မနက်စာ စားသည့်အချိန်မှာ ကျော်လွန်နေ၍ ဆိုင်ထဲမှာပင် လူရှင်းစပြုနေပေပြီ။ ကျွန်ုပ်တို့လို စားသောက်ချိန် နောက်ကျသူတစ်ဦးစ နှစ်ဦးစသာ ရှိလေသည်။

"ဦးထွန်းအောင် ခင်ဗျားကြိုက်တာမှာ၊ ကျွန်တော် ဗိုက်ဆာနေပြီ။ ထမင်းသုံးပွဲ ရောက်လာသည်နှင့် ကိုမျိုးအောင်က ငါးရံ့အူတစ်ပွဲနှင့် ဆိတ်ဦးနှောက်ဟင်းတစ်ပွဲ အရင်ပေး၊ ကဲ. . ကိုမင်းနောင်နဲ့ ဦးထွန်းအောင် လိုတာမှာဗျာ"

ကျွန်ုပ်နှင့်ကိုမင်းနောင်လည်း ကြက်သားဆီပြန်ဟင်းတစ်ပွဲနှင့် ငါးမြင်းဗိုက်သား တစ်ပွဲ ထပ်မှာလေသည်။

ကျွန်ုပ်တို့ မှာထားသော ဟင်းပွဲများ ရောက်လာသည်နှင့် ဆာလောင်နေသော ဝမ်းဗိုက်များကို ဖြည့်တင်းကြလေသည်။

မကြာမီ စားသောက်ပြီး ကျသင့်ငွေကို ရှင်းကာ လာတုန်းကလိုပင် ရထားလုံးတစ်စီးကို ငှား၍ ရုံးသို့ပြန်ခဲ့လေသည်။ ရုံးရှေ့ရောက်သောအခါ ရထားလုံးခ ရှင်းပေးပြီး ကိုမျိုးအောင်က ထမင်းစားတာ များသွား၍ ရင်ချောင်အောင် လက်ဖက်ရည်သောက်မည်ဟု ဆိုသဖြင့် ရုံးထဲရှိ လက်ဖက်ရည်ဆိုင် အတွင်းသို့ ဝင်ခဲ့ကြလေသည်။

"ဟော့ . . ချွတ်ကရား သင်းကျာရီ"

ကိုမျိုးအောင်က လက်ဖက်ရည် သုံးခွက်ကို မှာလိုက်လေသည်။

မကြာမီ မှာထားသော လက်ဖက်ရည်ခပ်ကျဲကျဲကို တကြိုက် နှစ်ကြိုက်မျှ သောက်၍ ကျွန်ုပ်၏ လက်စွဲတော် ဒန်းဟီးလ်ဆေးတံထဲသို့ ရွှေနဂါးဆေးတံ သောက်ဆေးထည့်၍ မီးညှိပြီး ရှိုက်ဖွာလေသည်။

ကျွန်ုပ်၏မိတ်ဆွေကြီး ကိုမင်းနောင်လည်း သူ အလွန်နှစ်သက်သော စီးကရက်ကို ရှိုက်ဖွာ၍ အတွေးနယ်ချဲ့နေမှုကို တွေ့ရလေသည်။

ကိုမျိုးအောင်က

"အိုင်ဆေး . . ကိုမင်းနောင်၊ ခင်ဗျား ရှာခိုင်းတဲ့ ရာဇဝင်လူဆိုး စာရင်းထဲက ဘယ်သူ့အကြောင်းများ သိချင်လို့လဲ"

"အဓိကကတော့ မစ္စတာစတီဗင် အငြိမ်းစားမယူခင် သူ ပါဝင် ပတ်သက်ဖမ်းဆီးခဲ့တဲ့ ကြီးမားတဲ့အမှုနဲ့ ကြောင်နဲ့ပတ်သက်တဲ့ နာမည်





ပါတဲ့ဂိုဏ်းတို့၊ ကြောင်နဲ့ပတ်သက်တဲ့ အမည်ရှိသူတို့ပါတဲ့ အမှုတွဲဟောင်း တွေကို လေ့လာချင်တယ်။ ဥပမာ-ကြောင်နက်ရှင်တို့၊ ကြောင်တစ်ရာ ကျော် ကျားတို့၊ လက်မရွှံ့စိန်ဗိုလ်ကြောင်အဖွဲ့ တို့လို နာမည်ရှိတဲ့ အမှု မျိုးလို အမှုတွဲဟောင်းတွေကို လေ့လာချင်တာ"

"အခု ဖြစ်တဲ့အမှုတွေနဲ့ ကြောင်တွေနဲ့ ဘယ်လိုများပတ်သတ် လို့လဲ ကိုမင်းနောင်"

"ပတ်သက်သည်၊ မပတ်သက်သည်ကိုတော့ သေသေချာချာ မသိသေးဘူး၊ အိုင်ပီတို့ သိတဲ့အတိုင်း မစ္စတာစတီဗင် အသတ်ခံရတဲ့ အမှုရော၊ ရတနာကုန်သည် ဆာမိဆင်း အသတ်ခံရမှုမှာရော သူဇာယမင်း ရုပ်ကလေး နှစ်ခုက ပတ်သက်ဆက်နွယ်နေတာကို အိုင်ပီတို့ သိပြီးသားပါ"

"ဒီအရုပ်ကလေးမှာ ထူးခြားတာက ကြောင်နက်ကလေးတို့ တယုတယ အနေအထားနဲ့ မိန်းမလှလေးက ပွေ့ပိုက်ထားတာ တော်တော် ဆန်းတယ်။ ဒီကြောင်နက်မျိုးက မဟူရာကိသနလို့ခေါ်တဲ့ ကြောင်နက်ရှင်ပဲ။ ကြောင်နက်ရှင်တွေက အငြိုးကြီးတယ်၊ ရန်သူကို အပိုင်တိုက်ခိုက်တတ် တယ်။ ဒေါသတရား ကြီးမားတယ်။ ရဲစွမ်းသတ္တိနဲ့လည်း ပြည့်စုံတဲ့ သဘောကို ဆောင်တယ်။ ဒီလို ရည်ရွယ်ချက် ကြီးမားစွာနဲ့ ထုဆစ်ထားတဲ့ သူဇာယမင်းရုပ်ကလေးက ဖြစ်ပွားခဲ့တဲ့ နှစ်မှုစလုံးအတွက် တရားတို ညွှန်ပြတဲ့ နတ်လက်ညှိုးကလေးပဲ အိုင်ပီ"

ကျွန်ုပ်နှင့်ကိုမျိုးအောင်လည်း ကိုမင်းနောင် ရှင်းပြမှုအပေါ်၌ စိတ်ပါဝင်စားခြင်း များစွာနှင့် နားထောင်၍ အမှုနှင့်ပတ်သက်၍ လိုအပ်သော တွင်းဆက်များဟု မှတ်သားထားလိုက်လေသည်။

"ဒါနဲ့ ကိုမင်းနောင် အသတ်ခံရတဲ့ ရတနာကုန်သည် ဆာမီဆင်းရဲ့ ညီ ရာဂျာဆင်းဆီကို ကိုမင်းနောင် သံကြိုးရိုက်ပြီးပြီလား"

"အိုင်ပီရဲ့ သတိ၊ ဝီရိယ ကြီးမားမှုကို ကျွန်တော် လေးစားပါတယ်။ ဒီနေ့မနက်ပဲ ကျွန်တော် ရုံးကိုမလာခင် အိန္ဒိယမှာရှိတဲ့ ဆာမီဆင်းရဲ့ညီ ရာဂျာဆင်းဆီကို သံကြိုးရိုက်ပြီးပါပြီ။ ရာဂျာဆင်း ဆီကို သံကြိုးရိုက်ရင်း အိန္ဒိယမှာရှိတဲ့ ကျွန်တော့်ရဲ့သူငယ်ချင်း စကော့တလန်မှာ အတူကျောင်းဆင်းခဲ့တဲ့ ဆားပုလင်းမူကာဂျီ ဆီကို ရာဂျာဆင်းနဲ့ ပတ်သက်ပြီး လေ့လာကြည့်ရှုပြီး ရာဂျာဆင်း မြန်မာပြည်ကို မရောက်ခင် ထူးခြားတဲ့ သတင်းနဲ့ လှုပ်ရှားမှုကို နေ့တိုင်း သံကြိုးရိုက်ဖို့ပါ အကူအညီ တောင်းထားတယ် အိုင်ပီ"

"တော်တော်လည်း စေ့စပ်သေချာပါတယ် ကိုမင်းနောင်"

"အိုင်ပီရေ ကျွန်တော်တို့ စကားကောင်းနေလို့ မဖြစ်သေးဘူး၊ အချိန်ရှိတုန်း မနက်က ရှာဖွေလက်စ အမှုတွဲဟောင်းတွေကို ရှာဖွေရအုံးမယ်"

"ဟုတ်တယ် . . ကိုမင်းနောင်၊ ရုံးမဆင်းခင် အထောက်အကူရလိုရငြား ရှာဖွေကြစို့"





ကျွန်ုပ်တို့လည်း လက်ဖက်ရည်ဖိုး ကျသင့်ငွေကို ပေး၍ ရုံးထဲသို့ ပြန်ဝင်ခဲ့ကြပြီး (ပုလိပ်ဂေဇက်) အမှုတွဲဟောင်းများကို ပြန်လည်ရှာဖွေ ဖတ်ရှုခဲ့ကြလေသည်။

ကျွန်ုပ်တို့ သုံးယောက် ဇွဲကောင်းစွာဖြင့် အမှုတွဲဟောင်းများကို ဖတ်ရှုနေသည်မှာ ညနေ ရုံးဆင်းချိန်ပင် ရောက်ခါနီးပင်ဖြစ်လေသည်။ ထိုသို့ ဖတ်ရှုနေရင်းမှ မစ္စတာစတီဗင် အငြိမ်းစားမယူခင် ကိုယ်တိုင် စွန့်စား၍ လူသတ်မှုတစ်ခုကို ဖော်ထုတ်ဖမ်းဆီးခဲ့သော အမှုတွဲဟောင်းကို တွေ့ရ၍ ကျွန်ုပ်မှာ ကိုမင်းနောင်အား

"ကိုမင်းနောင်ရေ မစ္စတာစတီဗင် ကိုင်တွယ်ခဲ့တဲ့ အမှုနဲ့ ပတ်သက်ပြီး ဒီမှာတွေ့ပြီ"

ကျွန်ုပ်လည်း စကားအဆုံး၌ လက်ထဲမှ အမှုတွဲဖိုင်အား ကိုမင်းနောင် လက်ထဲသို့ ပေးလိုက်လေသည်။

ကိုမင်းနောင်သည် ကျွန်ုပ် ကမ်းလင့်ပေးသော အမှုတွဲဖိုင်ကို စိတ်ဝင်စားစွာဖြင့် ဖတ်ရှုပြီး ခက်ခဲသော သင်္ချာပုစ္ဆာကို အဖြေရရှိသည့် လူတစ်ယောက်လို ဝမ်းသာမှုဖြင့်

"ကျေးဇူးပဲ အိုင်ပီရေ၊ ကျွန်တော် လိုချင်တဲ့ အချက်ရပြီ"

ကျွန်ုပ်လည်း ဝမ်းသာစွာဖြင့်

"ဘယ်လို ထူးခြားမှုရှိလို့လဲ ကိုမင်းနောင်၊ ရာဇဝတ်အုပ် မစ္စတာစတီဗင် ဖော်ထုတ်ဖမ်းဆီးခဲ့တဲ့ လူသတ်မှုမှာ အမှုကို ကျူးလွန်တဲ့

တရားခံရဲ့ နာမည်က မောင်ဘဂျမ်း (ခေါ်) ကြောင်တစ်ရာဘဂျမ်းတဲ့၊ အသတ်ခံရတဲ့သူက ကိုးဒင်းဘယ်လီလမ်းမှာ နေတဲ့ ရွှေကုန်သည်နာရာဆင်းလို့ ခေါ်တယ်။ ဖြစ်ပွားခဲ့တဲ့ အမှုနဲ့ပတ်သက်ပြီး အသေးစိတ်ကိုတော့ ကျွန်တော် အိမ်ရောက်မှပဲ ဆက်ပြီး လေ့လာတော့မယ်။ အခု ရုံးဆင်းချိန်တောင် ကျော်နေပြီး ရုံးဆင်းချိန် အရမ်း နောက်ကျသွားရင် အိုင်ပီရဲ့ဇနီး ခေါ်ခင်ခင်ကြီးက စိတ်ပူနေအုံးမယ်"

"ကျွန်တော် ဆုံးဖြတ်ချက် မှန်တယ်ဆိုရင်တော့ အခုဖြစ်ပွားတဲ့ အမှုနှစ်မှုလုံးရဲ့ လူသတ်တရားခံကို မကြာခင် ဖမ်းဆီးနိုင်တော့မှာပါ အိုင်ပီ"

"အမှု မြန်မြန်ပေါ်တော့လည်း ကျွန်တော်တို့ ထမ်းထားရတဲ့ ဝန်ထုပ်ဝန်ပိုးကြီး ရှော့ကျသွားတာပေါ့ ကိုမင်းနောင်"

"အိုင်ပီ. . စာရွက်စာတမ်းတွေ ပြန်သိမ်းကြစို့"

ကျွန်ုပ်၊ ကိုမင်းနောင်၊ ကိုမျိုးအောင်တို့ သုံးဦးလည်း စာရွက်စာတမ်း အမှုတွဲဟောင်းများကို ပြန်လည်သိမ်းဆည်း၍ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ကာ ရုံးမှအိမ်သို့ ပြန်ခဲ့လေသည်။

နောက်တစ်နေ့မနက် ကျွန်ုပ် ရုံးသို့ရောက်သောအခါ ကိုမင်းနောင်မှာ ကျွန်ုပ်ထက်စောစွာ ရုံးသို့ရောက်နှင့်နေပြီး ရုံးအတွင်းရှိ လက်ဖက်ရည်ဆိုင်တွင် ကျွန်ုပ်နှင့်ကိုမျိုးအောင် အလာကို စောင့်မျှော်နေသည်ကို တွေ့ရလေသည်။





ကျွန်ုပ်လည်း ရုံးတက်လက်မှတ်ရေးထိုးပြီး ရုံးအတွင်း လိုအပ်သော ပြင်ဆင်မှုကို ပြုလုပ်ပြီး လက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်ခဲ့လေသည်။

ထိုအချိန်တွင် ကိုမျိုးအောင်ပါ ရုံးသို့ ရောက်ရှိလာပြီး ကျွန်ုပ်တို့ သုံးဦးသား ဆုံမိကြလေသည်။

"မောနင်း . . အိုင်ပီနဲ့ ကိုမျိုးအောင်"

"မောနင်း . . ကိုမင်းနောင်"

"အိုင်ဆေး . . ခင်ဗျား ရုံးကို ရောက်တာစောတဲ့အတွက် ထူးခြားတဲ့ အကြောင်းတော့ ရှိမယ်ထင်တယ်"

"ထူးခြားတယ် ကိုမျိုးအောင်၊ ကျွန်တော်တို့ အမှုနဲ့ပတ်သက်ပြီး ဒီနေ့ပဲ သယ်န်းကျွန်းကြီးအပိုင် ဖြစ်တဲ့ ထားဝယ်ချောင်ဘက်ကို သွားဖို့လိုတယ်"

"ကိုမင်းနောင်. . ကျွန်တော်တို့ လိုက်ဖို့ လိုသေးလား"

"လိုတယ် ကိုမျိုးအောင် ကျွန်တော်တို့ သုံးယောက်စလုံး သွားမှာ"

"အိုင်ပီနဲ့ကိုမျိုးအောင် လက်ဖက်ရည်နဲ့မုန့် မှာအုံးလေ"

"ဟုတ်သားပဲ . . ကျွန်တော်တောင် ကိုမင်းနောင်ရဲ့ အမှုနဲ့ ပတ်သက်ပြီး ထူးခြားတဲ့ စကားအတွက် လက်ဖက်ရည်မှာဖို့တောင် မေ့သွားတယ်"

"ဟဲ . . ဟဲ . . ဟဲ"

"အိုင်ပီ ဦးထွန်းအောင် လက်ဖက်ရည်နဲ့ ဆိတ်စွပ်နံပြားပဲ မှာလာမယ်"

"ကောင်းတယ် . . ကိုမျိုးအောင်"

"ကိုမင်းနောင် . . ဘာထပ်ပြီး သုံးဆောင်ဦးမလဲ"

"ကျွန်တော့်အတွက်တော့ ဘာမှမမှာနဲ့တော့ ကိုမျိုးအောင်"

"ဟေး . . ချွတ်ကရား ဒိုး-ကျာရီ၊ ဒိုး-နံဂိုတီ"

"ကိုမျိုးအောင်သည် စားပွဲထိုး ကုလားကလေး အပွနားအား လက်ဖက်ရည်နှင့် ဆိတ်စွပ်နံပြား နှစ်ပွဲကို မှာလိုက်လေသည်"

ကျွန်ုပ်နှင့်ကိုမျိုးအောင်လည်း လာချပေးသော ဆိတ်စွပ်နံပြားနှင့် လက်ဖက်ရည်ကို စားသောက်လေသည်။

ကိုမင်းနောင်သည် စီးကရက်ကို ဖွာရှိုက်ရင်း ယနေ့ထုတ် သူရိယသတင်းစာကို ဖတ်ရှုနေလေသည်။

ဆိတ်စွပ်နံပြားနှင့် လက်ဖက်ရည်ကို စားသောက်ပြီးနောက် ခံတွင်းချဉ်လာသဖြင့် ကျွန်ုပ်၏လက်စွဲ ဆေးတံထဲသို့ ဆေးတစ်ဆုံ ထည့်၍ ဆေးတံသောက်လေသည်။

"အိုင်ပီရေ သတင်းစာတွေကတော့ တွယ်နေပြီ"

ကိုမင်းနောင်သည် သူရိယသတင်းစာကို ကျွန်ုပ်ထံသို့ ပေးရင်း အထက်ပါအတိုင်း ပြောကြားလေသည်။

ကျွန်ုပ်လည်း ထူးခြားမှုကို သိချင်သဖြင့် သတင်းစာကို ဖတ်၍ ကြည့်ရာ သူရိယသတင်းစာ ခေါင်းကြီးပိုင်းတွင် ရေးသားထားသော သတင်းမှာ ရန်ကုန်မြို့တွင်းမှ ဆိုးဝါးသော လုပ်ကြံသတ်ဖြတ်မှုများဟု ရေးသား၍ အကျယ်တဝင့် ဖော်ပြထားသည်မှာ-





ရန်ကုန်မြို့အတွင်း၌ ဆိုးဝါးသော လူသတ်မှုများကို တာဝန်ရှိသူများက အချိန်မှီ ရှာဖွေမဖမ်းဆီးနိုင်ပါက ပြည်သူများအတွက် အထိတ်တလန့် ဖြစ်စေခြင်းနှင့် အစိုးရ အာဏာပိုင်များကို ထိခိုက်နိုင်ကြောင်း၊ ထိုအချက်များကြောင့် လူသတ်မှု ကျူးလွန်သည့် တရားခံများကို အမြန်ဖမ်းမိဖို့လိုကြောင်း စသည်ဖြင့် အကျယ်တဝင့် ရေးသားဖော်ပြထားလေသည်။

ကျွန်ုပ်လည်း သတင်းစာကို ဖတ်ပြီးနောက်

"ကိုမင်းနောင် ပြောသလို သတင်းစာတွေက ကျွန်တော်တို့ကို စောင်းပြီး ရေးကုန်ပြီ ကိုမင်းနောင်ရေ"

"သူတို့အလုပ် သူတို့လုပ်တာပဲ အိုင်ပီရယ်၊ ကျွန်တော်တို့ အနေနဲ့လည်း အမှုတစ်မှုဖြစ်လာရင် အမှုကို ခိုင်မာအောင် ဘယ်လိုတည်ဆောက်ရတယ် လိုအပ်တဲ့ (ကလူး) သဲလွန်စ ဘယ်လိုရှာဖွေရသလဲ ဆိုတာ သူတို့မှ မသိတာ"

"အိုင်ပီရေ . . မင်းကြီးကို ဒီနေ့အတွက် အစီရင်ခံစာရေးပြီး တင်အုံး၊ ဒီမနက်ပိုင်းပဲ ရုံးကကားနဲ့ ကျွန်တော်တို့ ထားဝယ်ချောင်ဘက် သွားမယ်"

"စိတ်ချ . . ကိုမင်းနောင်၊ မင်းကြီးကို ကျွန်တော် အစီရင်ခံစာ တင်လိုက်ပါ့မယ်"

စကားဆုံးသည်နှင့် ကျွန်ုပ်တို့လည်း လက်ဖက်ရည်ဖိုး ကျသင့်ငွေကို ရှင်းပေးပြီး ရုံးထဲသို့ပြန်ဝင်ကာ အစီရင်ခံစာတစ်စောင် ရေး၍

မင်းကြီးဆိပ်ပြီးနောက် စီအိုင်ဒီမှ ဖို့ဒ်ကားကလေးဖြင့် ကျွန်ုပ်တို့ သုံးဦးသား အင်းစိန်-ပြည်လမ်းအတိုင်း ဖြတ်ထွက်၍ သယ်န်းကျွန်းကြီးဘက်သို့ မောင်းထွက်ခဲ့လေသည်။

လမ်းတွင် ကိုမျိုးအောင်က

"အမှုအခြေအနေ တော်တော်လေး ထူးခြားပြီလား ကိုမင်းနောင်"

"ထူးခြားတယ် ကိုမျိုးအောင်၊ မနေ့ညက ဦးဘဂျမ်းလို့ခေါ်တဲ့ ကြောင်တစ်ရာဘဂျမ်းရဲ့ ကိုယ်ရေးရာဇဝင်အကျဉ်းကို အသေးစိတ် လေ့လာကြည့်တာ၊ အခု ဖြစ်ပွားတဲ့အမှုနဲ့ ပတ်သက်ပြီး ဆက်စပ်နေတယ် အိုင်ပီ"

"ဦးဘဂျမ်းရဲ့ဇာတိမွေးရပ်မြေက သယ်န်းကျွန်းအပိုင် ထားဝယ်ချောင်တပဲ ဦးဘဂျမ်းရဲ့မိသားစုဝင်တွေနဲ့ တွေ့ဆုံပြီး လိုအပ်တဲ့ လေ့လာမှုကလေး ပြုလုပ်ဖို့ပါ။ ကျွန်တော်တို့ထင်တာ မှန်ခဲ့ရင်တောင် လူသတ်မှု ကျူးလွန်တဲ့ တရားခံက အခုသွားမယ့် ထားဝယ်ချောင်ရွာဘက်မှာ မရှိနိုင်ပါဘူး"

ကျွန်တော်တို့ အနေနဲ့ သဲလွန်စခြေရာ အခုမှ စ,ကောက်ဖို့ပဲ ရှိသေးတယ် ကိုမျိုးအောင်၊ တရားခံ ဘယ်သူဘယ်ဝါဆိုတာကို မသိနိုင်သေးဘူး"

ကျွန်ုပ်တို့ စီးလာသော ကားကလေးသည် ဆင်ပုံးနွယ်ခွေ၊ ပေါက်သလောက်၊ ကုန်းဒလဘောင်၊ ရေဒလဘောင် စသည့် ရွာကလေးများကို ဖြတ်ပြီး ထားဝယ်ချောင် တစ်ဖက်ကမ်းသို့ ကူးမည်။ သမ္ဗာန်ဆိပ်တွင် ကားကိုရပ်၍ ငှက် (ခေါ်) လက်ခတ်သမ္ဗာန်တစ်စီးကို ငှား၍ ထားဝယ်ချောင် ရွာကလေးဘက်သို့ ကူးခဲ့လေသည်။





သမ္ဗာန်စီးနေရာမှ ကိုမျိုးအောင်က

"အိုင်ဆေး. .ကိုမင်းနောင် ဒီရွာက ထူးထူးခြားခြား ထားဝယ်ချောင် ရွာလို့ အမည်ပေးထားတော့ ထားဝယ်လူမျိုးတွေ စုပြီးနေလို့လား"

"ထားဝယ်လူမျိုးတွေစုပြီး နေတာမဟုတ်ဘူး ကိုမျိုးအောင်၊ ဒီရွာရဲ့ ရှေးကျတဲ့ အမည်အရင်းက (ဒါးလယ်ချောင်း) ရွာလို့ ခေါ်တယ်။ ကာလရွှေ့လျားပြီး မူရင်းအခေါ် ဒါးလယ်ချောင်းပျောက်ပြီး ထားဝယ်ချောင် လို့ခေါ်တာ"

"ဒီနားရွာကလေးတွေရဲ့ အမည်က တစ်ခုနဲ့တစ်ခု ဆက်စပ်နေတယ် ကိုမျိုးအောင်"

"အိုင်ဆေး . . ကိုမင်းနောင် သမ္ဗာန်စီးရတာ တအိအိနဲ့ ပျင်းဖို့ကောင်းပါတယ်ဗျာ၊ အချိန်ရသေးရင် ဒီနားကရွာကလေးတွေ ဘယ်လို ဆက်စပ်နေလဲဆိုတာ ရှင်းပြပေးပါ"

ကိုမျိုးအောင် စကားကြောင့် ကျွန်ုပ်ကကြားမှ ဝင်၍

"ကိုမင်းနောင် ခင်ဗျားက အမေးအမြန်းထူတဲ့လူကို လှေပေါ် တင်ခေါ်ရတယ်လို့ဗျာ"

ကျွန်ုပ် စကားကြောင့် ကိုမျိုးအောင်မှာ ရယ်မောလေသည်။

"ရပါတယ် အိုင်ပီ၊ အခုလိုသွားရင်းနဲ့ ဒေသန္တရ စကားပြောဆို သွားတော့ ခရီးသွားတာ မပျင်းတော့ဘူးပေါ့ ကိုမျိုးအောင် သိချင်တာကို ကျွန်တော်ရှင်းပြပါ့မယ်"

"ဟိုတစ်ချိန်တုန်းက ဓမ္မစေတီမင်းရဲ့ သားတော်တစ်ပါး ဖြစ်တဲ့ ငယ်နာမည် မောင်လှကလေး၊ မင်းသားနာမည် ဘာရတကုမ္မာလို့ခေါ်တဲ့ မင်းသားဟာ ဆိုးသွမ်းရမ်းကားလွန်းတဲ့အတွက်ကြောင့် ငယ်နာမည် ပျောက်ပြီး (မင်းရမ်းကား) လို့ အမည်တွင်တယ်"

"မင်းရမ်းကား ဆိုးသွမ်းမှုဒဏ်ကို မခံနိုင်တဲ့ ပြည်သူတွေက ဟစ်တိုင်ကနေ ဓမ္မစေတီမင်းကို တိုင်တဲ့အထိ ဖြစ်လာတော့ ဖခင်ဖြစ်တဲ့ ရှင်ဘုရင်ကလည်း သားတော်ဖြစ်တဲ့ မင်းရမ်းကားကို ကျောသားရင်သား ခွဲခြားလို့ မဖြစ်တော့တာနဲ့ မင်းရမ်းကားရဲ့ နောက်လိုက်နောက်ပါ အခြွေအရံသင်းပင်းတွေနဲ့ အလုံမြို့ကနေ ပြည်နှင်ဒဏ်ပေးလိုက်တယ်၊ မင်းရမ်းကားနဲ့ အပေါင်းအပါတွေကလည်း ဖောင်တွေဖွဲ့ပြီး သံလျင်မြစ်ကနေ ငမိုးရိပ်ချောင်းအတိုင်း ဖောင်နဲ့ဖြတ်သန်းပြီး အခြားမြို့တစ်မြို့ တည်ထောင်ဖို့ ရည်ရွယ်ချက်နဲ့ နယ်မြေသစ်ကို ရှာဖွေခဲ့တယ်"

"အဲဒီလို ဖောင်နဲ့လာရင်း ဒီထားဝယ်ချောင် အရောက်လောက်မှာ မင်းရမ်းကား လက်ထဲမှာ ကိုင်ထားတဲ့ သံလျှက်ဓားက ဒီငမိုးရိပ်ချောင်းထဲကိုလည်ပြီး ကျသွားတယ်၊ ဓားလယ်ပြီး ကျသွားတဲ့ဒီနေရာကို ဓားလယ်ချောင်းလို့ သတ်မှတ်ခဲ့တယ်၊ ကာလရွေ့လျားပြီး ဓားလယ်ချောင်း အမည်ပျောက်ပြီး ထားဝယ်ချောင် လို့ ဖြစ်ခဲ့တယ် ကိုမျိုးအောင်"

"ဒီနေရာကနေ ရှေ့ဆက်သွားတော့ ဆင်ရိုင်းကြီးတစ်ကောင် သောင်းကြမ်းနေတဲ့ သတင်းရတာနဲ့ မင်းရမ်းကားကိုယ်တိုင် ကြိမ်နွယ်





တွေ စုပြီး ကြိုးကျစ်ပြီး ဆင်ရိုင်းကြီးကို ဖမ်းဖို့လုပ်တဲ့အခါ ဆင်ရိုင်းကြီးက မင်းရမ်းကားရဲ့ ဘုန်းကံကြောင့် မထွက်ပေါ်ရဲဘဲ အချိန် တော်တော်ကြာ ပုန်းနေတဲ့အတွက်ကြောင့် အဲဒီနေရာကို ဆင်ပုန်းလို့ ခေါ်ဆိုခဲ့တယ်၊ ကာလရွေ့လျားပြီး ဆင်ပုန်းကနေ ဆင်ပုံဆိုတဲ့ရွာ ဖြစ်ခဲ့တယ်"

"မင်းရမ်းကား ကုန်းပေါ်မှာ မင်းသမီးတစ်ပါးနှင့် တစ်လပေါင်းပြီး ရေထဲက နဂါးမနဲ့ တစ်လပေါင်းခဲ့တာကို အမှတ်ရစေဖို့အတွက် 'ကုန်းတစ်လပေါင်း၊ ရေတစ်လပေါင်း' လို့ အမည်တွင်ခဲ့တယ်၊ ကာလရွေ့လျားပြီး 'ကုန်းဒလဘောင် ရေဒလဘောင်' လို့ ခေါ်တွင်ခဲ့တယ် ကိုမျိုးအောင်"

"မင်းရမ်းကားရဲ့ ရာဇဝင်ကို ပြောရင် တော်တော်လေး ရှည်လျားတယ်၊ မင်းရမ်းကား နောက်ဆုံး နန်းစိုက်ခဲ့တဲ့နေရာက ဖောင်ကြီးမြို့ အရှေ့ဘက်မြို့ရိုးတောင်မှာပဲ၊ နောင် အလျဉ်းသင့်တဲ့ အခါကျမှ ဆက်ပြီး ရှင်းပြပေးမယ် ကိုမျိုးအောင်ရေ၊ ကျွန်တော်တို့ သွားမယ့် တစ်ဖက်ကမ်းကိုလဲ ရောက်ပြီ"

ကျွန်ုပ်တို့ သုံးဦးလည်း သမ္ဗာန်ကပ်သည်နှင့် သမ္ဗာန်ပေါ်မှ ဆင်း၍ ထားဝယ်ချောင်ရွာထဲသို့ လျှောက်ခဲ့ကြလေသည်။

"ကိုမင်းနောင်. . အခု ဘယ်ကိုတန်းပြီးသွားမှာလဲ"

"ဒီရွေ့နားမှာ ဘုန်းကြီးကျောင်းရှိတယ် အိုင်ပီ၊ အဲဒီ ဘုန်းကြီးကျောင်းမှာ ကပ္ပိယဖြစ်တဲ့ ဦးအောင်ဘော်က ကျွန်တော်နဲ့ ရင်းနှီးတယ်၊ ဦးအောင်ဘော်က အင်္ဂါရတ်သမား ဖြစ်တယ်၊ ကျွန်တော် ဒီဘုန်းကြီးကျောင်းကို နှစ်ခေါက်၊

သုံးခေါက် ရောက်ဖူးတယ်။ အင်္ဂလိပ်ဆရာ အင်္ဂလိပ်ရတ် နဲ့ ပတ်သက်ပြီး ဦးအောင်ဘော်နဲ့ ကျွန်တော် တစ်ယောက်နဲ့တစ်ယောက် ဆွေးနွေးတဲ့အခါ ဒီကျောင်းမှာ ညအိပ်ပြီးဆွေးနွေးဖူးတယ်"

"ဦးအောင်ဘော်က ဒီထားဝယ်ချောင် ရွာသားလည်းဖြစ်တယ်၊ ရှေးမှီနောက်မှီလည်း ဖြစ်တဲ့အတွက် ကျွန်တော်တို့သိချင်တဲ့ အကြောင်းအရင်းတွေကို ဦးအောင်ဘော် အများဆုံး ကူညီနိုင်မယ်လို့ ကျွန်တော် ယုံကြည်တယ် အိုင်ပီ"

စကားတပြောပြောဖြင့် လျှောက်ခဲ့ကြရာ ရွာဦးဘုန်းကြီးကျောင်းဝင်း ထဲသို့ပင် ရောက်ခဲ့လေသည်။

ကျွန်ုပ်တို့ဘုန်းကြီးကျောင်း ရောက်သောအခါ ဘုန်းကြီးကျောင်း ဝင်းအတွင်းထဲ တံမြက်စည်းလှည်းနေသော အကျီအဖြူ ပုဆိုးဖြူ လူသူတော် အဝတ်ဖြင့် အသက်လေးဆယ်ကျော် ငါးဆယ်အတွင်းရှိ လူတစ်ယောက် မှာ ကိုမင်းနောင်အား တွေ့သည်နှင့် အားရဝမ်းသာစွာနှင့်ပွေ့ဖက်ပြီး-

"မပေါ်လာတာ အတော်ကြာပါလား ဂမ္ဘီရမောင်မောင်"

ဟု နှုတ်ဆက်၍ ကိုမင်းနောင်အား ကျွန်ုပ်နှင့် ကိုမျိုးအောင်မှာ ကြည့်၍ နားမလည်သလို ဖြစ်ရလေသည်။

"လာ. . ဆရာမောင်မောင်၊ ကျွန်တော့်အခန်းထဲကို ကြွပါ၊ ဒီက မိတ်ဆွေတွေလည်း ကြွကြပါ"





ကျွန်ုပ်တို့လည်း ၎င်းလူသူတော် ခေါ်ဆောင်သွားသော သူ၏ လုံကွဲများ၊ ချော်ခဲများ၊ အင်္ဂလိပ်ရတ်ပစ္စည်းများနှင့် ပြည့်သိပ်နေသော ဆယ်ပေ ငါးပေခန့် ရှိသော အဆောက်အဦလေးထဲသို့ ကိုမင်းနောင်နှင့်အတူ လိုက်ပါ ခဲ့လေသည်။

"အားလုံး လွတ်လွတ်လပ်လပ် ထိုင်ကြဗျာ၊ ဘာမှ အားမနာပါနဲ့၊ ဒီက မိတ်ဆွေ ဆရာမောင်မောင်လို့ သဘောထားပါ။ ဒီမှာ ထန်းလျက်၊ ဟောဒါက လက်ဖက်အစ် အဖန်ရည်လေးနဲ့ အမောပြေ သောက်ကြဗျာ၊ ဆရာမောင်မောင် လာတာမြင်လို့ ကျွန်တော် ဝမ်းသာနေတာ"

"ဒါနဲ့ ကိုမောင်မောင်၊ ဒီက ခင်ဗျားနဲ့ပါလာတဲ့ မိတ်ဆွေတွေက လမ်းရှည်လား လမ်းတိုလားဗျ"

လူသူတော်၏ စကားကြောင့် ကျွန်ုပ်တို့မှာ ဘာကိုရည်ညွှန်းပြီး ပြောမှန်းမသိ၍ ကြောင်းအမ်းအမ်း ဖြစ်နေမိလေသည်။ ထိုအခါကျမှ ကိုမင်းနောင်က လူသူတော်နှင့် ကျွန်ုပ်တို့ကို မိတ်ဆက်ပေးလေသည်။

"ဦးအောင်ဘော်. . ဒီက မိတ်ဆွေရဲ့နာမည်က ဦးထွန်းအောင်လို့ ခေါ်တယ်၊ ဒီဘက်က မိတ်ဆွေက ကိုမျိုးအောင်လို့ ခေါ်တယ်။ သူတို့က အင်္ဂလိပ်သမားတွေ မဟုတ်ဘူး။ ကျွန်တော့်အထက်က အရာရှိတွေပါ"

"ဟုတ်ကဲ့. . တွေ့ရတာ ဝမ်းသာပါတယ် ဆရာတို့ ကျွန်တော့်နာမည် ဦးအောင်ဘော်လို့ ခေါ်ပါတယ်"

"ဟုတ်ကဲ့. . ဦးအောင်ဘော် အခုလို ရင်းနှီးခွင့်ရတာ ဝမ်းသာပါတယ်"

"ဆရာလေးတို့. . အဖန်ရည် သောက်ကြအုံး"

ဦးအောင်ဘော်သည် စကားဆုံးသည်နှင့် အဖန်ရည် တစ်ခွက်စီ ငှဲ့၍ပေးပြီး ထန်းလျက်ခဲလက်ဖက်အစစ်ကို အတင်းထိုး၍ ပေးသဖြင့် အဖန်ရည်ပူပူ မှုတ်သောက်လိုက်၊ လက်ဖက်စားလိုက်၊ ထန်းလျက်စား လိုက်နှင့် ခေတ္တခဏ အမောဖြေလေသည်။

တစ်အောင့်လောက်အကြာတွင် ကျွန်ုပ်ကပင် စတင်၍

"ကိုမင်းနောင် အခုန ကျွန်တော်တို့ကို ဦးအောင်ဘော်က လမ်းရှည် လား၊ လမ်းတိုလား မေးတာ ဘာကိုမေးတာလဲဗျာ"

ကျွန်ုပ်၏အမေးကို ဦးအောင်ဘော်နှင့် ကိုမင်းနောင်မှာ ပြုံး၍ နေပြီး

"အိုင်ပီ ဒီစကားအမိပ္ပာယ်က အင်္ဂရိတ်သမားတွေရဲ့ စကား အမိပ္ပာယ်ပါ၊ အလွယ်ပြောရရင် လမ်းတိုဆိုတာ စားလမ်းရိက္ခာထောက် ရွှေဖြစ်ငွေဖြစ်ကိုခေါ်ပြီး လမ်းရှည်က အင်္ဂရိတ် အတတ်နဲ့ထွက်ရပ်ပေါက် တဲ့အထိ သွားမယ့်လမ်းစဉ်ကို ခေါ်တာဖြစ်ပြီး တစ်မျိုးက ပြဒါးခဲတ်ကို ကိုင်တယ်။ တချို့က သံခဲတ်ကို ကိုင်တယ်။ ပြဒါးလမ်းက တိုပြီး သံက လမ်းရှည်တဲ့အတွက် ပြဒါးခဲတ် ကစားသူကို လမ်းတို၊ သံခဲတ် ကစားသူကို လမ်းရှည်လို့ ခေါ်တယ် အိုင်ပီ"

ကိုမင်းနောင် စကားအဆုံး၌ ကိုမျိုးအောင်က

"ဦးထွန်းအောင်ရေ. . ကျွန်တော်တို့လဲ ကိုမင်းနောင်နဲ့ ပေါင်းမှ လမ်းတိုလမ်းရှည်တွေ ဖြစ်ကုန်ပြီ"





"ဟား. . ဟား. . ဟား. . ဟား"

ကိုမျိုးအောင် စကားကြောင့် ကျွန်ုပ်တို့မှာ ရယ်မောရလေ တော့သည်။

"ဒါနဲ့ ကိုမင်းနောင် ခင်ဗျားကို ဘာဖြစ်လို့ ဂမ္ဘီရမောင်မောင် လို့ ခေါ်တာလဲဗျ"

ကျွန်ုပ်၏ မေးမြန်းမှုအဆုံး၌ ဦးအောင်ဘော်က

"ဒါက ဒီလို ဆရာလေးရေ၊ ဂမ္ဘီရဆိုတာ လေးနက်တဲ့လောကီ ပညာရပ်တွေကို တင်စားပြီးခေါ်တာ မောင်မောင်ဆိုတဲ့ အမည်ကတော့ ကြာသပတေးနံ နှစ်လုံးဆင့်တဲ့အတွက် ကြာသပတေးနံ (၅) နှစ်လုံး ရတယ်။ (၅) နှစ်လုံးကို ပေါင်းလိုက်ရင် အက္ခရာဂဏန်း (၁၀) ရတယ်။ တစ်ကနေ တနင်္ဂနွေနံ ဖြစ်ပြီး သုံညက စနေနံ ဖြစ်တယ်။ စနေ၊ တနင်္ဂနွေ ကို တွဲဆစ်လိုက်တဲ့အခါ (အမြွော) လို့ ခေါ်တဲ့ ကမ္ဘာ့ခဲတ်မိတ်ကို ရတယ်"

"ဟောဒီ ကျွန်တော်တို့ရဲ့ မိတ်ဆွေ ကိုမောင်မောင်က လောကီ ပညာပိုင်းမှာ ကျွန်တော်တို့ထက် နှံ့နှံ့စပ်စပ် သိတာဖြစ်လို့ သူ့ကို ဂုဏ်ပြုတဲ့ အနေနဲ့ လောကီပညာ လိုက်စားတဲ့သူတွေက နာမည်ရင်း ကိုမင်းနောင်လို့ မခေါ်ဘဲ မောင်မောင်လို့ ခေါ်ကြတာ"

ဦးအောင်ဘော်၏ ရှုပ်ထွေးလှသော ရှင်းပြမှုကို နားမလည်စွာနဲ့ ပင် ခေါင်းညိတ်ရလေသည်။ နားမလည်၍ မေးမြန်းမိလျှင် ကျွန်ုပ်တို့မသိသည့် အရာဖြင့် ထပ်၍ ရှုပ်နေအောင် ပြောဆိုမှုကို ကြောက်သဖြင့် ကျွန်ုပ်နှင့်

ကိုမျိုးအောင်မှာ အဖန်ရည်သောက်လိုက် လက်ဖက်စားလိုက်ဖြင့်သာ ရှေ့ဆက် စကားမဆိုရဲတော့ဘဲ ခပ်ဆိတ်ဆိတ်သာ နေကြလေသည်။

"ဒါနဲ့ ဆရာမောင်မောင် ဒီတစ်ခေါက်လာတာ အေးအေးဆေးဆေးပဲလား"

"ဒီတစ်ခေါက်တော့ အေးဆေးလို့ မရဘူး ဦးအောင်ဘော်ရေ၊ ကျွန်တော်တို့မှာ အရေးကြီးတဲ့ အကြောင်းနဲ့မို့လို့ နောက်တစ်ခေါက်ကျမှ အေးအေးဆေးဆေးနေပြီး ဓာတ်ကလေး ဘာလေး ကစားအုံးမယ်"

"ဦးအောင်ဘော် ဒီရွာသားဖြစ်တဲ့အတွက် ကျွန်တော် သိချင်တဲ့ လူတစ်ယောက်အကြောင်းကို မေးလို့ရမလား"

"ဆရာမောင်မောင်ရယ် တစ်ယောက်နဲ့တစ်ယောက် စကားပလ္လင်ခံဖို့ မလိုပါဘူး။ သိချင်တဲ့အကြောင်း မေးပါ။ ကျွန်တော် ဒီရွာနဲ့ပတ်သက်ရင် ကျွန်တော်မသိတာ မရှိဘူး။ ဆရာမောင်မောင် သိချင်တာမေးပါ"

"ဦးဘဂျမ်းလို့ ခေါ်တဲ့ ဒီရွာသားတစ်ယောက်ရဲ့ အကြောင်းကို သိချင်လို့ပါ"

"ကိုမင်းနောင်၏ စကားအဆုံး၌ ဦးအောင်ဘော်မှာ ခေတ္တခဏ တွေဝေသွားပြီး ဟိုးအတိတ်ကို ပြန်လည်စဉ်းစားနေပုံ ရလေသည်။

"ဘဂျမ်း. . ဘဂျမ်း. . မြခက်ရဲ့ယောကျ်ား ဘဂျမ်းကိုပြောတာ ထင်တယ်"

"ဟုတ်တယ် . . ဦးအောင်ဘော်၊ သူ့ဇနီးသည် အမည်က မမြခက်လို့ သိရပါတယ်"





"သိပြီလား ဆရာရယ်၊ ဘဂျမ်းနဲ့ ကျွန်တော်က လည်ပင်းဖက် ပေါင်းလာတဲ့ တစ်ရွာတည်းအတူတူမွေးလာကြတဲ့ ငယ်သူငယ်ချင်းတွေ အဲဒီကောင် သူ့မိန်းမ မြခက်ကို ခိုးတော့ အထုပ်ကိုထမ်းပြီး ပါရမီဖြည့်ခဲ့တာ ကျွန်တော်ပါပဲ ဆရာရယ်"

"ဘဂျမ်းရဲ့ စိတ်ဓာတ်က မဟုတ်မခံတဲ့စိတ် ပြင်းထန်တယ်၊ မတရားမှုပြုတာကို လက်မခံဘူး၊ ရိုးသားတယ်၊ အလုပ်ကိုကြိုးစားတယ်။ ဒါပေမယ့် ကျွန်တော့်သူငယ်ချင်းဘဂျမ်းက အတိတ်ကံမကောင်းဘူး။ ရန်ကုန်ဘက်က ကုလားသူဌေးတစ်ယောက်ကို သတ်တဲ့အတွက် အင်္ဂလိပ်အစိုးရက ဘဂျမ်းကို သေဒဏ်ပေးခဲ့လို့ ဘဂျမ်းသေဆုံးခဲ့တာပါ ဆရာမောင်မောင်"

ဦးအောင်ဘော်မှာ စိတ်မကောင်းခြင်းများစွာနှင့် ဦးဘဂျမ်း အကြောင်းကို ရှင်းပြလေသည်။

"ဦးဘဂျမ်းကို လူသတ်မှုအတွက် အင်္ဂလိပ်အစိုးရက ကြိုးဒဏ်ပေးတာကို ကျွန်တော် သိပြီးပါပြီ။ ဦးအောင်ဘော် ကျွန်တော် ထပ်ပြီး သိချင်တာက ဒီရွာမှာ ကျန်ခဲ့တဲ့ သူ့ရဲ့မိသားစုအကြောင်းကိုပဲ"

ကိုမင်းနောင် စကားအဆုံး၌ ဦးအောင်ဘော်မှာ ကျွန်ုပ်တို့ ရောက်စကလို ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် မဟုတ်တော့ဘဲ မျက်ရည်များ ဝဲလာကာ

"ဘဂျမ်းတင် ကံဆိုးတာမဟုတ်ပါဘူး ဆရာလေး၊ သူ့မိသားစု တစ်ခုလုံး အတိတ်ကံမကောင်းပါဘူး၊ ဘဂျမ်းက ရွာမှာ လယ်ယာလုပ်

ပါတယ်။ ကိုယ်ပိုင်လယ်မရှိတော့ သူများလယ်အငှား လုပ်တာပေါ့ မမြခက်နဲ့ညားပြီး (၂) နှစ်လောက်အကြာမှာ ဘဂျမ်းတို့မှာ သမီးလေးတစ်ယောက် ထွန်းကားခဲ့တယ်။ သမီးလေးနာမည်ကို ဘဂျမ်းကိုယ်တိုင် မသူဇာလို့ မှည့်ခေါ်ခဲ့တယ်"

"မသူဇာလေး (၃) နှစ်သမီးလောက်မှာ ဘဂျမ်းတစ်ယောက် အောင်ဘာလေတစ်သောင်းဆု ပေါက်တယ်ဆိုပြီး ရွာထဲက သူတို့ခြံဝိုင်းထဲမှာပဲ အတော်အတန်လောက် အနေအထား နှစ်ထပ်လည်ပေါ် အိမ်ကြီးတစ်လုံးဆောက်တယ်။ အိမ်ဆောက်ပြီးပြီးချင်း အိမ်တက်မင်္ဂလာ ပြုလုပ်တယ်။ တစ်ရွာလုံးကို မီးခိုးတိတ် ကျွေးတယ်"

"အဲဒီ အိမ်တက်အလှူလုပ်ပြီး နောက်တစ်နေ့မှာ နယ်ဘက်မှာ အရောင်းအဝယ်ပြုလုပ်မယ်ဆိုပြီး ရွာကထွက်သွားလိုက်တာ ဘဂျမ်းတစ်ယောက် ပေါ်မလာတော့ဘူး။ သူ့မိန်းမ မမြခက်လည်း အမျိုးမျိုးစုံစမ်းတာ ဘဂျမ်းအကြောင်း ဘာမှမသိရဘူး။ ဘဂျမ်း ရွာကနေ ထွက်သွားပြီး (၃) နှစ်လောက်အကြာမှာ ဘဂျမ်းမိန်းမ မမြခက်ရဲ့အိမ်ကို ဓားပြတွေဝင်ပြီး တိုက်တယ်။ ဓားပြတွေက ပစ္စည်းယူရုံတင်မကဘူး။ မမြခက်ရဲ့ အသက်ကိုပါ ယူသွားခဲ့တယ်"

"တိုက်ဆိုင်စွာပဲ အဲဒီညက ဘဂျမ်းရဲ့ သမီးလေးက ကျွန်တော့်ဆီမှာ ညဘက်ပုံပြင် ပြောခိုင်းပြီး အိပ်ပျော်သွားတဲ့အတွက် သူ့အမေဆီကို ပြန်မပို့ခဲ့တာ။ မသူဇာလေးအတွက် ကံကောင်းခဲ့ပါတယ်"





"ဘဂျမ်း မိန်းမ မမြခက်ရဲ့မိဘတွေဖြစ်တဲ့ ဦးစံဖူးနဲ့ဒေါ်ကြိုင်တို့က သူတို့ရဲ့မြေးလေး မသူဇာကို ဆက်လက်မွေးမြူခဲ့ကြတယ်"

ထိုနေရာသို့ အရောက်တွင် ဦးအောင်ဘော်မှာ မောသွားဟန်ဖြင့် အဖန်ရည်တစ်ခွက်ကို ငှဲ၍သောက်ပြီး ခေတ္တခဏ စကားပြောဆိုခြင်းကို ရပ်စဲလေသည်။

"ဦးအောင်ဘော် ဦးဘဂျမ်းရဲ့ တစ်ဦးတည်းသောသမီးလေး မသူဇာက အခုထက်ထိ သူ့ရဲ့အဖိုးအဖွားတွေနဲ့ နေတုန်းပဲလား"

ကျွန်တော် ဆက်ပြီး ရှင်းပြပါ့မယ် ဆရာလေး၊ ကျွန်တော့်ရဲ့ သူငယ်ချင်း ဘဂျမ်းရဲ့မိသားစု အကြောင်းကို ပြန်ပြောရမှာ ရင်ထဲမှာ မကောင်းလွန်းလို့ပါ ဆရာရယ်။

"မသူဇာလေးရဲ့အမေ မမြခက်က ဓားပြတွေသတ်လို့ သေဆုံးပြီး မသူဇာလေးက အဖိုးအဖွားတွေရဲ့ စောင့်ရှောက်မွေးမြူမှု အောက်မှာ စိတ်ချမ်းမြေ့စွာနဲ့ ကြာလင့်အောင် မနေရဘူး။ မသူဇာလေးရဲ့ အသက်ဆယ်နှစ်ကျော်လောက်မှာ ခေတ္တခဏ ခွဲခွာနေတဲ့ မသူဇာလေးရဲ့ အဖေ ဦးဘဂျမ်းက လူသတ်မှုနဲ့ ကြိုးစင်တက်ရမယ် ဆိုတဲ့အကြောင်းကို အသက်အရွယ်နဲ့မမျှအောင် ရင်နာဖွယ်ရာ အဖြစ်ဆိုးနဲ့ ထပ်ပြီး မသူဇာလေး ကြုံတွေ့ခဲ့ရတယ်။ ရင်နာစရာ အဖြစ်ဆိုးနဲ့ မိဘနှစ်ပါးနဲ့ ခွဲခွာခဲ့ရတဲ့ မသူဇာလေးဟာ အဖိုး၊ အဖွားတွေရဲ့ မေတ္တာရိပ်အောက်မှာ နေထိုင်ရင်း တဖြည်းဖြည်းနဲ့ အရွယ်ရောက်လာတယ်"

"မသူဇာလေးက စာပေပညာကို ကြိုးစားပြီး သင်ယူခဲ့တဲ့ အတွက်ကြောင့် တစ်ရွာလုံးမှာ စာအတော်ဆုံးလို့ လက်ညှိုးထိုးပြရလောက်အောင် စံထားခဲ့ရသူလေး ဖြစ်တယ်။ အဲဒီလိုနဲ့ နေလာပြီး အင်္ဂလိပ်-မြန်မာ ဗင်နကူလာဆယ်တန်းကို မသူဇာလေး အောင်မြင်ခဲ့တယ်။ မသူဇာလေး ဗင်နကူလာဆယ်တန်း အောင်တဲ့နှစ်မှာပဲ မသူဇာလေးရဲ့အဖိုး ဖြစ်တဲ့ ဦးစံဖူးနဲ့ အဘွားဒေါ်ကြိုင်တို့ဟာ လူကြီးရောဂါနဲ့ ရှေ့ဆင့်နောက်ဆင့် ဆုံးပါးခဲ့တယ်၊ လောကကြီးထဲမှာ တစ်ဦးတည်း ကျန်ခဲ့တဲ့ မသူဇာလေးဟာ ဘဝလှိုင်းဒဏ်ရဲ့ လောကဓံကို အံကြိတ်ပြီး တစ်ဦးတည်း ဖြတ်သန်းဖို့ ကြိုးစားခဲ့တယ်"

ထိုနေရာ အရောက်တွင် ဦးအောင်ဘော်မှာ အဖန်ရည်တစ်ခွက်ကို ငှဲ့၍သောက်လေသည်။ တစ်ချိန်လုံး နားထောင်နေသော ကိုမျိုးအောင်က စကားစ မပြတ်သွားစေရန် စကားလမ်းကြောင်းကို ပြန်တည့်လေသည်၊

"ဦးအောင်ဘော် ပြောတဲ့စကားအရ ဦးဘဂျမ်းရဲ့ သမီးလေး ဖြစ်တဲ့ မသူဇာက ဒီရွာမှာ တစ်ယောက်တည်း ကျန်တော့တာပေါ့ ဟုတ်လား ဦးအောင်ဘော်"

"ကျွန်တော် စကားဆက်ဖို့ ရှိပါသေးတယ် ဆရာ၊ ရှေ့ဆက်ပြောရမှာ ရင်ထဲမှာမချိတာမို့ အဖန်ရည်သောက်ပြီး စိတ်ကို တည်ငြိမ်အောင် ခဏနားတာပါ"

"ဖြည်းဖြည်းချင်း ပြောပါ ဦးအောင်ဘော်၊ ကျွန်တော်တို့ သိချင်စိတ်ကို မမျိုသိပ်နိုင်လို့ အလောတကြီး မေးတာကို စိတ်မရှိပါနဲ့"





"စိတ်မဆိုးပါဘူး ဆရာတို့ရယ်၊ ကျွန်တော့်ဟာကျွန်တော် သူငယ်ချင်းဘဂျမ်း မိသားစုအတွက် စိတ်မကောင်းဖြစ်တာပါ"

"တစ်ဦးတည်း ကျန်ခဲ့တဲ့ မသူဇာလေး အကြောင်းကို ပြောရရင် မသူဇာလေးမှာ ငယ်စဉ်ကတည်းက ကစားဖော်ကစားဖက် ကျောင်းအတူနေခဲ့ကြတဲ့ မနှင်းရည်လို့ ခေါ်တဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်။ မသူဇာနဲ့မနှင်းရည်ဟာ တစ်ယောက်နဲ့တစ်ယောက် ညီမအရင်းလို သိပ်ချစ်ကြတယ်။ မသူဇာလေးနဲ့ အတူတူ မနှင်းရည်လည်း ဗင်နကူလာဆယ်တန်းကို အောင်မြင်ခဲ့တယ်"

"ဗင်နကူလာ ဆယ်တန်းအောင်တာနဲ့ သူတို့ သူငယ်ချင်းနှစ်ယောက်က ကောလိပ်ကို ဆက်မတက်တော့ဘဲ နှစ်ဦးသား စိတ်တူ သဘောတူ ဆုံးဖြတ်ပြီး တောင်ငူဘက်က ရွာကလေးတစ်ရွာမှာ ကျေးရွာဖွံ့ဖြိုးမှု စေတနာထားပြီး ကလေးတွေကို ပညာရေးသင်ပေးတဲ့ ဆရာမ အလုပ်ကို လုပ်ခဲ့တယ်"

"မသူဇာလေးအတွက် အဖော်ကောင်းရှိတယ် ဆိုပြီး ကျွန်တော်တို့ တစ်ရွာလုံးက မသူဇာအတွက် ဝမ်းသာခဲ့တယ်။ တစ်လတစ်ခါ၊ နှစ်လတစ်ခါ ဆိုသလို မသူဇာနဲ့ မနှင်းရည်က ရွာကို စာထည့်တယ်။ အဲဒီလိုနဲ့ တစ်နှစ်လောက် အကြာမှာ မသူဇာလေးမပါဘဲ မနှင်းရည် တစ်ယောက်တည်း ရွာကို ပြန်ရောက်ခဲ့တယ်"

"ကျွန်တော်တို့လည်း မသူဇာလေးအကြောင်း သိချင်လို့ မနှင်းရည်ကို မေးကြည့်တဲ့အခါ မနှင်းရည်က သူ့ရဲ့သူငယ်ချင်း မသူဇာဟာ သူ့ရဲ့

လက်ပေါ်မှာပဲ အသက်ပျောက်ခဲ့တယ်။ မသူဇာရဲ့ အလောင်းကို ရွာသူရွာသားတွေနဲ့အတူ ဖုတ်ကြည်းသင်္ဂြိုဟ်ခဲ့ပြီး သူငယ်ချင်း မသူဇာ မရှိတော့တာနဲ့ မနှင်းရည်လည်း စိတ်ထိခိုက်မှု ဖြစ်ပြီး ရွာပြန်လာတယ် ဆိုတာကို ကျွန်တော်တို့ သိခဲ့ရပါတယ်"

"ကံကြမ္မာ ခေလွန်းတဲ့ မသူဇာလေးဟာ လောကကြီးထဲမှာ သက်တမ်းရှည်ရှည်နဲ့ နေမသွားရရှာပါဘူး ဆရာတို့ရယ်"

ဦးအောင်ဘော်သည် စီးကျလာသော မျက်ရည်များကို အသာအယာသုတ်ပြီး အားတင်းကာ "ကံ ဆိုးခဲ့တဲ့ ကျွန်တော့်ရဲ့ သူငယ်ချင်းအဖျမ်းရဲ့မိသားစု အကြောင်းကတော့ ဒါပါပဲ. . ဆရာမောင်မောင်"

ဦးအောင်ဘော် ပြောပြမှုကို နားထောင်နေသော ကျွန်ုပ်တို့မှာလည်း မျက်ရည်ဝဲကာ စိတ်မကောင်းခြင်းများစွာကို ခံစားရလေသည်။

ကျွန်ုပ်တို့လည်း စိတ်မကောင်းခြင်းများစွာကြားက တာဝန်နှင့်ဝတ္တရား ဟူသော ဝန်ထုပ်ဝန်ပိုးကြီးမှာ ကပ်၍ ပါလာသဖြင့် မသူဇာ၏ သူငယ်ချင်း မနှင်းရည်အကြောင်းကို ဆက်၍ မေးသင့် မမေးသင့်၊ ချီတုံချတုံ ဖြစ်ကာ သက်ပြင်းချမိလေသည်။

ကျွန်ုပ်နှင့်ကိုမျိုးအောင် ရင်ထဲမှာ ရှိနေသော အကြောင်းအရာကို အကင်းပါးလှသော ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းမင်းနောင်က ဦးအောင်ဘော်ကို ဆက်၍ မေးလေသည်။

"ဦးအောင်ဘော်ရေ စိတ်မကောင်းတဲ့ကြားက မေးမိလက်စနဲ့တော့ ထပ်ပြီး မေးရမှာ အားနာတယ်ဗျာ"





"ဆရာမောင်မောင် မေးချင်တာမေးပါ၊ ကျွန်တော် သိသမျှ ပြောပြပါ့မယ်၊ ဆရာ့ရဲ့ ကျေးဇူးတွေက ကျွန်တော့်မှာ များစွာရှိပါတယ်"

"တခြားအကြောင်းတော့ မဟုတ်ပါဘူး ဦးအောင်ဘော်၊ မသူဇာရဲ့ သူငယ်ချင်း မနှင်းရည်နဲ့တွေ့ပြီး စကားနည်းနည်းလောက် ပြောချင်တာ ဦးအောင်ဘော် ကူညီနိုင်မလားလို့ပါ"

"ရပါတယ်. . ဆရာမောင်မောင်၊ အခု ဘုန်းကြီးကျောင်းက ကျောင်းသားတစ်ယောက်နဲ့ မနှင်းရည်ကို ရွာထဲကနေ ခေါ်ခိုင်းလိုက်ပါ့မယ်"

ဦးအောင်ဘော်သည် စကားအဆုံး၌ ဘုန်းကြီးကျောင်းဝင်းထဲတွင် ပြေးလွှားဆော့နေကြသော ကျောင်းသားလေးများကို ခေါ်၍ ရွာထဲ၌ နေသော မနှင်းရည်ကို ခေါ်ခိုင်းလေသည်။

"ဟေ့ . . ပေတိုးတို့၊ သံချောင်းတို့၊ ဝင်းအောင်တို့ ဘဘဆီကို ခဏလာကြအုံး"

ဦးအောင်ဘော် ခေါ်သံကြားသည်နှင့် ဆော့နေကြသော ကလေးတစ်သိုက်သည် ဦးအောင်ဘော်ထံသို့ ပြေးလာကြသည်။

"ဘဘကပ္ပိယကြီး. . ကျွန်တော်တို့ကို ဘာခိုင်းမလို့လဲ"

"အေး . . လာကွဲ့၊ ရော့. . မင်းတို့အတွက် ဘဘ ဆွမ်းတော်စွန့်ပြီး သိမ်းထားတဲ့ ငှက်ပျောသီးနဲ့ မုန့်တွေ၊ စားပြီးရင် ရွာထဲက အရီးလေးမစိန်ရဲ့သမီး မနှင်းရည်ကို ဘဘကပ္ပိယကြီးက ခဏလာခဲ့ပါအုံးလို့ သွားခေါ်ပေးကြ ဟုတ်လား"

"ဟုတ်ကဲ့ . . ဘဘ"

ကျောင်းဝင်းထဲမှ ကလေးငယ်များ ထွက်သွားပြီး မကြာမီပင် တိုးဘရားကိုးထမီ ရှန်သားနှင့် တက်တင်းဇာတို့ အကျီအပြာရောင်တလေး ဝတ်ဆင်ထားသော လှပလွန်းသူတစ်ယောက်ဟု မဆိုလောက်သော်လည်း မြင်သူတကာ ပုရိသယောကျ်ားကလေးများ ဘဝင်စွဲငြိနိုင်လောက်သော အသက်နှစ်ဆယ်အတွင်း မိန်းကလေးတစ်ယောက်သည် မမြန်လွန်း၊ မနှေးလွန်းသော အိန္ဒြေဖြင့် တစ်လှမ်းချင်း ကျောင်းဝင်းထဲသို့ ဝင်လာပြီး ဦးအောင်ဘော်ရှိရာ ကျွန်ုပ်တို့ဘက်သို့ ရောက်လာလေသည်။

အဆိုပါ မိန်းကလေးသည် ဦးအောင်ဘော်နှင့်အတူ ကျွန်ုပ်တို့ကိုပါ တွေ့၍ ဦးအောင်ဘော် ဖိုထိုးသော ဖိုရုံထဲသို့ မဝင်ဘဲ အပြင်မှာရပ်ကာ

"ဘဘ. . သမီးကို ခေါ်တယ်ဆိုလို့"

"အေးကွဲ့. . သမီးကို ဘဘ အခေါ်ခိုင်းလိုက်တာ သမီးနှင်းရည်"

"ဘာများ ခိုင်းစရာရှိလို့လဲ ဘဘ"

"သမီးကို ဘာမှခိုင်းစရာ မရှိပါဘူး၊ သမီး အထဲကိုဝင်လေ၊ ဒီမှာ ရောက်နေတဲ့ ဘဘရဲ့မိတ်ဆွေတွေက သမီးနဲ့တွေ့ပြီး မေးမြန်းချင်တာလေး ရှိတယ်ပြောလို့ ဘဘ ခေါ်ခိုင်းတာပါ"

ဦးအောင်ဘော်၏စကားကြောင့် မနှင်းရည်လည်း မျက်လွှာကို အောက်ကိုချကာ အထဲသို့ဝင်၍ လွတ်နေသောကွပ်ပျစ်တွင် ဝင်ထိုင်လေသည်။





ဦးအောင်ဘော်ကပင် စကား,စလေသည်။

"သမီး နှင်းရည်၊ ဒီက ဧည့်သည်တွေက ဘဘရဲ့မိတ်ဆွေတွေပါ၊ သူတို့က ရင်နာစရာ ကောင်းတဲ့ သူဇာလေးရဲ့အကြောင်းကို သိချင်တယ်ဆိုလို့ သမီးကို ခေါ်ခိုင်းတာပါ"

ဦးအောင်ဘော် စကားအဆုံး၌ ကိုမင်းနောင်က

"ဟုတ်ပါတယ်. . မနှင်းရည်၊ ကျေကွဲဖွယ်ရာ ကောင်းလှတဲ့ မသူဇာလေးတို့ရဲ့ ဘဝအကြောင်းကို ဦးအောင်ဘော် ပြောပြလို့ သိသင့်သလောက် သိပြီးပါပြီ၊ ကျွန်တော်တို့ သိချင်တာက ကံဆိုးလှတဲ့ မသူဇာလေးဟာ ဘယ်လိုရောဂါ၊ ဝေဒနာကို ခံစားရပြီး သေတယ်ဆိုတာကို သိချင်လို့ပါ"

"ဟုတ်ကဲ့ပါရှင် . . ကျွန်မ သိတာ ပြောပြပါ့မယ်၊ မသူဇာနဲ့ ကျွန်မနဲ့က ဖအေမအေ ခွဲမွေးပေမယ့် တစ်အူတုံဆင်း ညီမအရင်းလို တစ်ဦးနဲ့တစ်ဦး ချစ်ခင်ပြီး ငယ်စဉ်ကတည်းက တစ်တွဲတွဲနေခဲ့ကြတာပါ၊ သူငယ်ချင်း မသူဇာနဲ့ကျွန်မ ဗင်နကူလာဆယ်တန်း အောင်ပြီးတဲ့အခါ တောင်ငူဘက်က ရွာကလေးတစ်ရွာမှာ ကလေးတွေကို ပညာသင်ကြားပေးတဲ့ ဆရာမအဖြစ် ဝင်လုပ်ခဲ့ပါတယ်၊ ရွာကလေးက အေးချမ်းပြီး ရွာသူရွာသားတွေက အရမ်းဂရုစိုက်တဲ့အတွက် ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်လည်း အဲဒီရွာကလေးကို ကိုယ့်ရပ်ကိုယ့်ရွာလို ပျော်ရွှင်လာတယ်"

"ရွာထဲမှာ ဘယ်လိုအကြောင်းအရာပဲဖြစ်ဖြစ် ကျွန်မတို့ သူငယ်ချင်းနှစ်ယောက် ရပ်ရွာအကျိုးအတွက် နိုင်တဲ့တာဝန်ကို ထမ်းရွက်ခဲ့တယ်၊

အဲဒီလို ပျော်ရွှင်စွာနဲ့ ဖြတ်သန်းလာတာ တစ်နှစ်ကျော်အချိန်လောက် ကြာလာတယ်။ ဝါဆိုလပြည့်နေ့ တစ်နေ့မှာ ရွာထဲက မိန်းမပျိုတွေရယ်၊ ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်ရယ် စုပြီး ရွာအပြင် တောအစပ်မှာ ဝါဆိုပန်းခူးထွက်ကြတယ်။ ကျွန်မတို့လည်း ကိုယ့်လက်လှမ်း မှီရာပန်းကို အာရုံစိုက်ပြီး ခူးနေတာနဲ့ တစ်ယောက်နဲ့တစ်ယောက် နည်းနည်းအလှမ်း ကွာသွားတယ်"

"အဲဒီအချိန်မှာ ကျွန်မရဲ့သူငယ်ချင်း မသူဇာဆီက အားကနဲ အော်သံ အထိတ်တလန့်နဲ့ လှမ်းကြည့်တဲ့အခါ တောကြောင်တစ်ကောင်က မသူဇာကို ကုတ်ခြစ်တိုက်ခိုက်ပြီး တောထဲကို ဝင်ပြေးသွားတာကို ကျွန်မ တွေ့လိုက်ရတယ်။ ကျွန်မနဲ့ ရွာသူ မိန်းမပျိုတွေလည်း လဲကျသွားတဲ့ မသူဇာလေးနားကို အားလုံးစုပြီး ပြေးသွားကြတယ်။ ကျွန်မတို့ မသူဇာ အနားကို ရောက်တာနဲ့ လဲကျနေတဲ့ မသူဇာကို ပွေ့ထူပြီး သတိရအောင် ပြုလုပ်ကြတယ်"

"ကျွန်မတို့ ဘယ်လိုပဲကြိုးစား ကြိုးစား မသူဇာ သတိရအောင် မလုပ်နိုင်ဘူး၊ ကျွန်မတို့ မိန်းမပျိုတစ်သိုက်လည်း စိတ်ပူတာနဲ့ ရွာထဲမှာ ရှိတဲ့ ဗိန္ဒောဆေးဆရာတွေနဲ့ ရွာသူရွာသားတွေကို အကြောင်းကြားတယ်။ ရွာက ဆေးဆရာနဲ့ ရွာသူရွာသားတွေရော ရွာမှာအုပ်ချုပ်တဲ့ သူကြီးလည်း ပါတယ်။ ရွာသူရွာသားတွေက မသူဇာကို စောင်ပုခက်နဲ့ ထမ်းပြီး ရွာပြင်မှာရှိတဲ့ ဇရပ်ကို သယ်ဆောင်ကြတယ်။ ဇရပ်ရောက်မှ မသူဇာကို စောင်ပုခက် ထဲက ချပြီး သတိရအောင် အမျိုးမျိုးပြုလုပ်ကြတယ်"





"ဆေးဆရာတွေလည်း သူတို့ရဲ့ အစွမ်းထက်တဲ့ ဆေးဝါးတွေ ဘယ်လိုတိုက်တိုက် ဘယ်လိုလိမ်းလိမ်း မသူဇာ ပြန်လည်သတိမရဘူး။ လက်ကောက်ဝတ်သွေးခုန်နှုန်း စမ်းကြည့်တော့လည်း သွေးခုန်တာ မတွေ့ရတော့ဘူး။ နှလုံးကို ဖိပြီး နှလုံးခုန်အောင် ပြုလုပ်တာလည်း နှခုံး မခုန်တော့ဘူး။ တဖြည်းဖြည်းနဲ့ သွေးရောင်ဖျော့လာပြီး အသားရည် ပြာနှမ်းလာတယ်။ မသူဇာကို ကုသတဲ့ သမားတော်တွေက ရုတ်တရက် လန့်ပြီး နှလုံးခုန်နှုန်း ဆောင့်တက်ရာက မမျှော်လင့်ဘဲ အသက်ပါ ပါသွား တယ်လို့ ဆုံးဖြတ်ကြတယ်"

"ရွာသူရွာသားတွေနဲ့ သူကြီးလည်း မသူဇာကို သေဆုံးပြီလို့ သတ်မှတ်ကြတယ်။ အဲဒီရွာရဲ့ ထုံးစံအရ ရွာပြင်မှာ သေဆုံးတဲ့ အလောင်းကို ရွာထဲကို သယ်လို့မရပါဘူး။ မသူဇာလေး အလောင်းကို ရွာပြင်မှာ ထားခဲ့ရင်လည်း တောထဲကနေ ရွာအခြေစပ်ကို ဝင်တတ်တဲ့ ခွေးအ,တွေ ရဲ့ရန်ကို ကြောက်ရတာနဲ့ အားလုံး သဘောတူဆုံးဖြတ်ပြီး အဲဒီညနေ မိုးချုပ်စ ပြုတဲ့အချိန်လောက်မှာပဲ ရွာအပြင် သင်္ချိုင်းမှာ မြေမြှုပ်သင်္ဂြိုဟ် ခဲ့တယ်"

"ရွာသူ ရွာသားတွေစုပြီး မသူဇာအတွက် ရက်လည်ဆွမ်းသွပ် ပြုလုပ်ပြီး နောက်တစ်နေ့မှာ ရုတ်တရက်ခွဲခွာပြီး သေဆုံးခဲ့တဲ့ ကျွန်မရဲ့ သူငယ်ချင်း မသူဇာ မရှိတော့တဲ့ အရပ်မှာ နေနိုင်တဲ့စွမ်းအား မရှိတော့ တာမို့ ရွာသူရွာသားတွေဆီမှာ ခွင့်တောင်းပြီး ကျွန်မ ပြန်ခဲ့တယ်"

"မနှင်းရည် အဖန်ရည်သောက်လိုက်ပါအုံး"

ကိုမင်းနောင်သည် မနှင်းရည်တစ်ယောက် စိတ်ထိခိုက်မှု မဖြစ်စေရန် စကားလမ်းကြောင်း ပြောင်းရန် အဖန်ရည်တစ်ခွက် ငှဲ့ပေးလေသည်။

"ဒါနဲ့ မနှင်းရည်၊ မသူဇာကို ကုတ်ခြစ်တိုက်ခိုက်ခဲ့တဲ့ ကြောင်က ဘယ်လို အရောင်အဆင်းမျိုး ဆိုတာ မနှင်းရည် တွေ့လိုက်သလား"

"တွေ့လိုက်ပါတယ်ရှင် မသူဇာရဲ့ အော်သံကြားလို့ ကျွန်မ လှမ်းကြည့်လိုက်တဲ့အခါ အမွေးကျို့တို့ကျဲတဲနဲ့ အရောင်ခပ်မွဲမွဲကြောင်အို ကြီးတစ်ကောင်အတိုင်းပါပဲရှင်။ အဲဒီနောက်ပိုင်းမှာ ကြောင်ဆိုရင် ကျွန်မ နှလုံးကြောက်ဖြစ်ပြီး လုံးဝ မကိုင်တော့ပါဘူး"

မနှင်းရည် အနေနဲ့ အခုလို ရှင်းပြတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်တို့လည်း ဒီဘက်ကို ကြုံလို့ ရောက်လာပြီး ဆိုးဝါးလွန်းလှတဲ့ ကံကြမ္မာနဲ့တွေ့ကြုံခဲ့ရတဲ့ မသူဇာရဲ့ အဖြစ်အပျက်ကို သိချင်လို့ အခုလို မေးကြည့်ရတာပါ"

"ရပါတယ်ရှင်"

"အဘရေ. . သမီး ပြန်လိုက်အုံးမယ်၊ အိမ်မှာ အမေ တစ်ယောက်တည်းမို့"

"အေး. . အေး. . သမီး ပြန်တော့၊ ညနေကျမှ ရွာထဲကို အဘ လာခဲ့အုံးမယ်"

"ဟုတ်ကဲ့ . . ဘဘ"





"ဟောဒီက ညွှသည်တွေလည်း သမီးကို ပြန်ခွင့်ပြုပါအုံး"

မနှင်းရည်လည်း ကျွန်ုပ်တို့ကို နှုတ်ဆက်ကာ ပြန်သွားလေသည်။

မနှင်းရည် ပြန်သွားပြီးနောက် ကျွန်ုပ်တို့လည်း ဦးအောင်ဘော်နှင့်အတူ ထွေရာလေးပါး စကားလက်ဆုံကျ၍ နေလေသည်၊ အထူးသဖြင့် ဦးအောင်ဘော်က လောကီပညာတချို့တစ်ဝက် နားမလည်သည့်အရာများကို ကိုမင်းနောင်နှင့်တွေ့သည့်အခါ မေးမြန်းမည်ဟု ကြိုတင်စိတ်ကူးထားသည့် အတိုင်း သူသိချင်သည့် အကြောင်းအရာများကို ခရားရေလွှတ်သည့်ပမာ မေးမြန်းလေသည်။

ကိုမင်းနောင်က ဦးအောင်ဘော်၏ မေးမြန်းမှုကို စိတ်ရှည်စွာဖြင့် ရှင်းလင်းအောင် ပြောပြလေသည်၊ ကျွန်ုပ်နှင့် ကိုမျိုးအောင်မှာ လောကီပညာရပ်များနှင့် အနည်းငယ်အလှမ်းဝေးသည့် အတွက် ဦးအောင်ဘော်နှင့် ကိုမင်းနောင်တို့ အပြန်အလှန် ဆွေးနွေးနေသော အကြောင်းအရာများကို နားမလည်စွာနှင့်ပင် နားထောင်မိလေသည်။

ဦးအောင်ဘော်သည် အချိန်လင့်၍ ကျွန်ုပ်တို့ ဆာလောင်မှု ဖြစ်မည်စိုးသဖြင့် ဘုန်းကြီးကျောင်းပေါ်သို့ တက်သွားပြီး ဘုန်းကြီးစွန့်လိုက်သော ကရေကရာများနှင့် ငှက်ပျောသီးများကို ယူလာ၍ ကျွန်ုပ်တို့အား ကျွေးလေသည်။

ကျွန်ုပ်တို့မှာ ရုံးကမထွက်ခင် မနက်ပိုင်းထဲက ရုံးထဲမှ လက်ဖက်ရည်ဆိုင်တွင် ဆိတ်စွပ်နံပြားတစ်ပွဲနှင့် လက်ဖက်ရည်တစ်ခွက်သာ ဗိုက်ထဲမှာ

ရှိ၍ ယခုမွန်းလွဲချိန်၌ ဗိုက်ထဲမှ အတန်ငယ် ဆာလောင်မှုကို ပြနေပေပြီ။ ကျွန်ုပ်တို့လည်း ဦးအောင်ဘော် ကျွေးသော ကရေကရာ၊ ငှက်ပျောသီး၊ မုန့်ပဲသရေစာများကို စား၍ ဟာနေသော ဝမ်းကို ဖြည့်ကြလေသည်။

နောက်ထပ် အချိန်အတော်ကြာအောင် စကားပြောဆိုပြီးမှ ဦးအောင်ဘော်ကို နှုတ်ဆက်ပြီး ကျောင်းထိုင်ဘုန်းတော်ကြီး ဦးဝါယမကို ကန်တော့၍ ထားဝယ်ချောင်ရွာဘက်မှ ငှက်ဟုခေါ်သော လက်ခပ်သမ္ဘာန်ကို စီး၍ တစ်ဖက်ကမ်းကို ကူးကာ ကျွန်ုပ်တို့ လာခဲ့သည့်လမ်းအတိုင်း စီအိုင်ဒီ ရုံးသို့ ပြန်ခဲ့ကြလေသည်။

အပြန်တွင် ကားမောင်းမည့်နေရာမှာ ကျွန်ုပ် တာဝန်ယူ၍ ကျွန်ုပ်၏ဘေးတွင် ကိုမင်းနောင်မှ စီးကရက်ကို သောက်၍ မျက်စေ့ကို မှိတ်ကာ အတွေးနယ်ချဲ့၍ လိုက်ပါလာလေသည်။

အိုင်ပီ မျိုးအောင်မှာ ဖို့ဒ်ကားကလေး၏ နောက်ဘက်ခန်းတွင် ကျွန်ုပ်အား

"အိုင်ပီ ဦးထွန်းအောင်ရေ ရတဲ့အချိန်လေးမှာ အကျိုးရှိအောင် တစ်ရေးလောက် အိပ်လိုက်အုံးမည်ဟု ပြောပြီး မကြာမီပင် ဟောက်သံများ တခေါခေါဖြင့် အိပ်၍ လိုက်ပါလာလေသည်"

စီးကရက် သောက်၍ မျက်စိမှိတ်ကာ လိုက်ပါလာသော ကိုမင်းနောင်သည် ရုတ်တရက် ကျွန်ုပ်အား-





"အိုင်ပီ လိုအပ်တဲ့ အမှုကွင်းဆက်ပြတ်သွားတဲ့ အတွက် အိုင်ပီရင်ထဲမှာ ဟာသွားတယ်မဟုတ်လား"

"ဟုတ်တယ်. . ကိုမင်းနောင်၊ ခိုင်မာတဲ့ သဲလွန်စ တစ်စလို့ သတ်မှတ်ထားတဲ့ အကြောင်းအရာတစ်ခုက ပြတ်ထွက်သွားတဲ့အတွက် စိတ်ထဲတော့ တော်တော်လေးသွားတယ်။

ဒါပေမယ့် ဆိုးဝါးလွန်းတဲ့ ကံကြမ္မာနဲ့ တွေ့ဆုံခဲ့တဲ့ ဦးဘဂျမ်းရဲ့ မိသားစုနဲ့ လောကလှိုင်းဒဏ်ကို ကြံ့ကြံ့ခံအောင် ကြိုးစားပြီး နေခဲ့တဲ့ မသူဇာလေး ငယ်ငယ်ရွယ်ရွယ်နဲ့ ကြွေလွင့်ခဲ့ရတဲ့ ရင်နာစရာသတင်းကို ကြားခဲ့ရတဲ့အတွက် ကျွန်တော်တို့ရဲ့ စိတ်မောမှုက မပြောပလောက်ပါဘူး ကိုမင်းနောင်"

"ဟုတ်ပါတယ်. . အိုင်ပီ ဝဋ်ဒုက္ခကြီးမားစွာနဲ့ တွေ့ကြုံခဲ့တဲ့ ဦးဘဂျမ်းနဲ့ မိသားစုတွေ ဘဝတစ်ပါးမှာ အခုလိုအဖြစ်ဆိုးမျိုးနဲ့ မတွေ့ကြုံပါစေနဲ့လို့ ဆုတောင်းမိတယ် အိုင်ပီ"

"ကိုမင်းနောင်. . ကျွန်တော်တို့ အခုလိုက်တဲ့အမှုက ကွင်းဆက်ပြတ်ပြီး ရေလိုက်လွဲသလို ဖြစ်နေပြီ ကျွန်တော်တို့ ဘယ်လို ဆက်လုပ်ကြမလဲ"

"ဘာတတ်နိုင်မှာလဲ အိုင်ပီ၊ အမှုနဲ့ပတ်သက်ပြီး သဲလွန်စပျောက်သွားတော့လည်း နောက်ထပ် သဲလွန်စတစ်စ ရှာကြည့်ရမှာပဲ"

ကျွန်ုပ်နှင့်ကိုမင်းနောင်လည်း အမှုနှင့်ပတ်သက်သည့် အကြောင်းအရာများကို ပြောဆိုရင်း စီအိုင်ဒီရုံးသို့ ပြန်ရောက်ခဲ့လေသည်။

ကျွန်ုပ်လည်း ဖိုဒ်ကားလေးကို ညင်သာစွာ စက်သတ်၍ ရုံးရှေ့ဆင်ဝင်အောက်တွင် ကားကို ရပ်ပြီးသည်အထိ ကိုမျိုးအောင်မှာ ကားနောက်ခန်းတွင် အိပ်ပျော်နေဆဲပင် ဖြစ်လေသည်။

ကျွန်ုပ်လည်း ကိုမျိုးအောင်အား ရုံးကိုရောက်ပြီ ဖြစ်ကြောင်း နှိုး၍ပြောလေသည်။

"ကိုမျိုးအောင် ရုံးကိုပြန်ရောက်ပြီ ထတော့"

"အိုင်ဆေး . . ခင်ဗျားတို့ကဗျာ၊ အိပ်လို့ကောင်းတဲ့အချိန်ကျမှ ပြန်ရောက်ရလား၊ ကားကို နည်းနည်းလေး အရှိန်လျှော့ပြီး မောင်းရင် ကျွန်တော် ဒီထက်ပိုပြီး အိပ်ရတယ်"

ကိုမျိုးအောင်၏ စကားကြောင့် ကျွန်ုပ်နှင့်ကိုမင်းနောင်မှာ ရယ်မောရလေသည်။

"ဦးထွန်းအောင်ရေ မသူဇာလေးရဲ့အကြောင်းကို တွေးရင်း ကျွန်တော် အိပ်ပျော်သွားတာ၊ အိပ်မက်ထဲမှာ ကြောင်တွေ တစ်ကောင်နဲ့တစ်ကောင် မာန်မဲတိုက်ခိုက်နေတာကို အိပ်မက်မက်တယ်"

"ကိုမျိုးအောင် စိတ်ဝင်စားတဲ့ အကြောင်းအရာတစ်ခုကို စဉ်ဆက်မပြတ် အတွေးလွန်ရင်အိပ်တဲ့အခါ အိပ်မက်ထဲအထိ အဲဒီအတွေးက လိုက်တတ်ပါတယ်"

"အိုင်ပီ ဦးထွန်းအောင်ရေ . . ကျွန်တော်တို့ အခုကြုံတွေ့ရတဲ့ အမှုတွေကလည်း ကြောင်ရုပ်တွေ ပါနေတယ်၊ ကျွန်တော်တို့ အခု





သွားစုံစမ်းတဲ့သူကလည်း ကြောင်တစ်ရာဘဂျမ်း၊ သူ့ရဲ့သမီးဖြစ်တဲ့ မသူဇာကလည်း ကြောင်ကုတ်တဲ့ဒဏ်ရာနဲ့သေပြီ၊ အဲဒီအဖြစ်တွေ ပေါင်းစပ်ပြီး ကျွန်တော့်ခေါင်းထဲမှာ ရှုံကြောင်ကြောင်တောင် ဖြစ်လာပြီ"

"ဟား . . ဟား . . ဟား . . ဟား"

ကိုမျိုးအောင် စကားအဆုံး၌ ကျွန်ုပ်တို့လည်း ကိုမျိုးအောင် စကားကို သဘောကျ၍ ရယ်မောကြလေသည်။

ကျွန်ုပ်တို့လည်း ရုံးထဲသို့ ဝင်၍ စုံစမ်းသိရှိရသည့် အချက်အလက်များကို ရေးသား၍ စုံထောက်မင်းကြီးထံ အစီရင်ခံစာ တင်သွင်းလေသည်။

ထို့နောက် ကျွန်ုပ်တို့လည်း ရုံးတွင် အရေးကြီးသည့် အကြောင်းကိစ္စ မရှိသေးသည့်အတွက်ကြောင့် ရုံးဆင်းချိန် ရောက်သောအခါကျမှ တစ်ဦးနှင့် တစ်ဦး နှုတ်ဆက်၍ ရုံးမှအိမ်သို့ ပြန်ခဲ့လေတော့သည်။

# အခန်း (၆)

နောက်တစ်နေ့နံနက် ကျွန်ုပ် ရုံးသို့ရောက်သောအခါ ကျွန်ုပ်ထက် အရင်ရောက်နှင့်နေသော ကိုမျိုးအောင်က ဆီးကြိုနှုတ်ဆက်လေသည်။

"မောနင်း . . အိုင်ပီ ဦးထွန်းအောင်"

"မောနင်း . . ကိုမျိုးအောင်"

"ဦးထွန်းအောင် . . ကျွန်တော်တို့ လက်ဖက်ရည်ဆိုင် သွားရအောင်"

"ကောင်းသားပဲ ကိုမျိုးအောင်၊ ခဏလေးတော့ စောင့်ဗျာ၊ လိုအပ်တဲ့ စာရင်းဇယားဖိုင်တွေ ဗီရိုထဲက ထုတ်ပြီး စားပွဲပေါ်ကို တင်အုံးမယ်"

ကိုမျိုးအောင်ကို ပြောဆိုပြီးနောက် စာရွက်စာတန်းများကို ထုတ်၍ စားပွဲပေါ်သို့ တင်လေသည်။ ထို့နောက် ကိုမျိုးအောင်နှင့်အတူ ရုံးထဲရှိ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့လေသည်။





လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ ကျွန်ုပ်တို့ထက် လက်ဖက်ရည်ဆိုင်သို့ ရောက်နှင့်နေသော ကိုနေမျိုး၊ ကိုပီတာတို့ အဖွဲ့က နှုတ်ဆက်၍ ကျွန်ုပ်နှင့် ကိုမျိုးအောင်လည်း အလိုက်တသင့် ပြန်လည်နှုတ်ဆက်ပြီး လွတ်နေသည့် စားပွဲတစ်ဝိုင်းတွင် ထိုင်၍ လက်ဖက်ရည်နှင့် မုန့်ကိုမှာ၍ နံနက်ခင်းစာအဖြစ် စားသောက်ကြလေသည်။

လက်ဖက်ရည် သောက်ပြီးသောအခါ ကျွန်ုပ်မှာ ဆေးတံထဲသို့ ဆေးတံသောက်ဆေး တစ်ဆုံထည့်၍ မီးညှိကာ ဆေးတံသောက်၍ ယနေ့ထုတ် သူရိယသတင်းစာကို ဖတ်ရှုလေသည်။ သတင်းစာကို တစ်ရွက်ပြီးတစ်ရွက် ဖတ်ရှုပြီး သတင်းစာနောက်ကျောဖုံးတွင် တူးလိုင်းဖြင့် ရေးသားထားသော ခေါင်းကြီးပိုင်းသတင်းတစ်ပိုဒ်မှာ တရားခံ မပေါ်သေးသော လူသတ်မှုများဟု ခေါင်းစဉ်တပ်၍ မစ္စတာစတီဗင် သေဆုံးမှုနှင့် ရတနာကုန်သည် ဆာမိဆင်း သေဆုံးသည့် သတင်းများကို ရေးသားဖော်ပြထားသည်ကို တွေ့ရ၍ သတင်းစာဆရာများမှာ ကလောင်သွားဖြင့် ကျွန်ုပ်တို့ စုံထောက်များကို နှိပ်စက်နေပြီဖြစ်ကြောင်း တွေ့ရလေသည်။

"အိုင်ဆေး . . ကိုမျိုးအောင် သတင်းစာဆရာတွေက ကျွန်တော်တို့ စုံထောက်တွေကို ပညာပြနေပြီဗျို့၊ အခုတလော လူသတ်မှုတွေ အကြောင်းကို စဉ်ဆက်မပြတ် ရေးသားဖော်ပြနေတယ်"

"ရေးပါစေ ဦးထွန်းအောင်ရယ်၊ သူတို့ပြောသလို ကျွန်တော်တို့က တရားခံမှ မမိသေးဘဲ"

"ဟုတ်တယ် . . ကိုမျိုးအောင်၊ အခု ဖြစ်ပွားတဲ့ အမှုတွေက ကျွန်တော်တို့ ဉာဏ်နဲ့ လိုက်မမှီအောင် ဖြစ်နေတယ်"

"အစ ရှာမရတဲ့ သပွတ်အူလို ဖြစ်နေတဲ့အတွက်ကြောင့် ခင်ဗျား ပြောသလို ရှုပ်ကြောင်ကြောင်တောင် ဖြစ်လာပြီ"

"ဟဲ . . ဟဲ . . ဟဲ"

ကျွန်တော့်စကားကို ဦးထွန်းအောင် လက်ခံလာပြီ၊ ကျွန်တော်တို့ မိတ်ဆွေ ကိုမင်းနောင်တောင် ဒီအမှုကျမှ လက်လျှော့ရမလို ဖြစ်နေပြီနဲ့ တူတယ်။

"ကိုမျိုးအောင် ခင်ဗျားပြောသလို ကိုမင်းနောင် လက်လျှော့ရမယ့်အမှုဆိုရင် ကိုမင်းနောင်နဲ့တွဲဖက်ပြီး လုပ်နေတဲ့ ကျွန်တော်တို့လည်း စီအိုင်ဒီက ပင်စင်မယူဘဲ နားရမယ့်ကိန်း ဆိုက်နေပြီ။ ဒါပေမယ့် ကိုမင်းနောင်ရဲ့ စိတ်ဓာတ်ကို ကျွန်တော် သိပြီးသားဗျ"

"ကိုမင်းနောင်ရဲ့ စိတ်ဓာတ်က မာကြောတယ်၊ အလုပ်တစ်ခု အပေါ်မှာ ဇွဲကောင်းတယ်။ အလုပ်တစ်ခုအပေါ်မှာ တစိုက်မတ်မတ် ရှိတဲ့ အတွက်ကြောင့် အခု ဖြစ်ပွားတဲ့ အမှုတွေနဲ့ပတ်သက်ပြီး အမှု ကျူးလွန်တဲ့ တရားခံတွေကို မဆုတ်မနစ်နဲ့ ဇွဲနဲ့ရအောင် ဖော်ထုတ်နိုင်မယ်လို့ ကျွန်တော် ထင်ပါတယ်"

"အိုင်ပီရေ . . ကိုမင်းနောင်အနေနဲ့ တရားခံကို မြန်မြန် ဖော်ထုတ်နိုင်မှ ကျွန်တော်တို့အတွက် သက်သာမှာ၊ မဟုတ်ရင် စုံထောက်မင်းကြီးက တစ်ပွဲပွဲတစ်စာစာနဲ့ အရမ်းနားငြီးတယ်"





"ဒါကတော့ ဘာတတ်နိုင်မှာလဲ ကိုမျိုးအောင်၊ သူ့ဆန် စားရဲမှ ဆိုသလို ကိုယ်ထမ်းဆောင်တဲ့ တာဝန်မကျေပွန်တော့လည်း အပြစ်ပြော ခံရတာ မဆန်းပါဘူး ကိုမျိုးအောင်"

"အိုင်ပီ . . . ကျွန်တော်တို့မိတ်ဆွေ ကိုမင်းနောင် ဒီနေ့ ရုံးကို မရောက်သေးပါလား"

"ကိုမင်းနောင်မှာ အခြားအကြောင်း ရှိလို့နေမှာပေါ့ ကိုမျိုးအောင်"

"ဦးထွန်းအောင် . . ကျွန်တော်တို့ ရုံးထဲကို ပြန်ဝင်ပြီး အမှုတွဲ ဟောင်းတွေ ပြန်လေ့လာရအုံးမယ်"

ကိုမျိုးအောင် စကားအဆုံး၌ ကျွန်ုပ်တို့လည်း လက်ဖက်ရည်ဖိုး ကျသင့်ငွေကို ရှင်းပေးပြီး ရုံးထဲသို့ ပြန်ဝင်ခဲ့ကြလေသည်။

ရုံးထဲသို့ ရောက်သောအခါ ပထမလအတွင်းက မပြီးပြတ်သေး သော အမှုတွဲများအတွက် (ကာလီမီရီတန်း) ခေါ် တစ်လအတွင်း အစီရင် ခံစာကို ပြန်လည်၍ ရေးသားထားလေသည်။

ထိုအချိန်တွင် ရုံးမှ မင်းစေ (ခေါ်) ပြာတာကလေးမောင်ဖိုးစီ က ကျွန်ုပ်တို့အား စုံထောက်မင်းကြီးက ခေါ်ခိုင်းကြောင်း သိရ၍ ကျွန်ုပ် တို့လည်း ယူနီဖောင်းကို စစ်ဆေး၍ မင်းကြီးရုံးခန်းအတွင်းသို့ ဝင်ခဲ့ကြ လေသည်။

မင်းကြီးရုံးခန်းထဲ ရောက်သောအခါ စုံထောက်မင်းကြီး မစ္စတာ နေဝရစ်သည် စာရွက်စာတမ်းများနှင့် အလုပ်ရှုပ်နေသည် ဟန်ဖြင့်

ကျွန်ုပ်တို့ စုံထောက်ကျော်များ မင်းကြီးရုံးခန်းထဲသို့ ရောက်ရှိနေပြီဖြစ်သည်ကို မကြည့်အားသေးဘဲ ဖတ်လက်စ စာရွက်စာတမ်း တစ်စောင်ကို ပြီးအောင် ဖတ်နေလေသည်။

အချိန် အနည်းငယ်ကြာမှ ကျွန်ုပ်တို့အား တစ်ယောက်စီကြည့်၍

"လူကလေးတို့ အခုဘာလုပ်နေကြသလဲ၊ လူကလေးနေမျိုးတို့၊ လူကလေးပီတာတို့ လူကလေးတို့ ဖမ်းဆီးထားတဲ့ တရားခံတွေဆီက ဖြောင့်ချက်ရပြီလား"

ဒီအိုင်ဂို စုံထောက်မင်းကြီး၏ စကားအဆုံး၌ အိုင်ပီနေမျိုးက

"ကျွန်တော်မျိုးတို့ ဖမ်းဆီးခဲ့တဲ့ တရားခံတွေက အမှုကို တကယ်ကျူးလွန်တဲ့ တရားခံတွေပါ။ တစ်ရက်၊ နှစ်ရက် ထပ်ပြီး စစ်ဆေးလိုက်ရင် အမှုကျူးလွန်ကြောင်း ဖွင့်ဟဝန်ခံလိမ့်မယ်လို့ ကျွန်တော်မျိုး ယုံကြည်ပါတယ် မင်းကြီး"

"လူကလေးနေမျိုး လူကလေးတို့ပြောတာ ငှက်ပျောသီးကို အခွံနွှာပြီး စားသလိုပဲ။ အရမ်းကို လွယ်တယ်။ ကျွန်ုပ်ကို (ဟုမ်းစက္ကရီတေရီ) ခေါ် ပြည်ထဲရေးဝန်က မကြာခဏ တယ်လီဖုန်းနဲ့ တရားခံ မမိသေးဘူးလားလို့ ခဏခဏ မေးနေတယ်။ ကျွန်ုပ်လည်း ဘယ်လိုမှ မရှင်းပြတတ်ဘူးဖြစ်နေတယ်"

"သတင်းစာတွေကလည်း ကျွန်ုပ်တို့ကို လှောင်နေပြီ၊ ဒီပုံစံဆို လူကလေးတို့လည်း အလုပ်ကထွက်၊ ကျွန်ုပ်လည်း အငြိမ်းစားလစာကို ဘင်သံမပါဘဲ ပြန်ရတော့မယ်၊ လူကလေးတို့ အလုပ်ကို ကြိုးစားပြီးလုပ်ကြပါ"





"ရက်စ်ဆား. . ကျွန်တော်မျိုးတို့ အလုပ်ကို ကြိုးစားပြီး လုပ်ပါ့မယ်"

"လူကလေး ထွန်းအောင်"

"ရှိပါတယ် မင်းကြီး"

"အငြိမ်းစား ရာဇဝတ်အုပ်ကို သတ်သွားတဲ့ တရားခံကို လူကလေးနေမျိုးတို့က ဖမ်းထားတယ်လို့ ပြောတယ်။ လူကလေး ထွန်းအောင်အနေနဲ့ ဘာပြောစရာရှိလဲ"

"မင်းကြီး၏ မေးမြန်းမှုကြောင့် ကျွန်ုပ်လည်း တရားခံကို လက်ဆုပ်လက်ကိုင် မပြနိုင်သေးသည့်အတွက်ကြောင့် မင်းကြီး၏ မေးမြန်းမှုကို အလိုက်သင့်ပင် ပြန်၍ဖြေလေသည်။

"ပြောစရာ မရှိပါဘူး၊ မင်းကြီး"

"နောက်ထပ် အသတ်ခံရတဲ့ ရတနာကုန်သည်နဲ့ပတ်သက်ပြီး လူကလေးရဲ့ စုံစမ်းမှု ဘာတွေ ထူးခြားသေးလဲ"

"စုံစမ်းဆဲပါ မင်းကြီး"

"ယူအာ ရှပ်တပ်"

"လူကလေးတို့ ပြောလိုက်ရင် တစ်မှုလာလဲ စုံစမ်းဆဲ၊ နှစ်မှုလာလဲ စုံစမ်းဆဲ၊ ပထမတစ်မှုက မပေါ်သေးဘူး။ နောက်ထပ်တစ်မှုကဖြစ်လာပြီ၊ ရာဇဝတ်ကို ကျူးလွန်တဲ့ လူသတ်ကောင်တွေကို မဖော်ထုတ်နိုင်သေးရင် စီအိုင်ဒီကို လာပြီး လူကလေးတို့နဲ့ ကျွန်ုပ်ကိုပါ သတ်သွားနိုင်တယ်"

ထိုအခိုက်တွင် မင်းကြီးရုံးခန်းထဲရှိ ဆင်နားရွက်တံခါးဖွင့်သံနှင့် အတူ မြောက်ပြင် ပလေကပ်ပုဆိုး အပြာနုရောင်၊ တိုဘရာကိုး (Tobracol) ရှပ်အကျႌ ပလေဇာကုတ်ကို တွဲဖက်၍ ဝတ်ဆင်ထားပြီး သက္ကလပ်ဦးထုပ် ကို ခပ်ငိုက်ငိုက် ဆောင်းထားသော ကျွန်ုပ်တို့၏ မိတ်ဆွေကြီး စီအိုင်ဒီပဟိုရ်ဆိုး ဆားပုလင်းမင်းနောင်သည် သူ့အလွန် နှစ်သက်သော စီးကရက်ကို ခဲ၍ ရုံးခန်းအတွင်းသို့ ဝင်ကာ လန်ဒန်မြို့ကြီးသားတို့ အသုံးပေးလောက်သော လေယူလေသိမ်း အင်္ဂလိပ် စကားဖြင့်-

"ဒီအိုင်ဂျီ အခုအမှုတွေကို ကျူးလွန်တဲ့ တရားခံတွေက သာမန် လုယက်တိုက်ခိုက် သတ်ဖြတ်တဲ့ သာမန်လူသတ်သမားတွေ မဟုတ်ဘူး။ စက္ကန့်နဲ့အမျှ ပေါက်ကွဲနိုင်တဲ့ တိုင်းဗုံးလိုပဲ ကြောက်စရာအရမ်းကောင်း တယ်။ အခု အမှုကျူးလွန်တဲ့ တရားခံအနေနဲ့ သူ့အစွမ်းအစကို သုံးပြီး လုပ်ကြံမယ်ဆိုရင် စီအိုင်ဒီရုံးထဲက မင်းကြီးတင်မကဘူး။ ဘုရင်ခံကိုတောင် လုပ်ကြံမယ်ဆိုရင် လုပ်ကြံနိုင်တဲ့ အရည်အချင်း ရှိတယ်"

"အိုး. . ဂေါ့ ဘုရားသခင်"

"ကြောက်စရာ အလွန်ကို ကောင်းတယ်။ ဆားပုလင်းမင်းနောင် လူသတ်သမား စီအိုင်ဒီရုံးထဲလာပြီး ကျွန်ုပ်တို့ကို မသတ်ခင် မြန်မြန် မိအောင် ဖမ်းပေးပါ"

မင်းကြီး၏ ပြောဆိုမှုကို ကြည့်ပြီး ကျွန်ုပ်တို့စုံထောက်ကျော် များလည်း ရယ်မောမိလေသည်။





"ယူဘာလယ်ဒီဖူး. . လူကလေးတို့အရွယ်တွေပဲ ဒီလောက် အရေးကြီး တဲ့ အချိန်မှာတောင် လူကလေးတို့ ရယ်မောနိုင်တယ်။ လူကလေးတို့ အလုပ်ကို ကောင်းကောင်းလုပ်ပါ၊ ဖြစ်ခဲ့တဲ့ အမှုတွေနဲ့ ပတ်သက်ပြီး ကျွန်ုပ်ကို ထုချေလွှာတင်ပါ"

"ရက်စ်ဆား. . မင်းကြီး ကျွန်တော်မျိုးတို့ ထုချေလွှာ တင်ပါ့မယ်"

"ဆားပုလင်းမင်းနောင် တရားခံ ဖမ်းမိဖို့နီးပြီလား၊ တရားခံ ဖမ်းမိဖို့အတွက် ကျွန်ုပ် ဘာအကူအညီ ပေးရမလဲ"

"ကျေးဇူးတင်ပါတယ်. . ဒီအိုင်ဂျီ၊ အခုဖြစ်ပွားတဲ့ အမှုတွေ အတွက် တရားခံကိုမိဖို့ ကွင်းဆက်ကလေးတစ်ခု ပြတ်ထွက်နေလို့ တရားခံအမှန်ကို မသိနိုင်သေးဘူး၊ အခုအချိန်မှာ ကျွန်တော့်အတွက် ဒီအိုင်ဂျီ ကူညီပေးရမှာက ကျွန်တော် ခရီးသွားဖို့အတွက် ခွင့်ရက်ရှည်ပဲ"

"ဆားပုလင်းမင်းနောင်. . တရားခံတွေမိမှ ခရီးသွားလို့မရဘူးလား"

"ဒီအိုင်ဂျီ. . စမစကြာဂိုဏ်းအမှုတုန်းက ကတိပေးခဲ့တာ မေ့သွား ပြီနဲ့ တူတယ်။ စကြာဂိုဏ်း အမှုပေါ်ပေါက်ပြီးရင် ကျွန်တော် အနားယူဖို့ အတွက် လစာမဲ့မဟုတ်တဲ့ ခွင့်ရက်ရှည်ကို ပေးမယ်ဆိုတာ ဒီအိုင်ဂျီ စာနဲ့ ရေးပြီး ပေးဖူးတယ်"

"ဗြိတိသျှ လူမျိုးတွေအနေနဲ့ ကတိသစ္စာကို တန်ဖိုးထားတယ် ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်"

"ဆားပုလင်းမင်းနောင် ကျွန်ုပ် မေ့သွားတာကို ခွင့်လွှတ်ပါ။ ဆားပုလင်းမင်းနောင် ခရီးသွားဖို့အတွက် ကျွန်ုပ် ခွင့်ပြုပါတယ်။ ခရီးသွားပြီး

ပြန်လာရင် ဆားပုလင်းမင်းနောင် အနေနဲ့ တရားခံကို ဖမ်းဆီးပေးမယ်လို့ ကျွန်ုပ် မျှော်လင့်ပါတယ်"

"ကောင်းပြီ ဒီအိုင်ဂျီ ကျွန်တော့်ကို သွားခွင့်ပြုပါ"

မှတ်ချက် ။ ။ ဒီအိုင်ဂျီ စုံထောက်မင်းကြီးက ဆားပုလင်းမင်းနောင်အား ခွင့်ရက်ရှည်ပေးမည်ဟု ကတိပေးထားခြင်းကို သိရှိလိုပါလျှင် ကျွန်ုပ် ရေးသားထုတ်ဝေပြီးသော ဆားပုလင်းမင်းနောင်နှင့် စမစကြာဂိုဏ်းသစ္စာ ဝတ္ထုဇာတ်လမ်းကို ရှာဖွေ၍ ဖတ်ရှုနိုင်ပါသည်။

(စာရေးသူ)

"လူကလေးတို့လည်း သွားနိုင်ပြီ"

"ရက်စ်ဆား"

ကျွန်ုပ်တို့လည်း မင်းကြီးအား ဆလုရိုက်အလေးပြုကာ မင်းကြီးရုံးခန်းထဲမှ ထွက်ခဲ့လေသည်။

ကျွန်ုပ်တို့ ရုံးခန်းထဲရောက်မှ ကိုမျိုးအောင်က-

"အိုင်ပီရေ. . အခုမှပဲ ချွေးထုတ်လို့ပြီးတော့တယ်၊ ကိုမင်းနောင်သာ ရုံးကိုရောက်မလာသေးရင် စုံထောက်မင်းကြီးက ဘယ်လောက်အထိ ကျွန်တော်တို့ကို ကြိမ်းမလဲမသိဘူး"





"ကိုမျိုးအောင် ပြောတာမှန်တယ်၊ ကိုမင်းနောင်သာ ရောက်မလာသေးရင် မင်းကြီးရုံးခန်းထဲက ထွက်လို့ရမှာမဟုတ်ဘူး"

ကျွန်ုပ်လည်း ကိုမင်းနောင် ခွင့်ရက်ရှည်ယူ၍ ခရီးသွားမည်ကို သိလိုသောကြောင့် ကိုမင်းနောင်အား မေးလေသည်။

"အိုင်ဆေး. . ကိုမင်းနောင် ခင်ဗျား ခွင့်ရက်ရှည်ယူပြီး ဘယ်သွားမလို့လဲ"

"အထက် မုံရွာဘက်ကို အိုင်ပီ၊ မုံရွာဘက်မှာရှိတဲ့ ကျွန်တော့်ရဲ့ ဘကြီးကို မတွေ့ရတာကြာပြီ ဖြစ်လို့ ဘကြီးကို ကန်တော့ရင်း ဘကြီးရဲ့ ကျန်းမာရေးကို လေ့လာရင်း ခေတ္တသွားမှာ အိုင်ပီ"

"အိုင်ဆေး . . ဒါနဲ့ ခင်ဗျား ဘယ်အချိန်သွားမှာလဲ"

ကျွန်ုပ် စကားအဆုံး၌ ကိုမင်းနောင်မှာ ကျွန်ုပ်ကို

ရန်ကုန်-မန္တလေး ရထားလက်မှတ်တစ်စောင် ထုတ်ပြလေသည်။

"ဒီနေ့ နေ့လည် (၁) နာရီထွက်မယ့် မန္တလေး အဆန်ရထားနဲ့ လိုက်သွားမယ် အိုင်ပီ၊ မန္တလေး ရောက်မှ မုံရွာဘက်ကို ကားနဲ့ဆက်ပြီး သွားမယ် အိုင်ပီ"

"အိုင်ဆေး. . ကိုမင်းနောင် ခင်ဗျားက ရထားလက်မှတ် ဖြတ်ပြီးမှ မင်းကြီးကို ခွင့်စာတင်တာ၊ မင်းကြီးက အမှုတွေ အရမ်းအရေးကြီးနေတဲ့အတွက် အထက်က ခွင့်ရက်ရှည်မပေးသေးဘူးလို့ ဆိုခဲ့ရင် ခင်ဗျားတော့ လက်မှတ်ဆုံးမှာပဲ"

ကျွန်ုပ်၏ စကားအဆုံး၌ ကိုမင်းနောင်က

"အိုင်ပီ မင်းကြီးအနေနဲ့ သူတို့ရဲ့ဗြိတိသျှ အင်္ဂလိပ်လူမျိုးတွေရဲ့ ဝုဏ်သိက္ခာကို ကျဆင်းအောင်တော့ မလုပ်ရဲဘူး အိုင်ပီ။ နိုင်ငံကြီးသားလို့ အမည်ခံထားတဲ့ မင်းကြီးက တစ်ချိန်က ကျွန်တော်အလိုရှိတဲ့အခါ ခွင့်ရက်ရှည်ပေးမယ်လို့ ကတိပေးခဲ့တာကို မဖျက်ရဲဘူးဆိုတာ ကျွန်တော် သိပြီးသားပါ အိုင်ပီ"

"ကိုမင်းနောင်. . ခင်ဗျားကို ကျွန်တော်နဲ့ကိုမျိုးအောင်က မနက်အစောကြီး ရုံးကို ရောက်တဲ့အချိန်ကတည်းက မျှော်နေတာ၊ အခုဖြစ်ပွားတဲ့ အမှုတွေအတွက် အမှုကျူးလွန်တဲ့ တရားခံတွေကို ကျွန်တော်တို့အနေနဲ့ ဘယ်လိုမှ ဖော်ထုတ်စဉ်းစားလို့ မရဘူး။ ခင်ဗျားလာရင် ထူးခြားမှုတော့ ရှိရမှာပဲလို့ ကျွန်တော်တို့က တွက်ထားတာ၊ အခု ခင်ဗျားက ခရီးထွက်မယ်ဆိုတော့ ကျွန်တော်တို့အတွက် တစ်အားလျော့ပြီ ကိုမင်းနောင်"

"လောလောဆယ်တော့ ဘာမှမတတ်နိုင်သေးဘူး အိုင်ပီ၊ ကျွန်တော်နဲ့ အိုင်ပီတို့လည်း ကြိုးစားပြီး အမှုကိုလိုက်တာပဲ။ ကျွန်တော် ကိုင်ခဲ့တဲ့ အမှုတွေထဲမှာ အခုဖြစ်ပွားတဲ့ အမှုကပိုပြီး ရှုပ်ထွေးနေတယ် အိုင်ပီ။ တစ်ချိန်တစ်ခါမှာ ကျွန်တော့်ကိုယ်ကျွန်တော် တော်လှပြီလို့ ပြောမိခဲ့ရင် သူဇာယမင်းရုပ်ကလေး အကြောင်းကို ပြန်ပြောပြီး ကျွန်တော့်ကို သတိပေးပါ အိုင်ပီ"





ကျွန်ုပ်လည်း အမှုနဲ့ပတ်သက်လာရင် ဘယ်အခါမှ အလျှော့မပေးတတ်သော ကိုမင်းနောင်တစ်ယောက် အခုဖြစ်ပွားသော အမှုတွေနဲ့ကျမှ လက်လျှော့လိုက်ပြီလားဟု စိတ်မှာ တွေး၍ ပင့်သက်ချမိလေသည်။

"အိုင်ပီနဲ့ကိုမျိုးအောင် ရထားချိန်နီးပြီ ဖြစ်လို့ ကျွန်တော့်ကို ခွင့်ပြုပါအုံး"

ကိုမင်းနောင်သည် ကျွန်ုပ်နှင့်ကိုမျိုးအောင်ကို နှုတ်ဆက်ပြီး ခရီးဆောင် လက်ဆွဲသေတ္တာကို လက်တစ်ဖက်မှ ဆွဲ၍ စီအိုင်ဒီရုံးထဲမှ ထွက်ခွာသွားလေသည်။

ကိုမင်းနောင် ထွက်ခွာသွားပြီး မကြာမီမှာပင် ကျွန်ုပ်အခန်းထဲသို့ ကိုနေမျိုးနှင့်ကိုမြင့်ဇော် ဝင်၍လာပြီး

"အိုင်ဆေး . . ဦးထွန်းအောင် ဘယ်လိုဖြစ်တာတုန်းဗျ၊ ခင်ဗျားတို့ ဆားပုလင်းကြီး အမှုတွေကို မဖော်ထုတ်နိုင်လို့ ခရီးသွားမယ်လို့ အကြောင်းပြပြီး ရှောင်ထွက်သွားတာလား"

ကိုနေမျိုး၏ စကားကြောင့် ကိုမျိုးအောင်မှာ မခံချင်စိတ်ဖြင့်

"အိုင်ဆေး . . ကိုနေမျိုး၊ ကိုမင်းနောင်က ခင်ဗျားတို့လို တရားခံမဟုတ်တဲ့သူတွေကို တရားခံဆိုပြီး အလကား လိုက်ဖမ်းနေတာ မဟုတ်ဘူး။ သူမှာ ကိုယ်ရေးကိုယ်တာ ကိစ္စရှိလို့ ခရီးသွားတာကို အပြစ် မမြင်စမ်းပါနဲ့ဗျာ"

"အိုင်ဆေး . . ကိုမျိုးအောင် ကျွန်တော်တို့က အပြစ်ရှာပြီး ပြောတာမဟုတ်ဘူး။ အမှုတွေ ရှုပ်ထွေးနေတဲ့အချိန်ကျမှ ခရီးထွက်တာကို

အံ့ဩတာ၊ ဘာပဲဖြစ်ဖြစ်လေ ကိုမင်းနောင်အနေနဲ့ ရှုပ်ထွေးပြီး မဖော်နိုင်တဲ့ အမှုတွေကျတော့ ကျွန်တော်တို့လို (I.P) တွေကမှ ဖော်ထုတ်နိုင်မှာ မဟုတ်လား၊ ကိုမင်းနောင် ခရီးက ပြန်လာရင် အမှုကျူးလွန်တဲ့ တရားခံတွေကို ရုံးတင်ပြီး တရားစွဲနိုင်အောင် ကျွန်တော် ကြိုးစားပြမယ်"

ကိုနေမျိုး စကားအဆုံး၌ ကိုမျိုးအောင်က

"(အရူးကတစ်မူးသာတယ်) ဆိုတဲ့စကားက မှန်တယ်ဆိုတာ ဟုတ်/မဟုတ် စောင့်ကြည့်ရမှာပေါ့ဗျာ"

ကိုမျိုးအောင်၏ ပြန်လည်ပြောသော စကားကြောင့် ကိုနေမျိုးမှာ စိတ်ဆိုးစွာဖြင့်-

"ယူဇလယ်ဒီဖူး. . ယူအာရှုပ်တပ်. . မကြာခင်မှာ ကျွန်တော့်ရဲ့ အစွမ်းအစကို ခင်ဗျားတွေ့ရမယ်"

ကိုနေမျိုးမှာ စကားဆုံးသည်နှင့် အခြားတစ်ဖက်သို့ လှည့်ထွက်သွားလေသည်။

"ကိုမျိုးအောင်၊ ကိုနေမျိုးကို အားနာစရာဗျာ၊ အချင်းချင်းမို့ ဒီလောက်တင်ပြောတာ၊ ဒီလိုလူမျိုးက ဒီလောက်ပြောတာတောင် တန်ကာမကျဘူး အိုင်ပီ၊ သူများတစ်ဖက်သားကို အထင်သေးပြီး ကိုယ့်ကိုကိုယ် အလကားအထင်ကြီးနေတဲ့ လူအလကား ဘဝင်ရူး"

ကိုမျိုးအောင် စကားကြောင့် ကျွန်ုပ်မှာ ရယ်မောမိလေသည်။

ထိုနေ့တစ်နေ့လုံး အလုပ်ထဲမှာ စိတ်မပါစွာနှင့် တာဝန်ကျေ





ပြုလုပ်ပြီး ရုံးဆင်းချိန်ကျမှ ရုံးမှ အိမ်သို့ ပြန်ခဲ့လေသည်။

နောက်တစ်နေ့ ရုံးသို့ ရောက်သောအခါ ကိုနေမျိုး၊ ကိုပီတာနှင့် ကိုမြင့်ဇော်တို့မှာ ရတနာကုန်သည် ဆာမိဆင်းကို သတ်သည့် တရားခံဟု သတ်မှတ်၍ ရတနာကုန်သည် ဆာမိဆင်း၏သက်တော်စောင့် လူယုံနှစ်ယောက်ဖြစ်သော ပထန်လူမျိုး ဆွန်နားနှင့် အဗ္ဗဒူနှစ်ယောက် ခြံစောင့်ဖြစ်သော ဂေါ်ရခါးလူမျိုး ဇုစ်ဗဟာဒူးတို့ သုံးယောက်အား ဖမ်းဆီးလာလေသည်။

ကိုနေမျိုးနှင့် ကိုပီတာတို့မှာ အောင်မြင်ဝံ့ကြွားသောဟန်ဖြင့်-

"အိုင်ပီ ဦးထွန်းအောင်. . ရတနာကုန်သည် ဆာမိဆင်းကို အတွင်းရတနာပစ္စည်းတွေ လိုချင်လို့ သူတို့သုံးယောက်ပေါင်းပြီး လုပ်ကြတယ်ဆိုတာ ကျွန်တော်တို့သိတယ်၊ အမှုအခြေအနေ မခိုင်မာသေးလို့ သူတို့သုံးယောက်ကို လွှတ်ထားပြီး စောင့်ကြည့်နေတာ၊ အခု လိုအပ်တဲ့ သဲလွန်စကို အခိုင်အမာရပြီ ဖြစ်လို့ သူတို့ကို ဖမ်းလာတာ"

ကိုနေမျိုးသည် စုံထောက်ကြီးရှားလော့ဟုန်း၏ လေသံမျိုးနှင့် ကျွန်ုပ်တို့ကို ရှင်းပြလေသည်။

"အိုင်ဆေး. . ကိုနေမျိုး ခင်ဗျားတို့ရဲ့ ကြိုးစားဖော်ထုတ်မှုကို လေးစားတယ်ဗျာ၊ ဘယ်လို သဲလွန်စကို ရလို့လဲ"

"အိုင်ပီ ဦးထွန်းအောင်ရယ် ရတနာကုန်သည်ဆာမိဆင်း အသတ်ခံရတဲ့ အမှုက ရှင်းရှင်းလေးပါ။ ရတနာကုန်သည်ဆာမိဆင်းက

တစ်ယောက်တည်းနေတာ၊ သူ့ရဲ့အိမ်မှာ အခြားလူဆိုလို့ သူ့ရဲ့သက်တော်စောင့်နှစ်ဦးနဲ့ ခြံစောင့်တစ်ယောက်ပဲ ရှိတာ၊ သက်တော်စောင့်နှစ်ဦးထဲက ဆွန်နားက အချက်အပြုတ်ပါ ကျွမ်းကျင်တဲ့အတွက် သူဌေးဆာမိဆင်းနဲ့ သူတို့စားသောက်ဖို့အတွက် ဘတ္တလာ ထမင်းချက်အဖြစ်ပါ တာဝန်ယူတယ်။ အခြားလူပိုဆိုလို့ ခြံထဲမှာ တစ်ယောက်မှမရှိဘူး။ ဆာမိဆင်း အသတ်ခံရတဲ့ အချိန်မှာ သက်တော်စောင့်နှစ်ယောက်က သူတို့ရဲ့ သူဌေးအနားမှာရှိတယ်"

"လူသတ်သမားကို သူတို့နှစ်ယောက်ပေါင်းပြီး တိုက်ခိုက်ဖမ်းဆီးဖို့ ကြိုးစားတယ်၊ လူသတ်သမားက ပျံမြစ်နုငယ်တဲ့ မိန်းကလေးတစ်ယောက်လို့ သူတို့ရဲ့ ထွက်ဆိုချက်မှာ ပါတယ်"

"ဒီအချက်နဲ့တင် ဆွန်နားနဲ့အဗ္ဗဒူတို့ရဲ့ လုပ်ဇာတ်ကို ကျွန်တော်သိပြီးသား ဦးထွန်းအောင်၊ သူတို့ရဲ့ ရှေ့ဆက်လှုပ်ရှားမှုကို သိချင်သေးတာနဲ့ သူတို့ကို မဖမ်းသေးတာ၊ ဆာမိဆင်းရဲ့အိမ်ကို ချိပ်ပိတ်ပြီး အမှုမပြီးသေးတဲ့အချိန်မှာ သူတို့ကို ဘယ်မှမသွားစေချင်သေးလို့ ချိပ်ပိတ်ထားတဲ့ ဆာမိဆင်းအိမ်ရဲ့ဘေးမှာ ဆောက်ထားတဲ့ အလုပ်သမားတန်းလျားမှာ သူတို့သုံးယောက်ကို ခေတ္တ နေခွင့်ပြုထားတယ်။ တရားခံ ပေါ်ပေါက်ပြီး ဆာမိဆင်း ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို ဆက်ခံမယ့် အိန္ဒိယက ဆာမိဆင်းရဲ့ညီ ရာဂျာဆင်းနဲ့ တွေ့ဆုံပြီးမှ သူတို့သွားချင်တဲ့ ဆီကို သွားဖို့ ကျွန်တော်တို့က ပြောထားပြီး သူတို့ရဲ့လှုပ်ရှားမှုကို စောင့်ကြည့်နေ





ခဲ့တာ၊ မနေ့က မောင်ဂိုမာရီ (ယခု) မဂိုလမ်းမှာ ပတ္တမြား ကျောက်တစ်လုံးကို ဆွန်နားသွားရောင်းတာကို လက်ပူးလက်ကြပ်မိတဲ့ အတွက်ကြောင့် သူတို့သုံးယောက်စလုံးကို ဖမ်းလာတာ. . အိုင်ပီ ဦးထွန်းအောင်"

ကိုနေမျိုး၏ ရှင်းပြမှုကြောင့် ကျွန်ုပ်မှာ တရားခံကို ကိုယ်မဖော်ထုတ်နိုင်တော့လဲ တာဝန်အတူတူ ထမ်းဆောင်နေသော ကိုနေမျိုးတို့က ဖော်ထုတ်နိုင်တယ် ဆိုသဖြင့် ကျွန်ုပ်မှာ ဝမ်းသာစွာဖြင့်-

"ကွန်ကရက်ကျူလေးရှင်း ကိုနေမျိုး၊ ကျွန်တော် ဝမ်းသာပါတယ်"

"ကျွန်တော့်ကို အခုလို အသိအမှတ်ပြုတဲ့ အတွက်ကြောင့် ဝမ်းသာပါတယ် အိုင်ပီ ဦးထွန်းအောင်၊ ကျွန်တော် တရားခံတွေကို စစ်ဆေးရအုံးမှာ ဖြစ်လို့ ခွင့်ပြုပါအုံး"

ကိုနေမျိုးလည်း ကျွန်ုပ်ကို နှုတ်ဆက်ပြီး တရားခံစစ်ဆေးရန် အတွက် တရားခံထားရာ အခန်းဘက်သို့ ထွက်သွားလေသည်။

ကိုနေမျိုး ထွက်သွားမှ ကျွန်ုပ်မှာ အတွေးလွန်စွာဖြင့် ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုမင်းနောင်အကြောင်းကို တွေးနေမိလေသည်။

ကိုနေမျိုးတို့ တွေ့ရှိသည့် သာမန်အကြောင်းအရာလေး တစ်ခုကို ကိုမင်းနောင်အနေနှင့် တွက်ဆမိမှာ အမှန်ပင်၊ အမှုနှင့် ပတ်သက်လျှင် သဲလွန်စကို ရအောင်ရှာ၍ အဖက်ဖက်မှာ တွေးတောဆင်ခြင်တတ်သော ကိုမင်းနောင်သည် ဘာဖြစ်လို့ အခုလို လွယ်ကူသည့်အမှုကို မဖော်ထုတ်နိုင်သေးသည်မှာ ကိုမင်းနောင်အပေါ် များစွာ စိတ်မကောင်းမှု ဖြစ်နေမိလေသည်။

ထိုအခိုက်တွင် အခန်းထဲသို့ ကိုမျိုးအောင် ဝင်ရောက်လာလေသည်။

"အိုင်ဆေး . . ဦးထွန်းအောင် ဘာတွေများ အတွေးလွန်ပြီး ငြိမ်ချက်သား ကောင်းနေတာလဲ"

"ကိုမင်းနောင်အကြောင်းကို တွေးနေတာပါဗျာ၊ ကျွန်တော်တို့ မိတ်ဆွေကြီး မရှိတော့လည်း ကျွန်တော့်အဖို့ အတော်လေး ပျင်းဖို့ကောင်းနေတယ်ဗျာ"

"ဟုတ်တယ် ဦးထွန်းအောင်ရေ ကိုမင်းနောင် ရှိတော့ ဘာလုပ်လုပ် သူ့ရဲ့အကူအညီနဲ့ တိုင်ပင်ပြီး လုပ်လို့ရတယ်။ အထွေထွေ ဗဟုသုတလည်း ကျွန်တော်တို့အတွက် ရတယ်၊ ဦးထွန်းအောင်လိုပဲ ကျွန်တော်လည်း ကိုမင်းနောင်ကို သတိရပါတယ်ဗျာ"

"ကိုမျိုးအောင်၊ ကိုနေမျိုး၊ ကိုပီတာ တို့တော့ ရတနာကုန်သည် ဆာမိဆင်းကို သတ်တဲ့တရားခံတွေကို ဖမ်းထားတယ်လို့ ပြောတယ်"

ကျွန်ုပ်၏စကားကြောင့်ကိုမျိုးအောင်မှာ တအံ့တသြဖြင့်

"အိုင်ဆေး . . ကိုနေမျိုးတို့ ဘယ်သူတွေကို ဖမ်းလာတာလဲဗျာ"

"ဆာမိဆင်းရဲ့ သက်တော်စောင့်နှစ်ယောက်နဲ့ ခြံစောင့်တစ်ယောက်ကို ဖမ်းလာတာပဲ၊ အခုလေးတင် အမှုစစ်မယ် ဆိုပြီး ထွက်သွားတာပဲ"

"ဦးထွန်းအောင်နဲ့ ကိုနေမျိုးတို့ကို ကျွန်တော့်အနေနဲ့ မလိုလို့ ပြောတာမဟုတ်ပါဘူးနော်၊ ဆာမိဆင်းရဲ့လူယုံတွေက ပြန်သတ်တယ်ဆိုတာ ဟုတ်ပါ့မလားဗျာ"





"ဒါတော့ ကျွန်တော်လည်း မသိသေးဘူး၊ ကိုနေမျိုးတို့ ပြောတာတော့ လိုအပ်တဲ့သက်သေ အထောက်အထား ပြည့်စုံလို့ ဖမ်းလာတယ်လို့ ပြောတာပဲ"

"အမှုတစ်မှု မြန်မြန်ပေါ်တော့လည်း ပြဿနာတစ်ခု မြန်မြန် ပြီးဆုံးတယ်လို့ သဘောထားရမှာပဲ ဦးထွန်းအောင်"

"ဟုတ်တယ် . . ကိုမျိုးအောင်"

ကျွန်ုပ်လည်း ကိုမျိုးအောင်၏ စကားကို ခေါင်းညိတ်၍ အသိအမှတ် ပြုလေသည်။

"အိုင်ဆေး . . ဦးထွန်းအောင် ကျွန်တော်နဲ့ ခင်ဗျား ကိုနေမျိုးတို့ ကုလားယိမ်းတိုက်တာ ဘယ်လိုအခြေအနေ ရှိလဲဆိုတာ သွားကြည့်ကြမယ်ဗျာ"

ကိုမျိုးအောင်၏ တိုက်တွန်းချက်ဖြင့် ကျွန်ုပ်လည်း ကိုမျိုးအောင်နှင့်အတူ ကိုနေမျိုးတို့ အမှုစစ်နေသည့် အခန်းထဲသို့ ထွက်ခဲ့လေသည်၊

ကိုနေမျိုးတို့ အမှုစစ်နေသည့် အခန်းထဲသို့ ကျွန်ုပ်တို့ရောက်သည့် အချိန်တွင် ကိုနေမျိုးက ရတနာကုန်သည် ဆာမိဆင်း၏ သက်တော်စောင့် နှစ်ယောက် အနက် ဆွန်နားဟုခေါ်သော ပထန်ကုလားအား စတင် စစ်ဆေးနေသည်ကို တွေ့ရလေသည်၊

"ဆွန်နား မင်းနဲ့အတူ အပ္ပဒုနဲ့ ခြံစောင့်ဖြစ်တဲ့ မဟာဒူးတို့ ပေါင်းပြီး မင်းတို့သူဌေးဆာမိဆင်းကို ပြန်ပြီး သတ်တာမဟုတ်လား။

ဒီလိုပြန်ပြီး သတ်တာလဲ သူဌေးဆာမိဆင်းရဲ့အတွင်းရတနာပစ္စည်းတွေကို မင်းတို့ လိုချင်လို့မဟုတ်လား”

ကိုနေမျိုး၏ မေးမြန်းမှုအဆုံး၌ ဆွန်နားမှာ အသားများတုန်၍ ကြောက်လန့်စွာဖြင့်

“ဘုရား ဆပ်. . ချွန်နော်တို့နော် သူဌေးကို မသတ်ဘူး ဆပ်၊ သူဌေးက ချွန်နော်တို့ အိမ်ရွာမှာရှိတဲ့ ချွန်နော်တို့ မိသားစုတွေကို လိုလေသေး မရှိအောင် စီမံပေးတယ် ဆပ်၊ ချွန်နော်တို့ ကျေးဇူးရှင်ကို ချွန်နော်တို့ မသတ်ဘူး ဆပ်၊ လူသတ်သမားနော် ဆွန်နား ကောင်းကောင်းမှတ်မိတယ် ဆပ်”

“သူဌေးကို သတ်တယ်နော်၊ မိန်းကလေး ဆပ်၊ အားရှိုးရှိုး အားကြီးကြောက်ဖို့ကောင်းတယ် ဆပ်၊ ချွန်နော်နဲ့ အဗ္ဗဒူ မိန်းကလေးကို ဂေါ်ရခါးဓားနဲ့ ဝိုင်းခုတ်တယ် ဆပ်၊ ဘယ်လိုခုတ်ခုတ် မိန်းကလေးကို မထိဘူး ဆပ်၊ ခဏလေးနော် ချွန်နော်နဲ့ အဗ္ဗဒူ မေ့သွားတယ် ဆပ်၊ မိန်းကလေးနော် လူမဟုတ်ဘူး (ရှိုက်တန်) သူရဲနဲ့တူတယ် ဆပ်၊ အခုထက်ထိ ချွန်နော်တို့ ကြောက်တုန်းပဲဆပ်”

ဆွန်နား၏ စကားအဆုံး၌ ကိုနေမျိုးမှာ စိတ်ဆိုးစွာဖြင့်

“ယူဗလယ်ဒီဖူး. . ဒုန်းစပိ”

“အလားကား အရှူး. . သရဲက လူသတ်မလား၊ မင်းတို့ သတ်ပြီး ပြော်ချင်ရာကို ပြောနေတာ ငါသိတယ်၊ မင်းတို့ လိမ်လိမ်မာမာနဲ့ ဝန်ခံရင် သက်သာမယ်၊ ဘူးခံမယ်ဆိုရင် မင်းတို့ အသားနာမယ်”





ကိုနေမျိုး စကားအဆုံး၌ ကိုမျိုးအောင်က

“အိုင်ဆေး. . . ကိုနေမျိုး၊ ဆွန်နားပြောတာ ဖြစ်နိုင်တယ် ဆာမိဆင်း သေတဲ့ပုံကလည်း လည်ပင်းအဆစ်ပြုတ်ပြီး သေနေတာ၊ ဆွန်နားပြောသလို (ရှိုက်တန်) သူရဲက ဂုတ်ချိုးသတ်တာ ထင်တယ်”

ကိုမျိုးအောင် စကားကြောင့် ကျွန်ုပ် အပါအဝင် ကိုပီတာ၊ ကိုမြင့်ဇော်တို့ပါ ရယ်မောကြလေသည်။

“အိုင်ဆေး . . ကိုမျိုးအောင်၊ မကူညီချင်နေပါ၊ မနှောင့်ယှက်ပါနဲ့”

ကိုနေမျိုးမှာ စိတ်ဆိုးစွာဖြင့် ဆွန်နားအား

“ဆွန်နား . . ငါပြောတာ မင်းစဉ်းစားပြီးလား၊ မင်းတို့ဘာသာ ဝန်ခံမှာလား၊ ငါက ဖော်ထုတ်ရမှာလား”

“ဘုရား ဆပ်၊ ချွန်နော်တို့ သူဌေးကို မသတ်ဘူး ဆပ်၊ ဆွန်းနားကို မယုံရင် အဗ္ဗဒူကို မေးကြည့်ပါ ဆပ်”

“ယူအာရှပ်တပ်. . အလကား အရှူး၊ တစ်ကျိတ်တည်းတစ်ဥာဏ်ထဲ အမှုကျူးလွန်ပြီး သူတို့အချင်းချင်း ကာကွယ်နေကြတယ်”

ကျွန်ုပ်တို့လည်း ဆွန်နားနှင့် ကိုနေမျိုးကို ကြည့်၍ ရယ်မောကြရလေသည်။

ကိုမျိုးအောင်က တစ်စခန်း ထလေသည်။

"ကိုနေမျိုး၊ ခင်ဗျားကလဲ ဒေါသလေးဘာလေး လျှော့ပါဗျာ၊ ငါ့ကို မယုံရင် ငါ့မိန်းမကို မေးကြည့်ပါလား ဆိုတဲ့ စကားတောင် ရှိတာပဲဗျာ၊ ဆွန်နားပြောသလို အဗ္ဗဒူကို ဆက်ပြီး မေးကြည့်ပါလား"

"ဟား. . ဟား. . ဟား. . ဟား"

ကျွန်ုပ်တို့လည်း ကိုမျိုးအောင် စကားကြောင့် ဆက်၍ ရယ်မော မြန်လေသည်။

ကိုနေမျိုးမှာ ဆက်၍

"ဆွန်နား. . မင်းတို့ အသာတကြည်နဲ့ မပြောတော့လည်း၊ ငါ ရှာဖွေထားတဲ့ အထောက်အထားနဲ့ပဲ မင်းတို့ကို ဆက်မေးရမယ်"

"ဆွန်နား မင်းနဲ့အဗ္ဗဒူ နှစ်ယောက် မနေ့က မောင်ဂိုမာရီလမ်းမှာ ပတ္တမြားကျောက်တစ်လုံးကို တစ်ရာ့ငါးဆယ်နဲ့ ရောင်းလိုက်တာကို ငါသိတယ်။ မင်းတို့ အလွယ်တကူနဲ့ ဖွင့်ပြောမလား ဆိုပြီး ငါ မပြောသေးဘဲ နေတာ၊ ဒီပတ္တမြား ကျောက်ကို မင်းတို့ ဘယ်ကရသလဲ"

"သူဌေးက ချွန်နော်တို့ကို ဘောက်ဆူးပေးထားတာ ဆပ်၊ သူဌေးနော် ချွန်နော်တို့နဲ့ မိုးကုတ်ဘက်မှာ ကျောက်ဆင်းဝယ်တယ် ဆပ်၊ အဲဒီမှာ သူဌေးကို ဓားပြတိုက်တယ် ဆပ်၊ ချွန်နော်နဲ့အဗ္ဗဒူ ဂေါ်ရခါးဓားနဲ့ ဝင်ပြီး ခုတ်တယ် ဆပ်၊ သေနတ်ကိုင်တဲ့လူနော်၊ ဆွန်နား ဓားနဲ့ခုတ်တာ လက်ကိုထိပြီး သေနတ်ပြုတ်ကျသွားတယ် ဆပ်၊ အဗ္ဗဒူလည်း ကျန်တဲ့ သူတွေကို ဓားနဲ့ခုတ်တာ တချို့ထိပြီး တချို့ထွက်ပြေးတယ် ဆပ်"





"သူဌေးက ဆွန်နားနဲ့အဗ္ဗဒူကို ကျောက်ကလေးတစ်လုံးစီ ပေးပြီး ဘောက်ဆူးချတယ် ဆပ်၊ ဆွန်နားတို့နော် အခုရက်မှာ သုံးဖို့မရှိတော့ဘူး ဆပ်၊ အိန္ဒိယမှာရှိတဲ့ ဆွန်နားတို့ မိသားစုတွေကိုလည်း ပိုက်ဆံပို့ရအုံးမယ် ဆပ်၊ အဲဒီအတွက် မနေ့က ဆွန်နားမှာရှိတဲ့ ကျောက်တစ်လုံးကို သွားရောင်းတယ် ဆပ်၊ သွားရောင်းတာ ဘုရားဆပ် ပြောသလို တစ်ရာ့ ငါးဆယ်တောင် ရတယ် ဆပ်၊ ဆွန်နား အရမ်းပျော်သွားတယ်။ အိန္ဒိယကို ပိုက်ဆံများများ ပို့လို့ရပြီ ဆပ်၊ အခု ဆွန်နားတို့နော် ဘုရားဆပ်က ဖမ်းထားတယ်။ ဆွန်နား အရမ်းစိတ်ညစ်တယ် ဆပ်"

"အလကား ကုလား. . သူပျော်အောင်ပဲ အိန္ဒိယကို ပို့ပေးရမယ့်ပုံ ပေါက်နေပြီ"

ကိုနေမျိုး စကားကြောင့် ကျွန်ုပ်တို့မှာလည်း ရယ်မောကြရ ပြန်လေသည်။

ကိုနေမျိုး၊ ဆွန်နားကို စစ်ဆေးပြီးနောက် ပေကြိုးပီတာ (ခေါ်) ကိုပီတာက အဗ္ဗဒူကို အမှုဆက်၍ စစ်လေသည်။

ကိုမျိုးအောင်မှာ ကိုပီတာအား

"အိုင်ဆေး. . ကိုပီတာ စိတ်တော့ မရှိနဲ့ဗျာ၊ ကုလား ကုလားချင်း ယိမ်းတိုက်တော့ ပိုပြီး ကြည့်လို့ကောင်းမှာပေါ့"

"ဟား. . ဟား. . ဟား. . ဟား"

ကိုမျိုးအောင်၏စကားကို ကိုနေမျိုးပင် မနေနိုင် ရယ်မောလေသည်။

ကျွန်ုပ်လည်း ကိုပီတာမှာဆာမိဆင်း၏ သက်တော်စောင့်ဖြစ်သော အဗ္ဗဒူကို အမှုဆက်၍စစ်နေသည်ကို မကြည့်ချင်တော့သည်ဖြစ်၍ ကိုမျိုးအောင်ကို အဖော်ခေါ်ကာ ရုံးထဲရှိ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့လေသည်။

လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ ကိုမျိုးအောင်နှင့် ကျွန်ုပ်အတွက် လက်ဖက်ရည်နှစ်ခွက်ကို မှာလိုက်လေသည်။ မကြာမီ ကျွန်ုပ်တို့မှာထားသော လက်ဖက်ရည်လာချသည်ဖြစ်၍ ကျွန်ုပ်လည်း လာချပေးသော လက်ဖက်ရည်ခပ်ကျဲကျဲကို ဂေါ်ရင်ဂျီသောက် သောက်၍ ကျွန်ုပ်၏လက်စွဲတော် ဆေးတံကို ထုတ်၍ဆေးတံထဲသို့ ဆေးတံသောက်ဆေးတစ်ဆုံ ထည့်၍ မီးညှိကာဆေးတံသောက်၍ ကျွန်ုပ်စိတ်ထဲတွင် ဖြစ်ပေါ်နေသောအလိုမကျမှုကို တည်ငြိမ်အောင် ကြိုးစားလေသည်။

ကျွန်ုပ်၏ ငြိမ်သက်နေမှုကို ကြည့်၍ ဒိုင်ပီမျိုးအောင်က

"ဒိုင်ဆေး. . ဦးထွန်းအောင် ခင်ဗျား ကြည့်ရတာ ငြိမ်နေသလိုပဲ"

"ဟုတ်တယ်. . ကိုမျိုးအောင် ကျွန်တော်စိတ်ထဲမှာ ဘဝင်မကျမှု ဖြစ်နေတယ်၊ ဘာကိုဘဝင်မကျတာလဲမေးရင် ကျွန်တော်မဖြေတတ်ဘူး၊ စိတ်ရှုပ်ထွေးမှု ဖြစ်နေတာပဲသိတယ်"

ကျွန်ုပ်၏ စကားအဆုံး ကိုမျိုးအောင်က

"ဒိုင်ဆေး. . ခင်ဗျားကို ကြည့်ရတာ အရမ်းကို အတွေးလွန်နေတဲ့ပုံပဲ၊ အတွေးလွန်ရင် ကျန်းမာရေးကို ထိခိုက်နိုင်တယ် ဦးထွန်းအောင်၊





ခင်ဗျားတို့ ကျွန်တော်တို့ အသက်အရွယ်တွေက စကားပြောလာပြီ၊ စိတ်ကိုထိခိုက်စေမယ့် အတွေးမျိုးကို နည်းနည်းလျှော့ဗျာ"

"ကျွန်တော် သတိနဲ့ဆင်ခြင်ပါ့မယ် ကိုမျိုးအောင်"

လက်ဘက်ရည်ဆိုင်တွင် အချိန်အနည်းငယ်ထိုင်၍ ကိုမျိုးအောင်နှင့် ရောက်တတ်ရာရာစကားပြောဆိုပြီးသော် ရုံးထဲသို့ ပြန်ဝင်ကာ ယမန်နေ့က စုံထောက်မင်းကြီးတောင်းထားသော ထုချေလွှာကို ရေးသားလေသည်။

ကျွန်ုပ် ထုချေလွှာရေးသားနေသည်ကို ကိုမျိုးအောင်က ကြည့်၍

"ဒိုင်ဆေး. . ဦးထွန်းအောင် ခင်ဗျားက ကျွန်တော်နဲ့ပေါင်းပြီး နည်းနည်းလေး ညံ့နေတယ်"

"ဘာဖြစ်လို့လဲ ကိုမျိုးအောင်"

"ဘာဖြစ်ရမှာလဲ၊ ကျွန်တော်က အမှုတစ်မှုဖြစ်တာနဲ့ တရားခံကို ဘယ်သူဘယ်ဝါဖြစ်တယ်၊ ဘာအတွက်ကြောင့် အမှုဖြစ်တယ် ဆိုတာကို နောက်မှစဉ်းစားတယ် ထုချေလွှာကိုတော့ အရင်ရေးတယ်"

"မင်းကြီး မတောင်းခင် မင်းကြီးရဲ့ အရိပ်အကဲကို ကြည့်ပြီး ထုချေလွှာကို တင်ပေးလိုက်တာပဲ"

"အဲ့ဒီအတွက်ကြောင့် ထုချေလွှာရေးဖို့ကိစ္စကို မင်းကြီးက ကျွန်တော့်ကို မခိုင်းရဲဘူး"

ကျွန်ုပ်လည်း ကိုမျိုးအောင် စကားကြောင့် ရယ်မောမိလေသည်။

ထိုအခိုက်တွင် အခန်းထဲသို့ ဝင်လာသော အိုင်ပီ ပီတာက "ဦးထွန်းအောင်ရေ ကိုမျိုးအောင် စီအိုင်ဒီထဲဝင်တာ စီအိုင်ဒီတောင် ဆွေးတော့မယ် ကိုမျိုးအောင်က ထုချေလွှာနဲ့တင် ပင်စင်ယူမယ့်ပုံပဲ"

"ကိုပီတာ ခင်ဗျားပြောသလို ကျွန်တော်က ထုချေလွှာနဲ့ပင်စင်ယူတယ်ပဲထား၊ ထုချေလွှာကို ရေးရတာ မလွယ်ဘူးဆိုတာ ခင်ဗျားတို့လည်း အသိပဲ ပထမတစ်မှု ထုချေလွှာ၊ ဒုတိယတစ်မှု ထုချေလွှာ စသည်. . စသည် အမှုတွေကို တစ်ခုနဲ့တစ်ခု မထပ်ရအောင် ရေးနိုင်တာကိုက နည်းတဲ့ ပါရမီ မဟုတ်ဘူးဗျ"

"ဟား. . ဟား. . ဟား. . ဟား"

ကျွန်ုပ်လည်း ရုံးတွင် လုပ်ဖော်ကိုင်ဖက်များ ဖြစ်သော ကိုမျိုးအောင်၊ ကိုပီတာ၊ ကိုနေမျိုး၊ ကိုမြင့်ဇော် စသော စီအိုင်ဒီရှိ လက်ရွေးစင် စုံထောက်ကြီးများနှင့် ပျော်တစ်ခါ စိတ်ညစ်စရာတစ်လှည့်ဖြင့် လောကကြီးကို ခြယ်လှယ်နေသော ကံကြမ္မာဟူသော စကားလုံးအောက်၌ တလှည့်စီနေရင်း အချိန်မှာ တစ်ရက်ထက်တစ်ရက် ကုန်ဆုံးလာလေသည်။

ကျွန်ုပ်၏မိတ်ဆွေကြီး ကိုမင်းနောင်တစ်ယောက် ခရီး ထွက်သွားသည်မှာ ရက်သတ္တပတ်ပင် ရှိခဲ့ပြီဖြစ်လေသည်။ ကိုမျိုးအောင်က ကျွန်ုပ်အား

"အိုင်ဆေး. . ဦးထွန်းအောင်ကျွန်တော်တို့ရဲ့ မိတ်ဆွေကြီး ကိုမင်းနောင် ခရီးထွက်သွားတာ တစ်ပတ်တောင် ရှိလာပြီနော်"

"ဟုတ်တယ်. . ကိုမျိုးအောင် ဒီနေ့ဆိုရင် တစ်ပတ်ရှိပြီ"





"ဦးထွန်းအောင်ရေ ကျုပ်တို့ကသာ သတိရတာ ကိုမင်းနောင်က ကျုပ်တို့ကို သတိမရဘူးနဲ့တူတယ်ဗျာ ရုံးကိုဖုန်းဆက်လို့လည်း ရတယ်၊ စာရေးပြီး ကြေးနန်းပို့လို့လည်း ရရဲ့သားနဲ့ ဖုန်းလည်းမဆက်၊ စာလည်း မရေးနဲ့ တော်တော်နေနိုင်တဲ့လူဗျာ"

"ဒီလိုလဲ မဟုတ်ဘူးလေ ကိုမျိုးအောင်၊ ကိုမင်းနောင်မှာ အရေးကြီးတဲ့ ကိစ္စရှိလို့နေမှာပါ ကိုမင်းနောင်က ကျွန်တော်တို့နှစ်ယောက်အပေါ်မှာ အတော်လေး ခင်ရှာပါတယ်ဗျာ"

ထိုအခိုက်တွင် ကျွန်ုပ်တို့ စီအိုင်ဒီရုံးရှေ့တွင် ရထားလုံး တစ်စီး ရပ်၍ ရထားလုံးပေါ်မှ အိန္ဒိယအနွယ်ဝင် အရပ်အမောင်းကောင်း၍ အတော်အသင့် ကြည့်လို့ကောင်းလှသော ကုလားလူမျိုးတစ်ယောက်သည် ရထားလုံးပေါ်မှဆင်း၍ ရုံးထဲသို့ဝင်လာ၍ ကျွန်ုပ်တို့ရှိရာသို့ တန်းတန်းမတ်မတ်ဝင်လာလေသည်။

မည်သည့် အကြောင်းရင်းနှင့် ဝင်လာမှန်းမသိသေးသော ထိုဧည့်သည်အား ကိုမျိုးအောင် ပျူငှာစွာဖြင့် ခရီးကြိုပြုလေသည်။

"ဟေး. . အိုင်ဘိုင်တိုး (အစ်ကိုထိုင်ပါ)" ဟု ကုလားလို နှုတ်ဆက်၍ ထိုင်ခိုင်းလေသည်။

ရောက်လာသောမိတ်ဆွေက မြန်မာသံမကျ၊ ကုလားသံမကျသော မြန်မာစကားဖြင့်

"ဘုရားဆပ်. . ချွန်နော်က အိန္ဒိယက မနေ့ကရောက်တဲ့ ဆာမိဆင်းရဲ့ညီ ရာဇျာဆင်းပါ"

"ဟုတ်ကဲ့ . . တွေ့ရတာ ဝမ်းသာပါတယ် မစ္စတာရာဂျာဆင်း"

"ဘုရားဆပ်. . ချွန်နော့်ရဲ့အစ်ကို ဆာမိဆင်းရဲ့ အမှုအခြေ အနေကို သိချင်လို့ပါ ဆွန်နားနဲ့ အဗ္ဗဒူတို့ သတ်တယ်ဆိုတာ ဟုတ်ပါ သလားဆပ်"

"ကျွန်တော်တို့ စစ်ဆေးနေဆဲပါ မစ္စတာရာဂျာဆင်း၊ ကျွန်တော် တို့ကို ကူညီတဲ့အနေနဲ့ မစ္စတာရာဂျာဆင်းရဲ့အစ်ကို ဆာမိဆင်းအကြောင်းကို အနည်းငယ် မေးခွင့်ပြုပါ"

"မေးပါ. . ဆပ် ချွန်နော် သိတာကိုဖြေပါ့မယ် ဆပ်"

"သေဆုံးသွားတဲ့ ဆာမိဆင်းမှာ ရန်ငြိုးရန်စများရှိသလား ဆိုတာ သိပါရစေ"

ရာဂျာဆင်းမှာ အတန်ငယ်စဉ်းစားဟန်ပြုရန်

"ချွန်နော် သိသမျှ အစ်ကိုဆာမိဆင်းမှာ ရန်ငြိုးရန်စ မရှိပါဘူး၊ ချွန်နော်နဲ့အစ်ကိုဆာမိဆင်းနဲ့ တစ်လတစ်ခါလောက် အမြဲ တွေ့ပါတယ်၊ သူ့ဆီမှာရှိတဲ့ ကျောက်မျက်အချို့ကို အိန္ဒိယဈေးကွက်အချို့ကို ရောင်းတဲ့ အခါ ချွန်နော်က မြန်မာပြည်ကိုလာပြီး သူ့ဆီက ကျောက်မျက်အချို့ကို ယူပြီး အိန္ဒိယဈေးကွက်အချို့မှာ ရောင်းပေးပါတယ် ဆပ်"

"နောက်ပြီး အိန္ဒိယမှာ ဈေးကွက်နည်းတဲ့ ကျောက်မျက်အချို့ကို ချွန်နော်က ဝယ်ယူပြီး မြန်မာပြည်ရောက်တဲ့အခါ ချွန်နော့်အစ်ကို ဆာမိဆင်း က ပြန်ရောင်းပေးတယ် ဆပ်"





"ချွန်နော်တို့ ညီအစ်ကိုတွေက မြန်မာပြည်နဲ့အိန္ဒိယ ဆိုပေမယ့် စီးပွားအတူပဲ လုပ်ပါတယ် ဆပ်"

"ခင်ဗျားအနေနဲ့ ဆွန်နားနဲ့အဗ္ဗဒူတို့က ဆာမိဆင်းကို မြန်ပြီး လုပ်ကြံတယ်ဆိုတာ ဖြစ်နိုင်သလား"

"ဒါတော့မပြောနိုင်ဘူး ဆပ်၊ ဆွန်နားတို့ ချွန်နော့်အစ်ကို ဆီမှာ အလုပ်လုပ်တာ လေးငါးနှစ်လောက်ရှိပြီ ဆပ်၊ အရမ်းကို သစ္စာရှိတယ် ဆပ်၊ အခုတော့ ဘယ်လိုဖြစ်လဲမသိဘူး ဆပ်"

"မစ္စတာရာဂျာဆင်း. . ခင်ဗျားအစ်ကို ဆာမိဆင်းမှာ ရှိတဲ့ အတွင်း ပစ္စည်း စာရင်းဇယားတွေကို သိပါသလား"

"သိပါတယ် . . ဘုရားဆပ် အစ်ကိုဝယ်ထားတဲ့ ကျောက်မျက် တွေရဲ့ စာရင်းနဲ့ လက်ဝယ်ကိုင်ဆောင်သုံးစွဲတဲ့စာရင်း ချွန်နော့်မှာ ရှိတယ် ဆပ်၊ ချွန်နော်တို့ ညီအစ်ကိုက လုပ်ငန်းအတူတူလုပ်တဲ့အတွက် တစ်လ အတွင်း ဝင်ငွေ၊ ထွက်ငွေနဲ့ ဝယ်ထားတဲ့ ကျောက်မျက်စာရင်းကို တစ်ဦးဆီ တစ်ဦး ပို့ပေးရတယ် ဆပ်"

"နောက်ဆုံး ရေးပေးထားတဲ့စာရင်း ချွန်နော့်မှာပါတယ် ဆပ်၊ ချွန်နော်အနေနဲ့ အိန္ဒိယမှာ အလုပ်ကိစ္စလေးတွေ ရှိသေးတဲ့အတွက် မြန်မာပြည်မှာ ကြာကြာနေလို့မရဘူး ဆပ်၊ အဲဒီအတွက် ချွန်နော့်အစ်ကို ဆာမိဆင်း ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို ရှေ့နေနဲ့ တရားဝင်လွှဲထားခဲ့မယ် ဆပ်၊ ချွန်နော့်အစ်ကို အမှုပြီးမှ အစ်ကို့အမွေကို ခံစားရမယ့် အခြားမိသားစု

မရှိတဲ့အတွက် တရားဝင်ပြုလုပ်ပြီး ချွန်နော် လွှဲပြောင်းယူမယ် ဆပ်၊ အခု ချွန်နော် မြန်မာပြည်မှာ တစ်ပတ်လောက်နေမယ် ဆပ်၊ ချွန်နော်၏ နေထိုင်နေတဲ့ အချိန်အတွင်းမှာ ချွန်နော့်အစ်ကိုရဲ့ အမွေပစ္စည်းတွေကို ချွန်နော် လက်ခံယူမယ့်အကြောင်း၊ အခြား ကန့်ကွက်သူရှိပါက ကန့်ကွက်နိုင်သော သက်သေအထောက်အထားနှင့် ကန့်ကွက်နိုင်ကြောင်း အစိုးရဝတ်လုံနဲ့ တိုင်ပင်ပြီး သတင်းစာမှာ ကြေငြာထည့်မယ် ဆပ်"

ရာဂျာဆင်း စကားအဆုံး၌

"ဒီကိစ္စက ခင်ဗျားတို့ရဲ့ မိသားစုကိစ္စတွေဖြစ်တဲ့ အတွက်ကြောင့် အစိုးရဆီမှာ တရားဝင်လုပ်ပိုင်နိုင်ခွင့် တောင်းပြီး ဆက်လုပ်ပေါ့ဗျာ"

"ဘရားဆပ်. . ချွန်နော် အခု ဖရေဇာလမ်းက (ယခု) အနော်ရထာလမ်း (ရှိုင်ရယ်ဟိုတယ်)မှာ တည်းခိုနေတယ် ဆပ်၊ အမှုအတွက် လိုအပ်ရင် ချွန်နော့်ကို ဆက်သွယ်ပါ ဆပ်၊ ချွန်နော့်ကို ခွင့်ပြုပါအုံး ဆပ်"

မစ္စတာ ရာဂျာဆင်းလည်း ကျွန်ုပ်တို့ကို နှုတ်ဆက်ပြီး ရုံးထဲမှ ထွက်၍ စီအိုင်ဒီရုံးရှေ့တွင်ရပ်ထားသော ရထားလုံးပေါ်သို့တက်ကာ ထွက်ခွာသွားလေသည်။

ရာဂျာဆင်းလာပြီး နောက်ရက်များတွင် ကျွန်ုပ်တို့ သတင်းစာကို ဖတ်ရာ ရာဂျာဆင်း ကျွန်ုပ်တို့ကိုပြောခဲ့သလို (သေဆုံးသူ) မည်သူ၏ အစ်ကို ဆာမိဆင်း၏ ကျန်ရှိသောအမွေပစ္စည်းများကို အခြား ဆက်ခံမည့်သူ မရှိသဖြင့် ရာဂျာဆင်းမှာ တရားဝင်ဆက်ခံမည် ဆိုသည့်အကြောင်းနှင့်



၎င်းကို ကန့်ကွက်မည်ဆိုပါက တရားဝင်အထောက်အထားနှင့် ကန့်ကွက်နိုင်ကြောင်း ယခု မိမိမှာ ဖရေဇာလမ်းမှ (ရှိုင်ရယ်ဟိုတယ်) အခန်းနံပါတ် (၁၃)တွင် တည်းခိုနေကြောင်း ရက်သတ္တပတ်အကြာတွင် အိန္ဒိယသို့ ပြန်မည့်အကြောင်းကို ဆက်တိုက် သူရိယ၊ သူကြီးဂေဇက်၊ သံတော်ဆင့် စသည့် သတင်းစာများတွင် ဆက်တိုက်ရေးသား၍ အသိပေးခဲ့သည်မှာ ယနေ့ဆိုလျှင် (၅) ရက်မျှပင် ရှိသည်ဖြစ်လေသည်။

"ဗိုင်ဆေး. . ဦးထွန်းအောင် ရတနာကုန်သည် ဆာမိဆင်းရဲ့ အမှုအခြေအနေကလည်း အခုထက်ထိ ကိုနေမျိုးတို့ စစ်နေတာ ဘာမှ ထူးခြားမှုမရှိသေးဘူး၊ ဆာမိဆင်းရဲ့ သက်တော်စောင့်ဖြစ်တဲ့ ဆွန်နားနဲ့ အဗ္ဗဒူကော ခြံစောင့်မဟာဒူးရော လူသတ်သမားက အင်မတန် ချောမောလှပပြီး (ရှိုက်တန်) သရဲလို ကြောက်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက် ဆိုတာကိုပဲ ထပ်ကာတလဲလဲပြောနေတယ်"

"ကေန္တတော့ ဆွန်နားတို့ အမှုတစ်မှုဖြစ်ရင် ကျွန်တော်တို့ အသုံးပြုရတဲ့ ဘကုန်းရှစ်လုံးဖြစ်တဲ့ (ဘာကြောင့်၊ ဘယ်သူ၊ ဘယ်အချိန်၊ ဘာကိစ္စ၊ ဘယ်လို၊ ဘယ်နေရာ၊ ဘာလုပ်၊ ဘယ်သွား) စတဲ့ အက္ခရာတွေကို ကျော်ပြီး ဘကုန်းတစ်လုံးတည်း အသုံးပြုပြီး မသိဘူးဆိုပြီး ဘူးတစ်လုံးတည်း သုံးနေလား မသိဘူးဗျာ"

ကိုမျိုးအောင် ခင်ဗျားကလည်း ကြံဖန်ပြောတတ်တယ်ဗျာ-

"ကဲ. . ကိုမျိုးအောင် ရုံးထဲကိုသွားစို့ ကျွန်တော်တို့လက်ဖက်ရည်ဆိုင်မှာ ထိုင်တာ ကြာသွားပြီ"

ကျွန်ုပ်ဇနီးနှင့် ကိုမျိုးအောင်လည်း ရုံးထဲကို ပြန်ဝင်ခဲ့ကြလေသည်။

ကျွန်ုပ်တို့ ရုံးထဲရောက်သည်နှင့် ပြာတာကလေး မောင်ဖိုးစိ*ကျ်* ကျွန်ုပ်တို့အား မင်းကြီးက ခေါ်ခိုင်းသည်ဟု ပြောသဖြင့် ကျွန်ုပ်တို့လည်း မင်းကြီးရုံးခန်းအတွင်းသို့ ဝင်ခဲ့ကြလေသည်။

"လူကလေးတို့ အခုလေးတင် စီအိုင်ဒီကို ဖုန်းလာတယ်၊ ဇရေဇာလမ်းက (ရှိုင်ရယ်ဟိုတယ်) အခန်းနံပါတ် (၁၃) မှာ လူသတ်သမား တရားခံတစ်ယောက်ကို မိထားတယ်လို့ အကြောင်းကြားတယ်"

"လူကလေးတို့ အခုပဲ တရားခံမိထားတဲ့ဆီကို သွားပါ"

"ရက်ဆား. . မင်းကြီး"

ကျွန်ုပ်တို့ စုံထောက်ကျော်များလည်း ရုံးမှဖို့ဒ်ကားလေး နှစ်စီးဖြင့် လူခွဲ၍ ကားပေါ်သို့တက်ကာ တရားခံမိထားသည်ဟု ပြောသော ဇရေဇာလမ်းမှ (ရှိုင်ရယ်ဟိုတယ်) သို့ ထွက်ခဲ့လေသည်။

ရှိုင်ရယ်ဟိုတယ်ရှေ့သို့ ကားရပ်သည်နှင့် ကျွန်ုပ်တို့ စုံထောက်ကျော်များလည်း ဟိုတယ်ပိုင်ရှင်ကို ကျွန်ုပ်တို့ စီအိုင်ဒီမှဖြစ်ကြောင်း သတ်သေခံကတ်ပြားကိုပြပြီး လူသတ်တရားခံကိုမိထားသည်ဟု အကြောင်းကြားသော ရှိုယ်ရယ်ဟိုတယ် ဒုတိယထပ်ရှိ အခန်းနံပါတ် (၁၃) သို့ ကျွန်ုပ်တို့ စုံထောက်အဖွဲ့ တက်ရောက်လာလေသည်။

အခန်းနံပါတ် (၁၃) ရှေ့သို့ ရောက်သောအခါ ဘာမှ ထူးခြားမှု မရှိသလို ဖြစ်နေ၍ ကျွန်ုပ်တို့လည်း တစ်ဦးမျက်နှာတစ်ဦး အမိပွာယ်





ပါပါ ကြည့်ကာ လိုအပ်သော သတိဝီရိယကို ရှေ့တန်းတင်၍ အခန်းတံခါးကို လက်ဖြင့် ခေါက်လိုက်လေသည်။

မကြာမီအခန်းထဲမှ တံခါးလော့ပွင့်သံကြားရပြီး အခန်းထဲမှ ရာဂျာဆင်း ထွက်ပေါ်လာပြီး "ဘရားဆပ်တို့ အထဲကို ဝင်ပါ"

"ရာဂျာဆင်းမှာ ကျွန်ုပ်တို့အား အခန်းထဲသို့ဝင်ရန် ပြော၍ သူကိုယ်တိုင် အခန်းထဲသို့ ရှေ့မှ ဝင်လေသည်"

"အခန်းထဲသို့ ရောက်သောအခါ စားပွဲခုံတစ်ခုံပေါ်တွင် လွန်စွာ လှပသော မဂိုကုလားမလေးတစ်ဦးမှာ ထိုင်၍နေသည်ကို တွေ့ရှိရလေသည်။ ကျွန်ုပ်ကပင်

"မစ္စတာရာဂျာဆင်း. . လူသတ်တရားခံ အခန်းနံပါတ် (၁၃) မှာ မိထားတယ်ဆိုပြီး စီအိုင်ဒီကို ခင်ဗျား ဖုန်းဆက်တယ်ဆို"

"ဟုတ်ပါတယ်. . ဆပ်"

"လူသတ်တရားခံက ဘယ်သူလဲ မစ္စတာ ရာဂျာဆင်း"

"ဘရားဆပ်တို့ ရှေ့မှာထိုင်နေတဲ့ မိန်းကလေးက ဘရားဆပ်တို့ လိုချင်တဲ့ တရားခံပဲ ဆပ်"

ရာဂျာဆင်းစကားအဆုံး၌ အိုင်ပီ ပီတာက

"မစ္စတာရာဂျာဆင်း. . ခင်ဗျား ဘူကြောင်ကြောင်မလုပ်နဲ့ ဒီမဂိုမလေးက ဘယ်သူ့ကိုသတ်လို့လဲ"

"ဘရားဆပ်. . ချွန်နေဒ့်ရဲ့အစ်ကို ဆာမိဆင်းကို သတ်တယ် ဆပ်၊ နောက်ပြီး ရာဇဝတ်အုပ် မစ္စတာစတီဗင်ကို သတ်တယ် ဆပ်"

"ရာဂျာဆင်း . . မင်း ရူးနေလား မင်းအစ်ကိုကို သတ်တဲ့ မိန်းကလေးက မင်းရှေ့မှာ ငြိမ်ငြိမ်လေး ထိုင်နေမှာလား၊ ဒီလိုပျော့နွဲ့တဲ့ မိန်းကလေးက ငါတို့လို သန်မာတဲ့ယောကျ်ားတွေကို အလွယ်တကူ ယှဉ်ပြိုင်ပြီး သတ်နိုင်မှာလား"

"ဘရားဆပ် . . ချွန်နေဘ်ပြောတာ အမှန်ပဲလေ ဘရားဆပ်၊ မယုံရင် ဒီမဂိုမလေးကို ဘရားဆပ်ရဲ့အစွမ်းနဲ့ရအောင် ဖမ်းကြည့်ပါဆပ်"

"ရာဂျာဆင်း စကားအဆုံး၌ အိုင်ပီပီတာမှာ အားနွဲ့သော မိန်းကလေးတစ်ယောက်ကို ရာဂျာဆင်းက ရအောင် ဖမ်းခိုင်းသည့်အတွက် မျက်နှာတစ်ခုလုံး နီမြန်းလာကာ ထိုင်နေသော မဂိုမလေးကို-

"ဒီမယ် . . မိန်းကလေး သူပြောတာ ဟုတ်သလား"

"ရှင့်မှာ ယုံကြည်မှုမရှိရင် ရှင့်အစွမ်းအစနဲ့ ကျွန်မကို ရအောင် ဖမ်းကြည့်လေ"

တစ်ချိန်လုံး ငြိမ်သက်စွာထိုင်နေသော မဂိုမလေးဆီက မမျှော်လင့်သော စကားသံထွက်ပေါ်လာ၍ ကိုပီတာမှာ မျက်နှာတစ်ပြင်လုံး နီမြန်းလာကာ ဒေါသဖြင့် မဂိုမလေးကို ခြေဦးဖြင့်လှမ်း၍ ခတ်လိုက်လေသည်။

တစ်ချိန်လုံး ငြိမ်သက်စွာထိုင်နေသော မဂိုမလေးမှာ ကိုပီတာ လှမ်းခတ်လိုက်သော ခြေထောက်အား ခန္ဓာကိုယ်ကို နောက်သို့ယိမ်း၍ ခြေကန်ချက်ကိုရှောင်ရင်း တစ်ဖက်သို့ ခုန်ထွက်သွားလေသည်။





ကျွန်ုပ်တို့လည်း ကိုပီတာ၏တိုက်ခိုက်မှုကို အချိန်မီ မတားဆီးနိုင်ဘဲ အံ့ဩစွာဖြင့် ကြည့်နေမိလေသည်။ ကိုပီတာမှာ သူ၏ တိုက်ခိုက်မှု အလကား ဖြစ်သွားသဖြင့် ရှက်ရမ်းရမ်းကာ မဂိုမလေး၏ ခန္ဓာကိုယ်ကို ခုန်၍အုပ်ကာ လက်နှစ်ဖက်ဖြင့်သိုင်း၍ ချုပ်လိုက်လေသည်။ မဂိုမလေးမှာ ကိုပီတာ၏ ညာဘက်လက်ကို သူ၏ ဘယ်ဘက်လက်ဖြင့် အပေါ်သို့ ရိုက်ဖယ်လိုက်၍ ညာခြေထောက်မှာ စက်ဝိုင်းခြမ်းပမာ လှည့်ထွက်လိုက်လေသည်။

ထိုအခါ ကိုပီတာ၏ ခန္ဓာကိုယ်မှာ ရှေ့သို့ ကျွံထွက်လာပြီး လက်နှစ်ဘက်မှာ လေကိုသာ ပွေ့ဖက်မိလေသည်။ အရှိန်လွန်ထွက်လာသော ကိုပီတာ၏ဇက်ပိုးအား မဂိုမလေးက ခပ်ဆတ်ဆတ်ရိုက်လိုက်ရာ ကိုပီတာ၏ ခန္ဓာကိုယ်မှာ ပျော့ခွေလဲကျလေသည်။

ကိုပီတာ တိုက်ခိုက်မှုနှင့် လဲကျမေ့မျောသွားမှုမှာ စက္ကန့်ပိုင်းအတွင်းတွင် ဖြစ်ပွား၍ ကျွန်ုပ်တို့မှာ အံ့ဩနေရာမှ သတိဝင်လာကာ (၃၈) ဘို့ ခြောက်လုံးပြူးသေနတ်များကို ထုတ်၍ မဂိုမလေးနှင့် ရာဂျာဆင်းကိုပါ မသက်ာ၍ ချိန်ထားလိုက်မိလေသည်။

ကျွန်ုပ်ကပင် စတင်၍

"ဟေ့ . . မိန်းကလေး ငြိမ်ငြိမ်သက်သက်လေး နေပါ၊ လှုပ်ရှားတာနဲ့ သေနတ်မောင်း အဖြုတ်ပဲ"

ကျွန်ုပ်နှင့် ကိုမြင့်ဇော်မှာ မဂိုမလေးကို သေနတ်နှင့် ချိန်၍ ကိုနေမျိုးနှင့် ကိုမျိုးအောင်မှာ မစ္စတာရာဂျာဆင်းကို သေနတ်ဖြင့် ချိန်ရင်း

"ရာဂျာဆင်း . . မင်းကိုလည်း မသက်ဘူး၊ မင်းပါ ရုံးကိုလိုက်ခဲ့၊ ဉာဏ်များမယ်လို့ မစဉ်းစားနဲ့ ငါ့သေနတ်က လူမရွေးဘူး"

ကိုမျိုးအောင်စကားအဆုံး၌ ရာဂျာဆင်းမှာ ကိုမျိုးအောင်ကို မြုံး၍ကြည့်ပြီး

"အိုင်ဆေး. . ကိုမျိုးအောင် ဒေါသကြီးလှချည်လား၊ စိတ်ကလေး ဘာလေး လျှော့ပါအုံး၊ ခင်ဗျား ဒေါသလွန်ပြီး သေနတ်မောင်းပြုတ်သွားရင် လူ့ပြည်မှာ ခင်ဗျားမိတ်ဆွေတစ်ဦး လျော့သွားမှာ မစိုးရိမ်ဘူးလား"

ရာဂျာဆင်း၏ ပြောင်းလဲသွားသော စကားသံကြောင့် ကျွန်ုပ်တို့မှာ ဇဝေဇဝါ ဖြစ်သွားလေသည်။

ကျွန်ုပ်တို့ ဇဝေဇဝါဖြစ်နေမှုကို ရာဂျာဆင်းမှာ မြုံး၍ ကြည့်ပြီး သူ၏မျက်နှာပေါ်မှ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးနှင့် ဆံပင်အတု စသည်များကို ဖယ်ရှားလိုက်လေရာ-

ထိုအခါကျမှ ကျွန်ုပ်သည် မယုံကြည်နိုင်သော ဝမ်းသာမှုဖြင့်

"အိုင်ဆေး. . ကိုမင်းနောင်၊ ခင်ဗျား ဘာတွေလုပ်နေတာလဲဗျာ၊ ကျွန်တော်တို့တော့ ခင်ဗျားလုပ်ရပ်ကြောင့် ရူးတော့မယ်၊ ဒါနဲ့ ဒီမကို မလေးက ဘယ်သူတုန်းဗျ"

"အိုင်ပီနဲ့ကိုမျိုးအောင်တို့ရယ် အရိပ်ပြလို့ အကောင်မမြင်ကြဘူးလား၊ ဒီမဂိုမလေးက မစ္စတာစတီဗင်နဲ့ ရတနာကုန်သည်ဆာမိဆင်းကိုသတ်တဲ့ တရားခံဦးဘဂျမ်း (ခေါ်) ကြောင်တစ်ရာဘဂျမ်းရဲ့ သမီး မသူဇာပါပဲ၊ သူလည်း ကျွန်တော့်လို ရုပ်ဖျက်ထားတာပါ အိုင်ပီနဲ့ ကိုမျိုးအောင်"





ကိုမင်းနောင်၏ စကားကြောင့် ကျွန်ုပ်မှာ အံ့အားသင့်စွာဖြင့်

"အိုင်ဆေး. . ကိုမင်းနောင် ဒီလောက် ကြောက်ဖို့ကောင်းတဲ့ တရားခံကို ဒီလို အလွယ်လွှတ်မထားသင့်ဘူးလို့ ထင်တယ်"

"မသူဇာ ထွက်မပြေးပါဘူး အိုင်ပီ၊ မသူဇာက ဘဝတစ်ခုလုံးမှာ နာကြည်းစွာနဲ့ သူတို့ရဲ့မိသားစုကို သေကွဲရှင်ကွဲအောင် လုပ်ခဲ့တဲ့ အဖြစ်ဆိုးကြောင့် မိသားစုအတွက် နာကြည်းတဲ့ ကလဲ့စားချေမှုကလွဲရင် မသူဇာက မွန်မြတ်တဲ့ သူရသတ္တိနဲ့ ပြည့်စုံသူပါ အိုင်ပီ၊ မသူဇာ ထွက်ပြေးလွတ်မြောက်သွားရင် မသူဇာအစား မသူဇာ ကျခံရမယ့်အပြစ်ကို ကျွန်တော် ခံမယ် အိုင်ပီ"

"မသူဇာကို လက်ထိတ်မခတ်ပါနဲ့၊ ကိုပီတာကို တိုက်ခိုက်တယ်ဆိုတာကလည်း မသူဇာရဲ့အစွမ်းအစကို အိုင်ပီနဲ့တကွ စီအိုင်ဒီမှာရှိတဲ့ စုံထောက်တွေ အကုန်လုံး မျက်မြင်တွေ့မြင်စေချင်လို့ပါ၊ ကိုပီတာ ခေတ္တခဏ မေ့သွားတာက လွဲလို့ ဘာတစ်ခုမှမဖြစ်ပါဘူး"

"မကြာခင် သတိပြန်ရလာမှာပါ"

ကျွန်ုပ်တို့လည်း ကိုမင်းနောင် ပြောသည့်အတိုင်း မသူဇာ၏ အစွမ်းအစကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်လိုက်ရ၍ မပြေးသော်ကာရန်ရှိဟူသော ဥပမာလို ကိုမင်းနောင်က မသူဇာ ထွက်မပြေးပါဘူးဟု ပြောဆိုနေသည့်တိုင် စိတ်ထဲမှာ မအေးသေးဘဲ သတိကို ကြီးစွာထားကာ မသူဇာကို စောင့်ကြည့်နေလေသည်။

ကိုမင်းနောင်မှာ လဲကျမေ့မြောနေသော ကိုပီတာကို သတိရအောင် မြုလုပ်ပေးရာ မကြာမီပင် ကိုပီတာ ပြန်လည်သတိရလေသည်။

ကိုပီတာမှာ သတိပြန်လည်ရသည်နှင့် မသူဇာကို ကြည့်၍ လန့်သွားကာ "(ရှိုက်တန်) သူရဲ၊ သူက ဆွန်နားတို့ပြောတဲ့ (ရှိုက်တန်) ပဲ ဖြစ်ရမယ်"

ကိုပီတာ၏ အဖြစ်ကို ကြည့်၍ ကျွန်ုပ်တို့ ငိုအားထက် ရယ်အား သန်ရလေသည်။

ကိုပီတာမှာ ရယ်မောနေသော ကျွန်ုပ်တို့ကို ကြည့်၍

"ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ ဒီမိန်းကလေးကို ဝိုင်းဖမ်းကြလေ၊ သူနဲ့အတူရှိတဲ့ ရာဇျာဆင်း ဘယ်ရောက်သွားပြီလဲ၊ သူ့ကိုပါ မသက်ာဘူး သူ့ကိုပါ ဖမ်းရမယ်"

ကျွန်ုပ်တို့လည်း ရယ်မောခြင်းကိုရပ်၍ ကိုပီတာကို အကျိုးအကြောင်း ရှင်းပြလေသည်။

တအောင့်မျှအကြာမှ ကိုပီတာမှာ ကျွန်ုပ်တို့၏ရှင်းပြမှုကို သဘောပေါက်ပြီး

"အိုင်ဆေး. . ခင်ဗျားတို့ပဲ ဒီတရားခံကို ဖမ်းလာခဲ့တော့၊ ကျွန်တော်တော့ မဖမ်းရဲတော့ဘူး၊ ကားပေါ်ကပဲ ခင်ဗျားတို့ကို စောင့်နေတော့မယ်"

ကိုပီတာမှာ သူ၏စကားအဆုံး၌ အခန်းထဲမှထွက်သွားလေသည်။





ကိုပီတာ ထွက်သွားပြီးနောက် ကျွန်ုပ်တို့လည်း မသူဇာကို လက်ထိတ်မခတ်ဘဲ မသူဇာ၏အိမ်ရှေ့သိက္ခာကို မထိခိုက်စေဘဲ ညင်သာစွာဖြင့် ခေါ်ဆောင်ခဲ့လေသည်။

ကျွန်ုပ်တို့ စီအိုင်ဒီမှ ကားနှစ်စီးအနက် တစ်စီးပေါ်တွင် ကိုပီတာ၊ ကိုမြင့်ဇော်၊ ကိုနေမျိုးတို့ သုံးယောက်စီး၍ ကျန်သည့် ကားတစ်စီးပေါ်တွင် ကိုမျိုးအောင်၊ ကိုမင်းနောင် ကျွန်ုပ်နှင့် မသူဇာတို့ လေးယောက်ဖြစ်လေသည်။

ကားကို ကျွန်ုပ်ကိုယ်တိုင်မောင်း၍ ကျွန်ုပ်ဘေးတွင် ကိုမျိုးအောင်ပါ လိုက်ပါလာပြီး ကားနောက်ခန်းတွင် ကိုမင်းနောင်နှင့် မသူဇာမှာ တရုတ်ဂမ္ဘီရဆေးပညာရပ်များ မြန်မာဆေးပညာအချို့နှင့် ကျွန်ုပ် နားမလည်သော လောကီပညာအကြောင်းများကို တစ်ဦးနှင့်တစ်ဦး ရင်းနှီးစွာဖြင့် ပြောဆိုလာလေသည်။

ကိုမင်းနောင် တရားခံဖမ်းလာသည်ကို ကြည့်၍ ကျွန်ုပ်မှာ ပြုံးမိလေသည်။ ကျွန်ုပ် ပြုံးရခြင်းအကြောင်းရင်းမှာ ကိုမင်းနောင် တရားခံဖမ်းလာပုံမှာ ပုလိပ်ကအပြစ်ကြီးမားသော တရားခံအား ဖမ်းဆီးလာသည်နှင့်မတူဘဲ ကွဲကွာနေသော မိတ်ဆွေနှစ်ဦး ပြန်တွေ့ရသည့်ပမာလို တစ်ဦးနှင့်တစ်ဦး ရယ်မော၍ စကားပြောကာ လိုက်ပါလာသည့်အဖြစ်ကို ကြည့်၍ ကျွန်ုပ်ပြုံးမိခြင်းပင် ဖြစ်ခဲ့လေသည်။

အချိန်အနည်းငယ်အကြာတွင် စီအိုင်ဒီရုံးသို့ ကျွန်ုပ်တို့ ပြန်ရောက်လာလေသည်။ ရုံးသို့ရောက်သောအခါ မသူဇာတစ်ယောက် စိတ်ကျဉ်းကျပ်မှု

မဖြစ်စေဘဲ သက်တောင့်သက်သာ နေနိုင်အောင် စီမံပေး၍ မသူဇာဆီမှ ဖွင့်ဟဝန်ခံချက် (စစ်ချက်) ရယူလေသည်။

ထိုသို့ စစ်ချက်ယူလေရာ ညနေအတော်စောင်းမှ စစ်ချက်ယူခြင်း ပြီးဆုံးလေသည်။

ကျွန်ုပ်လည်း ဖွင့်ဟ ဝန်ခံချက်ပေးထားသော မသူဇာလေး၏ ရင်နာစရာ ဘဝနောက်ခံဇာတ်လမ်းကို ဖတ်ရှုရင်း ကျွန်ုပ်ရင်ထဲတွင် ပျော်ရွှင်ခြင်း၊ စိတ်ညစ်ခြင်း၊ နာကျင်ခြင်း၊ ပူဆွေးခြင်း၊ ဒေါသဖြစ်ခြင်း စသော အကြောင်းအရာများကို ခံစားရသည်ဖြစ်၍ မသူဇာ၏ ဘဝဇာတ်ကြောင်းကို ဝတ္ထုရေးလိုသောစိတ် ဖြစ်ပေါ်လာသည် ဖြစ်ကာ ကာယကံရှင် မသူဇာထံမှာ ဝတ္ထုရေးခွင့်တောင်းရာ မသူဇာက အရွယ်ရောက်လာသော လူငယ်လူရွယ်လေးများမှာ မိမိလို နာကြည်းစရာဘဝ ဆိုးမျိုးနဲ့ ကြုံခဲ့သော် အတ္တတရားလက်ကိုင်ထားပြီး တစ်ဖက်စွန်းရောက်နေသော နာကြည်းစိတ်ကို မိမိလိုမဖြစ်ပေါ်စေဘဲ သတိတရားနှင့် ထိန်းသိမ်းနိုင်ရန်အတွက် ကောင်းမြတ်သောစေတနာဖြင့် ကျွန်ုပ်ကို ဝတ္ထုရေးသားခွင့်ပြုလေသည်။

ကျွန်ုပ်လည်း မသူဇာ၏ ခွင့်ပြုချက်ရသည်ဖြစ်၍ မသူဇာ၏ ဘဝနောက်ခံ ဇာတ်လမ်းကို ရေးသား၍ "ဆားပုလင်းမင်းနောင် ပါဝင်သော သူဇာယမင်းရုပ်နှင့် ကြောင်တစ်ရာဘဂျမ်း" ဟူသော ဝတ္ထုဇာတ်လမ်း၏ နောက်ဆက်တွဲ အဖြစ် ဆက်လက်၍ ဖော်ပြလိုက်ရလေသည်။



# အခန်း (၇)

အချိန်ကား မြန်မာပြည်ကို တိုင်းတပါးသားတို့က ခြယ်လှယ်ချင်သလို ခြယ်လှယ်နေသော အချိန်ကာလ ဖြစ်လေသည်။

ယုတ်မာ ရက်စက်လှသော ဖက်ဆစ်ဂျပန်ငပုများ၏ နှိပ်စက်ညှင်းပန်းမှုကို မခံနိုင်၍ အင်္ဂလိပ်တို့ကို အကူအညီတောင်းထားသည့်အတွက် အင်္ဂလိပ်တို့က ဖက်ဆစ်ဂျပန်များကို အမိမြန်မာမြေပေါ်မှ မောင်းထုတ်နေသောအချိန် ဖြစ်လေသည်။

ဖက်ဆစ်တို့ ဆုတ်ခွာရာအတိုင်း အင်္ဂလိပ်တို့မှာ ပြတ်ပြတ်သားသားလိုက်၍ တိုက်ထုတ်နေသည်ဖြစ်ရာ ဖက်ဆစ်တို့ ဆုတ်ခွာရာ လမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာ၊ ရပ်ကွက် အစရှိသည်တို့သည် စစ်ဒဏ်ကို အလူးအလဲ ခံကြရလေသည်။

ထိုအချိန်အခါက မြို့တိုင်းရွာတိုင်းတွင် နေဝင်မီးငြိမ်း ပြုလုပ်နေရသော အချိန်ကာလ ဖြစ်လေသည်။ ထိုအချိန်တွင် ရန်ကုန်မြို့၊ ငမိုးရိပ်ချောင်း တစ်နေရာတွင် ထားဝယ်ချောင် ဟူသော ရွာကလေး တစ်ရွာ ရှိလေသည်။ ထိုရွာကလေးတွင် အသက်ကြီးမှ အိမ်ထောင်ပြုမိသော ကိုသာမောင်နှင့်မမယ်မြ ဆိုသော လင်မယားနှစ်ယောက် ရှိရာ ယခု မမယ်မြတွင် ကိုယ်ဝန် နေ့စေ့လစေ့ ဖြစ်နေ၍ ကိုသာမောင်မှာ ဗျာများနေရလေသည်။

"ကိုရင်သာမောင်. . ကျုပ်ဗိုက်က နာနေပြီရှင်၊ ကျွန်မအနားမှာ နေနေလို့ ဘာမှလုပ်တတ်တာမရှိဘူး၊ ဟိုဘက်ကမ်းကို တော့်လှေနဲ့ ကူးပြီး ဝမ်းဆွဲ ဒေါ်ဖွားညွန့်ကို သွားခေါ်ပါလား"

"အေးပါ. . မယ်မြရယ် ငါက နင့်ရဲ့အခြေအနေ ကြည့်နေတာပါ၊ အခုလို မှောင်ရီပျိုးစမှာ ဗုံးကြဲတဲ့ အင်္ဂလိပ်လေယာဉ်ဖျံ ကျွဲညီနောင်ရောက်မှာ စိုးလို့ပါ"

"အိုတော်. . ရှင်ကလဲ ရောက်တော့ကော ဘာများဆန်းလဲ၊ မကြာခဏ လာပြီး ဗုံးကြဲနေကျပဲ၊ ကြောက်နေလို့လည်း ပြီးတာမှ မဟုတ်တာ၊ အခု လောလောဆယ် ဗိုက်နာတာ ကျုပ် မခံစားနိုင်တော့ဘူး"

"အေး. . အေး အဲဒါဆိုလည်း ဟိုဘက်ကမ်းက ဝမ်းဆွဲ ဒေါ်ဖွားညွန့်ကို ငါသွားခေါ်တုန်း၊ နင် အဖော်ရအောင် မိပုကို ခဏ ခေါ်ပေးခဲ့မယ်"





ကိုသာအောင်မှာ ပြောပြောဆိုဆို တစ်ဖက်တစ်ခြံကျော်တွင် ရှိသော မိပုဆိုသော ဆယ်ကျော်သက်ရွယ် မိန်းကလေးတစ်ယောက်ကို ခေါ်၍ မမယ်မြ အနားတွင် ထားခဲ့လေသည်။

ငမိုးရိပ်ချောင်းစပ်သို့ ဆင်း၍ လှေတစ်စီးဖြင့် တစ်ဖက်ကမ်း ဆင်ပုံရွာနေ ဝမ်းဆွဲသည် ဒေါ်ဖွားညွန့်ကို သွား၍ ခေါ်လေသည်။

ကိုသာမောင် ဝမ်းဆွဲသည် သွား၍ခေါ်သည်မှာ အသွားတွင် ဘာမှ မဖြစ်ခဲ့သော်လည်း ဒေါ်ဖွားညွန့်ကို လှေပေါ်တင်၍ တစ်ဖက်ကမ်းသို့ ပြန်၍ လှော်ခတ်ရာ မိမိရွာဘက် ရောက်ခါနီးလောက်တွင် အင်္ဂလိပ် ဗုံးကျဲလေယာဉ် ကျွဲကြီးနှစ်ကောင်၏ အသံကို ကြားရလေသည်။

ကိုသာမောင်လည်း အိမ်တွင် ဘာမှမလုပ်တတ်မကိုင်တတ်သော မိပုနှင့်ကျန်ခဲ့သော နေ့စေ့လစေ့ ဇနီးသည်အတွက် စိတ်မချဖြစ်ကာ လှေကို တအား ကြုံးလှော်လေသည်။ အမြန်လိုချင်သည့် အချိန်တွင် ပို၍ ကြာသည်ဟု အရေးကြီးသောလူတိုင်း ပြောနေကျဖြစ်တဲ့ ဥပမာလို ကမ်းသို့ ချက်ချင်းမရောက်နိုင် ဖြစ်နေသည်ဟု စိတ်ထဲမှာ ထင်နေမိလေသည်။

ကိုသာမောင် မိမိရွာဘက်သို့ လှေဆိုက်သည်နှင့် ဒေါ်ဖွားညွန့်ကို လက်တစ်ဖက်ဆွဲကာ မိမိအိမ်ဘက်သို့ခပ်သွက်သွက် လျှောက်လှမ်းလာခဲ့လေသည်။

ထိုအချိန်တွင် ကောင်းကင်ပေါ်ဝဲနေသော ကျွဲကြီးနှစ်ကောင်မှ အရှေ့တစ်စီးမှာ မီးကျည်များကြဲချကာ သွားသည်ဖြစ်၍ ကိုသာမောင်လည်း မြေကြီးပေါ်တွင် အလျားလိုက်လှဲချပြီး ငြိမ်သက်မိလေသည်။

ထိုအချိန်တွင် မီးကျည်ချသွားသော နောက်မှကျွဲကြီးသည် ပေါက်ကွဲစေတတ်သော ဗုံးများကြဲချလိုက်သည်ကို တွေ့လိုက်ရလေသည်။

ကိုသာမောင်လည်း ရှေ့ဆက်မသွားရဲဘဲ လယ်ကန်သင်း တစ်ခုဘေးတွင် ပြားနေအောင်ဝပ်၍နေပြီး ဝမ်းဆွဲသည်ဒေါ်ဖွားညွန့်ကိုလည်း လယ်ကန်သင်းဘေးတွင် ဝပ်၍နေစေသည်။

ထိုအချိန်တွင် ကျွဲကြီးပေါ်မှ ကြဲချနေသော ဗုံးသီးများမှာ တဝုန်းဝုန်း တဒိုင်းဒိုင်းဖြင့် နားကွဲလုမတတ် ကြားရလေသည်။ အချိန်အနည်းငယ်အတွင်းတွင် လေယာဉ်ပျံကျွဲကြီးနှစ်ကောင်မှာ စိတ်ကျေနပ်သွားသည့်ပမာ အရှေ့ဘက်သို့ပတ်၍ ထွက်ခွာသွားလေသည်။

ထိုအချိန်ကျမှ ကိုသာအောင်မှာ ဝမ်းဆွဲသည်ဒေါ်ဖွားညွန့်ကို တွဲခေါ်၍ မိမိအိမ်ဘက်သို့ ခပ်သွက်သွက်လှမ်းလာခဲ့လေသည်။ ကိုသာအောင်နှင့် ဝမ်းဆွဲသည်ဒေါ်ဖွားညွန့်တို့ အိမ်ရှေ့သို့ရောက်သည်နှင့် မမယ်မြအတွက် အဖော်ထားခဲ့သော မိပုမှာ ပြေး၍ထွက်လာကာ-

"ဦးလေးသာအောင်၊ အရီးမြ တစ်ချိန်လုံး ဗိုက်နာလို့အော်နေတာ၊ သတိလစ်မလိုတောင် ဖြစ်နေတယ်၊ အရီးမြကို မြန်မြန် ကြည့်ပါအုံး"

ကိုသာအောင်မှာ မိပုအား

"နင်က မြန်မြန်ကြည့်ပါ ပြောပြီး အရှေ့ကပိတ်ရပ်နေတယ်၊ ဘေးကို ဖယ်လေ"

"ဟုတ်ကဲ့. . . ဦးလေးသာအောင်"





ကိုသာအောင်နှင့်ဒေါ်ဖွားညွန့်လည်း မမယ်မြ ညည်းညူနေသော အခန်းထဲသို့ ကမန်းကတမ်း ဝင်ခဲ့၍

"မယ်မြ. . သတိထား၊ ငါ. . ပြန်ရောက်လာပြီ၊ ဝမ်းဆွဲသည်ဒေါ်ဖွားညွန့်လည်း ပါတယ်၊ နင် ဘာမှမဖြစ်ဘူး၊ အားတင်းပြီး မွေးနိုင်အောင် ကြိုးစား"

ကိုသာအောင် စကားအဆုံး၌ ဒေါ်ဖွားညွန့်က

"ဟဲ့. . သာအောင်၊ နင် ဒီမှာမနေနဲ့လေ၊ မယ်မြ ရေမွှာပေါက်ပြီး ရေပေါင်နေပြီ၊ မြန်မြန်မွေးအောင် လုပ်ရမယ်။ ကြာသွားရင် ရေမွှန်းပြီး အထဲက ကလေးဒုက္ခဖြစ်တတ်တယ်၊ နင် ဒီအခန်းထဲက မြန်မြန်ထွက်သွားစမ်း"

ကိုသာအောင်လည်း ဇနီးသည် မမယ်မြကို စိတ်မချသော်လည်း မိမိအနားမှာ နေလို့မရသည့် အဖြစ်အတွက် အိမ်ရှေ့အခန်းထဲသို့ ထွက်ကာ ချီတုံချတုံဖြစ်၍ ဂနာမငြိမ် ဖြစ်နေမိလေသည်။ ကိုသာအောင်မှာ အင်္ဂလိမာလသုတ်ကို အစမှအဆုံး၊ အဆုံးမှအလယ်၊ အတည့်ဖြစ်လိုက်၊ ပြောင်းပြန်ဖြစ်လိုက်၊ ရွတ်ဆိုပွားများရင်း ဇနီးသည် မမယ်မြ ချောချောမောမော မွေးနိုင်အောင် ဆုတောင်းနေမိလေသည်။

မကြာမီ အခန်းထဲမှ ကလေးငိုသံ ထွက်ပေါ်လာသည်ကို ကြားရ၍ ကိုသာအောင်မှာ ဝမ်းသာ ပျော်ရွှင်သွားလေသည်။

"သာအောင်ရေ. . ယောကျ်ားလေးဟေ့"

ဒေါ်ဖွားညွန့်အသံကြောင့် ကိုသာအောင်မှာ အပျော်လွန်ကာ

အိမ်ရှေ့ဘုရားခန်းအတွင်းတွင် ကျွမ်းထိုး၍ လက်ပန်းပေါက်ခတ်နေလေသည်။ ကိုသာအောင် ပျော်ရွှင်နေခိုက်တွင် မကြာသေးခင်က ရွာကိုဖတ်၍အရှေ့ဘက်သို့ ထွက်ခွာသွားသော ဗုံးကြဲလေယာဉ် ကျွဲကြီးနှစ်စီးသည် တစ်ဝေါဝေါ အသံပေးရင်း ထားဝယ်ချောင် ရွာကလေးဘက်သို့ ရောက်ရှိလာလေသည်။

ကိုသာအောင်မှာ ဇနီးသည် မမယ်မြအား

"မယ်မြ ဘာမှမကြောက်နဲ့နော်၊ အိမ်ရှေ့ခန်းမှာ ငါရှိတယ်၊ ကိုသာအောင် စကားမဆုံးခင် လေယာဉ်ပေါ်မှ ဗုံးများကြဲချလိုက်သည့်အဖြစ်ကြောင့် တဝုန်းဝုန်းတဒိုင်းဒိုင်းဖြင့် ရွာအတွင်းတွင် ကမ္ဘာပျက်လုမတတ် ဖြစ်နေလေသည်"

ထိုအခိုက် ကိုသာအောင်တို့ အိမ်နှင့်အလွန်နီးသောနေရာလောက်တွင် ဗုံးသီးတစ်လုံး ကျ၍ ပေါက်ကွဲလေသည်။ အလွန်နီးကပ်သည့် နေရာဖြစ်၍ ကိုသာအောင်ကိုယ်တိုင်မှာ အိမ်ပေါ်၌ပင် လန့်၍ ဝပ်နေလိုက်မိလေသည်။

ထိုကျကွဲသော ဗုံးသံကြောင့် အခန်းတွင်းမီးဖွားပြီးစ ရှိသေးသော သွေးနုသားနုနှင့် မမယ်မြမှာ လန့်၍ သွေးတက်ကာ မေ့မြောသွားလေသည်။

"ဟဲ့ . . သာအောင်၊ ဒီကို ခဏလာစမ်း၊ မယ်မြ မေ့သွားတယ်၊ စမုံနက် ထုတ်ပေးစမ်း၊ နှာခေါင်းဝမှာ အမြန်ကပ်ပေး"

ဒေါ်ဖွားညွန့်ကိုယ်တိုင် ကိုသာအောင်ကို ပြောလည်းပြော၊ သူ





ကိုယ်တိုင်လည်း ခြေမချိုး, လက်မချိုး၍ မီးတွင်းအတွင်း သွေးတက်၍ သတိမေ့မြောနေသော မမယ်မြကို သတိပြန်လည်ရအောင် ပြုလုပ်ပေးနေလေသည်။

ကိုသာအောင် ဆုတောင်းမပြည့်ပါ။ သူ၏ ချစ်လှစွာသော ဇနီးသည် မမယ်မြမှာ ကိုသာအောင်အတွက် သူ၏ကိုယ်ပွား သားယောကျ်ားလေး တစ်ယောက်ကို လက်ဆောင်အဖြစ် မွေးဖွားပေး၍ မမယ်မြ ကိုယ်တိုင်မူ ချစ်လှစွာသော မိမိ၏ခင်ပွန်း ကိုသာအောင်နှင့် မွေးခါစ သားငယ်ကလေးအား နှုတ်မဆက်နိုင်ဘဲ မီးတွင်းအတွင်း သွေးလန့်၍ ဘဝတစ်ပါးသို့ ထွက်ခွာသွားလေသည်။

"သာအောင် . . မယ်မြ အသက်မရှိတော့ဘူး"

"ဗျာ . . အမိုးဒေါ်ဖွားညွန့်၊ ကျွန်တော့်မိန်းမ အသက်မရှိတော့ဘူးဟုတ်လား"

"ဟုတ်တယ် . . သာအောင် နှင့်မိန်းမ မယ်မြတစ်ယောက် သွေးလန့်ပြီး အသက်ပါသွားတာပဲ"

ကိုသာအောင်မှာ မယုံကြည်နိုင်လောက်အောင် အချိန်အနည်းငယ်အတွင်းတွင် ပြောင်းလဲသွားသော မမယ်မြ၏ ဝိညာဉ်ကင်းမဲ့သွားသော ရုပ်ကလာပ်ကို ငေးငိုင်၍ ကြည့်နေပြီးမှ မျက်ဝန်းနှစ်ဖက်မှ မျက်ရည်ဥတို့သည် ပါးပြင်နှစ်ဖက်ပေါ်သို့ တလိမ့်လိမ့်ချင်း ကျဆင်းလာလေသည်။

"သာအောင် စိတ်ကိုတင်းမထားနဲ့၊ စိတ်ကို လျှော့ထားပြီး

တရားနဲ့ ဖြေပါကွယ်၊ ရုတ်တရက် ကွယ်လွန်သွားတဲ့ မမယ်မြရဲ့ အသုဘ ကိစ္စကို စီမံဖို့ ရွာထဲက သူကြီးနဲ့အတူ ရွာသူရွာသားတွေကို အကြောင်း ကြားအုံးလေ၊ အခုမှ မွေးတဲ့ မင်းရဲ့ကလေးကလည်း နို့ဆာလို့ ငိုနေပြီ၊ ရွာထဲက သားသည်အမေတွေကို အကူအညီ တောင်းရအုံးမယ်"

ဝမ်းဆွဲသည် ခေါ်ဖွားညွှန့်စကား အမှန်ပင်၊ ကိုသာအောင်၏ သားလေးသည် နို့ဆာ၍ငိုနေသည်ကို ကိုသာအောင် ကြား၍ သတိဝင် လာကာ ကလေးကိုချီ၍ ရွာထဲရှိ သားသည်အမေတစ်ဦး ထံသို့ သွား၍ ဆာလောင်နေသော သားငယ်အတွက် နို့ချိုတိုက်ကျွေးနိုင်ရန် ကိုသာအောင် တစ်ယောက် ကြိုးစားလေသည်။

ကလေးကို နို့တိုက်ပြီး ၎င်းသားသည်အမေထံတွင် ခေတ္တခဏ ထား၍ မမယ်မြ ရုပ်ကလာပ် မြေကျရေးအတွက် သူကြီးကို အကြောင်း ကြား၍ ရွာသူရွာသားများနှင့် တိုင်ပင်ကာ မမယ်မြ နာရေးကိစ္စကို စီစဉ် ဆောင်ရွက်လေသည်။

ရက်သတ္တတစ်ပတ် အကြာ၌ မမယ်မြ နာရေးကိစ္စ ပြီးဆုံးခဲ့လေ သည်။ ထို့နောက်ပိုင်း ကိုသာအောင်မှာ ကလေးတစ်ယောက်နှင့် နပန်း လုံးကာ မိမိရင်သွေး မမယ်မြ၏ အသက်သွေးဖြစ်သော ကလေးကို အမည်မှည့်ခေါ်သည့် အရွယ်ရောက်သောအခါ မိမိ၏ တစ်ဦးတည်းသော သားကလေးသည် လွယ်လွယ်ကူကူ ရှောရှောရှုရှု မွေးဖွားသည်မဟုတ်ဘဲ အမြောက်ဆံ ဖုံးသံတဝုန်းဝုန်း တဒိုင်းဒိုင်းကြားတွင် ကြမ်းကြမ်းရမ်းရမ်း





မွေးဖွားခဲ့ရသောကြောင့် ကြမ်းရမ်းမှု အနှုတ္တသညာကို မြှု၍ မောင်ဘကြမ်း (ဝါ) မောင်ဘဂျမ်းဟု ခေါ်ဆိုသမုတ် အမည်တွင်ခဲ့လေသည်။

ကိုသာအောင်မှာ လူ့လောကကြီးအလယ်တွင် မိတဆိုးသားလေး အဖြစ် ကျန်ရစ်ခဲ့သော သားလေးမောင်ဘဂျမ်းအား အဖမေတ္တာနှင့် ငတ်မွတ်နေသော အမိမေတ္တာပါ ပေါင်းစပ်၍ သားလေး မောင်ဘဂျမ်းအား အရိပ်တကြည့်ကြည့် ကြည့်၍ ရိုးသားသော မိရိုးဖလာ လယ်လုပ်ငန်းဖြင့် လုပ်ကိုင်ရင်း မောင်ဘဂျမ်းတစ်ယောက်မှာ လူပျိုဖားဖား ကာလသား အရွယ်သို့ပင် ရောက်ရှိခဲ့လေသည်။

မောင်ဘဂျမ်းမှာ မွေးဖွားစဉ်အတွင်းတွင် ကြမ်းကြမ်းရမ်းရမ်း ဒုက္ခမျိုးစုံနှင့် မွေးဖွားခဲ့သော်လည်း ကလေးဘဝမှ အရွယ်ရောက်လာ သည်အထိ ရမ်းကားဆိုးသွမ်းမှုမရှိဘဲ ဖခင်ဖြစ်သူ ဦးသာအောင်တစ်ယောက် စိတ်ချရလောက်စွာ အားကိုးရသော သားလိမ္မာ တစ်ယောက် ဖြစ်ခဲ့ လေသည်။

မောင်ဘဂျမ်းသည် ရိုးသားသည့် ကြိုးစားသည့် မဟုတ်မခံစိတ် ရှိကာ အခြေခံသတ္တိကောင်းသူ ဖြစ်သည်။ အားနည်းသူဘက်မှ အမြဲတမ်း ရပ်တည်ပေးတတ်သည်။ သမာသမတ်ကျ၍ ရမ်းကားမှုမရှိသော မောင်ဘဂျမ်းအား တစ်ရွာလုံးက ချစ်ခင်ကြလေသည်။

ထိုသို့နေလာရာ တစ်နေ့တွင် မောင်ဘဂျမ်းအဖေ ဦးသာအောင် တစ်ယောက်မှာ ရုတ်တရက် လေတစ်ဖြစ်ကာ အသက်ရှူလမ်းကြောင်း ပိတ်၍ မထင်မှတ်ဘဲ သေဆုံးသွားလေသည်။ လူ့လောက အတွင်း စတင်

ဝင်ရောက်လာသည်နှင့် မိခင်ဖြစ်သူမှာ မိမိ၏အသက်အား သူ၏အသက်ဖြင့် ဆက်၍ မွေးဖွားပြီး မိခင်ဖြစ်သူ သေဆုံးခဲ့ရသော မိတဆိုးလေး မောင်ဘဂျမ်းတစ်ယောက် မိမိ၏ဖခင် ဦးသာအောင်မှာ မိမိအပေါ် မိခင်၊ ဖခင်နှစ်ဦးစလုံးရဲ့ မေတ္တာဖြင့် ကြည့်ရှုခဲ့ရပြီး ယခု ဖခင်ဖြစ်သူ ဦးသာအောင် ရုတ်တရက် ကိုးဆယ့်ခြောက်ပါး ဝေဒနာဖြင့် သေဆုံးသွားသည့်အတွက် မောင်ဘဂျမ်းမှာ မဖြေဆည်နိုင်ဘဲ ရှိနေလေသည်။

ထို့အတွက်ကြောင့် မောင်ဘဂျမ်းမှာ ဖခင်ကြီးရှိစဉ်က တစ်ခါမျှ မသောက်ဖူးသော ထန်းရည်ကို တစ်နေ့လုံး၊ တစ်ညလုံး မိုးမလင်းနိုင်ဘဲ သောက်နေမိလေသည်။

ရွာထဲရှိ ရွာသူရွာသားများမှာ မောင်ဘဂျမ်းအတွက် စိတ်မကောင်းဖြစ်ကာ နားလည် ခွင့်လွှတ်ထားလေသည်။ မောင်ဘဂျမ်းအပေါ် နားလည်၊ သနားကရုဏာထားသည့် အထဲတွင် မောင်ဘဂျမ်း၏ ချစ်ခင်ရင်းနှီးမှု ရှိသော မောင်စံဘော်နှင့် မမြခက်ဟူသော တစ်ရွာထဲနေ သူငယ်ချင်းနှစ်ယောက်မှာ မောင်ဘဂျမ်းအား ခံစားနေရသော သောကဝေဒနာကို ကြာရှည်စွာ ထွေးပိုက်မထားသင့်ဘဲ တရားနဲ့ဖြေသင့်ကြောင်း မကောင်းသော အရက်သေစာများကို မသောက်သင့်ကြောင်း ဖျောင်းဖျ၍ နားချလေသည်။

တစ်နေကုန် ထန်းတောထဲတွင် ထန်းရည်ကို တစ်မြုပြီး တစ်မြုသောက်နေသော မောင်ဘဂျမ်းဆီ သူ၏သူငယ်ချင်းနှစ်ယောက်ဖြစ်သော





မောင်စံဘော်နှင့် မမြခက်တို့နှစ်ယောက် ရောက်လာ၍ မောင်ဘဂျမ်းအား မောင်စံဘော်မှ စတင်၍

"ဘဂျမ်း. . မင်း ဘယ်လောက် ခံစားနေရမလဲဆိုတာ ငါတို့ ကိုယ်ချင်းစာပါတယ် သူငယ်ချင်းရာ၊ ဒါပေမယ့် မင်း ဒီလိုပုံစံအတိုင်း ဆက်ပြီးသွားရင် ထန်းရည်အရက်ကို စွဲပြီး လူအများ နှာခေါင်းရှုံ့တဲ့ အရက်သမား ဖြစ်သွားလိမ့်မယ်။ ကိုယ့်ကို အကျိုးမပြုတဲ့ ဒီအရည်တွေကို ဆက်ပြီး မသောက်ပါနဲ့လား သူငယ်ချင်းရယ်"

မောင်စံဘော် စကားအဆုံး၌ မမြခက်က

"ဟုတ်ပါတယ်. . ဘဂျမ်း၊ နင် ဒီပုံစံအတိုင်း ဆက်သွားမယ်ဆို မကြာခင် နင် ဒုက္ခရောက်လိမ့်မယ် ဘဂျမ်း၊ ဒီတစ်ရွာလုံးမှာ ငါတို့ သူငယ်ချင်းသုံးယောက်က ဘာကိစ္စကိုလုပ်လုပ် တစ်ယောက်နဲ့တစ်ယောက် တိုင်တိုင်ပင်ပင်နဲ့ လုပ်ခဲ့ကြတာပါ။ နင် ဒီလို စိတ်လေပြီး လုပ်ချင်ရာ လုပ်နေတော့ ငါတို့ရင်ထဲမှာ ဘယ်လိုနေမလဲ ဆိုတာ နင်တွေးကြည့်စမ်းပါ ဘဂျမ်းရယ်"

မမြခက်မှာ စကားဆုံးသည်နှင့် မျက်ဝန်းနှစ်ဖက်မှ မျက်ရည်စများ တလိမ့်ချင်း စီးကျလာလေသည်။

မောင်ဘဂျမ်းမှာ မူးရစ်ရီဝေနေသော မျက်စိနှစ်လုံးကို လေးတွဲစွာဖြင့် ဖွင့်၍ မမြခက်ကိုကြည့်ကာ-

"မြခက်. . နင်ငိုနေတယ် ဟုတ်လား၊ ဘာလို့ ငိုတာလဲ မြခက်ရယ်၊ ငါ့ရဲ့ ချစ်လှစွာသော အဖေ လူ့လောကကြီးထဲမှာ မရှိတော့လို့ စိတ်သောက

ဖြစ်နေတဲ့ အထဲမှာ ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်း ဖြစ်တဲ့ နင်က ငိုနေတော့ ငါ ပိုပြီး ခံစားရတာပေါ့ဟာ၊ နင် မငိုနဲ့တော့နော်"

"ဘဂျမ်း နင် ငါ့ကို မငိုစေချင်ရင် ဒီအရက်တွေမသောက်နဲ့ပေါ့၊ နင် ဒီလို သောက်နေရင် ဘယ်သူတားတား ငါက ငိုနေမှာပဲ"

မမြခက် စကားအဆုံး၌ မောင်စံဘော်က

"ဟုတ်ပါတယ်. . ဘဂျမ်း ငါပြောလို့ ငါ့စကားကို မင်းလက်မခံပေမယ့် မိန်းမသားဖြစ်တဲ့ မြခက်အနေနဲ့ ဒီထန်းတောထဲအထိ လိုက်လာပြီး ပြောတဲ့စကားကို မင်း လက်ခံစေချင်တယ်၊ မြခက်ကို ထန်းတောထဲ မလိုက်စေချင်လို့ ငါတားတာတောင် မရဘူး၊ သူ့အဖေနဲ့ အမေ ဟိုဘက်ရွာကို သွားနေတုန်း မင်းအပေါ် သံယောဇဉ်ကြီးလွန်းလို့ မိဘမရှိတဲ့ အချိန် အလစ်မှာလာတာ၊ မြခက်ရဲ့စေတနာကို မင်းနားလည်သင့်ပါတယ် ဘဂျမ်းရယ်"

မောင်စံဘော် စကားဆုံးသွားသောအခါ မောင်ဘဂျမ်းမှာ တွေ၍နေပြီးမှ

"စံဘော်. . မင်းပြောတာ မှန်တယ်၊ ငါက မြခက်တင် မဟုတ်ဘူး၊ မင်းရဲ့စကားကိုပါ နားထောင်ရမယ်၊ ငါ့ရဲ့အပေါ်မှာ အကောင်းဆုံးနဲ့ နားလည်မှုအရှိဆုံးက မင်းတို့နှစ်ယောက်ပဲ၊ ငါ့ရဲ့ ချစ်လှစွာသော သူငယ်ချင်း နှစ်ယောက်ဖြစ်တဲ့ စံဘော်နဲ့မြခက်ရဲ့ စကားကို နားထောင်တဲ့အနေနဲ့ ဒီမကောင်းတဲ့ ထန်းရည်အရက်တွေကို အခုချိန်ကစပြီး ငါ မသောက်တော့ဘူးလို့ မင်းတို့ကို ကတိပေးတယ်"





ဘဂျမ်းသည် စကားအဆုံး၌ သောက်လက်စ ထန်းရည်အိုးကို မ, ၍ မြေပေါ်သို့ ခွဲချလိုက်လေသည်။

ဘဂျမ်း၏ပြောင်းလဲသွားမှုကို တွေ့သော မောင်စံဘော်နှင့် မမြခက်တို့မှာ ဘဂျမ်းအား လက်တစ်ဖက်စီ ကမ်းပေး၍ ဘဂျမ်းကို ဆွဲထူလိုက်လေတော့သည်။

မောင်ဘဂျမ်းသည် မောင်စံဘော်နှင့်မမြခက်တို့ကို ကတိပေးထားသည့်အတိုင်း နောက်ရက်များတွင် အရက်သေစာ သောက်စားခြင်း အမှုကို လုံးဝမပြုလုပ်တော့ဘဲ ရွာထဲရှိ လယ်ပိုင်ရှင်တစ်ဦး၏အိမ်တွင် မိရိုးဖလာ လယ်လုပ်ငန်းဖြစ်သော လယ်ယာလုပ်ငန်းကို လုပ်နိုင်ရန် အတွက် လယ်ကူလီ (ခေါ်) သူရင်းငှားအလုပ်ကို ဝင်ရောက်လုပ်ကိုင် လေသည်။

မောင်ဘဂျမ်း တစ်ယောက် ဟိုတုန်းကလိုပင် ကောင်းမွန်လိမ္မာစွာဖြင့် နေထိုင်ဆင်ခြင်ပြီး မိမိလက်ရှိ လုပ်ကိုင်နေသည့် လယ်ယာလုပ်ငန်းအပေါ်၌ ကြိုးကြိုးစားစား လုပ်ကိုင်နေသည် ဖြစ်ရာ မောင်ဘဂျမ်း၏ လယ်ပိုင်ရှင်နှင့် ရွာသူရွာသားများမှာ မောင်ဘဂျမ်း အတွက် ဝမ်းသာအားရ ရှိကြလေသည်။

ထိုသို့ ဝမ်းသာအားရ ရှိကြသည့်အထဲတွင် မောင်စံဘော်နှင့် မမြခက်နှစ်ယောက် ဝမ်းသာမှုမှာ မဖော်ပြနိုင်လောက်အောင်ပင် ရှိလေသည်။ မောင်ဘဂျမ်းတို့ သူငယ်ချင်းသုံးယောက်သည် အလုပ်

အားသည့်အချိန်တွင် သုံးယောက်သား တွေ့ဆုံကြ၍ တစ်ဦး၏အခက်အခဲကို တစ်ဦးက ကူညီဖြေရှင်းပေးရင်း သူငယ်ချင်းသုံးယောက် ပျော်ရွှင်စွာဖြင့် ဖြတ်သန်းလာခဲ့ကြရာ ရက်ကိုလစား၊ လကိုနှစ်စား၍ တစ်ရက်ပြီးတစ်ရက် အချိန်မှာ ကုန်ဆုံးလာခဲ့သည်။

အချိန်အခါ ပြောင်းလဲလာသည်နှင့်အမျှ မောင်ဘဂျမ်းနှင့် မမြခက်တို့မှာလည်း သံယောဇဉ်ကြိုး တစ်ဆင့်တိုးကာ သူငယ်ချင်းအဖြစ်မှ မခွဲမခွာနိုင်သော ချစ်သူများအဖြစ်သို့ ရောက်ရှိခဲ့လေသည်။ မောင်ဘဂျမ်းနှင့် မမြခက်တို့ ချစ်သူဘဝရောက်အောင် ပို့ဆောင်ပေးခဲ့သူမှာ သူတို့၏ သူငယ်ချင်း ဖြစ်သော မောင်စံဘော်ပင် ဖြစ်လေသည်။

မောင်စံဘော်က

"သူငယ်ချင်း . . ဘဂျမ်းနဲ့ မြခက်ရေ နင်တို့နှစ်ယောက် ချစ်သူရည်းစားဘဝ ရောက်သွားတာ ငါ တကယ်ဝမ်းသာတယ်။ မင်းတို့နှစ်ယောက် ညားသွားရင် ငါ့အတွက် စားသောက်မယ့်အိမ်တစ်အိမ် တိုးတာပေါ့ဟာ။ မင်းတို့နှစ်ယောက် ဒီပြင်ဖူးစာဖက်ကြုံခဲ့လို့ အခြားသူတစ်ဦးဦးနဲ့ ညားခဲ့ရင် ငါ့အတွက် မင်းတို့ရဲ့ အိမ်တွေကို လာလည်ရင် သိပ်ပြီး လွတ်လပ်မှု ရှိမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ စံဘော်"

"ဘာဖြစ်ရမှာလဲ ငါပြောသလို နင်တို့နှစ်ယောက် ဒီပြင်သူတစ်ဦးဦးနဲ့ ညားခဲ့ရင် ငါက ဘဂျမ်းအိမ်ကို သွားလည်ရင် သူငယ်ချင်း





ဘဂျမ်းက ငါ့ကို ကြည်ဖြူပေမယ့် သူစိမ်းဖြစ်တဲ့ ဘဂျမ်းမိန်းမက ကြည်ဖြူချင်မှ ကြည်ဖြူမှာ။ ဒီလိုပဲ မြခက်အိမ်ကို ငါလာမိရင် မြခက်က ကြည်ဖြူပေမယ့် သူနဲ့အကြောင်းပါမယ့် ယောကျ်ားက ကြည်ဖြူချင်မှ ကြည်ဖြူမှာ"

"မင်းတို့နှစ်ယောက် ညားခဲ့ရင် ငါ့အနေနဲ့က ယောကျ်ားကလည်း သူငယ်ချင်း၊ မိန်းမကလည်း သူငယ်ချင်း ဖြစ်နေတဲ့အတွက် နှစ်ယောက်စလုံးကို အားနာစရာ မဟုတ်ဘူးပေါ့ကွာ၊ ငါပြောတာ မဟုတ်ဘူးလား"

မောင်အောင်ဘော် စကားအဆုံး၌ မောင်ဘဂျမ်းက

"မြခက်ရေ. . အောင်ဘော်က နင်နဲ့ငါနဲ့နှစ်ယောက်ကို ယူစေချင်တာက တို့နှစ်ယောက်ကို စေတနာအမှန်နဲ့မဟုတ်ဘူးဟ၊ သူအစားချောင်အောင် တို့နှစ်ယောက်ကို ပေးစားနေတာဟ"

"ဟား. . ဟား. . ဟား. . ဟား"

သူငယ်ချင်းသုံးယောက်မှာ သဘောကျစွာဖြင့် ရယ်မောကြလေသည်။ ထိုသို့ နေလာရင်း တစ်နေ့ မောင်ဘဂျမ်း လယ်ယာလုပ်ငန်းသိမ်းချိန် ညနေစောင်းလောက်တွင် အောင်ဘော်တစ်ယောက်ရောက်လာကာ

"ဟေ့ကောင်. . ဘဂျမ်း မင်း အလုပ်သိမ်းခါနီးပြီလား"

"အေး. . ပြီးခါနီးပြီကွ၊ လှန်ထားတဲ့ နွားတွေ ပြန်ကောက်ပြီး ပြန်သိမ်းပြီး ခြံထဲ ထည့်ရအုံးမယ်၊ နွားတွေ သိမ်းပြီးရင် ပြီးပြီကွ၊ မင်းမှာ ဘာကိစ္စရှိလို့လဲ အောင်ဘော်"

"ငါ့မှာ ဘာကိစ္စမှ မရှိဘူး၊ ကိစ္စရှိတာက မြခက်ကွ"

"ဟော့ကောင်. . မြခက် ဘာဖြစ်လို့လဲကွ"

"ဘာဖြစ်လဲတော့ ငါလည်း မသိဘူး၊ မြခက် ငါ့ကိုမှာလိုက်တာတော့ သက်ကြီးခေါင်းချတဲ့ အချိန်မှာ သူတို့အိမ်ရဲ့ နောက်ဖေးခြံထောင့်ကို ဆက်ဆက်လာခဲ့ပါလို့ မှာလိုက်တယ်"

"မြခက်. . ဘာများ အရေးတကြီးကိစ္စ ပေါ်လဲမသိဘူး"

"အေး . . ငါလဲ မသိဘူးကွ၊ ဒီည မင်း မြခက်ဆီသွားရင် မင်း အဖော်ရအောင် ငါလည်း လိုက်ခဲ့မယ်"

"အေး . . မင်းလိုက်ခဲ့တော့ ငါ့အတွက် အဖော်ရတာပေါ့ကွာ"

မမြခက် ချိန်းဆိုထားသော သက်ကြီးခေါင်းချချိန်လောက် အရောက်တွင် မောင်ဘဂျမ်းမှာ မောင်အောင်ဘော်ကို အဖော်ခေါ်၍ မမြခက်တို့ အိမ်အနောက်ခြံထောင့် မန်ကျည်းပင်အောက်တွင် မမြခက် ထွက်ပေါ်အလာကို စောင့်မျှော်နေလေသည်၊

မကြာမီ နောက်ဖေးတံခါးဖွင့်၍ မမြခက် ဆင်းလာလေသည်၊ မောင်ဘဂျမ်းလည်း မမြခက် မြင်စေရန် ကိုယ်ယောင်ပြ၍ မိမိရောက်ပြီဖြစ်ကြောင်း အသိပေးလိုက်လေသည်၊ မမြခက်သည် အိမ်တံခါးကို အသာပြန်ပိတ်ပြီး ခြံထောင့် မန်ကျည်းပင်အောက်တွင် စောင့်မျှော်နေသော ချစ်သူမောင်ဘဂျမ်းရှိရာသို့ လှမ်းလာခဲ့လေသည်၊

"ဘဂျမ်း. . နင် ရောက်တာကြာပြီလား"





"သိပ်တော့ မကြာသေးပါဘူး မြခက်၊ နင့်မှာ ဘာကိစ္စ အရေးကြီးလို့ ဒီအချိန်ကြီး ငါ့ကို ခေါ်တာလဲ"

ချစ်သူနှစ်ဦး ချိန်းတွေ့ရာတွင် အနားမှာရှိနေသော အောင်ဘော်က

"သူငယ်ချင်း. . မင်းတို့နှစ်ယောက် အေးအေးဆေးဆေး စကားပြော၊ ငါ ဟိုဘက်နားမှာ သွားထိုင်ပြီး လူကြည့်ပေးထားမယ်"

ဟု ပြော၍ ချစ်သူနှစ်ဦး လွတ်လပ်စေရန်အတွက် အောင်ဘော်မှာ အခြားတစ်ဖက်သို့ ရှောင်ဖယ်သွားလေသည်၊

"မြခက်. . နင့်ကိုကြည့်ရတာ ဗျာများနေတဲ့ပုံပဲ၊ နင် ဘာတွေဖြစ်နေတာလဲ"

"နင် ပြောသလို ငါ ဗျာများနေတာ အမှန်ပဲ၊ မနက်ကျရင် ငါ့ကို တစ်ဖက်ရွာက လယ်ပိုင်ရှင်သား တစ်ဦးက လာတောင်းမယ်ဆိုပြီး ငါ့မိဘတွေကို ကမ်းလှမ်းတယ်၊ ငါ့မိဘတွေက နင့်နဲ့ငါ ကြိုက်နေကြတာကို မသိတော့ တစ်ဖက်က ကမ်းလှမ်းချက်ကို လက်ခံလိုက်တယ်၊ အဲဒီအတွက် ငါ့ရဲ့ရင်ထဲမှာ ပူလောင်နေတယ်၊ ငါ့ရဲ့တစ်သက်မှာ ငါ ချစ်ရတဲ့ သူနဲ့ပဲ ပေါင်းချင်တယ်၊ ငါ မချစ်မနှစ်သက်တဲ့ သူနဲ့ မပေါင်းချင်ဘူး၊ အဲဒါ ငါ့ရဲ့သစ္စာစကားပဲ၊ ငါ နင့်ကို မခွဲနိုင်ဘူး ဘဂျမ်းရယ်"

မမြခက် စကားဆုံးသည်နှင့် မျက်ရည်များ ဝဲလာကာ မောင်ဘဂျမ်း၏ ရင်ခွင်ထဲသို့ မျက်နှာအပ်ကာ မောင်ဘဂျမ်းကို ဖက်ထားမိလေသည်၊

မောင်ဘဂျမ်းကလည်း

"ငါလဲ နင့်လိုပါပဲ မြခက်ရယ်၊ နင့်ကိုငါ မခွဲနိုင်ပါဘူး။ နင် ခဏလေး ဒီနေရာကစောင့်၊ ငါ အောင်ဘော်နဲ့ တိုင်ပင်လိုက်ဦးမယ်"

မောင်ဘဂျမ်း စကားအဆုံး၌ မောင်အောင်ဘော်ကို ခေါ်၍ မိမိတို့လက်ရှိ တွေ့ကြုံနေသော ဒုက္ခကို ဘယ်သို့ဘယ်ပုံ ပြုလုပ်ရမည်ကို တိုင်ပင်လေသည်။

မောင်ဘဂျမ်းလည်း မောင်အောင်ဘော်နှင့်တိုင်ပင်ပြီးနောက် မမြခက်အား

"မြခက်. . နင် ငါနဲ့ မခွဲနိုင်ရင် အခုပဲ ငါနဲ့လိုက်ခဲ့၊ ငါလည်း နင့်ကို မခွဲနိုင်ဘူး။ နင့်အဝတ်အစား တစ်စုံ၊ နှစ်စုံ ယူခဲ့၊ ငါတို့နှစ်ယောက် ဒီညပဲ ပြေးကြမယ်"

မောင်ဘဂျမ်း စီမံသည်ကို သဘောတူသော မမြခက်လည်း အိမ်ထဲသို့ ပြန်ဝင်ကာ လိုအပ်သော မိမိအဝတ်အစား၊ အသုံးအဆောင်များကို အိတ်ထဲတွင် ထည့်၍ မောင်ဘဂျမ်း ရှိရာသို့ ပြန်ထွက်ခဲ့လေသည်။

မောင်အောင်ဘော်မှာ မောင်ဘဂျမ်းနှင့် မမြခက်တို့နှစ်ယောက်ကို ကြည့်၍

"ဘဂျမ်း မင်းနဲ့မြခက် နှစ်ယောက်က ရွာပြင်ကနေ ပတ်ထွက်ပြီး လှေဆိပ်ကို လာခဲ့။ မြခက်ရဲ့ အဝတ်အစားအိတ်တွေကို ငါ သယ်ခဲ့မယ်။ ငါက ရွာလမ်းက သွားပြီး လှေဆိပ်မှာ လှေတစ်စင်း အဆင်သင့် လုပ်ထားမယ်"

"အောင်ဘော်ရာ မသင့်တော်ပါဘူး။ မြခက်ရဲ့ခရီးဆောင်အိတ်ကို ငါ သယ်ပါ့မယ်"





မြခက်ကပါ

"ဟုတ်ပါတယ်. . အောင်ဘော်ရယ်၊ ငါ ငရဲကြီးနေပါ့မယ်"

"ငရဲကြီးလည်း မတတ်နိုင်ဘူး၊ မင်းတို့က ရွာအပြင် ကွင်းထဲက ဖြတ်သွားရမှာ ဝေးတယ်၊ အထုပ်အပိုးတစ်ဖက်နဲ့ ဆိုတော့ ခရီးဖင့် တယ်၊ ပြောနေတာ ကြာပါတယ်ဟာ ငါသွားနှင့်မယ်"

စကားဆုံးသည်နှင့် အောင်ဘော်မှာ မမြခက်၏ ခရီးဆောင်အိတ်ကို ယူ၍ ရွာလယ်လမ်းအတိုင်း အမှောင်အားပြု၍ ခပ်သွက်သွက် ထွက်သွားလေသည်။

မောင်ဘဂျမ်းနှင့်မမြခက်လည်း မောင်အောင်ဘော် စီစဉ်ထားသည့်အတိုင်း ပြုလုပ်၍ ငမိုးရိပ်ချောင်းဘေး တစ်နေရာတွင် လှေဖြင့် အသင့်စောင့်နေသော မောင်အောင်ဘော်ကို တွေ့၍ လှေပေါ်သို့ တက်ကာ ရေစီးအတိုင်း အသာအယာ လှော်ခပ်သွားကြလေသည်။

ထိုသို့ဖြင့် မောင်အောင်ဘော်၏ ကောင်းမှုဖြင့် မောင်ဘဂျမ်းနှင့် မမြခက်တို့မှာ ချစ်သူနှစ်ဦးအဖြစ်မှ အိမ်ထောင်ရှင်ဘဝသို့ ရောက်ခဲ့လေသည်။

မမြခက်၏ မိဘနှစ်ပါးလုံးမှာ ပထမပိုင်း သမီးဖြစ်သူ မမြခက်၏ လုပ်ရပ်ကြောင့် တစ်ဖက်တွင် မျက်နှာပျက်ရသဖြင့် သမီးအပေါ် စိတ်ဆိုးစွာဖြင့် မခေါ်မပြော ပြုလုပ်သော်လည်း နောက်ပိုင်းတွင် မောင်ဘဂျမ်း၏ ရိုးသားမှု၊ ကြိုးစားမှုကို အသိအမှတ်ပြုကာ မိမိတို့၏ ခြံကွက်ထဲမှာပင် သမီးနှင့်သမက်ဖြစ်သော မောင်ဘဂျမ်းအား အိမ်ဆောက်၍နေစေသည်။

ထိုသို့ ပျော်ရွှင်ချမ်းမြေ့စွာနှင့် နေထိုင်ရင်း (၂) နှစ်ကျော်အချိန်သို့ ရောက်သောအခါ မောင်ဘဂျမ်းနှင့်မမြခက်တို့မှာ သမီးလေးတစ်ယောက် မွေးဖွားခဲ့လေသည်။

ထိုသို့ မွေးဖွားသော သမီးဦးလေးအား မောင်ဘချမ်းနှင့်မမြခက်တို့က သူဇာယမင်းရုပ်ကလေးလို လှပအောင် မသူဇာဟု အမည်တွင်၍ ခေါ်ဆိုသမုတ် အမည်တွင်ခဲ့လေသည်။

သမီးလေးတစ်ယောက် မွေးဖွားသည်ဆိုကတည်းက မောင်ဘဂျမ်းမှာ အလုပ်ကို နဂိုကထက် ပိုပြီး ကြိုးစားလုပ်ကိုင်လေသည်။ တောနေသော အလုပ်မှိုမိမိ မျှော်မှန်းသလောက် ငွေကြေးစုဆောင်းနိုင်ခြင်း မရှိချေ။ မသူဇာလေး အခါလည်ကျော် လမ်းလျှောက်တတ်ခါစလောက်တွင် မောင်ဘဂျမ်းမှာ လယ်ယာလုပ်ကိုင်ချင်သောစိတ် မရှိတော့သဖြင့် ဇနီးဖြစ်သူ မမြခက်နှင့် တိုင်ပင်ကာ မိမိတို့ရွာကလေး၏ တစ်ဖက်ကမ်း ရန်ကုန်မြို့ဘက်သို့ ကူးကာ ရာသီပေါ်သီးနှံ ကွမ်း၊ ဆေးလိပ် စသော ရောင်းချမှုကို ပြု၍ သမီးလေးရှေ့ရေးအတွက် မျှော်မှန်းပြီး စီးပွားရှာလေသည်။

မောင်ဘဂျမ်းသည် ကီလီမော်တင် ကမ်းနားတစ်ဝိုက်တွင် ဈေးရောင်းချမှု ပြုလေသည်။

မိမိ၏အိမ်သို့ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ ပြန်၍ ဇနီးနှင့် သမီးဖြစ်သူအတွက် လိုအပ်သော ငွေကြေးကိုပေး၍ နောက်တစ်နေ့တွင် မိမိဈေးရောင်းနေရာသို့ ပြန်ရောက်လာတတ်လေသည်။





တစ်နေ့ ညခင်းပိုင်းအချိန် မောင်ဘဂျမ်းသည် မိမိဈေးရောင်းခြင်းကို စောစောသိမ်း၍ မိမိဆိုင်ရှိရာ မော်တင်ဘက်မှ ဆူးလေဘုရားသို့ လမ်းလျှောက်ထွက်လာ၍ ဘုရားရောက်သောအခါ ပန်း၊ ရေချမ်း ဆီမီး စသည်များ ပူဇော်လှူဒါန်း၍ ဘုရားရှိခိုး မေတ္တာပို့၊ အမျှဝေကာ စိတ်ထဲတွင် ကြည်နူးစွာဖြင့် ဆူးလေဘုရားမှ မော်တင်ဘက်သို့ အေးအေးလူလူ လမ်းလျှောက်ထွက်လာလေသည်။

အချိန်အနည်းငယ်လင့်ပြီးဖြစ်၍ လမ်းတစ်လျှောက် သွားလာနေသူတစ်ဦးစ၊ နှစ်ဦးစလောက်သာ ရှိလေသည်။ မောင်ဘဂျမ်းလည်း ခပ်အေးအေးပင် ပုံမှန်လျှောက်ခဲ့လေသည်။ မောင်ဘဂျမ်းသည် ဂေါ်ဒဝင်လမ်း (ယခု) လမ်းမတော်လမ်းအတိုင်း လျှောက်လာပြီး သိမ်ကြီးဈေးဘေးရှိ အစမ္ပလက်ကြားလမ်း၊ ယခု (၂၄) လမ်းဘက်သို့ အရောက်တွင် အဝတ်အစား ဖာထေးရာဗလပွနှင့် မုတ်ဆိတ်မွေးကျင်စွယ်တို့နှင့်ပြည့်နေသော ခပ်ပိန်ပိန်နှင့် တရုတ်လူမျိုး အဘိုးကြီးတစ်ယောက်သည် ဝါးတုတ်ကို တောင်မွေးပမာပြု၍ ရပ်နေလေသည်။

ထိုတရုတ်လူမျိုး အဖိုးကြီး၏ မလှမ်းမကမ်းတွင် ခပ်မိုက်မိုက်ဆိုးသွမ်းမည့်ဟန် ပေါက်နေသော လူမိုက်သုံးယောက်သည် တရုတ်အဖိုးကြီး သွားရာလမ်းကို ပိတ်ထား၍ တရုတ်အဖိုးကြီးဆီမှ အေးအေးပြတိုက်နေသည်ကို ဘဂျမ်း တွေ့ရလေသည်။ နဂို မွေးရာပါ မတရားမှုကို မလိုလားသော ဘဂျမ်း၏ မျက်စိတည့်တည့်တွင် ပက်ပင်းတိုးသည့်အတွက် ဘဂျမ်းမှာ ဘယ်လိုမှ ရှောင်လွှဲ၍မရ ဖြစ်နေလေသည်။

ဘဂျမ်းလည်း အမြင်မတော်သည်ကို တွေ့၍ ဆုံးဖြတ်ချက်ကို ချတာ

"ဟေ့လူတွေ. . ခင်ဗျားတို့ ဘာလုပ်နေတာလဲ"

ဘဂျမ်း၏ ခပ်မာမာလေသံကြောင့် လူမိုက်သုံးယောက်မှာ ဘဂျမ်းကိုကြည့်၍-

"ဟေ့ကောင်. . မင်းလမ်း မင်းသွားစမ်း၊ မင်းက ငါတို့ကို ဘာထင်နေလဲ၊ ဒီတစ်ပိုင်းမှာ အပိုင်စားရတဲ့ လမ်းမတော်ဘိုးတုတ်ရဲ့ လူတွေ၊ မင်းပါ အဆစ်မနာချင်ရင် ကိုယ်သွားမယ့်လမ်းကို ကိုယ်သွားပါ"

"ဘယ်သူ့အပိုင်ဖြစ်ဖြစ်ဗျာ မသွားနိုင်ဘူး၊ ခင်ဗျားတို့ ဗုဒ္ဓဘာသာတွေ မဟုတ်ဘူးလား၊ မင်္ဂလသုတ်တို့၊ လောကနီတိတို့ မသင်ဖူးဘူးလား၊ ကိုယ့်အဖေ ကိုယ်အဖိုး အရွယ်တစ်ယောက်ကို အနိုင်ကျင့်တာ ခင်ဗျားတို့ မရှက်ဘူးလား"

မောင်ဘဂျမ်း၏ စကားကြောင့် အဆိုပါ လူမိုက်သုံးယောက်သည် ဒေါသတကြီးဖြစ်ကာ မောင်ဘဂျမ်းကို ဝိုင်း၍တိုက်ခိုက်ကြလေသည်၊ သုံးယောက်တစ်ယောက်ဖြစ်၍ မောင်ဘဂျမ်းမှာ အထိနာလေသည်၊

မောင်ဘဂျမ်း အထိနာနေသည်ကို တစ်ချိန်လုံးရပ်၍နေသော တရုတ်အဖိုးကြီးက

"ဟေ့ကောင်လေးတွေ မင်းတို့ တိုက်ခိုက်နေတာကို ရပ်လိုက်၊





မင်းတို့ လိုချင်တဲ့ပိုက်ဆံတွေ ငါ့မှာအများကြီးပါတယ်၊ မင်းတို့ လိုချင်ရင် ငါ့ဆီမှာ မင်းတို့ကိုယ်တိုင်ရအောင်ယူ၊ ဒီကောင်လေးနဲ့ဘာမှမဆိုင်ဘူး"

လူမိုက်သုံးယောက်လည်း ၎င်းတရုတ်အဖိုးကြီးဆီက ငွေထုပ်ကို ဝင်လုကြလေသည်၊ တရုတ်အဖိုးကြီး၏ လှုပ်ရှားမှုကို ပြတ်ပြတ်သားသား မတွေ့ရဘဲ လူမိုက်သုံးဦးမှာ ခွေလဲ၍ ကျသွားလေသည်၊

မောင်ဘဂျမ်းမှာ တရုတ်အဖိုးကြီးကို ကြည့်၍ မယုံကြည်နိုင်စွာ အံ့ဩမိလေသည်၊ တရုတ်အဖိုးကြီးက

"လူကလေး. . ထ. . ထ. . မင်း မတ်တပ်ရပ်နိုင်ရဲ့လား"

"ခြေထောက်နည်းနည်း နာကျင်သွားတာကလွဲရင် ဘာမှမဖြစ်ပါဘူး"

"လူကလေး မင်းရဲ့သတ္တိနဲ့ မင်းရဲ့စိတ်ဓာတ်ကို ငါက သဘောကျသွားပြီ"

တရုတ်အဖိုးကြီးမှာ မောင်ဘဂျမ်းကို တွဲ၍ထူလိုက်လေသည်၊

ထိုအချိန်တွင် လှည့်ကင်းလှည့်လာသော ပုလိပ်သားလေးများ၏ ခရာဝီစီသံကို ကြား၍ ၎င်းတရုတ်အဖိုးကြီးနှင့် မောင်ဘဂျမ်းလည်း ပုလိပ်များနှင့်တွေ့လျှင် မေးကာမြန်းကာနှင့် အလုပ်ရှုပ်မည်ကို မလိုလားသည့်အတွက်ကြောင့် ထိုနေရာမှ ရှောင်ထွက်သွားကြလေသည်၊

မောင်ဘဂျမ်းနှင့် တရုတ်အဖိုးကြီးလည်း ပုလိပ်ကို ရှောင်ရင်းနှင့် ရန်ကုန်ကမ်းနားဆိပ်ခံဘောတံတား တစ်ခုနားသို့ ရောက်လာကြ

လေသည်။ မောင်ဘဂျမ်း တို့နှစ်ယောက်လည်း ပြေးလွှားရှောင်တိမ်းလာသည်မှာ မောပြီဖြစ်၍ ရင်းဆိပ်ခံဘောတံတားပေါ်တွင် ထိုင်၍ အမောဖြေပြီး ရန်ကုန်မြစ်ဘက်မှ တိုက်ခတ်လာသော လေနုအေးကလေးတို လန်းဆန်းအမောပြေစွာဖြင့် ရှူရှိုက်ရင်း တစ်ဦးကိုတစ်ဦး ကြည့်ကာ ရယ်မော၍ အမောဖြေမိကြလေသည်။

"လူကလေး . . မင်းနာမည် ဘယ်သူလဲကွ"

"ကျွန်တော့်နာမည် ဘဂျမ်းပါ ခင်ဗျာ"

"ငါ့နာမည်က ကျင်ဝမ်လို့ခေါ်တယ် လူကလေး။ ပြည်ကြီးသားကျင်အမျိုးအနွယ်ပေါ့ကွာ။ ငါ့မှာ ကျင်တီလို့ခေါ်တဲ့ ညီတစ်ယောက်တော့ ရှိတယ်၊ သူက အခုထိ ပြည်မမှာပဲရှိတယ်၊ ငါက မင်းတို့ မြန်မာပြည်ကို ရောက်တာ၊ အတော်လေးကြာပြီကွ အခုလို တစ်ပြားဖိုးနှစ်ပြားဖိုးလောက် ရှိတဲ့ ခပ်ညံ့ညံ့ လူမိုက်ကလေးတွေနဲ့ အခုလို ရန်ပွဲဖြစ်တာ ခဏခဏ ပါပဲကွာ၊ ငါ့အတွက်က ရိုးနေပြီပေါ့ကွာ"

"ဟား . . ဟား . . ဟား . . ဟား"

တရုတ်အဖိုးကြီးမှာ သူ၏ စကားကိုသူ သဘောကျကာ ရယ်မောလေသည်။

မောင်ဘဂျမ်းလည်း ၎င်းတရုတ်အဖိုးကြီးကိုကြည့်၍ နားမလည်သလိုဖြစ်လာ၍

"ဦးကျင်ဝမ် . . အခု ခင်ဗျားက ဘယ်မှာနေတာလဲ"





"လူကလေး မင်းမေးတာက ဘာလဲ လူတွေ အများကြီးက မိမိတို့ရဲ့ ပိုင်ဆိုင်မှုကို ချုပ်ချယ်သတ်မှတ်ထားတဲ့ အိမ်ဆိုတဲ့ အဆောက်အဦကို မေးတာလား"

"ဟဲ . . ဟဲ . . ဟဲ"

"အဲဒါဆို ငါ့မှာနေစရာ အိမ်ရယ်ဆိုပြီး သတ်မှတ်ထားတာမရှိဘူး လူကလေး ငါအခုရောက်နေတဲ့ ဘူမိနက်သန်က ကမ္ဘာမြေကြီးရှိသလောက်နဲ့ ငါအခုရောက်နေတဲ့ ငါ့ရဲ့နေရာ ငါရဲ့ဘူမိနက်သန်နေရာမှန်ပဲပေါ့ကွ"

"ဟား . . ဟား . . ဟား . . ဟား "

"ငါသွားချင်တဲ့ဆီကို အတားအဆီးမရှိ သွားလို့ရတယ်၊ ငါလာချင်တဲ့ ဆီကို ငါလာလို့ရတယ်၊ ပုလိပ်လိုက်ရင်တော့ ထွက်ပြေးရတာပေါ့ကွာ"

"ဟား . . ဟား . . ဟား . . ဟား "

ဦးကျင်ဝမ် စကားအဆုံး၌ မောင်ဘဂျမ်းပါ သဘောကျ၍ ဦးကျင်ဝမ်နဲ့အတူ ရယ်မောကြလေသည်။

"ဒါနဲ့ လူကလေး . . မင်းက ငါ့ကို ဘယ်မှာနေလဲမေးတယ်၊ ငါဖြေပြီးပြီ၊ အခု ငါမေးရမယ် မင်းရဲ့ ဘူမိနက်သန်ကရော ဘယ်မှာလဲ"

မောင်ဘဂျမ်းက

"ကျုပ် အခု ရောက်နေတဲ့နေရာက ကျုပ်ရဲ့ဘူမိနက်သန်ပဲပေါ့ ဦးကျင်ဝမ်"

"ဟား. . ဟား. . ဟား. . ဟား"

"လူကလေး မင်းကို ငါသဘောကျသွားပြီ၊ မင်းက ပွင့်လင်းတယ်၊ ရိုးသားတယ်၊ မျှတတဲ့စိတ်ရှိတယ်၊ သတ္တိလဲရှိတယ်၊ ဒါပေမယ့် တိုက်ခိုက်မှုပညာ မတတ်တဲ့အတွက် အခြားသူတွေနဲ့ တိုက်ခိုက်မှုဖြစ်တဲ့အခါ ကိုယ်ကပညာမတတ်တော့ သူတစ်ပါးတွေ တိုက်ခိုက်တော့ ကိုယ်ခံရတာပေါ့။ လူမိုက်ကလေး သုံးကောင်နဲ့ မင်းနဲ့ တိုက်ခိုက်တဲ့အချိန် ငါက မင်းရဲ့ တိုက်ခိုက်မှုကို သိချင်လို့ အခြေအနေ စောင့်ကြည့်နေတာ၊ စပြီး တိုက်ခိုက်တာနဲ့ လူက မှောက်တော့တာပဲ"

"ဟား. . ဟား. . ဟား. . ဟား"

မောင်ဘဂျမ်းလည်း ဦးကျင်ဝမ်ပြောတာ နားထောင်၍ သဘောကျစွာ ရယ်မောလေသည်။

"ဦးကျင်ဝမ်. . ကျုပ်တို့က တောနေတောသားဆိုတော့ တစ်နေ့လုပ် တစ်နေ့စားဖို့ ရှာနေတာနဲ့တင် ဒီအရွယ်ကို ရောက်လာတာ၊ အဲ. . တိုက်ခိုက်ရေးပညာတွေ ဘာတွေ မလေ့လာနိုင်ပါဘူးဗျာ။ ဦးကျင်ဝမ်ရဲ့ အသက်အရွယ်နဲ့မမျှအောင် လူမိုက်သုံးယောက်ကို တခဏအတွင်း လဲကျအောင် တိုက်ခိုက်နိုင်တဲ့ ဦးကျင်ဝမ်ပညာကို ကျွန်တော် လေးစားတယ်ဗျာ"

မောင်ဘဂျမ်းနှင့် ဦးကျင်ဝမ်လည်း တစ်ယောက်အကြောင်း တစ်ယောက် ပြောဆိုရင်းနှီးသည့် သဘောမျိုးပင် ဖြစ်လာလေသည်။ မောင်ဘဂျမ်းသည် ရန်ကုန်တစ်ဖက်ကမ်း ငမိုးရိပ်ချောင်းဘေး ထားဝယ်ချောင်း





ရွာကလေးတွင် ဇနီးဖြစ်သူ မမြခက် သမီးလေးဖြစ်သူ မသူဇာတို့နှင့် နေထိုင်၍ သမီးလေး ရှေ့ရေးအတွက် လယ်ယာလုပ်ငန်းကို စွန့်၍ ရန်ကုန်တစ်ဖက်ကမ်းသို့ တက်ကာ မော်တင်ကီလီတစ်ဝိုက်တွင် ရာသီပေါ်နှင့်ကွမ်းယာ ဆေးလိပ်စသည့် ရရာအရောင်းအဝယ် ပစ္စည်းများကို ရောင်းချနေ၍ ယနေ့ည မိမိဈေးရောင်းဝယ်မှုကို စောစီးစွာဖြင့် အနားယူ၍ ဆူးလေစေတီတော်သို့ ဘုရားဖူးရန် လာပြီးအပြန်တွင် ဦးကျင်ဝမ်နှင့် တွေ့ဆုံကြောင်း၊ စသည့်အကြောင်းများကို ဦးကျင်ဝမ် သိရ၍ မောင်ဘဂျမ်း အပေါ် ကရုဏာသက်စွာ စိတ်ချယုံကြည်မှုဖြင့် သူ၏ ဖြတ်သန်းခဲ့ရသော ဘဝခရီးအကြောင်းကို မောင်ဘဂျမ်းအား ပြောပြလေသည်။

ဦးကျင်ဝမ်သည် ကျင်တီဟူသော ညီတစ်ယောက် ရှိ၍ တရုတ်ပြည်မမှဖြစ်၍ မိမိမှာစွန့်စားလိုသော ဝါသနာသည် ငယ်စဉ်ကတည်းက ရှိသည်ဖြစ်၍ တရုတ်ပြည်မမှ ထွက်ကာ မြန်မာပြည်ထဲသို့ ဝင်ခဲ့လေသည်။

မြန်မာပြည်အတွင်းတွင် တစ်မြို့ပြီးတစ်မြို့ လှည့်ပတ်သွားလာနေပြီး ဒုက္ခရောက်သူများ တွေ့ကြုံက နိုင်သည့်အကူအညီပေးလေသည်။ ထိုသို့ ကြုံရာကျပန်း သွားလာနေပြီး မင်းဘူးခေတ္တရာဘက်သို့ ရောက်သောအခါ အနောက်ရိုးမအတွင်းသို့ ဝင်၍ မိမိ ဆေးဝါးဖော်စပ်ရန် အတွက် လိုအပ်သော ပရဆေးပင်များကို ရိုးမအတွင်းဘက်သို့ အဖော်မပါ တစ်ကိုယ်တည်းဝင်ပြီး ရှာဖွေလေသည်။

ထိုသို့ ရှာဖွေရင်း ရိုးမအတွင်း လမ်းမှား၍ ကျောက်ဂူတစ်ခုထဲသို့ ရောက်သွားလေသည်။ ထိုဂူကြီးသည် ရိုးမတောနက်ထဲတွင် ရှိသည်

ဖြစ်၍ တော်ရုံ လူသူမရောက်ပေါက်သော နေရာ ဖြစ်လေသည်။ ၎င်း ဂူထဲတွင် လူအရိုးစုများ ပြန့်ကျဲနေ၍ မြောက်မြားလှစွာသော ရွှေဒင်္ဂါး များကို တွေ့ရလေသည်။

ဦးကျင်ဝမ်သည် ဂူထဲ၌ တွေ့ရသော မြွေဆိုးများ တောပင့်ကူ ကြီးများ စသည့် သဘာဝအန္တရာယ်များကို ရှောင်ရှား၍ မိမိတွေ့ရှိသော ရွှေဒင်္ဂါးများထဲမှ မိမိနိုင်သလောက် တစ်နိုင်သယ်၍ ၎င်းဂူထဲမှ ပြန်ထွက် ခဲ့လေသည်။ ရွှေဒင်္ဂါးများ ကျန်ရှိနေသေးသော ၎င်းဂူအား အမှတ်အသား ပြုလုပ်၍ မြေပုံရေးဆွဲပြီး ယူခဲ့လေသည်။

ထို့နောက် ထိုဂူကြီးထဲမှ ထွက်ကာ ရိုးမတောအတွင်းမှ ပြန်ထွက် နိုင်ရန် လမ်းကို ရှာဖွေခဲ့ရာ သုံးရက်လောက်အကြာတွင် တောထဲသို့ သစ်ဝါးခုတ်ရန် လာကြသော သစ်ခုတ်သမားများနှင့် တွေ့ဆုံခဲ့၍ ရိုးမ တောအတွင်းမှ ပြန်ထွက်နိုင်ခဲ့ကြောင်း မိမိမှာရရှိလာသည့် ရွှေ ငွေ ပစ္စည်းများကို မြန်မာပြည်အနှံ့ လှည့်၍ ဆင်းရဲဒုက္ခ ရောက်သူများကို မိမိကို မသိစေဘဲ လိုက်လံကူညီပေးခဲ့ကြောင်း စသည်ဖြင့် မောင်ဘဂျမ်း ကို ရှင်းပြလေသည်။

ထို့နောက် မိမိမှာ အသက်အရွယ်ထောက်လာပြီ ဖြစ်သဖြင့် ရိုးမတောအတွင်း၌ ကျန်ခဲ့သော ရွှေ ငွေ ပစ္စည်းများကို မိမိလို အများ ပြည်သူကို ကူညီလိုစိတ်ရှိပြီး စွန့်စားဝံ့သူကို လွှဲပြောင်းပေးချင်၍ မိမိ လိုချင်သောလူကို ရှာဖွေရာ ယခု မောင်ဘဂျမ်းကိုတွေ့ရ၍ မောင်ဘဂျမ်းကို ရွေးချယ်လိုက်ကြောင်း ပြောလေသည်။





"လူကလေး မင်းရဲ့ရိုးသားမှုနဲ့ တစ်ဖက်သားကိုကူညီတဲ့ စိတ်ဓာတ် အတွက် ထိုက်တန်တဲ့ဆုလို့ သဘောထား"

ဦးကျင်ဝမ်မှာ စကားဆုံးသည်နှင့် တရုတ်လွယ်အိတ်ဖားဖားကြီး ထဲမှ ရွှံ့အိတ်ဖြင့်ထည့်ထားသော ရွှေဒင်္ဂါးပြားများကို ပေးလေသည်။

"လူကလေး ဒီရွှေဒင်္ဂါးတွေကို ထုခွဲရောင်းချပြီး မင်းရဲ့မိသားစု နေရေး ထိုင်ရေး မပူပင်ရအောင် စီမံပေးပြီး ငါပြောသလို မင်းမှာ စွန့်စား ဝံ့တဲ့ သတ္တိနဲ့ပြတ်သားတဲ့ ဆုံးဖြတ်မှုရှိရင် ဒီကနေ့က စပြီး တစ်လအတွင်း ဗဟန်းဘက်က ကြားတောရဘုန်းကြီးကျောင်းကို လာခဲ့။ ငါ စောင့်နေမယ်။ တစ်လကို တစ်ရက်ကျော်သွားရင် ငါမရှိတော့ဘူးလို့ သတ်မှတ်လိုက်တော့ ဟုတ်လား လူကလေး"

ဦးကျင်ဝမ် စကားဆုံးသည်နှင့် မောင်ဘဂျမ်း၏ ရှေ့မှ လှည့် ထွက်သွားလေသည်။

မောင်ဘဂျမ်းလည်း မယုံနိုင်လောက်အောင် ဖြစ်ပျက်သော အဖြစ်အပျက်များကို တွေး၍ မိမိ၏ကံကြမ္မာပြောင်းလဲမှု အပေါ်၌ အံ့ဩမှင်သက်မိလေသည်။ တဒင်္ကြာမှ သတိပြန်ဝင်လာကာ ဦးကျင်ဝမ် ပေးခဲ့သော ရွှေဒင်္ဂါးပြားများကို ခန္ဓာကိုယ်တွင် ဖွက်၍ သိမ်းပြီး ထိုနေရာမှ ထွက်ခဲ့လေသည်။

မောင်ဘဂျမ်း တစ်ယောက် ရွှေဒင်္ဂါးပြားများကို ထုခွဲ၍ရောင်းပြီး မိမိ မိသားစုရှိရာ ထားဝယ်ချောင်ရွာကလေးသို့ ပြန်ပြီး မိမိမှာ ထီ

တစ်သောင်းစု ပေါက်သည့်အကြောင်း ရွာထဲတွင် သတင်းဖြန့်၍ နဂို မိမိ၏မိဘများ နေထိုင်ခဲ့သော မိမိအပိုင် အိမ်ဝိုင်းအတွင်းတွင် တော်သင့်ရုံ နှစ်ထပ်လည်ပေါ် အိမ်တစ်လုံးကို လက်သမား ဆရာ အများအပြား ခေါ်၍ ရက်အနည်းငယ်အတွင်းတွင် ပြီးအောင် ဆောက်လုပ်လေသည်။

အိမ်ဆောက်ပြီးသည်နှင့် အိမ်တက်မင်္ဂလာ ပြုလုပ်ကာ တစ်ရွာလုံးကို မီးခိုးတိတ် ကျွေးမွေးလေသည်။ အလှူပြီးသည့်အချိန်တွင် မိမိ၏ သူငယ်ချင်းဖြစ်သော အောင်ဘော်ကိုခေါ်၍ မိမိမှာ အခြားမြို့ရွာသို့ အရောင်းအဝယ်ကိစ္စဖြင့် ခရီးသွားမည်ဖြစ်သဖြင့် မိမိဇနီး မမြခက် နှင့် သမီးလေး မသူဇာတို့ကို မိမိကိုယ်စား စောင့်ရှောက်ပေးရန် ပြောကြားလေသည်။

မောင်ဘဂျမ်းသည် သူငယ်ချင်းဖြစ်သူ မောင်အောင်ဘော် အတွက် အရင်းအနှီးငွေကြေး လိုသလောက်ယူရန် ပြောသော်လည်း မောင်အောင်ဘော်က

"သူငယ်ချင်း ဘဂျမ်းရယ်၊ ငါက အခု ဘုန်းကြီးကျောင်းမှာ ဆရာတော်ကို ဝတ်ဖြည့်ရင်း တစ်ယောက်တည်းနေတဲ့သူ ငါ့အတွက် အရင်းအနှီး၊ ငွေကြေး မလိုပါဘူးကွာ။ ငါ့အတွက် လိုအပ်တာ မင်း ဝယ်ပေးမယ်ဆိုရင် ငါက လောကီပညာတွေကို စိတ်ဝင်တစားကို လေ့လာပြီး အခု အင်္ဂရိတ်ထိုးနေတာကွ၊ အဲဒီအတွက် မင်းက လုံအမျိုးအစား များများနဲ့ မီးသွေးအိတ်များများ ဝယ်ပြီး ဘုန်းကြီးကျောင်းကို ပို့လိုက်ကွာ"





မောင်ဘဂျမ်းလည်း မောင်အောင်ဘော် ပြောသလို အင်္ဂရိတ် ခါတ်ပစ္စည်းမျိုးစုံ၊ လုံမျိုးစုံနှင့် မီးသွေးတစ်တန်ကျော်ကို ဝယ်ယူ၍ မောင်အောင်ဘော်အတွက် ဘုန်းကြီးကျောင်းကို ပို့ပေးလေသည်။

နောက်တစ်နေ့မှစ၍ မောင်ဘဂျမ်းတစ်ယောက် ရွာမှ ထွက်သွားလေတော့သည်။

မောင်ဘဂျမ်း နှင့် ဦးကျင်ဝမ်လည်း ရိုးမအတွင်းသို့ ဝင်ရန် ခရီးထွက်ခဲ့လေသည်။ မောင်ဘဂျမ်းတို့ ခရီးထွက်လာသည့် အချိန်သည် ဝသန်ကာလ မိုးရာသီ ကျရောက်ဖို့ နီးသည်ဖြစ်၍ ရိုးမအတွင်းသို့ ဝင်ရန် ကောင်းသောအချိန်အခါ မဟုတ်သေးသည်ကို တွက်ဆမိသဖြင့် မိမိတို့ သွားမည့်ခရီးနှင့် နီးသော မြို့တစ်မြို့၏ မြို့စွန်တွင် အိမ်တစ်လုံးကို ခေတ္တငှားရမ်း၍ နေလေသည်။

ဦးကျင်ဝမ်သည် မောင်ဘဂျမ်းအား ယောကျ်ားတို့ တတ်အပ် သော အဌာရသပညာရပ်များထဲမှ သိုင်းပညာအတတ်ကို သင်ကြားပေး လေသည်။

"လူကလေး မင်းကို အခု ငါ သင်ပေးတဲ့ သိုင်းပညာက မင်းတို့ မြန်မာလူမျိုးတွေရဲ့ ပညာပဲ။ ငါ ပြည်မမှာနေခဲ့တုန်းက ကွန်ဖူးကစား တယ်။ မြန်မာပြည်ဘက်ကို ရောက်တဲ့အခါ ဖားအံဘက် ဇွဲကပင် တောင်မှာ သီတင်းသုံး အားထုတ်နေတဲ့ ဆရာတော်တစ်ပါးက တစ်ချိန်က သူ သင်ကြားတတ်မြောက်ထားတဲ့ ကြောင်တစ်ရာသိုင်းပညာရပ် ဖြစ်တဲ့

သိုင်းပညာကို သေရွာကို မယူလိုတဲ့ စေတနာကြောင့် ပေရွက်ပေါ်မှာ ရေးသားပြီး သင့်တော်တဲ့သူငယ် တွေ့ရင် သင်ပေးပါလို့ မေတ္တာရပ်ခံပြီး ငါ့ကို ချီးမြှင့်လိုက်တာပဲ။ လူကလေးက ကြောင်တစ်ရာ သိုင်းပညာရပ်ကို သင်ကြားတဲ့အတွက် ယနေ့မှစပြီး ကြောင်တစ်ရာဘဂျမ်းလို့ အမည်တွင်စေသတည်း။

ဦးကျင်ဝမ် စကားအဆုံး၌ မောင်ဘဂျမ်းလည်း ကြောင်တစ်ရာဘဂျမ်းဟု ရေရွတ်မိလေသည်။

ထိုသို့ ရေရွတ်လိုက်ရာ မိမိ၏ရင်ထဲတွင် အမျိုးအမည် မဖော်နိုင်သော အားအင်တစ်ရပ်ကို ရရှိသလို ခံစားလိုက်မိလေသည်။

မောင်ဘဂျမ်းနှင့် ဆရာဖြစ်သူ ဦးကျင်ဝမ်လည်း အချိန်ရှိတိုင်း သိုင်းပညာကို ကစားနေသည် ဖြစ်၍မိမိတို့ စားသောက်ဖို့အတွက် ထမင်းချက် ဘတ္တလာတစ်ယောက် လိုသည်ဖြစ်၍ မြို့ခံလူတစ်ယောက်နှင့် ရှာဖွေခိုင်းရာ အိန္ဒိယလူမျိုး နာရာဆင်းဆိုသည့် ထမင်းချက်ကို ရရှိလေသည်။

နာရာဆင်း၏ မိသားစုမှာ အိန္ဒိယမှာရှိကြောင်း၊ ဇနီးဖြစ်သူ ဘီဘီ သားနှစ်ယောက်ဖြစ်သော ဆာမိဆင်း၊ ရာဂျာဆင်းတို့ ဖြစ်ကြောင်း သိရ၍ မိမိမှာ မြန်မာပြည်မှာ ထမင်းချက်အလုပ်ဖြင့် ငွေကြေးစုဆောင်းပြီး အိန္ဒိယသို့ ပို့ဆောင်ပေးရမည် ဖြစ်ကြောင်း သနားစရာ ပြောကြားလေသည်။

နာရာဆင်းသည် ထမင်းချက်အလုပ်ကို ကြိုးစား၍လုပ်ကိုင်လေသည်၊ အချိန်တန် ဦးကျင်ဝမ်ဆီမှ ဈေးဖိုးယူ၍ ဝယ်ခြမ်းကာ ကောင်းမွန်





စွာဖြင့် ချက်ပြုတ်လေသည်။ ထိုသို့ နေထိုင်လာရင်း နှစ်ဝက်လောက်အကြာတွင် မောင်ဘဂျမ်းမှာ သိုင်းပညာရပ်ကို ကျွမ်းကျင် တတ်မြောက်လေသည်။ နေ့စဉ် သိုင်းပညာကို မနားမနေ ကြိုးစားသင်ယူသောကြောင့် မောင်ဘဂျမ်း၏ခန္ဓာကိုယ်မှာ ဖွံ့ဖြိုး၍ ကြံ့ခိုင်သန်မာသော အဖြစ်သို့ ပြောင်းလဲလာခဲ့လေသည်။

မောင်ဘဂျမ်း သိုင်းပညာ တတ်မြောက်ပြီးသောအခါ ရာသီဥတုမှာလည်း ပွင့်လင်းရာသီ ဖြစ်၍ ရိုးမတောအတွင်း ဝင်ရန် ထိုနေ့ညလောက်တွင် မောင်ဘဂျမ်းနှင့်ဦးကျင်ဝမ်တို့ ဆရာတပည့် နှစ်ယောက် တိုင်ပင်ကြလေသည်။

ထိုအချိန်တွင် အခန်းဝ၌ အရိပ်တစ်ခုကိုတွေ့၍ မောင်ဘဂျမ်းမှာ အခန်းအပြင်သို့ ထွက်ကြည့်ရာ တစ်စုံတစ်ယောက်မှ မရှိသည်ကို တွေ့ရ၍ စိတ်ထဲ စနိုးစနောင့်ဖြစ်ကာ မီးဖိုအခန်းနှင့် ကပ်နေသော အခန်းထဲတွင် အိပ်နေသော ထမင်းချက် နာရာဆင်းအား သွား၍ကြည့်ရာ အခန်းထဲတွင် နာရာဆင်းမရှိသည်ကို တွေ့ရ၍ နာရာဆင်းကို ခေါ်ကြည့်ရာ အိမ်အပြင် ခြံထဲမှ နာရာဆင်း၏ ပြန်ထူးသံ ကြားရပြီး နောက်ဖေးတံခါးမှ နာရာဆင်း ပြန်ဝင်လာလေသည်။

နာရာဆင်းက

"ဘုရား ဆပ်. . နာရာဆင်း ရှိတယ် ဆပ်၊ အိပ်မပျော်သေးလို့ ခြံထဲ လမ်းလျှောက်တယ် ဆပ်၊ ချွန်နော် အခု ဘာလုပ်ပေးရမလဲ ဆပ်"

"ဘာမှလုပ်ပေးစရာ မရှိပါဘူး။ ဒါနဲ့ ခြံထဲမှာ တခြားသူ လူရိပ်တွေ ဘာတွေ တွေ့သေးလား"

"မတွေ့ဘူး ဆပ်၊ ချွန်နော် တစ်ယောက်တည်း ရှိတယ် ဆပ်"

"ကောင်းပြီ . . နာရာဆင်း အချိန်လည်း သိပ်မရှိတော့ဘူး ခြံထဲ မဆင်းနဲ့တော့"

"ဟုတ်ကဲ့ . . ဘုရားဆပ်"

မောင်ဘဂျမ်းလည်း စိတ်ထဲ စနိုးစနောင့်ဖြင့် မိမိတို့ စကားပြောနေသော အိမ်ရှေ့ခန်းသို့ ပြန်ဝင်ကာ ဦးကျင်ဝမ်ကို ရှင်းပြလေသည်။

ထို့နောက်ပိုင်းတွင် နာရာဆင်းကို သိပ်ပြီး ယုံကြည်မှု မရှိသောကြောင့် အစစအရာရာ သတိနဲ့သာ ဆင်ခြင်ပြီး နေခဲ့ကြလေသည်။

နာရာဆင်းမှာ ဘာမှမထူးခြားသလို ပုံစံမပြောင်းသဖြင့် မိမိတို့ စိတ်ထဲမှာ အမှတ်မှားသည်ဟုသာ ထင်မိလေသည်။

ရာသီဥတု သာယာသော နေ့တစ်နေ့၌ မောင်ဘဂျမ်းတို့ ဆရာ တပည့်နှစ်ယောက်လည်း လိုအပ်သော ဆေးဝါးရိက္ခာလက်နက်များကို စုဆောင်းပြီး ရိုးမတောအတွင်းသို့ ဝင်ခဲ့ကြလေသည်။ မောင်ဘဂျမ်းတို့ ဆရာတပည့် နှစ်ယောက်လည်း ရိုးမတောအတွင်း တစ်ပတ်ကျော် အချိန်လောက် ကြာမှ ဦးကျင်ဝမ် အမှတ်အသားပြုခဲ့သော ကျောက်ဂူကို တွေ့ရလေသည်။ ဂူထဲသို့ ရေနံဆွတ်ထားသော အဝတ်ထုပ်များကို မီးရှို့၍ ပစ်ထည့်ပြီး ကျောက်ဂူထဲမှ သဘာဝဘေးအန္တရာယ်များ ဖယ်ရှားကြလေသည်။





စိတ်ချလောက်သည့် အခါကျမှ ကျောက်ဂူထဲသို့ ဝင်ကာ မိမိတို့ ပါလာသော ခရီးဆောင်နှစ်အိတ်ထဲသို့ ရွှေဒင်္ဂါးပြားများကို ခွဲ၍ထည့်ပြီး ထိုကျောက်ဂူထဲမှထွက်ကာ မိမိတို့ လာခဲ့သည့်လမ်းအတိုင်း ရိုးမထဲမှ ပြန်လည်ထွက်ခဲ့လေသည်။

မောင်ဘဂျမ်းတို့ ဆရာ၊ တပည့်လည်း ရရှိခဲ့သည့် ရွှေ ငွေ ပစ္စည်းများကို အိမ်၏လုံခြုံသော နေရာတွင် နှစ်နေရာခွဲ၍ ထမင်းချက်နာရာဆင်း မသိအောင် လျှို့ဝှက်စွာ သိမ်းဆည်းထားလေသည်။

မကြာမီ မိမိတို့လည်း ထိုနေရာမှ ခွာရမည်၊ နာရာဆင်းကိုလည်း မိမိတို့ကို ထမင်း ချက်ပြုတ်ကျွေးမွေးခဲ့သည့်အတွက် ထိုက်တန်သော အရင်းအနှီးပေးမည်ဟု နာရာဆင်း မသိစေဘဲ ဆရာ၊ တပည့် နှစ်ယောက် တိုင်ပင်ထားလေသည်။ ဦးကျင်ဝမ်က-

"လူကလေး ပြည်မမှာရှိတဲ့ ငါ့ရဲ့ညီဖြစ်တဲ့ ကျင်တီဆီကို ငါတို့ ဆရာ၊ တပည့်နှစ်ယောက် တွဲရိုက်ထားတဲ့ ဓာတ်ပုံ ထည့်ပြီး သံကြိုးစာနဲ့ အကြောင်းကြားရအုံးမယ်"

ထို့နောက် မောင်ဘဂျမ်းနှင့်ဦးကျင်ဝမ် ဆရာတပည့်နှစ်ယောက် တွဲ၍ ဓာတ်ပုံရိုက်ကာ ဓာတ်ပုံကို နှစ်ပုံခွဲ၍ ငွေကြိုးကလေးဖြင့် ပြုလုပ်ထားသော လော့ကက်နှစ်ခုထဲတွင် ဆရာ၊ တပည့် နှစ်ယောက် တွဲရိုက်ထားသော ဓာတ်ပုံတစ်ပုံစီ ထည့်၍ ဦးကျင်ဝမ်က မောင်ဘဂျမ်းကို ငွေကြိုးလော့ကက်တစ်ခုကို ပေးထားလေသည်။

"လူကလေး . . တစ်ချိန်မှာ ငါ့ရဲ့ညီ ကျင်တိနဲ့တွေ့ရင် မင်းတို့နှစ်ယောက် ဆက်သွယ်လို့ရအောင် ငါ စီစဉ်ထားတာပဲ။ ငါ့ရဲ့ညီ ကျင်တိက လောကီပညာရပ်တွေကို လိုက်စားတဲ့ နေရာမှာ ငါ့ထက်ပိုပြီး တော်တယ်။ အခု ပြည်မမှာ ဟရုတ်ရိုးရာသမားတော်အဖြစ်နဲ့ ဆင်းရဲနွမ်းပါး နေထိုင်မကောင်းတဲ့သူတွေကို အကူအညီပေးပြီး နေတယ်"

"ဟုတ်ကဲ့ပါ . . ဆရာ ဦးကျင်ဝမ်၊ ဆရာ့ရဲ့ညီ ဦးကျင်တိကိုလည်း ကျွန်တော့်ရဲ့ ဆရာဟစ်ယောက်အဖြစ် လေးလေးစားစား သတ်မှတ်ပါ့မယ်"

ဦးကျင်ဝမ်သည် ပြည်မမှာရှိသော ဦးကျင်တိထံသို့ သူနှင့် မောင်ဘဂျမ်း တွဲ၍ရိုက်ထားသော ဓာတ်ပုံပါသည့် ငွေကြိုးတပ်လော့ကတ်နှင့် မိမိနှင့် မောင်ဘဂျမ်းတို့ ဆရာတပည့်အကြောင်းကို ရေးသား၍ ဦးကျင်တိဆီ ကြေးနန်းပို့လေသည်။

ထို့နောက် ဦးကျင်ဝမ်နှင့် မောင်ဘဂျမ်းလည်း ထိုနေရာမှ ထွက်ခွာရန် လိုအပ်ချက်များကို အသေးစိတ် စီစဉ်နေသည့် တစ်နေ့တွင် ဦးကျင်ဝမ်၏ ခိုင်းစေချက်ကြောင့် မောင်ဘဂျမ်းတစ်ယောက် အကြောင်းကိစ္စဖြင့် အပြင်တွင် တစ်နေကုန် သွားလေသည်။

မောင်ဘဂျမ်း မိမိတို့ ခေတ္တခဏ နေထိုင်ရာ အိမ်သို့ ရောက်သောအခါ သူ၏ဆရာ ဦးကျင်ဝမ်၏ အသံလည်းမကြား၊ ထမင်းချက်နာရာဆင်းရဲ့ အရိပ်အရောင်လဲ မတွေ့သဖြင့် စိတ်ထဲတွင် စိုးရိမ်ပူပန်စွာဖြင့် အိမ်ထဲသို့ ဝင်ခဲ့လေသည်။





အိမ်ထဲ ရောက်သည့်အခါ သူ၏ဆရာ ဦးကျင်ဝမ်ကို ခေါ်ရာ ဦးကျင်ဝမ် ဆီမှ ပြန်ထူးသံမကြားရသည်နှင့် အိမ်ထဲရှိ အခန်းတွေထဲတွင် ရှာဖွေရာ သူ၏ဆရာ ဦးကျင်ဝမ်တစ်ယောက်မှာ ထမင်းစားခန်းထဲတွင် ထမင်းစားရင်းတန်းလန်းဖြင့် ဇက်ကြိုးကျကာ အသက် သေဆုံးနေသည်ကို တွေ့ရလေသည်။

ဦးကျင်ဝမ် တစ်ယောက် ထမင်းစားပွဲတွင် အဆိပ်ခပ်ခံရကြောင်း သိရှိလိုက်လေသည်။ မောင်ဘဂျမ်းသည် သူ၏ ကျေးဇူးရှင်ဆရာအတွက် ယူကျုံးမရ ဖြစ်ကာ သည်းထန်စွာ ငိုကြွေးလေသည်။ အတန်ကြာအောင် ငိုကြွေးပြီးမှ သတိရကာ မိမိတို့ ဆရာ၊ တပည့် လျှို့ဝှက်သိမ်းဆည်းထားသော ရွှေဒင်္ဂါးများ သိမ်းထားရာသို့ ပြန်လည် ရှာဖွေရာ (၂) နေရာခွဲပြီး သိမ်းထားသည့်အနက် ရွှေဒင်္ဂါးအိတ် တစ်အိတ် ပျောက်ဆုံးနေသည်ကို တွေ့ရလေသည်။

မောင်ဘဂျမ်းမှာ အံကိုတင်းတင်းကြိတ်၍

"စကောလောက်မှ ဇောက်မနက်တဲ့ကောင်၊ ထမင်း ဝအောင် စားထားပေတော့။ နာရာဆင်း ကမ္ဘာရေမြေတစ်ခုလုံး ဆုံးပါစေ၊ ငါ့ရဲ့ ဆရာအတွက် မင်းရဲ့အသက်ကို ပြန်ပြီးရအောင် ယူမယ်ကွ"

မောင်ဘဂျမ်းမှာ စကားဆုံးသည်နှင့် သည်းထန်စွာ ငိုကြွေး ပြန်လေသည်။

မောင်ဘဂျမ်းသည် သူ၏ဆရာဖြစ်သော ဦးကျင်ဝမ်၏ ရုပ်ကလာပ်ကို ကောင်းစွာ မြေကျစေပြီး ဆရာ့ရဲ့မြေပုံကို နောက်ဆုံး ကန်တော့ခြင်းဖြင့် ကန်တော့ရင်း

"ဆရာ့ရဲ့အသက်ကို လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ နာရာဆင်းရဲ့ အသက်နဲ့ ကျွန်တော်တို့ ဆရာ၊ တပည့်နှစ်ယောက် စွန့်စားပြီး ရှာဖွေခဲ့တဲ့ ရွှေ၊ ငွေပစ္စည်းတွေကို ကျွန်တော် တာဝန်ကျေပွန်စွာ ပြန်ယူပါမယ်လို့ ကတိပေးပါတယ် ဆရာ"

မောင်ဘဂျမ်းလည်း ထိုနေရာမှ စွန့်ခွာလာခဲ့၍ နေရာအနှံ့ ခြေသလုံးအိမ်တိုင် ဘဝအဖြစ်နှင့် နာရာဆင်း၏ သတင်းအစအနကို စုံစမ်းလေသည်။ ထိုသို့ စုံစမ်းရင်း ရန်ကုန်မြို့ ဂိုးလ်ဒင်းဘယ်ရီလမ်းတွင် ရတနာပစ္စည်း ရောင်းဝယ်သူ ရတနာကုန်သည်ကြီးအဖြစ်နှင့် နာရာဆင်း သတင်းကို ကြားရလေသည်။

မောင်ဘဂျမ်းလည်း ရှစ်မိုင်ဘက်တွင် ခြံတစ်ခြံ ဝယ်ယူကာ တစ်ယောက်တည်း ဇာတ်မြုပ်၍နေလေသည်။ ထားဝယ်ချောင်ရွာလေးတွင် ကျန်ရစ်ခဲ့သော ဇနီးသည်နှင့် သမီးလေးဆီသို့ အဆက်အသွယ် မလုပ်ဘဲ မိမိ လက်စားချေရေးကိစ္စပြီးမှ ရွာသို့ပြန်ကာ မိသားစု တစ်သက်တာ စိတ်ချမ်းသာစွာဖြင့် နေထိုင်မည်ဟု စိတ်မှာ တွေးတောထားလေသည်။





ထိုသို့ နေထိုင်ရင်း မောင်ဘဂျမ်းမှာ နာရာဆင်း၏ အရိပ်အခြေကို ရုပ်ဖျက်၍ စုံစမ်းပြီး အခွင့်သာသော တစ်နေ့တွင် နာရာဆင်းအား တွေ့ဆုံ၍ မိမိ ရုပ်ဖျက်ထားသည်ကို ဖျက်၍ မိမိမှာ ဘဂျမ်းဖြစ်ကြောင်း သိစေပြီးမှ သူ၏ဆရာကို သတ်၍ ယူသွားသော ရွှေ ငွေများကို ပြန်လည်တောင်းရာ နာရာဆင်းမှာ သူ့အသက် သေဆုံးမည်ကို ကြောက်သဖြင့် သူ့အသက်ကို ချမ်းသာပေးရန် အကြိမ်ကြိမ် အသနားခံ၍ မိမိယူဆောင်လာသော ရတနာများမှာ မိမိထံတွင် အကုန်မရှိသည် ဆိုသည့်အကြောင်း၊ မိမိ၏ သားနှစ်ယောက်ဖြစ်သော ဆာမိဆင်းနှင့် ရာဂျာဆင်းတို့အား ခွဲဝေပေးထားကြောင်း ပြောဆို၍ သူ့တွင်ရှိသော ရွှေ ငွေ၊ ရတနာများကို ထုတ်ပေးလေသည်။ မောင်ဘဂျမ်းလည်း နာရာဆင်းထုတ်ပေးသော ရွှေငွေ များကိုယူ၍ နာရာဆင်းအား ဇက်ကိုချိုး၍ သတ်လိုက်လေသည်။

ထို့နောက် မောင်ဘဂျမ်းလည်း သူ၏ဆရာကို လုပ်ကြံသတ်ဖြတ်သွားသော နာရာဆင်းကို သွေးကြွေးပြန်လည်ဆပ်ပြီးကြောင်း တိုင်တည်၍ သူ၏ဆရာဖြစ်သူမှာ သူ့အား သိုင်းပညာရပ် စတင်သင်ကြားသည့် အချိန်က ခေါ်ဆိုခဲ့သော ကြောင်တစ်ရာဘဂျမ်းဟူသော အမည်ကို ပြန်လည် သတိရ၍ နာရာဆင်းအိမ်တွင် အဆင်သင့်တွေ့သော ဆေးပုံးထဲမှ ဆေးအနီရောင်ကို စုတ်တံဖြင့်တို့၍ အခန်းနံရံတွင် ကြောင်တစ်ရာဘဂျမ်း ဟု ရေးသားလိုက်လေသည်။

ထို့နောက် မောင်ဘဂျမ်းသည် ဟန်မပျက် မိမိ ဝယ်ယူထား သော ခြံထဲတွင် ပြန်လည်နေထိုင်လေသည်။ နာရာဆင်း၏ သားနှစ်ယောက် ဆီမှ ရတနာများကို ပြန်လည်ယူရန်ရှိသေးသဖြင့် နာရာဆင်း၏ သားနှစ်ယောက် ဖြစ်သော ဆာမိဆင်းနှင့်ရာဂျာဆင်း ဟူသော ညီအစ်ကို နှစ်ယောက်၏ သတင်းအား ဆက်၍စုံစမ်းလေသည်။

ထိုသို့ နေထိုင်လာခဲ့သည်မှာ နှစ်အနည်းငယ်ပင် ကြာ၍ လာလေသည်။ နာရာဆင်းကို သတ်ခဲ့သည့်အမှုအတွက် နောက်ကြောင်း ရှင်းရန် မိမိ မိသားစုကို မဆက်သွယ်ခဲ့သော မောင်ဘဂျမ်းတစ်ယောက် မိမိမိသားစုထံသို့ ဆက်သွယ်ရန် လိုအပ်ပြီဟု ယူဆ၍ မိမိ၏ရွာထဲသို့ ညဘက်တွင်ခိုး၍ ထွက်လာပြီး ရွာဘုန်းကြီးကျောင်းတွင် ကပ္ပိယအဖြစ် နေသော မိမိ၏ငယ်သူငယ်ချင်း အောင်ဘော်နှင့် လျှို့ဝှက်စွာ တွေ့ရှိ လေသည်။

သူငယ်ချင်းအောင်ဘော်မှာ မောင်ဘဂျမ်းကို တွေ့သည်နှင့် မျက်ရည်များ တသွင်သွင်စီးကျလာ၍ မကြာသေးခင်က မမြခက် အိမ်သို့ ညဘက်အချိန် ဓားပြများဝင်၍ မမြခက်ကို ဓားပြများက သတ်ဖြတ် သွားသည့်အတွက် မမြခက်မှာ သေဆုံးသွားပြီဖြစ်ကြောင်း ကံအားလျော်စွာ အဲဒီညတွင် ဘဂျမ်း၏သမီးလေး မသူဇာမှာ မိမိရှိရာ ဘုန်းကြီးကျောင်းထဲသို့ လာ၍ ပုံပြင်ပြောခိုင်းသည့်အတွက် မောင်အောင်ဘော် မှာ မသူဇာလေး စိတ်မကောက်စေရန် ချော့၍ ပုံပြောပြရလေသည်။





မသူဇာလေးမှာ ပုံပြင်နားထောင်ရင်း အိပ်ပျော်သွားသည်ဖြစ်၍ မိမိအခန်းထဲမှာပင် ထိုနေ့ညက အိပ်လိုက်သဖြင့် မသူဇာလေးမှာ ကံကောင်း စွာဖြင့် အသက်ရှင်နေခဲ့ပြီး ယခု မမြခက်၏မိဘနှစ်ပါး ဖြစ်သော ဦးစံဖူးနှင့် ဒေါ်ကြိုင်မှာ မြေးမလေး မသူဇာကို ခေါ်ယူစောင့်ရှောက်ထားကြောင်း သိရှိလိုက်ရလေသည်။

မောင်ဘဂျမ်းသည် သူ၏အိမ်သို့ ဓားပြတိုက်၍ သူ၏ဇနီးဖြစ်သူ မမြခက်အား သတ်သွားသည်မှာ သူနှင့်ရန်ငြိုးရန်စ မပြတ်သော နာရာဆ င်း ၏မျိုးဆက်မှ မိမိတို့မိသားစုအား သေကွဲရှင်ကွဲဖြစ်အောင် ပြုလုပ်ခဲ့သူ ဖြစ်ရမည်ဟု ဆုံးဖြတ်၍ မောင်အောင်ဘော်အား မိမိသမီးလေးကို ဆက်လက်၍ စောင့်ရှောက်ဖို့နှင့် မိမိ ဒီကိုလာသည့် အဖြစ်ကို ဘယ်သူမှမသိစေရန် မိမိမှာ အရေးကြီးသည့် အကြောင်းအရာရှိ၍ သမီးလေးမသူဇာအား မိမိ အလုပ်ကိစ္စပြီးမှ တွေ့ဆုံမည်ဟု ပြော၍ သူငယ်ချင်းဖြစ်သော မောင်အောင်ဘော် ကို နှုတ်ဆက်ကာ မိမိ နေထိုင်ရာ ရှစ်မိုင်ဘက်က ခြံသို့ ပြန်လာခဲ့လေသည်။

မောင်ဘဂျမ်းသည် ဇနီးသည် မမြခက်အား လုပ်ကြံသတ်ဖြတ် သွားသော နာရာဆင်း၏ သားတွေဖြစ်သော ဆာမိဆင်းနှင့်ရာဂျာဆင်း တို့၏သတင်းကိုမရမက စုံစမ်းလေသည်။ မကြာမီ ရန်သူညီနောင် နေထိုင်သော နေရာကို သိရလေသည်။

မောင်ဘဂျမ်းလည်း အခြေအနေ၊ အချိန်အခါကို သုံးသပ်၍ လက်တုံ့ပြန်နိုင်ရန် အခွင့်ကောင်းကို စောင့်မျှော်နေမိလေသည်။ ထိုရက်ပိုင်း အတွင်းတွင် မောင်ဘဂျမ်းမှာ တရုတ်ပြည်မမှာရှိသော သူ၏ဆရာ ဦးကျောင်ဝမ်၏ညီ ဦးကျောင်တီဆီသို့ မိမိတို့၏ အဖြစ်အပျက် ကို စာရေးသား၍ ကြေးနန်းဖြင့် ပို့လေသည်။

စာထဲတွင် ရေးသားထားသည်မှာ မိမိမှာ ဆရာဖြစ်သူကို သတ်သော နာရာဆင်းကို သတ်ပြီးခဲ့ပြီဖြစ်ကြောင်း နာရာဆင်း၏ သား များမှာ မိမိကိုရှာဖွေမရသည့်အတွက် မိမိ၏ဇနီးသည်အား သတ်ဖြတ် သွားကြောင်း၊ ထို့အတွက်ကြောင့် နာရာဆင်း၏ မျိုးဆက်များအား မိုးဆုံး မြေအနံ့ လိုက်၍ရှာပြီး သွေးကြွေးဂလဲ့စားချေမည် ဖြစ်ကြောင်း-

မိမိအား ပုလိပ်ဘက်မှ မိသွားလျှင် မလွဲမသွေ ကြိုးစင်သို့ တက်ရောက်ရမည်ဖြစ်ကြောင်း၊ ထို့အတွက်ကြောင့် မိမိ မရှိတော့သည့် အချိန်တွင် ကျန်ရှိနေမည့် သမီးလေးအား မြန်မာပြည်သို့ ဆရာဦးကျောင်တီ အနေနှင့် ရောက်ရှိခဲ့သည်ရှိသော် ရှာဖွေ၍ကြည့်ရှုပေးစေချင်ကြောင်း ယခု မိမိနှင့်ဆရာဦးကျောင်ဝမ် ရှာဖွေရရှိခဲ့သော ရတနာပစ္စည်းများနှင့် ပိုင်ဆိုင်မှုကို ဆရာဦးကျောင်တီထံသို့ လွှဲပြောင်းပေးလိုက်ကြောင်း

မိမိအနေနှင့် ရတနာပစ္စည်းများ မြှုပ်နှံထားသည့် နေရာအား မြေပုံရေးဆွဲ၍ ထည့်ပေးလိုက်ကြောင်း မိမိတွင် ဆရာဦးကျောင်တီဆီသို့ ပို့ထားသော မိမိနှင့်ဆရာဦးကျောင်ဝမ်တွဲရိုက်၍ ဓာတ်ပုံပါသော ငွေကြိုးတပ်





လော့ကက်ကလေးကို နောက်ဆုံးအချိန် ရှန်းထွက်၍မရပါက သမီးလေး မသူဇာအား တစ်ဆင့်ပေးခဲ့မည်ဖြစ်ကြောင်း ရေးသား၍ ပေးပို့လေသည်။ အမှန်ပင် မောင်ဘဂျမ်း ကံဆိုးလေသည်။ ဆာမိဆင်းနှင့်ရာဂျာဆင်း တို့သည် မစ္စတာစတီဗင် ဟူသော ရာဇဝတ်အုပ်နှင့် တိုင်ပင်၍ မောင်ဘဂျမ်း ကို အမှုဆင်၍ ဖမ်းလိုက်လေသည်။

မောင်ဘဂျမ်းသည် လှော်လို့ကောင်းတုန်း တက်ကျိုးခဲ့သည့် ပမာ သွေးကြွေးမဆပ်နိုင်ခင်မှာ အဖမ်းခံရ၍ ရတနာကုန်သည်နာရာဆင်း ကို သတ်သော တရားခံအဖြစ် ရုံးတင်၍ အစစ်ဆေးခံရလေသည်။

မိမိ ရုံးတင်၍ အစစ်ဆေးခံရသည့်အချိန်တွင် မိမိ၏ယောက္ခမ များဖြစ်သော ဦးစံဖူး၊ ဒေါ်ကြိုင်တို့နှင့် သူငယ်ချင်းအောင်ဘော်၊ သမီးလေး မသူဇာတို့နှင့် တွေ့ဆုံရလေသည်။ သမီးလေး (၂) နှစ်သမီး လောက်က တည်းက ခွဲခွာသွားသော မောင်ဘဂျမ်းမှာ ယခုသမီးလေးကို ပြန်တွေ့ သည့်အချိန် မသူဇာလေး၏အသက်မှာ ဆယ်နှစ်ကျော် ရှိနေပေပြီ။

မောင်ဘဂျမ်းမှာ သမီးလေးမသူဇာအား ငွေကြိုးတပ် လော့ကတ် ကလေးကိုပေး၍ ကိုယ်နှင့်မကွာဘဲ အမြဲဝတ်ဆင်ထားရန် ပြောဆိုခဲ့လေ သည်။ မကြာမီ မောင်ဘဂျမ်းမှာ နာရာဆင်းကို သတ်သည်မှာ ခိုင်လုံ သည်ဖြစ်၍ ရုံးတော်မှ သေစားသေရန် ကြိုးမိန့်ပေးလိုက်လေသည်။

မသူဇာလေးမှာ (၂) နှစ်ကျော် သမီးအရွယ်ကလေးကတည်းမှ ထွက်ခွာသွားခဲ့သော ဖခင်ဖြစ်သူမှာ ယခု မိမိ (၁၁) နှစ်အတွင်း ဝင်ရောက်

ကာမှ တစ်ခါ ပြန်တွေ့ရလေသည်။ ထိုသို့ တွေ့ရခြင်းမှာလည်း မိမိနှင့် ဖခင် ခွဲခွာရသော နောက်ဆုံးတွေ့ဆုံရခြင်းမျိုး ဖြစ်လေရာ မသူဇာလေးမှာ အရွယ်နှင့်မမျှအောင် ခံစားရလေသည်။

မိမိ ဖခင်ကို ဖမ်းဆီးခဲ့သော ရာဇဝတ်အုပ် မစ္စတာစတီဗင်ကို ဖခင်ဖြစ်သူ တရားဆိုင်နေသော တရားရုံးတော်တွင် စူးစိုက်စွာကြည့်ပြီး ဆာမိဆင်းနှင့် ရာဂျာဆင်းတို့ကိုလည်း မမှိတ်မသုန်သော မျက်ဝန်းဖြင့် ကြည့်၍ ရင်ထဲတွင် နာကျင်စွာ မှတ်သားထားလိုက်သည်။

ထိုအချိန်မှ စ၍ မသူဇာလေး၏ ရင်ထဲတွင် ဒဏ်ရာအနာ တစ်ခု ဖြစ်ခဲ့ရလေသည်။ မသူဇာလေးမှာ ကျောင်းပညာရေးကိုသာ ကြိုးစားသင်ယူခဲ့ရာ အင်္ဂလိပ်-မြန်မာ ဗင်နကူလာ ဆယ်တန်းကို အောင်မြင်လာခဲ့လေသည်။

ထိုနှစ်မှာပင် မိမိ၏အဘိုး အဘွားနှစ်ဦးမှာ လူကြီးရောဂါဖြင့် ရှေ့ဆင့် နောက်ဆင့် ဆုံးပါးသွားခဲ့လေသည်။ မသူဇာလေးမှာ တစ်ယောက်တည်း လူ့လောကကြီးထဲတွင် ကျန်ခဲ့သည်ဖြစ်ရာ မိမိ မွေးရပ်မြေ ထားဝယ်ချောင် ရွာကလေးတွင် နေထိုင်ရသည်မှာ မပျော်နိုင်ခဲ့သဖြင့် ရွာထဲရှိ မိမိနှင့်ကျောင်းအတူတက် ပညာသင်ဖက်သူငယ်ချင်း ဖြစ်သူ မနှင်းရည်နှင့် နှစ်ဦးသဘောတူ တိုင်ပင်၍ တောင်ငူဘက်ရှိ ရွာကလေး တစ်ရွာတွင် သူငယ်ချင်းနှစ်ယောက် ကျောင်းဆရာမအဖြစ် ဝင်ရောက်လုပ်ကိုင်လေသည်။





ထိုသို့ ပျော်ရွှင်စွာဖြင့် ထိုရွာကလေးတွင် နေထိုင်လာခဲ့ရာ တစ်နှစ်ဟူသော အချိန်ကာလပင် ကျော်လွန်လာလေသည်။

တစ်နေ့ ဝါဆိုလပြည့်နေ့ တစ်နေ့ ကြုံသဖြင့် မသူဇာလေးတို့ သူငယ်ချင်းနှစ်ယောက် ရွာမှ မိန်းမပျိုလေးများနှင့် ရွာအလွန် တောစပ်တွင် ဝါဆိုပန်းခူးထွက်လေသည်။ ကိုယ်လက်လှုပ်မိရာ ကိုယ်ခူးရင်း မသူဇာတို့မှာ တစ်ယောက်နှင့်တစ်ယောက် တစ်ခေါ်သာသာလောက် ဝေးကွာသွားကြလေသည်။

ထိုအခိုက် မသူဇာ ပန်းခူးနေသော ခြုံတစ်ခြုံထဲမှ တောကြောင်တစ်ကောင်မှာ လန့်၍ခုန်ထွက်လာပြီး မသူဇာကို သူ၏ချွန်ထက်သော လက်သည်းများနှင့်ကုတ်ခြစ်၍ တောထဲသို့ ဝင်ပြေးသွားလေသည်။ မသူဇာမှာ လန့်၍ အော်ပြီး လဲကျမေ့မြောသွားလေသည်။

မသူဇာ လန့်ဖြန့်၍ အော်သံကြောင့် မနှင်းရည် အပါအဝင် မိန်းမပျိုလေးများသည် မသူဇာထံသို့ ပြေးလာကြ၍ မသူဇာကို တွဲ၍ ထူကာ သတိရအောင် ပြုလုပ်ကြလေသည်။ မနှင်းရည်တို့ ကြိုးစား၍ ပြုစုပေးသော်လည်း မသူဇာမှာ သတိပြန်လည်ခြင်း မရှိပေ။

မနှင်းရည်တို့မှာ မသူဇာအတွက် စိုးရိမ်စွာဖြင့် ရွာမှရွာသူ ရွာသားများနှင့် ဆေးဆရာများကို လူလွှတ်၍ ခေါ်ခိုင်းလိုက်လေသည်။ တအောင့်မျှအကြာတွင် ရွာမှ သူကြီးအပါအဝင် ရွာသူရွာသားများ ရောက်လာကြပြီး မသူဇာကို စောင်၊ ပုခက်ဖြင့် သယ်၍ ရွာပြင်ဇရပ်

ပေါ်သို့ တင်ကာ ဆေးကုကြလေသည်။ ရွာထဲမှ ဆေးဆရာ အကျော်အမော်များ ကြိုးစား၍ကုသသော်လည်း မသူဇာမှာ သတိ ပြန်လည်မရရှိသည့်အပြင် နှလုံးသွေးမှာ မခုန်တော့ဘဲ အချိန်အနည်းငယ်အတွင်း သွေးရောင်ပြောင်းလာကာ တဖြည်းဖြည်း သွေးဆုတ်၍ပြာနှမ်းလာလေသည်။

အချိန်မှာ တဖြည်းဖြည်းနှင့် ညနေစောင်းသည့် အချိန်သို့ပင်ရောက်ရှိလာလေသည်။ ဆေးဆရာနှင့် ရွာသူရွာသားများ မနှင်းရည်အပါအဝင် တစ်ရွာလုံးက မသူဇာမှာ ရုတ်တရက် မထင်မှတ်စွာလန့်သွားသောကြောင့် နှလုံးခုန်နှုန်းပြောင်းကာ နှလုံးရှော့ဖြစ်သွားပြီး အသက်ပါသွားကြောင်း အားလုံးက ဆုံးဖြတ်ကြလေသည်။

ရွာအပြင်တွင် သေဆုံးခဲ့သဖြင့် မသူဇာ၏ရုပ်ကလာပ်အား ထိုရွာ၏ဓလေ့အရ ရွာထဲသို့ သွင်းလို့မရပေ၊ ရွာအပြင်မှာ ပြင်ဆင်၍ ထားခဲ့ရမှာလည်း ညမိုးချုပ်လျှင် တောအစပ်ထဲမှ ထွက်ပေါ်တတ်သော ခွေးအ,များ၏အန္တရာယ်က ရှိသဖြင့် ညီသည်ဖြစ်သော မသူဇာအတွက် သူငယ်ချင်းဖြစ်သူ မနှင်းရည်ထံ ခွင့်တောင်းပြီး ရွာသူရွာသားများ စုပေါင်းကာ မသူဇာအတွက် တစ်ရွာလုံးမှာ ရင်ထုမနာခံစားရ၍ ထိုညနေ မိုးမချုပ်ခင် အချိန်အတွင်း၌ ရွာအပြင်သုသာန်၌ မြေမြှုပ် သင်္ဂြိုဟ်လိုက်လေသည်။



# အခန်း (၈)

ရွာအပြင်သုသာန်၌ နေသောစန္ဒာလဘဦးသည် ညနေမိုးချုပ်မှ ရောက်လာသောတောထဲမှ ကြောင်ကုတ်၍ သေဆုံးသွားသော မိန်းခလေးအလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပြီးသောအခါ ကိုယ်လက်သန့်စင်ပြီး လက်စွဲတော် ချက်အရက်ကို အဖော်ပြုကာ တစ်ဦးတည်း သုသာန်ထဲရှိ မိမိနေထိုင်ရာ တဲကလေးအတွင်းတွင် တစ်ကိုယ်တည်း ဇရက်မင်းစည်းစိမ်ကို ခံစားရင်း အရက်သောက်နေရာ ညအတော်မိုးချုပ်သည့် အချိန်သို့ ရောက်သောအခါ စန္ဒာလဘဦးမှာ အတော်ပင် မူး၍နေပေပြီ။

ထိုအချိန်တွင် လေတစ်ချက်ဝှေ့ရမ်းသွားပြီး သုသာန်အတွင်းမှ ခွေးအူသံများ အဆက်မပြတ် ထွက်ပေါ်လာလေသည်။ ဘဦးအဖို့ ရိုးနေပြီဖြစ်သည်။ သူ့အတွက်က အဆန်းမဟုတ်တော့သလိုဖြစ်သည်။ ထိုအခိုက်

မိမိ တစ်ယောက်တည်းနေသော တဲအတွင်းသို့ ခဲလုံးတစ်လုံး ကျလာလေသည်ဖြစ်ရာ ဘဦးမှာ ငြိမ်၍နားထောင်နေလိုက်သည်။ တအောင့်အကြာတွင် နောက်ထပ် ခဲတစ်လုံးကျလာရာ ဘဦးမှာ ကြောက်လန့် ခံပြင်းစွာဖြင့်-

"ဟေ့. . ငါ့ကို ခဲနဲ့ပစ်တာဘယ်သူလဲဟေ့ ဘယ်သူမှမကြောက်လို့ သချိုင်းထဲမှာ တစ်ယောက်တည်းနေပြီး သုဘရာဇာလုပ်နေတာဟေ့၊ လူလည်း မကြောက်ဘူး၊ သူရဲလည်း မကြောက်ဘူးကွ သတ္တိရှိရင်လာခဲ့'

ဘဦးမှာ လက်ထဲတွင် ဓားကိုကိုင်၍ သချိုင်းထဲတွင် အော်ဟစ်၍ စိန်ခေါ်လေသည်။ ထိုအချိန်တွင် သချိုင်းအတွင်းရှိ အုတ်ဂူတစ်လုံး၏ နောက်ဘက်မှ တဟားဟားဖြင့် ရယ်သံကြား၍ ဘောင်းဘီပွပွ အင်္ကျီပွပွကို ဝတ်ဆင်ထားပြီး လွယ်အိတ်ပွပွကြီး တစ်လုံးကို ဝတ်ဆင်ထားသော အသက်ခြောက်ဆယ်ခန့် လူတစ်ဦး ထွက်ပေါ်လာလေသည်။

'ဟား. . ဟား. . ဟား '

'ဘဦးတဲ့လားကွ သုဘရာဇာကြီး တစ်ယောက်လုပ်နေပြီး ခဲလေး တစ်လုံးနှစ်လုံး ကျတာနဲ့ ဓားကြီးတဝင့်ဝင့် ကိုင်ပြီးစိန်ခေါ်နေတယ် '

သုဘရာဇာကြီး ဘဦးမှာ ရုတ်တရက် ကြောက်လန့်သွားရာမှ သတိပြန်လည်ထိန်းကာ လက်ထဲက ဓားကို ကျစ်နေအောင်ကိုင်၍

'ခင်ဗျား. . ဘယ်သူလဲ လူလား သရဲလား လူဖြစ်ဖြစ် သရဲဖြစ်ဖြစ် ကျုပ်ရဲ့ဓားက ရွေးမှာမဟုတ်ဘူးနော်၊ ခင်ဗျား ဘာဖြစ်လို့ ကျုပ်ကို ခဲနဲ့ ပေါက်တာလဲ '





'ငါက ကြည့်စားတာပါကွာ၊ သချိုင်းထဲမှာနေတဲ့ သုဘရာဇာကို ခြောက်ကြည့်ရင် ဘယ်လိုနေမလဲ သိချင်လို့ ငါက စတာပါ '

"ဟေ့လူ. . ခင်ဗျား ရှုးကြောင်ကြောင်မလုပ်နဲ့ ဒီသချိုင်းက ကျုပ် ပိုင်ဆိုင်တဲ့နေရာ ကျုပ်ရဲ့ခွင့်ပြုချက်မရဘဲ ဒီမှာနေလို့မရဘူး အခု ခင်ဗျား ထွက်သွားတော့ "

"ကျလဲကျတဲ့ သုဘရာဇာပဲ သချိုင်းထဲလာတာတောင် လျှောက်လွှာ တင်ပြီး လာရမှာလား၊ ထားပါတော့လေ မင်းအုပ်ချုပ်နေတဲ့ နေရာ ဆိုတော့ ငါ အခုလာတာက မင်းမောင်းထုတ်ရင် ပြန်ဖို့မဟုတ်ဘူး မင်းကို ခိုင်းစရာရှိလို့လာတာ "

" ဟေ့လူ. . ခင်ဗျား စကားအပိုဟာတွေ မပြောနဲ့၊ မသာ မြေမြှုပ်ဖို့ဆိုရင် မနက်မှလာအပ် ဒီအချိန်က ကျုပ်အနားယူတဲ့အချိန် အလုပ်အပ်လဲ လက်မခံနိုင်သေးဘူး "

"ဟား. . ဟား. . ဟား. . ဟား "

"သုဘရာဇာကလဲ တယ်ပြီးဈေးကိုင်တာကိုး "

စကားဆုံးသည်နှင့် ထိုလူမှာ အုတ်ဂူပေါ်မှ ခုန်ဆင်းလိုက်ပြီး သုဘရာဇာ ဘဦးအနားသို့ လျှောက်လာလေသည် ဘဦးရှေ့မှာ ရပ်နေပြီး နောက်

"ငါအခုလာတာ မြေမြှုပ်ဖို့ လာအပ်တာမဟုတ်ဘူးကွ မြေမြှုပ် ထားတဲ့သူကို ပြန်ဖော်ခိုင်းဖို့လာတာ "

"ဟေ့လူ ခင်ဗျားအူကြောင်ကြောင်မလုပ်နဲ့နော် ခင်ဗျား အခု ချက်ချင်း သချိုင်းထဲက ထွက်သွားပါ"

"မသွားနိုင်ဘူးကွာ ငါခိုင်းတဲ့အတိုင်း မင်းမလုပ်သေးရင် ငါ မသွားဘူး"

ဘဦးမှာ ဒေါသစိတ်ကို မထိန်းနိုင်တော့ဘဲ

"သချိုင်းထဲလာပြီး ဒုက္ခပေးတဲ့လူကြီး သေပေတော့"

ဟု နှုတ်မှ ရေရွတ်၍ လက်ထဲမှဓားဖြင့် ပိုင်းချလိုက်လေသည်။

ဘဦး ဒေါသကြီးစွာဖြင့် မြှောက်တင်လိုက်သော ဓားကိုင်လက်ကို ထိုလူမှာ လက်တစ်ဖက်တည်းနှင့် ဖမ်း၍ အသာအယာ ကိုင်ထားလေသည်။

ထိုလူမှာ အသာအယာကိုင်ထားသော်လည်း ဘဦး၏ဓားမှာ အောက်သို့ ပြုတ်ကျ၍ ဘဦးမှာ တစ်ကိုယ်လုံး မီးစနှင့်အထိုးခံရသည့်ပမာ မလှုပ်နိုင်မလွန့်နိုင် ခံစားရလေသည်။

"ဘယ်လိုလဲ သုဘရာဇာကြီးရဲ့၊ ထပ်ပြီး စမ်းကြည့်ချင်သေးလား"

သုဘရာဇာဘဦးမှာ ကြောက်လန့်အံ့သြစွာဖြင့်

"ခင်ဗျား ကျုပ်ကို ဘာလုပ်မလို့လဲ"

"ဟဲ . . ဟဲ . . ဟဲ"

"ကိုယ့်လူက တယ်ပြီး ဒုံးဝေးတာကိုး၊ ကိုယ့်လူကို ကျုပ်က ဘာမှ မလုပ်ဘူး၊ ကျုပ်က အလုပ်ကလေးတစ်ခု အပ်မလို့ပါပဲ။ အဲဒီအတွက် အဖိုးအခအဖြစ် ဒါလေး လက်ခံပါ"





မိတ်ထုံးတံဆိပ် ရွှေဒင်္ဂါးတစ်ပြားကို ထိုသူက ပွယောင်းယောင်း လွယ်အိတ်ကြီးထဲမှ ထုတ်၍ ဘဦးအား ပေးလေသည်။ ထို့နောက် တစ်ဆက်တည်းပင်

"လုပ်ရမယ့် အလုပ်က ကိုယ့်လူ ကျွမ်းကျင်ပြီးသား အလုပ်ပါ။ အကယ်၍ အဲဒီအလုပ်ကို ကိုယ့်လူမလုပ်ရင် ကျုပ်က ကိုယ့်ဟာကိုယ် လုပ်ရမှာမို့၊ ကျုပ်ကို ကူညီတဲ့အနေနဲ့ ကိုယ့်လူက ကူညီပါလို့ မေတ္တာရပ်ခံချင်တယ်"

ဘဦးမှာ အမူးပြေလာ၍ ထိုအခါကျမှ မိမိကို အလုပ်အပ်ရန် လာသော ထူးဆန်းသောသူမှာ တရုတ်ကြီးတစ်ယောက် ဖြစ်မှန်း သိရလေသည်။

"ကျုပ်က ဘာလုပ်ပေးရမှာလဲ ပေါက်ဖော်ကြီး"

"အင်း. . ကိုယ့်လူ ဒုံးမဝေးတော့ဘူး။ ကိုယ့်လူ လုပ်ရမယ့် အလုပ်က ညနေ မိုးချုပ်စမှာ ကြောင်ကုတ်လို့သေတယ်ဆိုပြီး မြှုပ်ထားတဲ့ အလောင်းကို ခဏဖော်ပေးဖို့ပဲ"

"ဟာ. . ခင်ဗျားကဗျာ၊ မြှုပ်ပြီးသား မသာကို ပြန်ဖော်ခိုင်း ရတယ်လို့ဗျာ၊ ကျုပ် သုဘရာဇာသက်တမ်းတစ်လျှောက်မှာ တစ်ခါမှ မလုပ်ဖူးဘူးဗျ"

"ဟဲ . . ဟဲ . . ဟဲ"

"အဲဒါ. . ကောင်းတာပေါ့၊ တစ်ခါမှ မလုပ်ဖူးတဲ့အလုပ်ကို အခုမှ လုပ်ဖူးတယ်လို့ မှတ်ပြီး လုပ်လိုက်ရုံပဲ"

သုဘရာဇာဘဦးမှာ ဘယ်လိုလူနဲ့ လာတွေ့နေပါလိမ့်ဟု စိတ်မှာတွေးပြီး အကယ်၍ သူ ခိုင်းတာမလုပ်ပေးရင် ဒီည ဒီအလုပ်နှင့်ပင် မိုးလင်းသွားမည်ဖြစ်ကြောင်း တွေးမိပြီး ၎င်းတရုတ်ကြီး ပေးသော မိတ်ထုံးတံဆိပ် ရွှေဒင်္ဂါးပြားလေးကို ယူ၍ အိတ်ထဲထည့်ပြီး မိမိတဲအတွင်းမှ ပေါက်တူးနှင့် ဂေါ်ပြားကို သွားရောက်ထုတ်ယူလေသည်။

သုဘရာဇာဘဦး၏ ပြောင်းလဲသွားသောအဖြစ်ကို တရုတ်ကြီးမှာ ကြည့်၍ ရွှေသွားများပေါ်တဲ့အထိ ပြုံး၍

"ဟဲ . . ဟဲ . . ဟဲ"

"ကိုယ့်လူ ဒုံးမဝေးတော့ဘူး"

"ထိုအချိန်က မသာအတွက် ကျင်းတစ်ကျင်း တူးလျှင် လူကြီးမသာအတွက် နှစ်ကျပ်ကျပြီး၊ ကလေးမသာအတွက် တစ်ကျင်းတူးလျှင် တစ်ကျပ်ခွဲသာ ရလေသည်ဖြစ်ရာ ဘဦးအဖို့ မြေမြှုပ်ပြီးသား အလောင်းကို ဖော်ပေးရုံနှင့် ရွှေဒင်္ဂါး တစ်ကျပ်သားတစ်ပြား ရရှိလေရာ ဘဦးအဖို့လည်း မက်မောစရာပင် ဖြစ်လေသည်"

ဘဦးလည်း မိုးချုပ်ကမှ မြေမြှုပ်ထားသော မသူဇာလေး၏ အလောင်းကို ပြန်ဖော်၍ ၎င်းတရုတ်ကြီးနှင့်အတူ မသူဇာလေး၏ အလောင်းကို သယ်,မကာ သရဏဂုံတင်သော ဇရပ်ပေါ်သို့ သယ်ဆောင်ခဲ့လေသည်။ ၎င်းတရုတ်ကြီးက ၎င်းမှာ ခရီးသွားတစ်ယောက်ဖြစ်ပြီး ညနေဘက် ဒီရွာကို ရောက်သည့်အချိန်တွင် မိန်းကလေးတစ်ယောက်





တောထဲမှ ကြောင်ကုတ်မိ၍ ရခဲ့သည့်ဒဏ်ရာနှင့်ပင် သတိလစ်လဲကျသွားရာမှ အသက်ပါသွားကြောင်း စိတ်မကောင်းစွာဖြင့်ပင် ယခု မိုးချုပ်စမှ ရွာအပြင်သင်္ချိုင်းတွင် မြေမြှုပ်သဂြိုဟ်ပြီးကြောင်း သတင်းကို ရ၍ မိမိမှာ လူအများ၏အသက်ကို ကယ်တင်သော ဆေးဆရာဖြစ်၍ မိမိအမည်မှာ ဦးကျင်တီဖြစ်ကြောင်း မသူဇာလေး တကယ်သေ/မသေ ဆေးပညာအရ စစ်ဆေးကြည့်ချင်၍ ယခုလို မြေမြှုပ်ထားရာမှ ပြန်ဖော်ခိုင်းကြောင်း ပြောပြလေသည်။

ထိုအခါကျမှ သုဘရာဇာဘဦးမှာ ၎င်းထူးဆန်းစွာ ရောက်လာသော တရုတ်ကြီးသည် အသက်တစ်ချောင်းကို ကယ်တင်လိုသော ကောင်းမြတ်သော စေတနာကြောင့် မိမိအား အကူအညီတောင်းသည့် အဖြစ်ကို သိရ၍ ၎င်းထူးဆန်းသော တရုတ်ကြီးအပေါ်တွင် ဘဦးတစ်ယောက်များစွာ လေးစားမိလေသည်။

ထို့အတွက်ကြောင့် တရုတ်ကြီးဦးကျင်တီ ခိုင်းသမျှကို မသည်းမညည်းဘဲ ဝိုင်းကူ၍ လုပ်ပေးလေသည်။ သို့သော် ဘဦး၏စိတ်ထဲတွင် ဦးကျင်တီရဲ့ စေတနာတော့ အသိအမှတ်ပြုပါတယ်။ ဒါပေမယ့် အများက သေပြီဆိုပြီး ဝိုင်းပြီး ဆုံးဖြတ်ချက်ချပြီးမှ လာသဂြိုဟ်တဲ့ ဒီကလေးမလေးရဲ့ ဝိညာဉ်ကိုတော့ ပြန်လည်ရှင်သန်အောင်တော့ ပြုလုပ်နိုင်မည်မဟုတ်ကြောင်း စိတ်မှာတွေးတော ထင်မိလေသည်။

သုဘရာဇာ ဘဦးတစ်ယောက် စကားတစ်ခွန်းမျှ မပြောဘဲ ငေးငိုင်နေသည်။ ဦးကျင်တီက

"ဘယ်လိုလဲကွ သုဘရာဇာကြီးရဲ့၊ မင်းရဲ့စိတ်ထဲမှာ သေတဲ့မသာက မြန်ပြီး ရှင်မှာမဟုတ်တော့ဘူးလို့ ထင်နေတယ်မဟုတ်လား။ မင်းထင်သလို ဒီကလေးမလေးက မသေသေးဘူးကွ၊ ကြောင်ဆိပ်တက်ပြီး မေ့မြောနေတာ အချိန်မီ မကုသနိုင်ရင်တော့ သေသွားနိုင်တယ်"

"သူ့ကို ကုတ်ခြစ်သွားတဲ့ကြောင်က လိပ်နံ့မလို့ခေါ်တဲ့ ကြောင်မျိုးပဲ၊ အင်မတန် အဆိပ်ပြင်းတယ်။ ဒီကြောင်ရဲ့ ချွန်ထက်တဲ့ လက်သည်းခြေသည်းတွေနဲ့ ကုတ်ခြစ်မိရင် လူမဆိုထားနဲ့ ကျွဲ၊ နွားတွေတောင် အဆိပ်သင့်ပြီး သေဆုံးနိုင်တယ်။ ဒီကလေးမလေးက အမှတ်မထင်ဘဲ ကြောင်ကုတ်မိတယ် ဆိုတာနဲ့ လန့်ပြီး နှလုံးသွေးခုန်နှုန်းရပ်သွားပြီး ကြောင်ဆိပ်တက်ပြီး မေ့မြောနေတာကို ရွာသူရွာသားတွေက ဆေးပညာ ဗဟုသုတနည်းပါးလို့ သေပြီဆိုပြီး မြေမြှုပ်သင်္ဂြိုဟ်ခဲ့တာပဲ၊ ဘုရားဟောဒေသနာမှာ ပါရှိတဲ့ အတိုင်း သေခြင်းတရား လေးမျိုးထဲမှာ ကံကုန်၍သေခြင်း၊ သက်တမ်းကုန်၍သေခြင်း၊ ကံနဲ့သက်တမ်း နှစ်ပါးလုံးပြတ်၍သေခြင်း၊ ကံနဲ့သက်တမ်း နှစ်ပါးလုံး ရှိပေမယ့် ဥပစ္ဆေဒကကံ သင့်၍သေခြင်း ဆိုပြီး လေးမျိုးရှိတယ်"

"ဒီကလေးမလေးက ကံကောင်းထောက်မစွာနဲ့ ကံနဲ့သက်တမ်း နှစ်ခုစလုံး ရှိသေးတဲ့အတွက် မသေနိုင်သေးဘူးပေါ့ သုဘရာဇာကြီးရယ်"

ဦးကျင်တီမှာ စကားဆုံးသည်နှင့် မသူဇာ၏ ခန္ဓာကိုယ်ပေါ်၌ အလွန်သေးငယ်သော အပ်ကလေးများကို ညင်သာစွာ ထိုးစိုက်ပြီး မသူဇာ ထိုင်နိုင်ရန် သုဘရာဇာဘဦးကို မသူဇာ၏နောက်မှ တွဲ၍ ထိုင်ခိုင်းပြီး





မသူဇာ ခန္ဓာကိုယ် လဲကျမသွားအောင် ဘဦးမှာ နောက်မှ ထိမ်း၍ ကိုင်ထား ပေးလေသည်။

ဦးကျင်တီသည် သူ၏တရုတ်လွယ်အိတ်ပွပွကြီး အတွင်းမှ ဗူးကလေးတစ်ဗူးကို ထုတ်၍ ၎င်းဗူးထဲမှ ရွှေရောင်ဆေးလုံးကလေး တစ်လုံးကို မသူဇာ၏ပါးစပ်ကို ဟ၍ထည့်ပြီးနောက် အသင့်ပါလာသော ရေဗူးထဲမှ ရေအနည်းငယ်ကို မသူဇာ ပါးစပ်အတွင်းသို့ ဖြည်းဖြည်းချင်း တစ်စက်ချင်း ချ၍ မသူဇာ၏ ဗိုက်ထဲသို့ ရွှေဟောင်းတရုတ် အဆိပ်ဖြေဆေး ဝင်သွားအောင် ပြုလုပ်ပေးလေသည်။

မသူဇာ ဝမ်းဗိုက်ထဲသို့ ရွှေရောင်ဆေးလုံးကလေး ဝင်သွားပြီး ခဏအကြာတွင် မသူဇာ၏ ကိုယ်ခန္ဓာမှာ ပြာနှမ်းနေသော အသားအရည်များ ပြောင်း၍ တဖြည်းဖြည်းခြင်း သွေးရောင်လွှမ်းလာပြီးနောက် ရပ်နေသော နှလုံးသွေးမှာ ပြန်၍ ခုန်လာလေသည်။

မသူဇာ နှလုံးသွေး ပြန်လည်ခုန်လာ၍ ဦးကျင်တီနှင့်သုဘရာဇာ ဘဦးတို့မှာ ဝမ်းသာအားရ ရှိလာလေသည်။

"ဦးကျင်တီ ဒီကလေးမလေး တကယ်မသေနိုင်တော့ဘူးဗျ၊ နှလုံး သွေးပြန်ခုန်နေပြီ ခင်ဗျားရဲ့ဆေးက တော်တော့်ကို အစွမ်းထက်တယ်ဗျာ"

"ဟဲ . . ဟဲ . . ဟဲ . . ဟဲ"

"ငါ့ရဲ့ဆေးက ဂန္ဓာလရာဇ် တရုတ်နန်းတွင်း အဆိပ်ဖြေဆေးပဲ ကြောင်ရဲ့ အဆိပ်လောက်တော့ ဘယ်မှုမလဲကွာ၊ ကလေးမလေးရဲ့ မသေ သင့်သေးတဲ့ ကုသိုလ်ကံလည်း ပါတာပေါ့ သုဘရာဇာကြီးရယ်"

ဦးကျင်တီ စကားအဆုံး၌ မသူဇာ၏ ပါးစပ်ထဲသို့ ဒုတိယဆေးလုံးလေးကို တိုက်၍ ခန္ဓာကိုယ်၌ စိုက်ထားသော အပ်ကလေးများကို ညင်သာစွာပင် ပြန်လည်နုတ်ယူလိုက်လေသည်။

တအောင့်မျှအကြာတွင် မေ့မြောနေသော မသူဇာလေးမှာ သတိရလာကာ ထ၍ အန်လေသည်။ မသူဇာလေး၏ ပါးစပ်ထဲမှ မနက်ခင်းတွင်မှ စားထားသော အစာများသည် မည်းနက်ပြာနှမ်းသော အဖြစ်သို့ ပြောင်း၍ ချဉ်စုပ်စုပ် အနံ့ထွက်ကာ ရှိသမျှအစာကို အကုန်အန်လေသည်။

ဦးကျင်တီနှင့်ဘဦးလည်း မသူဇာလေး၏ နောက်ကျောပြင်ကို လက်နှင့်ဖွဖွ ဖိပေးပြီး မသူဇာ သက်သာမှု ရစေရန် ပြုလုပ်ပေးလေသည်။

မသူဇာမှာ အစာများ ထိုးအန်ပြီးသောအခါ ဝမ်းဗိုက်ထဲမှာ ဟာတာတာဖြစ်သွားကာ ရေကိုသောက်ချင်စိတ် ဖြစ်ပေါ်ပြီး ရေတောင်းလေသည်။ ဦးကျင်တီသည် သူ၏ ရေဘူးထဲမှ ရေနှင့် ရွှေရောင်ဆေးကလေးတစ်လုံးကို မသူဇာလေးအား ပေး၍ သမီး ရေနဲ့တစ်ခါတည်း ဒီဆေးပါ သောက်လိုက်၊ ခဏနေရင် သမီး အားအင်ပြည့်လာလိမ့်မယ်။

မသူဇာမှာ ဦးကျင်တီ ပေးသော ဆေးနှင့် ရေကိုသောက်ပြီးနောက် ခေါင်းထဲတွင် နောက်ကျိနေသည့်အတွက် ခေတ္တပြန်လည် မှိန်းနေလေသည်။ မကြာမီ မသူဇာ၏ခေါင်းထဲတွင် ပြန်လည်ကြည်လင်လာပြီး နံနက်ခင်းကတည်းက မိမိအပါအဝင် သူငယ်ချင်းနှင်းရည်နှင့်





ရွာမှမိန်းမပျိုလေးများ စု၍ တောစပ်တွင် ဝါဆိုပန်းခူးနေစဉ် အမွှေးအရောင်ကျိုးတို့ကျဲတဲနှင့် ကြောင်အိုကြီးပုံ ပေါက်နေသော ကြောင်တစ်ကောင်မှာ မိမိ ပန်းခူးနေသော ချုံတစ်ချုံအတွင်းမှ အမှတ်မထင်ထွက်လာပြီး မိမိအား လက်သည်းခြေသည်းများနှင့် ကုတ်ခြစ်သွားသည် ဖြစ်ရာ မိမိမှာ ထိုနေရာ၌ပင် မေ့မျောသွားသည်ကို ပြန်လည် သတိရလေသည်။

ယခု မိမိ ဘယ်နေရာရောက်နေသည်ကို မသိသေးသည်ဖြစ်၍ မှိတ်ထားသောမျက်လုံးကို ဖွင့်ကာ

"ကျွန်မ ဘယ်ကိုရောက်နေတာလဲရှင်"

"ကလေးမလေး စိတ်ကိုအေးအေးထား၊ မင်း ဘာမှမဖြစ်နိုင်တော့ဘူး၊ မင်းမှာ ကြောက်တဲ့စိတ်ကို မထားနဲ့ မင်းအနားမှာရှိနေတဲ့ ငါ့ရဲ့နာမည်က ဘဦးလို့ခေါ်တယ်"

"ဒီတရုတ်ကြီးရဲ့ နာမည်က ဦးကျင်တီလို့ခေါ်တယ်၊ ကလေးမလေးရဲ့အသက်ကို ကယ်လိုက်တဲ့ကလေးမလေးရဲ့ အသက်သခင်ကျေးဇူးရှင်ပဲ"

သုဘရာဇာဘဦးမှာ မသူဇာလေးကို ရှင်းပြလေသည်။ မသူဇာက

"ရွာသူရွာသားတွေကော ကျွန်မရဲ့သူငယ်ချင်းနှင်းရည်ကော မတွေ့ပါလား"

မသူဇာ၏ မေးမြန်းမှုကြောင့် ဦးဘဦးမှာ

"မင်း ကြောင်ကုတ်ပြီးမေ့မြောနေတာကို သေပြီလို့ တစ်ရွာလုံးက ဆုံးဖြတ်ပြီး မင်းကို သင်္ချိုင်းမှာ လာရောက်မြှုပ်နှံပြီး ရွာကို အကုန်လုံး ပြန်သွားကြတယ်၊ မင်း အခုရောက်နေတာ သင်္ချိုင်းထဲက ဇရပ်ပေါ်မှာ မင်း ဘာမှမကြောက်နဲ့၊ မင်းအနားမှာ ရှိနေတဲ့ ငါတို့က မင်းလို လူတွေပဲ"

ထိုအခါကျမှ မသူဇာမှာ ထ၍ထိုင်ပြီးကြည့်ရာ မိမိနှင့်လူကြီးနှစ်ယောက်မှာ သရဏဂုံတင်သော ဇရပ်ပေါ်တွင် ကညင်ဆီမီးတိုင် ထွန်း၍နေပြီး ဇရပ်အပြင်ဘက်တွင် အုတ်ဂူများမြေပုံများ မှတ်တိုင်များ အစီအရီ ထောင်ထားသည်ကို တွေ့ရလေသည်။

ထိုအချိန်ကျမှ မိမိမှာ ရင်းဘဦးဟုခေါ်သည့် လူကြီးပြောသလို သင်္ချိုင်းထဲရှိ ဇရပ်ပေါ်တွင် ရောက်နေသည့်အဖြစ်ကို ကြောက်လန့်မိသော်လည်း မိမိရှေ့တွင်ရှိသော လူကြီးနှစ်ယောက်မှာ မိမိလို သက်ရှိလူများ ဖြစ်နေသည်ကို တွေး၍ မိမိ၏ကြောက်စိတ်ကို ဖယ်ထုတ်လိုက်လေသည်။

မသူဇာ ကြောက်လန့်စိတ် မရှိစေရန် ဦးကျင်တီက

"သမီး ဘာမှကြောက်စရာမရှိပါဘူး၊ ကြောက်တယ် မကြောက်ဘူးဆိုတာ မိမိတို့ရဲ့ အတွင်းစိတ်သဏ္ဍာန်က ဖြစ်ပေါ်တာပါ။ သမီး စိတ်ကို အေးအေးထား၊ ဘုရား. . တရား. . သံဃာ. . ရတနာမြတ်သုံးပါးနဲ့ မိဘဆရာတို့ရဲ့ ကျေးဇူးတရားကြောင့် သမီးလေးသေတွင်းထဲက ထွက်ခဲ့ပြီပဲ။ သမီး ခေါင်းထဲ ရှုတ်ထွေးနေတာတွေ ထုတ်ပစ်လိုက်၊ ရော့





သမီး ဒီဆေးလေးတစ်လုံး ထပ်သောက်လိုက်၊ သမီးစိတ်ထဲ ကစဉ့်ကလျားဖြစ်ပြီး ရင်တုန်တာတို့၊ စိုးရိမ်ထိတ်လန့်တာတို့ သက်သာပျောက်ကင်းသွားလိမ့်မယ်"

"ဟုတ်ကဲ့. . ကျေးဇူးပါပဲ ဘဘ"

မသူဇာမှာ ဦးကျင်တီပေးသော ဆေးကို ထပ်၍သောက်လိုက်ပြီး မကြာမီ မိမိ ရင်တုန်မှု၊ စိုးရိမ်မှု၊ ကြောက်လန့်မှုတို့မှာ ပြေပျောက်သွားသည်ဖြစ်၍ မိမိ၏အသက်ကို ကယ်တင်စောင့်ရှောက်သော ဦးကျင်တီနှင့် သုဘရာဇာဘဦးတို့အား အသက်သခင်ကျေးဇူးရှင်ဟု စိတ်မှာ သတ်မှတ်ပြီး ဦးကျင်တီနှင့်ဘဦးတို့ကို ထိခြင်းငါးပါးနှင့်ရှိသေစွာ ထိုင်၍ ကန်တော့လေသည်။

"သမီး အသက်ကိုကယ်တင်ခဲ့တဲ့ ဘဘဆေးဆရာနဲ့ ဟောဒီက ဦးလေးတို့ကို သမီး ကန်တော့ပါတယ်"

"သာဓု. . သာဓု. . သာဓု"

သမီးလေး အသက်ရှည်၍ အဆင်းလှပြီး အခုလို ဥပစ္ဆေဒကကံမျိုးနှင့် ဘယ်တော့မှ နောက်ထပ်မတွေ့မဆုံနိုင်ပါစေသတည်း"

ဦးကျင်တီနှင့်ဘဦးတို့မှာ မသူဇာအတွက် ဆုမွန်ကောင်းများ ပေးလေသည်။

မသူဇာမှာ ဦးကျင်တီနှင့် ဘဦးတို့အား လက်အုပ်ချီ၍ငုံ့ပြီး ကန်တော့လိုက်သည့်အခါ မသူဇာလည်ပင်း၌ ဆွဲထားသော ငွေကြိုးတစ်

အသဲပုံလော့ကက်သီးလေးမှာ ဇရပ်ကြမ်းပြင်ပေါ်သို့ ထွက်၍ကျလာလေသည်။ ဇရပ်ပေါ်တွင် ထွန်းညှိထားသော ကညင်ဆီမီးတိုင်၏ အလင်းရောင်နှင့် မသူဇာ၏ အသဲပုံလော့ကက်နှင့် ငွေဆွဲကြိုးကလေးကို ဦးကျင်တီ တွေ့လိုက်ရ၍ စိတ်ထဲတွင် ဇဝေဇဝါဖြစ်ကာ မိမိ၏ လွယ်အိတ်ထဲမှ ဗူးတစ်ဗူးကို ထုတ်၍ ဗူးအဖုံးကို ဖွင့်၍ကြည့်ရာ မသူဇာ ဆွဲထားသော ငွေဆွဲကြိုးလေးအတိုင်း မိမိတွင်လည်း ရှိနေသည်ကို တွေ့ရ၍ ဦးကျင်တီမှာ ဝမ်းသာစွာဖြင့်

"သမီး ဒီဆွဲကြိုးလေးက သမီးကိုယ်ပိုင် ဆွဲကြိုးလေးလား"

"ဟုတ်ပါတယ်. . ဘဘ၊ သမီးရဲ့အဖေက တစ်သက်လုံး ကိုယ်နဲ့မကွာ ဝတ်ထားရမယ်လို့ သူ မသေခင် ပြောသွားတဲ့အတွက် တမလွန်ရောက်သွားတဲ့အဖေ စိတ်ချမ်းသာရအောင် ဒီငွေဆွဲကြိုးကလေးကို ကိုယ်နဲ့မကွာ အမြဲ ဝတ်ဆင်ထားတာပါ ဘဘ"

"သမီး ဆွဲထားတဲ့လော့ကက်ထဲမှာ ဘာရှိသလဲဆိုတာ သမီး သိလား"

"ဟုတ်ကဲ့. . အဖေ၊ ပြောပြခဲ့လို့ သိရပါတယ်။ ဘဘ ဒီလော့ကတ်ထဲမှာ သမီးရဲ့အဖေ ဓာတ်ပုံနဲ့သမီးအဖေဆရာရဲ့ ဓာတ်ပုံဆိုတာ သိရပါတယ်"

"သမီး အဖေနာမည်က ဘယ်သူတုန်း"

"ဦးဘဂျမ်းလို့ ခေါ်ပါတယ် ဘဘ"





"ဒါဆို သမီးရဲ့နာမည်က မသူဇာလား"

ဦးကျင်တီ၏စကားကြောင့် မသူဇာမှာ အံ့ဩစွာဖြင့်

"ဟုတ်ပါတယ်. . ဘဘ၊ သမီးနာမည် မသူဇာပါ။ ဘဘက သမီးနာမည်ကို သိနေတယ် သမီးရဲ့အဖေကိုရော ဘဘ သိသလားမသိဘူး"

"သမီး ဒီအကြောင်းကို ပြောရင် နည်းနည်းရှည်မယ် ဘဘ၊ တိုတိုနဲ့လိုရင်းပဲ ပြောပါမယ်။ သမီးဓာတ်ပုံမှာ တွေ့တဲ့ သမီးအဖေရဲ့ ဆရာဆိုတာ ဘဘရဲ့အစ်ကိုအရင်းပဲ၊ ဘဘရဲ့အစ်ကိုဟာ တစ်နေရာတည်းမှာ အကြာကြီးနေရမှာကို အင်မတန်ကြောက်တဲ့အတိုင်း တရုတ်ပြည်မှာမနေဘဲ ခြေဦးတည့်ရာ လျှောက်သွားရင်း မြန်မာပြည်ထဲကို ရောက်ခဲ့တယ်။ ဘဘ အစ်ကိုနဲ့သမီးရဲ့အဖေဟာ တွေ့ဆုံခဲ့ပြီး ဆရာတပည့်ဖြစ်ခဲ့တယ်။ ဘဘရဲ့အစ်ကိုကို ထမင်းချက်ခေါ်ထားတဲ့ နာရာဆင်းက သတ်လို့သေတဲ့အတွက်ကြောင့် သမီးရဲ့အဖေ မောင်ဘဂျမ်းက နာရာဆင်းကို ပြန်ပြီးသတ်ခဲ့တယ်"

"ဒီပြစ်မှုအတွက် အစိုးရက ချမှတ်တဲ့ကြိုးမိန့် သေမိန့်ကို အယူခံမဝင်ဘဲ ရဲရဲဝံ့ဝံ့ သမီးရဲ့အဖေ မောင်ဘဂျမ်းက ခံယူခဲ့တယ်။ သူ မသေမီ ဘဘဆီကို ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတချို့နဲ့ သူ့ရဲ့ ပစ္စည်းတွေ လျှို့ဝှက်သိမ်းဆည်းထားတဲ့ နေရာအမှတ်အသားနဲ့ သူနဲ့ ဘဘအစ်ကို ဦးကျင်ဝမ်တို့ တွဲရိုက်ထားတဲ့ ဓာတ်ပုံပါတဲ့ ငွေကြိုးလော့ကက်ကလေးကို လှမ်းပို့ပြီး လူပြည်မှာ မိဘနှစ်ပါးလုံး မရှိတော့တဲ့

သူ့ရဲ့သမီးလေး မသူဇာကို မြန်မာပြည်ရောက်တဲ့အခါ ကူညီစောင့်ရှောက်ဖို့ စာရေးပြီး ပြည်မမှာနေတဲ့ ဘဘဆီကို မှာခဲ့တယ်"

"ဘဘလည်း ပြည်မမှာ လုပ်ရမယ့်ကိစ္စတွေ ပြီးပြတ်တာနဲ့ မြန်မာပြည်ဘက်ကို လှည့်ခဲ့ပြီး မြန်မာပြည်ရဲ့အနှံ့အပြားမှာ သမီးလေး မသူဇာကို ရှာဖွေနေတာပဲ။ ဘုရားရှင်ရဲ့ ကြီးမားတဲ့မေတ္တာတော်ကြောင့် အခုလို သမီးလေးကို လာပြီး တွေ့ဆုံတာပဲ။ သမီးရဲ့အမေ မမြခက်ကို သတ်ခဲ့တာလည်း နာရာဆင်းရဲ့မျိုးဆက်ဖြစ်တဲ့ သားနှစ်ယောက်ရဲ့ လက်ချက်ဖြစ်ကြောင်း သမီးရဲ့အဖေက သူ့ရဲ့နောက်ဆုံးစာထဲမှာ ထည့်ပြီးရေးသားခဲ့တဲ့အတွက် မြန်မာပြည်ထဲမှာ ရှာဖွေရမယ့် စာရင်းထဲမှာ (၁) သမီးလေးမသူဇာ (၂) လူယုတ်မာမျိုးဆက်ကို ရှင်းလင်းပစ်ဖို့အတွက် လူယုတ်မာနာရာဆင်းရဲ့သားနှစ်ယောက်ပဲ။ အခု သမီးလေး မသူဇာကို တွေ့ပြီဆိုတော့ (၂) အချက်ဖြစ်တဲ့ လူယုတ်မာမျိုးဆက်ကို ရှာဖွေဖို့ပဲ ကျန်တော့တယ်"

ဦးကျင်တီ စကားအဆုံး၌ မသူဇာက

"ဘဘ သွားရာနောက်ကို သမီး လိုက်ခဲ့ပါရစေ၊ ဘဘက သမီးရဲ့ အသက်သခင်ကျေးဇူးရှင်လည်း ဖြစ်တယ်။ ဘဘ ရှာဖွေရမယ့် ရန်သူတွေက သမီးရဲ့ ရန်သူလည်း ဖြစ်တဲ့အတွက် တမလွန်ကို ရောက်သွားတဲ့ အဖေအပေါ်မှာ ကျန်ရှိနေတဲ့ သွေးကြွေးကို သမီး ဆပ်ဖို့အတွက် ဘဘ ခွင့်ပြုစေချင်တယ်"





"ကောင်းပြီ . . သမီး၊ သမီးမှာဆန္ဒရှိရင် ဘဘ နောက်ကို လိုက်ခဲ့ပါ"

ဦးကျင်တီနှင့်မသူဇာတို့ ပြောဆိုနေမှုကို သုဘရာဇာဘဦး တစ်ယောက် နားမလည်စွာနဲ့ပင် နားထောင်နေရလေသည်။

ထို့နောက် ဦးကျင်တီက သုဘရာဇာဘဦးအား

"ဘဦး . . အခုဖြစ်ခဲ့တဲ့ အကြောင်းတွေကို ဘယ်သူ့မှ မင်း မပြောဘဲ မင်းရဲ့ပါးစပ်ကို စောင့်စည်းပါ။ မသူဇာဟာ မင်းမြှုပ်လိုက်တဲ့ မြေပုံထဲမှာ ရောက်သွားပြီ၊ မသူဇာ ဆေးကုလို့ ပြန်ရှင်လာတယ်ဆိုတာ မင်းတစ်ယောက်တည်း သိတယ်။ ဒီအကြောင်းကို ဘယ်သူ့မှ မသိပါစေနဲ့ ကြားလား"

ဘဦးမှာ ဦးကျင်တီ၏အစွမ်းအစကို မျက်ဝါးထင်ထင် တွေ့ဆုံထားသည့်အတွက်ကြောင့် ဦးကျင်တီအား လွန်စွာမှထူးဆန်းပြီး လွန်စွာမှ ကြောက်ဖို့ကောင်းသည်ဟု စိတ်မှာ သတ်မှတ်၍-

"ဟုတ်ကဲ့ပါ . . ဆရာကြီး၊ အခု ဖြစ်ပွားတဲ့ကိစ္စကို ကျွန်တော် တစ်ခါတည်း မေ့လိုက်ပါ့မယ်"

"ဟဲ . . ဟဲ . . ဟဲ"

"ကိုယ့်လူ ဒုံးမဝေးတော့ဘူး၊ အဲဒီလို အမြင်မှန်သိတဲ့အတွက် မင်းကို ဘောက်ဆူးပေးတာ ရော့ . . ယူလိုက်"

ဦးကျင်တီမှာ ကတ္တီပါစဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို သုဘရာဇာဘဦးအား ပေးလိုက်ရင်း

"ဘဦး. . ဒီအထုပ်ထဲမှာ တစ်ကျပ်သားရှိတဲ့ ရွှေဒင်္ဂါးပြားအပြား (၅၀) ရှိတယ်။ ဒီရွှေဒင်္ဂါးပြားတွေကို ယူပြီး မနက်မိုးလင်းတာနဲ့ ဒီသချိုင်းနဲ့ ဝေးတဲ့နေရာကိုသွားတော့ ရောက်ရာအရပ်မှာ ဒီပစ္စည်းတွေ ထုခွဲပြီး စီးပွားရှာမယ် ဆိုရင် မကြာခင်မှာ သုဘရာဇာဘဦး ဘဝကနေ သူဌေးကြီးဘဦး ဖြစ်လာဖို့ရှိတယ်။ ငါပြောတာ သိလား"

"ဟုတ်ကဲ့. . သိပါတယ် ဆရာကြီး"

"ကဲ. . ဘဦး မကြာခင် မိုးလင်းတော့မှာ ဖြစ်လို့ ဒီနေရာကနေ ငါတို့ကို သွားခွင့်ပြုပါဦး"

"ဟုတ်ကဲ့ပါ . . ဆရာကြီး"

မသူဇာနှင့်ဦးကျင်တီတို့လည်း ဦးဘဦးအား နှုတ်ဆက်ပြီး သချိုင်းထဲရှိ ဇရပ်ပေါ်မှ ဆင်းကာ သချိုင်းထဲမှထွက်၍ အမှောင်ထုထဲတွင် တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားလေသည်။

မသူဇာနှင့်ဦးကျင်တီမှာ ရှစ်မိုင်ဘက်ရှိ မောင်ဘဂျမ်း ပိုင်ဆိုင်ခဲ့သော အိမ်ကြီးတွင်ပင် လျှို့ဝှက်စွာ နေထိုင်လေသည်။ မောင်ဘဂျမ်းကြီးစင်မတက်မီ ၎င်းနေအိမ် ပိုင်ဆိုင်မှု စသည့်ပစ္စည်းများကို ဦးကျင်တီနာမည်နှင့် ကြိုတင်လွှဲပြောင်းထားသည့်အတွက် အခုလို နေထိုင်နိုင်ခြင်းဖြစ်လေသည်။





မသူဇာလည်း အဖေဖြစ်သူ ဦးဘဂျမ်း၏ အမွေကို ဆက်ခံနိုင်ရန်အတွက် ဖခင်ကြီး၏ဆရာ ဦးကျင်ဝမ် ထားရစ်ခဲ့သော ကြောင်တစ်ရာသိုင်းပုရပိုက်ထဲမှ သိုင်းပညာရပ်များကို ဦးကျင်တီအား သင်ကြားခိုင်းလေသည်။

ဦးကျင်တီလည်း ကြောင်တစ်ရာသိုင်းပညာအပြင် မိမိတတ်ကျွမ်းထားသော တရုတ်ရိုးရာ သိုင်းပညာနှင့် တရုတ်ရိုးရာဆေးပညာကိုပါ တွဲဖက်၍ သင်ကြားပြသပေးရာ သုံးနှစ်ဟူသော ကာလအတွင်း၌ပင် မသူဇာ၏ ကြိုးစားမှုကြောင့် ပညာရပ်များ တတ်ကျွမ်းလာလေသည်။

ထို့နောက် မသူဇာမှာ မိမိ၏ရန်သူများ ဖြစ်သော နာရာဆင်း၏ သားနှစ်ယောက်ဖြစ်သော ဆာမိဆင်းနှင့်ရာဂျာဆင်း တို့အပြင် မိမိဖခင်ကို ဆာမိဆင်း၊ ရာဂျာဆင်းတို့နှင့်အတူ ပူးပေါင်း၍ အမှုဆင်ကာ ထောင်၍ဖမ်းခဲ့သော ရာဇဝတ်အုပ် မစ္စတာစတီဗင်ကိုပါ ကလဲ့စားချေ သွေးကြွေးဆပ်မည်ဟု ဆုံးဖြတ်၍ မိမိရန်သူများ၏ သတင်းအချက်အလက်ကို မျက်ခြည်မပြတ် စုံစမ်းလေသည်။

ထိုအတောအတွင်းတွင် လွန်စွာမှ လက်ရာကောင်းမွန်လှသော ဝန်းပုဆရာတစ်ယောက် ဆီမှာ ယမနေသားဖြင့် လွန်စွာမှ လှပသော မိန်းကလေးတစ်ဦးမှာ တစ်ကိုယ်လုံးနက်မှောင်နေသော မဟူရာကိုသန (ခေါ်) ကြောင်နက်ရှင်ကို ပွေ့ပိုက်ထားသော ယမင်းသူဇာအရုပ်ကလေး (၃) ရုပ်ကို အပ်နှံ၍ ထုဆစ်ခိုင်းခဲ့လေသည်။

မကြာမီ ဘောက်ထော်ဘက်တွင် မစ္စတာစတီဗင်သည် အငြိမ်းစားယူ၍ ခြံစောင့်တစ်ဦးနှင့် နေထိုင်ကြောင်း စုံစမ်းရရှိလေသည်။ မသူဇာလည်း မိမိသတ်မှတ်ထားသည့် အစီအစဉ်အတိုင်း သူဇာယမင်းရုပ်ကလေးကို ယူဆောင်၍ အကာလညအခါ မိုးသည်းနေသောအချိန်၌ စတူးရိဘေကာကားကို ကိုယ်တိုင်မောင်းနှင်၍ မစ္စတာစတီဗင်ရှိရာ ဘောက်ထော်ဘက်သို့ ထွက်ခဲ့လေသည်။

မသူဇာမှာ မစ္စတာစတီဗင်နှင့် နှစ်ဦးတည်း တွေ့ဆုံသည့်အခါ ကြောင်နက်ကလေး ပိုက်ထားသော ယမင်းသူဇာရုပ်ကလေးကို ပေး၍ မိမိမှာ ဦးဘဂျမ်း၏သမီးဖြစ်၍ မိမိ မိသားစု၏ ရန်သူများဘက်မှ ပါဝင်ပတ်သက်ခဲ့သောကြောင့် မစ္စတာစတီဗင်၏ အသက်ကို နုတ်ယူမည်ဖြစ်ကြောင်း မစ္စတာစတီဗင်ကို ပြောလေသည်။

မစ္စတာစတီဗင်မှာ မယုံကြည်နိုင်လောက်စွာ အံ့သြ၍ မိမိ၏သေနတ်ကို ဆွဲထုတ်ကာ မသူဇာအား တိုက်ခိုက်ဖို့ ကြိုးစားလေသည်။ ထိုအခါ မသူဇာက တရုတ်ရိုးရာနည်းနှင့် ရှမ်းအမျိုးသားတို့ ပေါင်းစပ်အသုံးပြုသော ရှန်ကာရီ (ခေါ်) အရိုးပျော့၍ ခွန်အားဆုတ်ယုတ်နိုင်သည့် အစွမ်းသတ္တိရှိသော အဆိပ်တစ်မျိုးကို သုတ်လိမ်း၍ အခြောက်ခံထားသော အဆိပ်ဖြင့် မစ္စတာစတီဗင်ကို လျှပ်တစ်ပြက် တိုက်ခိုက်ရာ မစ္စတာစတီဗင်မှာ အဆိပ်ထိမိခံရပြီး လက်ထဲမှ သေနတ်လွတ်ကျကာ ခွန်အားများ ယုတ်လျော့ကာ အရုပ်ကြိုးပြတ် သေဆုံးရသည်ကို တွေ့၍





အားခွန်လျော့၍ လဲကျသွားသော မစ္စတာစတီဗင်အား လည်ပင်း အဆစ်ပြုတ်အောင် ဇက်ကို ချိုး၍ သတ်လိုက်လေသည်။

မစ္စတာစတီဗင်ကို သတ်ခဲ့ပြီးနောက် ကျန်ရှိသေးသည့် ရန်သူတော်များကို ဆက်၍ ရှာဖွေရာ နာရာဆင်း၏ သားအကြီးဆာမိဆင်းဆိုသူမှာ ကနေဒီကျွန်းအနီး လမ်းသွယ်တစ်ခုထဲတွင် တိုက်ခိုက်ရေးပညာရှင် သက်တော်စောင့်များ ခြံရံ၍ ရတနာပစ္စည်းများ ရောင်းဝယ်ကာ ရတနာကုန်သည် သူဌေးကြီး ဆာမိဆင်းဟု အမည်ခံထားကြောင်း သိရပြီး ဆာမိဆင်း၏ညီ ရာဂျာဆင်းမှာ အိန္ဒိယတွင်နေကြောင်း၊ ရတနာပစ္စည်း အရောင်းအဝယ်ကိစ္စဖြင့် မကြာခဏ သူ၏ အစ်ကိုဆာမိဆင်းဆီ လာတတ်ကြောင်းကို မသူဇာ သိရလေသည်။

မသူဇာမှာ နံပါတ်တစ်အနေနှင့် ဆာမိဆင်းကို သတ်လိုက်၍ သေကြောင်း၊ အိန္ဒိယ၌ရှိသော ရာဂျာဆင်းသိလျှင် အသတ်ခံရသော အစ်ကို ဆာမိဆင်း၏ ကိစ္စအဝဝအတွက် အိန္ဒိယမှ ရာဂျာဆင်းမှာ မလွဲမသွေ မြန်မာပြည်သို့ ရောက်လာမည်ဖြစ်ကြောင်း၊ ထိုအခါကျမှ ရာဂျာဆင်း၏အသက်ကို မိမိအနေဖြင့် အလွယ်တကူ လုပ်ကြံသတ်ဖြတ်နိုင်ကြောင်း တွက်ဆမိ၍ မိမိ စီစဉ်ထားသည့်အတိုင်း သက်တော်စောင့်များ ခြံရံထားသည့်ကြားမှ ရတနာကုန်သည်ဆာမိဆင်း၏ အသက်ကို နှုတ်ယူလိုက်လေသည်။

ဆာမိဆင်းသေဆုံးသွားပြီးနောက် မသူဇာမှာ အိန္ဒိယမှ ရောက်လာမည့် ရာဂျာဆင်း၏ သတင်းကို မျက်ခြည်မပြတ်ဘဲ သတိထားလေသည်။ ထိုအချိန် သတင်းစာများက လူသတ်မှုအကြောင်းများကို စဉ်ဆက်မပြတ် ရေးသားဖော်ပြလေသည်။ မသူဇာမှာ သတင်းစာများကို ဖတ်၍ အင်္ဂလိပ်အမှုထမ်း ပုလိပ်စုံထောက်များမှာ မိမိကို ရှာဖွေ၍ မဖမ်းဆီးနိုင်သည့် အဖြစ်ကို တွေး၍ ရယ်မောလေသည်။

အမှုကွင်းဆက်ကို ရရှိ၍ မိမိနှင့် မိမိမိသားစုများကို စုံစမ်းမှုပြုလျှင်လည်း မိမိနှင့်တကွ မိမိမျိုးဆက်တစ်ဆက်လုံးမှာ သေဆုံးသူစာရင်းထဲတွင်သာ ရှိ၍ မိမိအား ပုလိပ်အဖွဲ့မှ မတွေ့ရှိနိုင်၊ မဖမ်းဆီးနိုင်ဟု စိတ်မှာတွေး၍ မိမိအဖြစ်ကို သဘောကျကာ ရယ်မောလေသည်။

မိမိအနေနှင့် နောက်ဆုံးလက်ကျန် ရာဂျာဆင်းကိုသတ်ပြီးသည့်အချိန်တွင် မိမိ၏ကျေးဇူးရှင် ဆရာဖြစ်သူ ဦးကျင်တီနှင့်တရုတ်ပြည်မသို့ အပြီးအပိုင် လိုက်သွားမည်ဟု ဆုံးဖြတ်၍ ထားလေသည်ဖြစ်ရာ ရာဂျာဆင်း၏သတင်းကို ဆက်၍စုံစမ်းလေသည်။

ဆရာဖြစ်သူ ဦးကျင်တီက မြန်မာပြည် ပုလိပ်လောကတွင် ဆားပုလင်းမင်းနောင် ဟူသော စုံထောက်မှာ လွန်စွာမှ သတိထားရမည်ဖြစ်ကြောင်း သူလိုက်သည့် အမှုမှန်သမျှတွင် နောက်ဆုံး၌ တရားခံကို ဖမ်းဆီးနိုင်သည်သာ ဖြစ်ကြောင်း လောကီပညာရပ် အတော်များများ





ကို နှံ့နှံ့စပ်စပ် ရှိ၍ တိုက်ခိုက်မှုပညာတွင်လည်း အစွမ်းထက်မြက်ကြောင်း ယခုဖြစ်သွားသည့် အမှုတွေကို ဆားပုလင်းမင်းနောင် လိုက်နေကြောင်း။

ထို့အတွက်ကြောင့် ရာဂျာဆင်းကို မသတ်ဘဲ ဒီလောက်နဲ့တင် ရပ်ပြီး တရုတ်ပြည်မဘက်သို့ သွားသင့်ပြီဖြစ်ကြောင်း မသူဇာကို ပြောကြားသော်လည်း မသူဇာမှာ မလိုက်နာဘဲ မိမိဆုံးဖြတ်ချက်ချထားသည့် အတိုင်း မိမိထံတွင် နောက်ဆုံး သူဇာယမင်းရုပ်တစ်ရုပ်ကျန်ရှိနေသေးသည့်အတွက် မပြီးဆုံးသေးသည့် ရာဂျာဆင်း၏ အသက်ကို နှုတ်ယူပြီးမှ တရုတ်ပြည်မဘက်သို့ သွားမည်ဖြစ်ကြောင်း ဦးကျင်တီကို ပြောလေသည်။

မသူဇာ အနေနှင့် ရာဂျာဆင်း၏သတင်းကို ကြာကြာ မစုံစမ်းရချေ။ မကြာမီ သတင်းစာများ၌ ရာဂျာဆင်းသည် ဖရေဇာလမ်း၊ ရှိုင်ရယ်ဟိုတယ်တွင် ရောက်နေကြောင်း၊ ဆာမိဆင်း ကျန်ခဲ့သော ပိုင်ဆိုင်သမျှ ပစ္စည်းများကို ဝတ်လုံမှတစ်ဆင့် တရားဥပဒေအတိုင်း ဆက်လက်ခံယူမည် ဖြစ်ကြောင်း -

ယခု သတင်းစာများမှာ ရေးထည့်သည့် တစ်ပတ်အတွင်းတွင် ကန့်ကွက်သူရှိက ကန့်ကွက်နိုင်ကြောင်း (သို့မဟုတ်) သူနှင့်တွေ့ဆုံဖို့ လိုအပ်လျှင် ဖရေဇာလမ်း ရှိုင်ရယ်ဟိုတယ်ရှိ အခန်းနံပါတ် (၁၃) ၌ လာရောက်တွေ့ဆုံနိုင်ကြောင်းကို သတင်းစာ၌ ရေးသားဖော်ပြလေသည်။ မသူဇာမှာ ထိုသတင်းစာကိုဖတ်ပြီးနောက် နောက်ဆုံးသွေးကြွေး

တလဲ့စား ချေရန်အတွက် လျှို့ဝှက်စွာ အပြုံးတစ်ပွင့်ကို ပြုံး၍ မိမိကိုယ်မိမိ မဂိုကုလားမလေးတစ်ယောက်လို ရုပ်ဖျက်၍ ဖရေဇာလမ်း၊ ရှိုင်ရယ် ဟိုတယ် အခန်းနံပါတ် (၁၃) ၌ရှိသော ရာဂျာဆင်းထံသို့ လိုအပ်သည် များ ပြင်ဆင်၍ ထွက်ခဲ့လေသည်။

ရှိုင်ရယ်ဟိုတယ်သို့ ရောက်သောအခါ မိမိမှာ အခန်းနံပါတ် (၁၃) တွင် တည်းခိုနေသော ရာဂျာဆင်း၏ ညီသည်ဖြစ်၍ ရာဂျာ... ခေါ်ဆိုထားသည့်အတွက် ရာဂျာဆင်းနှင့် တွေ့ဆုံရန် မိမိလာခဲ့ကြောင်း ကို ဟိုတယ်မန်နေဂျာအား ပြောဆိုကာ အခန်းနံပါတ် (၁၃) ရှိရာ ဒုတိယထပ်သို့ တက်ရောက်ခဲ့ပြီး အခန်းနံပါတ် (၁၃) ရှေ့သို့ ရောက် သောအခါ အခန်းနံပါတ် (၁၃) ၏ လူခေါ်ဘဲလ်ကို နှိပ်လိုက်လေသည်။

ဘဲလ်သံ ထွက်ပေါ်လာပြီး မကြာခင် ရာဂျာဆင်းမှာ အခန်း တံခါးကို ဖွင့်ပေးပြီး အခန်းထဲသို့ဝင်ရန် ပြောကြား၍ မသူဇာမှာ ရာဂျာဆင်း၏ အခန်းထဲသို့ ဝင်ခဲ့လေသည်။ မသူဇာမှာ မဂိုကုလားမလေး အသံခပ်ဝဲဝဲဖြင့် ရာဂျာဆင်းအား

ကျေးဇူးပြုပြီး အခန်းတံခါးကို ပြန်ပိတ်ရန်၊ မိမိမှာ ဆာမိဆင်း သေဆုံးမှုနှင့်ပတ်သက်၍ ပြောကြားစရာကိစ္စ ရှိကြောင်း ပြောကြား သောအခါ ရာဂျာဆင်းမှာ အခန်းတံခါးလော့အား ပြန်လည်ပိတ်ခဲ့လေ သည်။ အခန်းတံခါးပိတ်ပြီးသည်နှင့် မသူဇာမှာ သူ ယူဆောင်လာသော သူဇာယမင်းရုပ်ကလေးကို ရာဂျာဆင်းအား ပေးပြီးနောက် အငြိမ်းစား





ရာဇဝတ်အုပ် မစ္စတာစတီဗင်နှင့် ဆာမိဆင်းအား သတ်ခဲ့ကြောင်း ယခု နောက်ဆုံး ရာဂျာဆင်းကို သတ်ဖို့ကျန်ရှိသေးသည့်အတွက် ရာဂျာဆင်း၏ အသက်ကို နှုတ်ယူရန် မိမိလာခဲ့ကြောင်း ပြောဆိုပြီးနောက် ရာဂျာဆင်း အား မသူဇာမှာ ပြင်းထန်အားပါလှသော တိုက်ကွက်များနှင့် တိုက်ခိုက် လေသည်။

သို့သော် ရာဂျာဆင်းမှာ သူဇာယမင်းသလို လွယ်လွယ်နှင့် တိုက်ခိုက်၍မရကြောင်းကို ရိပ်မိသဖြင့် မိမိအနေနှင့် အရေးကြုံလျှင် သုံးနိုင်ရန်အတွက် အသင့်ယူဆောင်လာသော ရှန်ကာရီအဆိပ်သုတ် လိမ်းထားသော အဆိပ်အပ်ဖြင့် ရာဂျာဆင်းအား ပစ်၍ တိုက်ခိုက်လိုက် လေသည်။

မသူဇာ ပစ်လိုက်သော အဆိပ်အပ်ကြောင့် ရာဂျာဆင်းမှာ အဆိပ်အပ် ထိမိပြီး လဲကျသွားလေသည်။ ထိုအခါ မသူဇာမှာ ဝမ်းသာစွာ ရယ်မော၍

"ရာဂျာဆင်း . . ရှင့်ရဲ့တိုက်ခိုက်မှုပညာကို လေးစားပါတယ်။ ကျွန်မရဲ့ တိုက်ခိုက်မှုကို ဘာတစ်ခုမှ မထိခိုက်စေဘဲ ရှောင်တိမ်းခဲ့တဲ့ ရှင့်ရဲ့ပညာဟာ သာမန်တိုက်ခိုက်တဲ့ ပညာရှင်တွေထက် အဆပေါင်း များစွာ သာလွန်ကောင်းမွန်ပါတယ်။ ဒါပေမယ့် ကျွန်မရဲ့အစွမ်းထက် လှတဲ့ အဆိပ်အပ်ကို မရှောင်နိုင်တဲ့အတွက် ကျွန်မ ဝမ်းနည်းပါတယ်"

"အဲဒီ အဆိပ်အပ်က ရှင့်မှာရှိတဲ့ အရိုးအကြောတွေကို ပျော့ သွားစေပြီး ခွန်အားတွေ ဆုတ်ယုတ်လျော့ကုန်ခမ်းသွားစေတဲ့ အစွမ်းရှိတယ်။

တိုက်ခိုက်ရေးပညာရှင် အချင်းချင်း မသတ်ချင်ပေမယ့် ကျွန်မရဲ့မိဘတွေကို ကတိပေး တိုင်တည်ထားတဲ့အတွက် ရှင့်ရဲ့အသက်ကို စိတ်မကောင်းစွာနဲ့ နှုတ်ယူရမှာပဲ"

မသူဇာ စကားဆုံးသည်နှင့် အဆိပ်အပ် ထိမှန်ခံရ၍ လဲကျနေသော ရာဇ္ဇာဆင်း၏ ဇက်ကိုချိုးရန်အတွက် လက်နှစ်ဖက်ဖြင့် ရာဇ္ဇာဆင်း၏ ဦးခေါင်းအား ဆုပ်ကိုင်လိုက်လေသည်။

ထိုအခိုက်မှာပင် မသူဇာ၏ လက်နှစ်ဖက်တွင် ချပ်ကနဲ အသံမြည်ကာ လက်ထိတ်ခတ်ပြီးသား ဖြစ်နေလေသည်။ မသူဇာမှာ အံ့သြ ထိတ်လန့်စွာဖြင့် နောက်သို့ နောက်သို့ခုန်ဆုတ်လိုက်ပြီး

"ရှင်. . ရှင် ဘယ်သူလဲ၊ ရှင် ရာဇ္ဇာဆင်း မဖြစ်နိုင်ဘူး"

မသူဇာစကား အဆုံး၌ ရာဇ္ဇာဆင်းမှာ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများနှင့် တပ်ဆင်ထားသော ဆံပင်အတုကိုပါ ဖယ်ရှားလိုက်ပြီး

"ဟုတ်ပါတယ် မသူဇာ၊ ကျွန်တော် ရာဇ္ဇာဆင်းမဟုတ်ပါဘူး။ ရာဇ္ဇာဆင်းရဲ့ အစ်ကို ဆာမိဆင်းအသတ်ခံရမှုနဲ့ အငြိမ်းစားရာဇဝတ်အုပ် မစ္စတာစတီဗင် အသတ်ခံရတဲ့အမှုကို လိုက်နေတဲ့ အင်းစိန်စီအိုင်ဒီက ဆားပုလင်းမင်းနောင်ပါ"

ထိုအခါကျမှ မသူဇာမှာ သူ၏ဆရာဖြစ်သူ ဦးကျင်တီ သတိပေးခဲ့သည်ကို အမှတ်ရ၍

"တော်ပါတယ်. . ဆားပုလင်းမင်းနောင်၊ ကျွန်မကို ကျွန်မ





သေပြီလို့ ခြေရာဖျောက်ခဲ့တာကို ရအောင် စုံစမ်းဖော်ထုတ်နိုင်ပြီး ရာဇ္ဇာဆင်းကို ကျွန်မအနေနဲ့ ဆက်ပြီး လုပ်ကြံမယ်ဆိုတာကို ကြိုသိပြီး ရာဇ္ဇာဆင်း အနေနဲ့ ကျွန်မကိုစောင့်ပြီး ဖမ်းတဲ့ ရှင့်ရဲ့ အရည်အချင်းကို လေးစားပါတယ်။ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ မရှင်းတာက ကျွန်မ တိုက်ခိုက်လိုက်တဲ့ အဆိပ်အပ်က ရှင့်ကိုထိတာတောင် ရှင်က ဘာမှ မဖြစ်ဘူး၊ အဲဒါ ဘာဖြစ်လို့လဲဆိုတာ ကျွန်မ သိချင်ပါတယ်"

မသူဇာ စကားအဆုံး၌ ရာဇ္ဇာဆင်းအမည်ခံ ဆားပုလင်းမင်းနောင်မှာ သူ၏လက်မောင်းတွင် စိုက်ဝင်နေသော အပ်ကလေးကို နှုတ်၍သိမ်းဆည်းလိုက်ပြီး-

"မသူဇာ ကျွန်တော့်အနေနဲ့ မစ္စတာစတီဗင် သေဆုံးခဲ့တဲ့အဖြစ်ကို လေ့လာကြည့်တဲ့အခါ မစ္စတာစတီဗင်ရဲ့ လက်မှာ အလွန်သေးငယ်တဲ့ အပ်ကလေးတစ်ချောင်းကို တွေ့ရတယ်။ မစ္စတာစတီဗင် သေဆုံးခဲ့တဲ့ အမိကအချက်က လည်ပင်းအဆစ်ပြုတ်ပြီး သေနေတာ တွေ့ရတယ်။ မစ္စတာစတီဗင်လို သန်စွမ်းကျန်းမာတဲ့ လူတစ်ယောက်ရဲ့ဇက်ကို လိမ်ချိုးပြီး သတ်နိုင်တဲ့သူဟာ မစ္စတာစတီဗင်ထက် ပိုပြီး ကျန်းမာသန်စွမ်းတဲ့လူ ဖြစ်မယ်။ ဒါမှမဟုတ် လူသတ်သမားက မစ္စတာစတီဗင်ထက် ခွန်အားဗလ သေးငယ်ခဲ့ရင် မစ္စတာစတီဗင်ကို ခွန်အားယုတ်လျော့စေအောင် ပြုလုပ်ရမယ်"

"ဒီလို ပြုလုပ်တဲ့အခါ ခွန်အားလျော့စေတဲ့ အဆိပ်ကိုသုံးစွဲရမယ်။ အဲဒီအချက်နဲ့ မစ္စတာစတီဗင်ရဲ့ လက်မှာ စူးဝင်နေတဲ့ အပ်ကလေးကို ဆက်စပ်ကြည့်တဲ့အချိန်မှာ ဒီအပ်ကလေးက အဆိပ်အပ်ဖြစ်မှာပဲဆိုတာ တွက်မိတယ်။ ပိုပြီး ကြိမ်းသေအောင် ဓာတုဗေဒဌာနကို ဒီအပ်ကလေးပို့ပြီး စစ်ဆေးခိုင်းတဲ့အခါ အရိုးပျော့စေပြီး ခွန်အား ဆုတ်လျော့စေတဲ့ အစွမ်းသတ္တိပါတယ် ဆိုတဲ့ အဖြေကိုရတယ်"

"အရိုးပျော့စေတဲ့ အဆိပ်ကို ဘယ်လူမျိုးတွေ အသုံးအစွဲများတယ်ဆိုတာကို လေ့လာကြည့်တဲ့အခါ ရှမ်းတောတွင်း အမဲလိုက်တဲ့ မုဆိုးတချို့နဲ့ရှေးကျတဲ့ တရုတ်သမားတော်တွေ တွေ့ရှိဖော်စပ်ထားတဲ့ ရှန်ကာရီလို့ခေါ်တဲ့ အဆိပ်ဖြစ်ကြောင်း သိရတယ်"

"ဒီအချက်ကို ထောက်ပြီး လူသတ်သမားက တိုက်ခိုက်မှုကောင်းပြီး ရှန်ကာရီအဆိပ်ကို သုံးစွဲသူဖြစ်တဲ့အတွက် လူသတ်တရားခံကို ဖမ်းတဲ့အခါ လွယ်လွယ်ကူကူနဲ့ ဖမ်းလို့မရနိုင်ဘူး။ မလွဲမသွေ တိုက်ခိုက်မှုဖြစ်ပွားနိုင်တယ်။ ဒီလို တိုက်ခိုက်ရင်းနဲ့ လက်ရည်တူညီလာတဲ့အခါ အရိုးပျော့ပြီး အားခွန်ယုတ်လျော့စေတဲ့ ရှန်ကာရီအဆိပ် သုတ်လိမ်းထားတဲ့ အဆိပ်နဲ့ပစ်ပြီး တိုက်ခိုက်မှာကို တွက်ဆပြီး ရှန်ကာရီ အဆိပ်ကို ပြေစေတဲ့ ဖြေဆေးကို မသူဇာ ဒီအခန်းရှေ့ကို ရောက်ပြီး ဘဲလ်တီးလိုက်တဲ့အချိန်မှာ ကျွန်တော့်အနေနဲ့ကြိုတင်ပြီး သောက်ထားတဲ့အတွက် မသူဇာ တိုက်ခိုက်တဲ့ရှန်ကာရီအဆိပ်ရဲ့ အစွမ်းသတ္တိကို ပြေစေခဲ့တာပဲ မသူဇာ"





"ကိုမင်းနောင် စကားအဆုံး၌ မသူဇာက တံခါးခေါက်တဲ့ သူဟာ ကျွန်မ မဟုတ်ဘဲ ဒီပြင်လူတစ်ယောက်ဖြစ်နေခဲ့ရင် ရှင် သောက်ထားတဲ့ ဖြေဆေးက အလကားဖြစ်သွားမှာ ရှင် မတွေးမိဘူးလား။ အဆိပ်ကို အဆိပ်နဲ့ဖြေရသလို ရှင်သောက်ထားတဲ့ ဖြေဆေးကလည်း အဆိပ်တစ်မျိုးဆိုတာ ရှင် စဉ်းစားမိရဲ့လား"

"စဉ်းစားမိပါတယ် မသူဇာ၊ ဒီအချိန်မှာ ကျွန်တော့်ဆီကို လာမယ့်သူဆိုလို့ မသူဇာတစ်ယောက်ပဲ ရှိတာရယ်၊ ဒီဟိုတယ်က မန်နေဂျာနဲ့ အမှုထမ်းတွေကို ဘာအကြောင်းကိစ္စဖြစ်ဖြစ် အခန်းထဲကို လာမမေးနဲ့၊ ဘဲလ်မတီးနဲ့ လိုအပ်တာရှိရင် အခန်းထဲက ထွက်ပြီး ကိုယ်တိုင်လာယူမယ်"

"မဂိုကုလားမလေး လာခဲ့ရင် မန်နေဂျာကို လိုက်မပို့စေဘဲ အဲဒီအတိုင်း လွှတ်ပေးလိုက်ဖို့ ကြိုတင်ပြီး မှာထားခဲ့တယ် မသူဇာ၊ ရာဂျာဆင်းအနေနဲ့ သတင်းစာမှာ ကြော်ငြာထည့်ပြီး မသူဇာကို ပုန်းခိုနေရာက ထွက်လာအောင် ပြုလုပ်လိုက်တာပါ"

"သတင်းစာကြော်ငြာကို ဖတ်ပြီး မလွဲမသွေ မသူဇာလာပြီး ရာဂျာဆင်းကို နောက်ဆုံးသွေးကြွေးကလဲ့စား ချေမယ်ဆိုတာကို ကျွန်တော်ကြိုတင်တွက်ဆထားပါတယ်။ တွက်ဆထားတဲ့အတိုင်း ရာဂျာဆင်းရှိတဲ့ ဟိုတယ်ကိုလာတဲ့အခါ ဟိုတယ်ထဲဝင်တဲ့အခါ အခြားသူ တစ်ဦးဦး မရိပ်မိအောင် မသူဇာ ရုပ်ဖျက်လိမ့်မယ်"

"အဲဒီလို ရုပ်ဖျက်တဲ့အခါမှာလဲ မသူဇာရဲ့အလှနဲ့ကိုက်ညီမယ့် ကုလားမလေးလို ရုပ်ဖျက်မယ်ဆိုတာကိုပါ ကြိုတင်တွေးတောထားပါတယ် မသူဇာ၊ ဟိုတယ်မန်နေဂျာအနေနဲ့လည်း အခန်းနံပါတ် (၁၃) မှာ တည်းခိုနေတဲ့ အိန္ဒိယလူမျိုး ရာဂျာဆင်းဆီကို သူတို့အမျိုးအနွယ် မဂိုကုလားမလေး လုပ်ငန်းကိစ္စတစ်ခုနဲ့လာတယ် ထင်ပြီး မသူဇာ အပေါ်မှာ မသင်္ကာတဲ့စိတ်မရှိဘဲ ခပ်အေးအေး သဘောထားပြီး လွှတ်လိုက်အောင်ပါ။ မသူဇာအနေနဲ့ ကြိုတင်တွေးပြီး အိန္ဒိယနွယ် မဂိုကုလားမလေး တစ်ဦးလို ရုပ်ဖျက်လာတာပါ"

မသူဇာမှာ ကိုမင်းနောင်က အကျိုးအကြောင်း ခိုင်လုံစွာဖြင့် ရှင်းပြပေးမှုအဆုံး၌

"တော်ပါပေတယ် ဆားပုလင်းမင်းနောင်၊ ရှင့်ရဲ့ အတွေးအခေါ် ဉာဏ်အမြော်အမြင်ကို ကျွန်မ လေးစားပါတယ်။ ကျွန်မ ကျူးလွန်ခဲ့တဲ့ အပြစ်တွေအတွက် ခံစားရမယ့်အပြစ်ဒဏ်ကို ကျွန်မ မကြောက်ပါဘူး။ ကျွန်မရဲ့နောက်ဆုံးဆန္ဒ ဖြစ်တဲ့ လူယုတ်မာနာရာဆင်းရဲ့ မျိုးဆက်အဖြစ် ကျန်ရှိနေတဲ့ ရာဂျာဆင်းကို မသတ်နိုင်ခဲ့တာကို တွေးပြီး စိတ်မကောင်းတာတစ်ခုတည်းပဲ ရှိတယ်"

"မသူဇာ. . ဘဝနဲ့ခံစားချက် ထပ်တူမကျသောအခါ ညီမျှခြင်းဟူသော သင်္ကေတသည် ဘယ်တော့မှ ဖြစ်ပေါ်မလာဘူးဆိုတာ ကျွန်တော် နားလည်ပါတယ်။ ဒါပေမယ့် ကလဲ့စားချေခြင်းဆိုတာ ရက်စက်သော ပြန်လည်





တုံ့ပြန်မှုလို့ မသူဇာ နားလည်သဘောပေါက်ပြီး ဖြစ်ခဲ့တာတွေအားလုံးကို ဖယ်ရှားပြီး ညီမျှခြင်းအဖြစ်နဲ့ပဲ ကျေနပ်ပါတော့ မသူဇာ"

ကိုမင်းနောင် စကားအဆုံး၌ မသူဇာမှာ စိတ်ကိုလျှော့ချ၍ အဝေး တစ်နေရာသို့ စိတ်မှာမျှော်မှန်းကာ

"ကျွန်မ သဘောပေါက်ပါပြီ ကိုမင်းနောင်၊ ကျွန်မအနေနဲ့ အခု ဖြစ်ခဲ့တဲ့ အကြောင်းအရာတွေအပေါ်မှာ ဘဝတစ်စိတ်တစ်ပိုင်းရဲ့ ညီမျှခြင်း သင်္ကေတ တစ်ခုလို့ပဲ သတ်မှတ်လိုက်ပါ့မယ်။ ကျွန်မကို အားမနာပါနဲ့ရှင်၊ ရှင် ထမ်းဆောင်ရမယ့် တာဝန်ဝတ္တရားရှိတဲ့အတိုင်း ဆက်ပြီးဆောင်ရွက်ပါ"

မသူဇာ စကားအဆုံး၌ ကိုမင်းနောင်က

"မသူဇာ. . ကျွန်တော် တရားခံတွေကို ဖမ်းတဲ့အခါမှာ အခုလို သူရသတ္တိစိတ်ရှိပြီး မှန်မြတ်တဲ့တရားခံတွေကို ဘယ်တော့မှ လက်ထိတ် မခတ်ခဲ့ပါဘူး မသူဇာ။ ကျေးဇူးပြုပြီး ထွက်မပြေးပါဘူးလို့ ကတိပေးပါ။ ကျွန်တော် လက်ထိတ်ဖြုတ်ပေးပါရစေ"

"ကျွန်မ ထွက်မပြေးပါဘူး ကိုမင်းနောင်၊ ကျွန်မမှာ လုပ်ရဲရင် ခံရဲတဲ့ သတ္တိစိတ်ရှိပါတယ်"

"ကျေးဇူးတင်ပါတယ် မသူဇာ"

ကိုမင်းနောင်မှာ မသူဇာ၏ လက်၌ခတ်ထားသော လက်ထိတ်ကို ဖြုတ်၍ ဖယ်ရှားပေးလိုက်လေသည်။

"ကျွန်မ တွေ့ကြုံခဲ့တဲ့ ဘဝတစ်စိတ်တစ်ပိုင်းနဲ့ အကြောင်းအရာကတော့ ဒါပါပဲရှင်။ ကျွန်မကို ကိုမင်းနောင် လက်ထိတ်ဖြုတ်ပေးပြီးတဲ့အခါ ကျွန်မအပေါ် ယုံကြည်စိတ်ချစွာနဲ့ အခန်းထဲမှာ တစ်ယောက်တည်းထားခဲ့ပြီး ဟိုတယ်အောက်ထပ်က ဖုန်းနဲ့စီအိုင်ဒီကို အကြောင်းကြားတယ်။ မကြာခင် စီအိုင်ဒီက သူ့ရဲ့ဆရာ အိုင်ပီဦးထွန်းအောင်နဲ့ စုံထောက်အရာရှိတွေ လာပြီး ကျွန်မကို ခေါ်မယ်ဆိုတဲ့အကြောင်းကို ဒီအခန်းထဲကို ကိုမင်းနောင် ပြန်ရောက်တဲ့အခါ ကိုမင်းနောင် ပြောပြလို့ ကျွန်မ သိပြီးပါပြီ"

ကိုမင်းနောင်က ရာဂျာဆင်းလို ပြန်လည်ပုံပြောင်းပြီး ဆရာတို့ကို စောင့်ရင်းနဲ့ ကျွန်မနဲ့ ဆေးပညာရပ်အကြောင်းတွေ ဆွေးနွေးပြောဆိုနေတုန်းမှာ ဆရာတို့ ရောက်လာတာပါပဲရှင်။

မသူဇာမှာ သူ့ဘဝအကြောင်းနှင့် အမှုကျူးလွန်ပုံအကြောင်းများကို ရှင်းပြပေးပြီး ထိုနေရာအရောက်တွင် စကားပြောဆိုခြင်း ရပ်၍ နိဂုံးကမ္ပတ် အဆုံးသတ်လိုက်လေသည်။



# အခန်း (၉)

နောက်တစ်နေ့ ရုံးဖွင့်ရက်များတွင် ကျွန်ုပ်တို့လည်း မသူဇာ ကျူးလွန်ခဲ့သော အမှုများအတွက် တရားရုံးသို့ တင်နိုင်ရန်အတွက် လိုအပ်သော သက်သေခံပစ္စည်းများနှင့် မသူဇာ ဖွင့်ဟဝန်ခံ ဖြောင့်ချက်ပေးပြီး အမှုကို အမှန်တကယ် ကျူးလွန်ပါကြောင်း၊ မသူဇာ ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ဖြောင့်ချက်စာရွက်စာတမ်းများ နှင့် အမှုကို ခိုင်မာစွာ တည်ဆောက်၍ ရုံးသို့တင်လေသည်။

ထိုသို့ မသူဇာအမှု ရုံးသို့တင်ကာ တရားစွဲပြီးနောက် နောက်ဆုံးစီရင်ချက်ချမည့်နေ့သို့ ရောက်လာလေသည်။ ကျွန်ုပ်တို့လည်း ရုံးမှဖိုဒ်ကားလေးဖြင့် မသူဇာ ဒီရင်ချက်ချမည့် ရုံးသို့ထွက်လာလေသည်။ ဖိုဒ်ကားလေးကို ကျွန်ုပ်မောင်း၍ ကျွန်ုပ်၏ဘေးတွင် ကိုမင်းနောင်မှာ

သူ အလွန်နှစ်သက်သော စီးကရက်ကို သောက်၍လိုက်ပါလာပြီး ကိုမျိုးအောင်မှာ ကားနောက်ခန်းတွင် မသူဇာအကြောင်း စိတ်မကောင်းစွာဖြင့် ပြောကြားရင်း လိုက်ပါလာလေသည်။

ကားမောင်းနေရင်းမှ ကျွန်ုပ်သည် မသူဇာအကြောင်း အမှုတွင်းဆက်ကို ကိုမင်းနောင် မည်သို့ခြေရာခံ၍ လိုက်ခဲ့ကြောင်း သိလိုသဖြင့် ကိုမင်းနောင်ကို မေးကြည့်မိလေသည်။

"အိုင်ဆေး. . ကိုမင်းနောင်၊ မသူဇာအကြောင်းကို ဘယ်လိုကနေစပြီး ခြေရာကောက်မိတာလဲ"

"အိုင်ပီ. . . မသူဇာ ကြောင်ကုတ်ခံရပြီး သေဆုံးခဲ့တယ်လို့ မသူဇာရဲ့သူငယ်ချင်း မနှင်းရည်က ကျွန်တော်တို့ကို ပြောခဲ့တယ်။ မနှင်းရည် အနေနဲ့လည်း သူ့ရဲ့သူငယ်ချင်း ဖြစ်သူ မသူဇာက သူ့လက်ပေါ်မှာတင် သေဆုံးခဲ့တယ် ဆိုတာလည်း မှန်ကန်တယ်ဆိုတာ ကျွန်တော်တို့ကို ရှင်းပြတဲ့အချိန်မှာ သူ ခံစားနေရတဲ့ သူ့ရဲ့စိတ်ကိုကြည့်ပြီး သိနိုင်ပါတယ် အိုင်ပီ။ ကျွန်တော်က မနှင်းရည်ကို မသူဇာကို တိုက်ခိုက်ကုတ်ခြစ်ခဲ့တဲ့ ကြောင်က ဘယ်လိုအရောင်အဆင်း ရှိလဲ မေးကြည့်တော့၊ မနှင်းရည်က အရောင်မွဲပြီး အမွေးတွေခပ်ကျဲကျဲနဲ့ ကြောင်အိုကြီးတစ်ကောင်လို့ ပြောခဲ့တာ။ အိုင်ပီနဲ့ကိုမျိုးအောင် မှတ်မိမှာပါ"

"မသူဇာကို ကုတ်ခြစ်ခဲ့တဲ့ ကြောင်က လိပ်ခုံးမ လို့ခေါ်တဲ့ ကြောင်မျိုးပဲ အိုင်ပီ။ ဒီကြောင်ရဲ့အဆိပ်က အင်မတန် ပြင်းတယ်။





ဒီကြောင်ရဲ့ လက်သည်းခြေသည်းတွေနဲ့ ကုတ်ခြစ်ခံရတဲ့သူဟာ အဆိပ်ပြန့်ပြီး မေ့မြောတတ်ပြီး နှလုံးသွေးခုန်နှုန်း ရပ်သွားတတ်တယ် အိုင်ပီ။ မေ့မြောနေရာကနေ အချိန်မှီ မကုသနိုင်ခဲ့ရင် အသက်ပါ သေဆုံးသွားနိုင်တယ်"

"အချိန်မှီ အဆိပ်ဖြေဆေးကို တိုက်ပြီး ကုသနိုင်ရင် မသေနိုင်ဘူး အိုင်ပီ။ ကျွန်တော့်စိတ်ထဲမှာ သံသယရှိတာက လူသတ်မှု ဖြစ်ပွားတိုင်းမှာ သဲလွန်စအဖြစ် ထားခဲ့တဲ့ အနက်ရောင်ကြောင်ကလေးကို ပိုက်ထားတဲ့ သူဇာယမင်းရုပ်ကလေးပဲ"

"ကြောင်ကုတ်ခံရပြီး မေ့မြောနေတဲ့ မသူဇာကို ဆေးပညာကျွမ်းကျင်တဲ့ တစ်ဦးတစ်ယောက်က အချိန်မှီကုသနိုင်ခဲ့ရင် မသူဇာ အသက်မဆုံးရှုံးဘူး။ မသူဇာ တကယ်သေဆုံးသည်၊ မသေဆုံးသည်ကို သိရဖို့အတွက် ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စနဲ့ ခရီးသွားမယ်ဆိုပြီး စုံထောက်မင်းကြီးဆီမှာ ခွင့်ရက်ရှည်ယူပြီး မသူဇာနေထိုင်ခဲ့တဲ့ တောင်ငူရွာကလေးကို သွားခဲ့တယ် အိုင်ပီ"

"မသူဇာကို မြှုပ်နှံခဲ့တဲ့ သချိုင်းမှာ ကျွန်တော် နယ်လှည့်ပြီး သုသာန်စောင့် ဆောက်တည်တဲ့သူတစ်ဦး ဖြစ်ကြောင်း၊ အဲဒီ သချိုင်းရဲ့ လက်ရှိ သုဘရာဇာကို ပြောဆိုခွင့်တောင်းပြီး သချိုင်းမှာ ခဏနေတယ်။ လက်ရှိ သုဘရာဇာနဲ့ ရင်းနှီးတဲ့အခါ သူက ဒီသချိုင်းရဲ့ ဒုတိယသုဘရာဇာ ဖြစ်ပြီးလက်ရှိ သချိုင်းကိုမရောက်ခင် တစ်ဖက်ရွာရဲ့ သချိုင်းတွင် သူလို

သုဘရာဇာတစ်ဦးနဲ့ အတူနေထိုင်ခဲ့တယ်ဆိုတဲ့ အကြောင်းနဲ့ ဒီရွာမှာ ထူးထူးခြားခြား အဝေးမှ ထိုရွာသို့ စာလာသင်ပေးသော ဆရာမလေး တစ်ယောက် ကြောင်ကုတ်၍ သေဆုံးသော အသုဘချသည့် နောက်ရက်တွင် ဒီသချိုင်း၏အစောင့် ပထမသုဘရာဇာက-

"မိမိသည် လက်ရှိလုပ်နေသော သုဘရာဇာအလုပ်ကို မလုပ်ချင်တော့ကြောင်း မိမိမှာ စုဆောင်းထားသော အရင်းအနှီးရှိသည့် အတွက် မိမိ၏ မွေးရပ်မြေဖြစ်ခဲ့သော မန္တလေးမြို့သို့ ပြန်ကာ အရောင်းအဝယ် တစ်ခုခုပြုလုပ်မည် ဖြစ်ကြောင်း ထို့အတွက်ကြောင့် သူ၏နေရာတွင် ဝင်၍ လုပ်ကိုင်နိုင်ရန်နှင့် မိမိသုံးစွဲခဲ့သော အသုံးအဆောင်များပါ လွှဲပေးခဲ့သဖြင့် နဂိုသချိုင်းတွင် အဖော်တစ်ယောက် ထားခဲ့၍ မိမိမှာ ဒီသချိုင်းသို့ ပြောင်းရွှေ့လာခဲ့တာ ဖြစ်ကြောင်း ကျွန်တော့်ကို လက်ရှိ သုဘရာဇာက ပြောတယ် အိုင်ပီ"

"နဂို ဘုဘရာဇာက မသူဇာကို မြေမြှုပ်ပြီး နောက်တစ်နေ့မှာ ထူးထူးခြားခြား သချိုင်းထဲက ထွက်သွားတဲ့အတွက် မသူဇာက မသေဆုံးနိုင်ဘူး။ အကြောင်းကြောင်းကြောင့် တခြားတစ်ယောက်ယောက်က ခေါ်ထုတ်သွားတာ ဖြစ်ရမယ်။ ဒီအကြောင်းကို သချိုင်းကနေ ခွာသွားတဲ့ သုဘရာဇာက သိနိုင်တယ်လို့ တွေးပြီး ထွက်သွားတဲ့ သုဘရာဇာအကြောင်းကို မေးမြန်းကြည့်တဲ့အခါ ၎င်းသုဘရာဇာ အမည်မှာ ဘဦးဖြစ်ကြောင်း၊ အထက်မန္တလေးဘက်မှ ဖြစ်ကြောင်း၊ အရက်မူးရူးပြီး ဒီရွာကို ရောက်ခဲ့တာဖြစ်ကြောင်း





သူ့မှာ နေစရာမရှိ စားစရာမရှိ ဖြစ်နေကြောင်း၊ ဘယ်အလုပ်မဆို သူ လုပ်နိုင်တဲ့ အကြောင်းကို ပြောကြားတဲ့အခါ ရွာသူရွာသားတွေက သူတို့ ရွာတွင် သုဘရာဇာ မရှိသေးသည့်အတွက် ဘဦးအား ထိုအလုပ်ကို လုပ်ရဲလား၊ လုပ်မလားဟု ရွာသူရွာသားတွေက မေးမြန်းတဲ့အခါ ဘဦးက လုပ်ရဲတဲ့အကြောင်း ပြောပြီး အဲဒီရွာမှာ ဘဦးက သုဘရာဇာ လုပ်ရာကနေ သုဘရာဇာဘဦး ဖြစ်သွားတာပဲ အိုင်ပီ"

"ကျွန်တော်လည်း ဘဦး ထွက်သွားရာ မန္တလေးဘက်ကို လိုက်ပြီး စုံစမ်းကြည့်တဲ့အခါ ဘဦးက မန္တလေးမြို့ပေါ် တစ်နေရာမှာ ပရိဘောဂဆိုင် ဖွင့်ပြီး ကြီးပွားနေတာကို တွေ့ရတယ် အိုင်ပီ"

"ကျွန်တော်လည်း ပရိဘောဂတိုက်ပိုင်ရှင် ဘဦးနဲ့ တွေ့ပြီး မသူဇာ အကြောင်းကို စုံစမ်းခဲ့တယ်။ ပထမပိုင်းမှာ ဘဦးက ဘူးခံပြီး ငြင်းတယ်၊ နောက်ဆုံး ကျွန်တော့်ကို လိမ်လို့မရတဲ့အဆုံး မသူဇာကို ဦးကျင်တီလို့ ခေါ်တဲ့ တရုတ်ကြီးတစ်ယောက်က ဆေးကုသပြီး ခေါ်ဆောင်သွားကြောင်း ပြောခဲ့တယ် အိုင်ပီ"

"ကျွန်တော်လည်း မသူဇာ မသေဆုံးတာကိုသိပြီး မသူဇာ ပျောက်ဆုံးနေတာကို တွက်ပြီး အခုဖြစ်တဲ့အမှုတွေကို ကျူးလွန်တာ မသူဇာ ဆိုတာကို ကျွန်တော် တွက်ဆခဲ့တယ်"

"အသတ်ခံရတဲ့ မစ္စတာစတီဗင်တို့ ဆာမိဆင်းတို့ရဲ့ နောက်ကြောင်းကို လေ့လာကြည့်တော့လည်း မသူဇာတို့နဲ့ ဆက်စပ်နေတာကို တွေ့ရတယ်။

မသူဇာ အနေနဲ့ ဖခင်ကြီးရဲ့သွေးကြွေးကလဲ့စား ချေတဲ့အဖြစ်ကို တွေးမိပြီး မသူဇာအနေနဲ့ အိန္ဒိယမှာနေတဲ့ ရာဂျာဆင်း မြန်မာပြည်ကို လာတဲ့အခါ မှာ မလွဲမသွေ လုပ်ကြံနိုင်တယ်ဆိုတာ တွက်မိပြီး ရာဂျာဆင်း မြန်မာပြည် ကို မလာနိုင်သေးအောင် အိန္ဒိယမှာရှိတဲ့ ကျွန်တော့်ရဲ့သူငယ်ချင်း ဆားပုလင်းမူကာဂျီကို ခေတ္တတာဝန်ပေးထားပြီး ရာဂျာဆင်းကို ထိန်းထား ခိုင်းတယ် အိုင်ဗီ"

"ကျွန်တော့်သူငယ်ချင်း ဆာပုလင်းမူကာဂျီကမှ တစ်ဆင့် ရာဂျာဆင်းရဲ့ဓာတ်ပုံကို ရရှိပြီး ရာဂျာဆင်းလို ရုပ်ဖျက်ပြီး ရှိုင်ရယ် ဟိုတယ်၊ အခန်း (၁၃) မှာ မသူဇာကို စောင့်မျှော်ဖမ်းဆီးခဲ့တာပဲ အိုင်ဗီ"

ကျွန်ုပ်နှင့် ကိုမျိုးအောင်လည်း ကိုမင်းနောင် ပြောပြမှုကို နားထောင်ရင်း မကြာမီပင် မသူဇာအမှုကို နောက်ဆုံးစီရင်ချက်ချမည့် တရားရုံးရှေ့သို့ ကျွန်ုပ်တို့ ဖို့ဒ်ကားလေး ဆိုက်ရောက်လာလေသည်။

ကျွန်ုပ်တို့ တရားရုံးထဲ ရောက်သောအခါ တရားခံ မသူဇာမှာ တရားခံထားရာ ဝက်ခြံအတွင်း၌ ပုလိပ်သားလေး နှစ်ယောက် အစောင့် အဖြစ် အဆင်သင့်ရောက်နှင့်နေပြီ ဖြစ်ပြီး မသူဇာ၏အမှုကို စိတ်ဝင် စားစွာဖြင့် လာရောက်ကြည့်ရှု နားထောင်သူများမှာ တရားရုံးတစ်ခုလုံး ပြည့်နေ၍ ထိုကြည့်ရှုနားထောင်နေသည့် အထဲတွင် တရုတ်အင်္ကျီပွပွ ကြီးနှင့် တရုတ်ဘောင်းဘီပွပွကြီးကို တွဲဖက်၍ ဝတ်ဆင်ထားသော မသူဇာ၏ ဆရာဖြစ်သူ ဦးကျင်တီနှင့် ထားဝယ်ချောင်ရွာကလေးတွင်





နေထိုင်သော မသူဇာ၏သူငယ်ချင်း မနှင်းရည် ထားဝယ်ချောင်ရွာသား ကပ္ပိယကြီး ဦးအောင်ဘော်တို့ကိုပါ စုံညီစွာဖြင့် တွေ့ရလေသည်။

မကြာမီ မသူဇာ၏အမှုကို စီရင်ချက်ချမည့် တရားသူကြီး ရောက်လာသည်ဖြစ်ရာ ရုံးတော်တစ်ခုလုံး အပ်ကျသံပင် မကြားရစေ ဘဲ တိတ်ဆိတ်၍သွားလေသည်။ တရားသူကြီးမှာ နှစ်ဖက်ရှေ့နေ ရှေ့ရပ် များ၏ ဖတ်ကြားမှုကို နားထောင်ပြီးနောက် တရားခံ မသူဇာမှာ အငြိမ်းစား ရာဇဝတ်အုပ် မစ္စတာစတီဗင်နှင့် ရတနာကုန်သည်ဆာမိဆင်း တို့အား လူသတ်မှုကျူးလွန်ခဲ့သည့် အဖြစ်မှာ မှန်ကန်သောကြောင့် ပုဒ်မ (၃၀၂) အရ တရားရုံးတော်မှ သေဒဏ် ချမှတ်နိုင်သည်။

သို့သော် တရားခံ မသူဇာမှာ အားနွဲ့သော မိန်းကလေး ဖြစ်သည်တ တစ်ကြောင်း၊ အသက်ငယ်ရွယ်ပြီး စဉ်းစားချင့်ချိန်နိုင်မှု မရှိသေး၍ ထိုအမှုများကို ကျူးလွန်နိုင်ကြောင်းကို ရုံးတော်မှ တွက်ဆပြီး တရားခံ မသူဇာအား သေဒဏ်အစား တစ်သက်တစ်ကျွန်း အဖြစ်သို့ ကျခံစေရန် ရုံးတော်မှ အမိန့်ချမှတ်လိုက်သည်။

တရားသူကြီး၏ စီရင်ချက် စကားအဆုံး၌ မသူဇာ၏အမှုကို လာရောက် နားထောင်သူများမှာ မသူဇာ သေဒဏ်မကျသည်ကို တွေ့ရ၍ များစွာ ပျော်ရွှင်ကြလေသည်။

ကျွန်ုပ်တို့လည်း မသူဇာအတွက် သေဒဏ်မကျရောက်သည့် အဖြစ်ကို များစွာဝမ်းသာ၍ မသူဇာအား ထိုနေ့အဖို့ နှုတ်ဆက်၍ စီအိုင်ဒီ

မှုံးသို့ ပြန်ခဲ့လေသည်။ မသူဇာကို တစ်သက်တစ်ကျွန်းသို့ ပို့မည့်ရက် ရောက်သောအခါ ကျွန်ုပ်နှင့်ကိုမျိုးအောင်၊ ကိုမင်းနောင်တို့မှာ မသူဇာကို နှုတ်ဆက်လိုသောကြောင့် မသူဇာ အပါအဝင် တစ်ကျွန်း အပြစ်ဒဏ် ကျခံရမည့် အကျဉ်းသားများကို မြန်မာပြည်မှ မိုင်ပေါင်း (၂၅၀) ကွာဝေးသော အက်ဒမန်ကျွန်းသို့ ပို့ဆောင်မည့် S.S မဟာရာဂျာ သင်္ဘောဆိုက်ကပ်ထားရာ ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ ပင်လယ်ကူး ဆိပ်ကမ်းသို့ ထွက်ခဲ့၍ မသူဇာကို နှုတ်ဆက်လေသည်။

မသူဇာက ကိုမင်းနောင်အား

"ကိုမင်းနောင် ရှင့်ရဲ့အရည်အချင်းနဲ့ စွမ်းရည်သတ္တိကို ကျွန်မ လေးစားပါတယ်။ ဒါပေမယ့် ရှင်က ရှင့်ရဲ့အရည်အချင်းနဲ့ အင်္ဂလိပ် လက်ကိုင်တုတ် ပုလိပ်တစ်ယောက်ဖြစ်နေတဲ့အတွက် ကျွန်မ အလွန် ဝမ်းနည်းမိတယ်။ ဗြိတိသျှတွေရဲ့ လက်အောက်မှာ အမှုမထမ်းပါနဲ့လား ကိုမင်းနောင်"

မသူဇာ စကားအဆုံး၌ ကိုမင်းနောင်က

"မသူဇာ လူမျိုးတိုင်းမှာ သူတို့နဲ့ ထိုက်တန်တဲ့ဥပဒေဆိုတာ ရှိတယ်၊ ကျွန်တော့်အနေနဲ့ ကိုယ့်ရဲ့ဝါသနာအရ အင်္ဂလိပ်အစိုးရရဲ့ လက်အောက်မှာ ဝင်အလုပ်လုပ်ပေမယ့် ကျွန်တော့်မှာ ကိုယ့်အမျိုးသား အချင်းချင်း ချစ်တတ်တဲ့ မျိုးချစ်စိတ်တော့ ရှိပါတယ်။ မသူဇာ အမှုကို တကယ်ကျူးလွန်တဲ့ တရားခံကိုပဲ ကျွန်တော် ဖမ်းဆီးတာပါ"





"အမှု မကျူးလွန်ဘဲ ခပ်ညံ့ညံ့ အင်္ဂလိပ်ပုလိပ်လက်ကိုင်တုတ် တွေကြောင့် မတရားအဖမ်းခံရပြီး ကြိုးစင်တက်ခဲ့ရတဲ့ တရားခံတွေ အများကြီး ရှိခဲ့ပါတယ်။ အပြစ်ကျူးလွန်သူကိုသာ ဖမ်းပြီး အပြစ် မကျူး လွန်တဲ့သူကို စောင့်ရှောက်ကူညီပေးဖို့ စီအိုင်ဒီမှာ ဆားပုလင်းမင်းနောင် ရှိမှဖြစ်မယ် မသူဇာ"

မသူဇာမှာ ကိုမင်းနောင်ကို ဝေ့ဝဲသော မျက်ဝန်းတစ်စုံနဲ့ ကြည့် ပြီး မျက်ရည်များ ဝဲလာကာ ပါးပြင်ပေါ်သို့ မျက်ရည်များ တလိမ့်ချင်း စီးဆင်းလာပြီး တစ်ဖက်သို့လှည့်ကာ တစ်ကျွန်းအပြစ်ဒဏ် ကျခဲ့သူများ ကို ပို့ဆောင်မည့် S.S မဟာရာဂျာ သင်္ဘောပေါ်သို့ မသူဇာတစ်ယောက် တက်ရောက် လိုက်ပါသွားလေသည်။

ကျွန်ုပ်တို့လည်း မသူဇာ၏ ရင်နာစရာအဖြစ်နှင့် မသူဇာ တစ်ယောက် ဘဝတစ်ခုမှာ ကြုံတွေ့ခဲ့ရသော ခါးသီးသောဒုက္ခ အကြောင်း များကို စကားစပ်မိတိုင်း ပြောကြားခဲ့သော်လည်း အချိန်ကြာမြင့်လာသည် နှင့်အမျှ မသူဇာအကြောင်းကို မေ့မြောလာခဲ့ကြလေတော့သည်။

ထိုသို့ နေလာပြီး မကြာမီ ဒုတိယကမ္ဘာစစ် ဖြစ်ပြီး မြန်မာပြည် လွတ်လပ်ရေး ရခဲ့လေသည်။ ကျွန်ုပ်လည်း အသက်ရွယ်ထောက်လာသည့် အတွက်ကြောင့် အစိုးရအလုပ်ဘက်တွင် မလုပ်လိုတော့ဘဲ ကျွန်ုပ်ဝါသနာ ပါခဲ့သည့် စာရေးခြင်းအလုပ်ကိုသာ နိစ္စဓူဝ မပြီးမညူဘဲ ရေးသား၍ နေခဲ့လေသည်။

တစ်နေ့သ၌ ကျွန်ုပ်သည် အိမ်ထဲတွင် ငြိမ်ကုတ်၍ စာရေးနေသည်ကို ငြီးငွေ့လာပြီး ကျွန်ုပ်၏စိတ် လန်းဆန်းရန်အတွက် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ဘုရားကြီး၏ ရင်ပြင်တော်ပေါ်သို့ တက်ကာ ဘုရားရှိခိုး ပုတီးစိပ်ပြီး (၃၁) ဘုံ ရည်မှန်း၍ မေတ္တာပို့သလေသည်။

ဘုရားရင်ပြင်ပေါ်၌ ကျွန်ုပ်ပြုလုပ်ရမည့် အမိဋ္ဌာန်အလုပ်များ ပြီးဆုံးသည့်အခါ ကျွန်ုပ်အိမ်သို့ ပြန်ရန်ပြုသောအချိန်၌ ကျွန်ုပ်၏ ရှေ့မျက်နှာချင်းဆိုင်မှ ရပ်၍ ကျွန်ုပ်ကို စူးစိုက်ကာ ကြည့်နေသော အသက်သုံးဆယ်ကျော်ခန့်ရှိသော သီလရှင် ဆရာလေးတစ်ပါးပင် ဖြစ်လေသည်။

၎င်းဆရာလေးမှာ ကျွန်ုပ်ကို သေချာစွာ ကြည့်၍

"ဒကာကြီး . . ဒကာကြီးက အိုင်ပီဦးထွန်းအောင် ဟုတ်ပါတယ်နော်"

ဆရာလေး၏ စကားကြောင့် ကျွန်ုပ်မှာ အံ့သြစွာနှင့်

"ဟုတ်ပါတယ် . . ဆရာလေး၊ ဆရာလေးကို တပည့်တော် စိတ်ထဲမှာ မြင်ဖူးသလိုတော့ ရှိပါတယ်၊ ဒါပေမယ့် ဇရာကထောက်လာတဲ့အတွက်ကြောင့် မှတ်ဉာဏ်တွေက မကောင်းတော့ ရုတ်တရက် စဉ်းစားလို့မရတာကို ခွင့်လွှတ်ပါ ဆရာလေး"

"ဇရာ ထောက်လာတော့လည်း ဒီလိုပဲပေါ့ ဒကာကြီးရယ်၊ ကိစ္စမရှိပါဘူး။ ဆရာလေးက တစ်ချိန်က လူသတ်မှုအပြစ်တွေ ကျူးလွန်ခဲ့တဲ့





အပြစ်ကြောင့် တစ်သက်တစ်ကျွန်းကို အပို့ခံခဲ့ရတဲ့ မသူဇာလေး၊ အခုတော့ ဆရာလေး မသုဓမ္မစာရီပေါ့"

ရုတ်တရက် ဆရာလေး၏ စကားကြောင့် ကျွန်ုပ်မှာ များစွာ အံ့သြသွားပြီး ဆရာလေးကို သေချာစွာဖြင့် ကြည့်နေမိလေသည်။

"ဩော် . . ဆရာလေးက မသူဇာကိုး"

"ဟုတ်ပါတယ် . . ဒကာကြီး၊ မြန်မာပြည် လွတ်လပ်ရေး ရပြီး တစ်သက်တစ်ကျွန်းကနေ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ အမိမြန်မာပြည်ကို ပြန်ရောက်တဲ့နေ့ကစပြီး လျှို့ဝှက်ပြီး ရှုပ်ထွေးလှတဲ့ လူ့ဘဝကြီးကို စိတ်ကုန်ဆုံးတဲ့ အတွက်ကြောင့် လူ့ဝတ်ကြောင်ကို စွန့်ပြီး စစ်ကိုင်းချောင်မှာ အေးချမ်းတဲ့ ဘုရားရဲ့သမီးတော် တစ်ပါးအဖြစ် ခံယူပြီး သီလရှင်ဝတ်ခဲ့တာပါ ဒကာကြီး"

"သာဓု . . သာဓု . . သာဓုပါ ဆရာလေး"

"ကဲ . . ဒကာကြီး၊ ဆရာလေးမှာ အမိဋ္ဌာန်ဝင်ရမယ့် အချိန်နီးပြီဖြစ်တဲ့အတွက်ကြောင့် ဆရာလေးကို သွားခွင့်ပြုပါအုံး"

မသူဇာ (ခေါ်) ဆရာလေးမသုဓမ္မစာရီသည် စကားအဆုံး၌ တည်ငြိမ်လှသော အိန္ဒြေနှင့် တစ်လှမ်းစီလှမ်းကာ ရွှေတိဂုံစေတီတော် မြတ်ကြီးကို လက်ယာရစ်လှည့်ကာ ပူဇော်ရင်း တဖြည်းဖြည်းနှင့်ဝေး၍ ဝေး၍ ပျောက်ကွယ်သွားလေသည်။

ကျွန်ုပ်လည်း ဆန်းကြယ်၍ အံ့သြဖွယ်ရာမကုန်နိုင်သော လောကကြီးအကြောင်းကို သံဝေဂတရား ရကာဖြင့် ဘုရားရင်ပြင်တော်ပေါ်မှ ဆင်း၍ ကျွန်ုပ်၏အိမ်သို့ ပြန်ခဲ့လေတော့သတည်း။

သုခိသတ္တာဝေနေယျဟောတု
မင်းနေလ